
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| တာဝန်ခံခွင့်ပြုချက်အမှတ် | - | ၅၀၀၇၅၃၀၇၁၀ |
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၈၉၀၇၁၀ |
| ထုတ်ဝေခြင်း | - | ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ<br>ပထမအကြိမ် |
| မျက်နှာဖုံးပန်းချီ | - | ၆ လင်း |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမာ<br>ပုညခင်စာပေ၊ (ယာယီ-၈၅၆)<br>တိုက် (၆၁)၊ အခန်း (၁၁)၊<br>ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက် (မြ-၀၂၆၇၀)<br>အမှတ် ၄၂၊ ၄၂ လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း<br>သိန်းမြင့်ဝင်း ပုံနှိပ်တိုက်<br>အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်။ |

၈၉၅. ၈၃

ပုညခင်

ဧဒင်သို့ ၂၅ နာရီအလို / ပုညခင်။ - ရန်ကုန်၊

ပုညခင်စာပေ၊ ၂၀၁၀။


၂၈၈-စာ၊ ၁၈ x ၁၂ စင်တီ။

(၁) ဧဒင်သို့ ၂၅ နာရီအလို


ပုညခင်စာအုပ်တိုက်

# ပုညခင်

# ဧဒင်သို့ ၂၅ နာရီအလို



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

***Sunday***
***5:00 pm***

"မမကြီးရေ ... မမကြီးရေ ..."

အိမ်ရှေ့ဆီက မိနီ၏ အလန့်တကြား အော်ဟစ်ခေါ်သံကြောင့် ဖြူဥနဲ့ သီကျူးအတွက် ညစာပြင်ဆင်နေသော မနောက မီးဖိုပေါ်က ဟင်းအိုးကို ချက်ချင်း ထားမပစ်ခဲ့နိုင်သေးတာမို့ ဘာဖြစ်လို့များပါလိမ့်ဟု ဆက်နားစွင့်ထားဆဲ ...

"မမကြီးရေ ... အမလေး မမကြီးရေ ... ဒုက္ခတော့ ဖြစ်ကုန်ပါပြီ မမကြီးရေ ...၊ မြန်မြန်လာပါ မမကြီးရေ ..."

မိနီက ငယ်သံငယ်ရင်းပါအောင် အော်ခေါ်နေပြီး ဘာမှန်း မသဲကွဲသည့် ဆူဆူညံညံ အသံတွေကိုပါ ကြားလိုက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]တာ ရင်တုန်သွားရကာ ဂတ်စ် မီးဖိုခလုတ်ကို [illegible]ပြီး အိမ်ရှေ့သို့ ခပ်သော့သော့လေး ပြေးထွက်လာ [illegible]။

"မိနီ … ဘာဖြစ်တာလဲ … ဘာဖြစ်တာလဲ"

"ဒီ … ဒီမှာ … သူတို့ … သူတို့တွေ … "

အိမ်မှာ လက်တိုလက်တောင်းခိုင်းရသည့် မိနီက တုန်တုန်ရင်ရင်နဲ့ပဲ အိမ်တံခါးဝဆီ လက်ညှိုးထိုးပြလိုက်သည်။ မိနီ စကားမဆုံးခင် မနော အကြည့်က အိမ်တံခါးဝသို့ ရောက်သွားသည်။

ဘုရားရေ … လူအုပ်ကြီးက မနည်းလှပါလား …။

မြတ်မနောဖြူက အိမ်တံခါးဝမှာ ရပ်နေသည့် လူအုပ်ကြီးကို အတွေ့မှာ လန့်ဖျပ်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

သော့ခတ်ထားတဲ့ သံတံခါးရဲ့ အပြင်ဘက်မှာ ယောကျ်ားဘသား လေးငါးယောက်က တုတ်တွေ ဘာတွေဆွဲလျက် … ဒေါသမျက်နှာအသီးသီးဖြင့် မြတ်မနောဖြူကို စိုက်ကြည့်နေပါသည်။

မနောသည် ကြောက်လည်း ကြောက်၊ အံ့လည်း အံ့သြကာ …





"ရှင် … ရှင်တို့က … "

"ကျုပ်တို့က ချောကလျာရဲ့ အုပ်ထိန်းသူတွေပဲ … "

"ချော … ချောကလျာ ဆိုတာက … "

"ကျွတ် …၊ ခင်ဗျား ရှုးချင်ယောင်ဆောင်မနေနဲ့ …၊ အခု ခင်ဗျားမောင် သီကျူး ဘယ်မှာလဲသာ ပြောပါ"

"သီကျူးက သင်တန်း သွားတယ်လေ … "

"ခင်ဗျား မောင် သီကျူးက သင်တန်း သွားတာမဟုတ်ဘူး၊ ကျုပ်တို့ညီမ ချောကလျာကို ခိုးပြေးသွားတာ … "

"ရှင် … "

မနောမှာ အံ့သြလွန်းလို့ အသက်ရှုတောင် ရပ်ချင်ချင်ဖြစ်သွားသည်။ ကိုယ့်မောင် ရည်းစားများတာကို သိပေမယ့် ခုလို ရုတ်တရက်ကြီး မိန်းမခိုးသွားလိမ့်မယ်လို့တော့မထင်ခဲ့ …။ ဟင့်အင်း … သီကျူးက ဒီလိုလုပ်မယ့်လူမျိုးမှ မဟုတ်တာ …။ သူ့အညွှန့် သူမချိုးဘူးဟု မနော ယုံသည်။

"မဖြစ်နိုင်ပါဘူးရှင် … "

"ဘာဗျ … "

တံခါးဝက အုပ်စုကြီးရဲ့ စုပေါင်း အော်ဟစ်လိုက်သံက မနောကိုတောင် လွင့်ထွက်သွားစေမလားဟု ထင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တာဝန်မဲ့စကား မပြောနဲ့၊ သီကျူးနဲ့ ညီမလေးနဲ့ ကြိုက်နေကြတာ ရုပ်သိရှာသိပဲ"

"ရုပ်ရှာကသိပေမယ့် ကျွန်မကတော့ တကယ် မသိတာပါရှင် ..."

"မမကြီး ... မမကြီး ..."

ဒွတ်ငြင်းနေသည့် မနော့ကို မိနီက အသာကလေး လက်ကုပ်၍ ခေါ်သည်။ မိနီက မနောလက်ကို ဆွဲသွားကာ မနော နားနားကပ်၍ ...

"ချောကလျာဆိုတာ ခုတလော အစ်ကိုလေးနဲ့ တွဲနေတဲ့ အစ်ကိုလေး ရည်းစားပဲ မမကြီးရဲ့ ...၊ မိနီကိုတောင် မုန့်ဖိုးပေးပြီး ပန်းစည်းသွားပေးခိုင်းလို့ သွားပေးဖူးတယ်"

"ဟင် ... ကြည့်စမ်း၊ နင်ကပါ ..."

မနောသည် မိနီကို စိတ်တိုသွားသော်လည်း လောလောဆယ်မှာတော့ အပြင်က ကိစ္စက ပိုအရေးကြီးတာမို့ အိမ်ရှေ့ဘက်သို့ ပြန်လှည့်လိုက်ရင်း ...

"ဒါ ... ဒါက ဒီလိုရှိပါတယ်"

"ဘာက ဘယ်လိုရှိတာလဲ၊ ဇာလည်ကြောင်ပတ်ပြွေလာပြောမနေနဲ့ ..."





"ဒီကိစ္စက အထင်မှားတာလည်း ဖြစ်နိုင်ပါတယ်ရှင် ...၊ သီကျူးကလည်း တခြား တစ်နေရာမှာ၊ ရှင်တို့ ညီမကလည်း တစ်နေရာမှာ သပ်သပ်စီရှိနေတာမျိုးလည်း ဖြစ်နိုင်ပါတယ်"

"ကျွတ် ... ပြောရခက်လိုက်တာ၊ ကျုပ်တို့ မိန်းကလေးရှင်ဘက်ကလည်း မသေချာဘဲ မစွပ်စွဲဘူးဗျ၊ ညီမလေးက သူ့ချစ်သူနောက် လိုက်သွားပြီလို့ သေသေချာချာ စာရေးခဲ့တာ ..."

"သူ့ချစ်သူ ဘယ်သူဘယ်ဝါ_ဆိုတာကိုရော ရေးခဲ့လို့လားရှင်၊ သူ့ချစ်သူလို့ ပြောတိုင်း သီကျူးဖြစ်ရရောလား"

"ခင်ဗျား မောင်နဲ့ တွဲနေတာ ရုပ်သိရှာသိလို့ ပြောပြီးပြီလေဗျာ ..."

"ရုပ်မသိ ရှာမသိ ချစ်သူမျိုး ရှိခဲ့ရင်ရော ..."

"ခင်ဗျား ဘာစကား ပြောတာလဲ ..."

အုပ်စုလိုက်ကြီးဟာ ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး သံတံခါးတစ်ထပ်ကို ခုပဲ ချိုးဖျက်ပြီး အထဲဝင်တော့မည့်ပုံပေါက်လာသဖြင့် မနောက နောက်သို့ ခြေတစ်လှမ်း ထပ်ဆုတ်ရင်း ... 'သီကျူးရေ ငါတော့ နင့်ကြောင့် ဒုက္ခရောက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲကနေ ရေရွတ်မိပါသည်။ အရေးထဲမှာ အိမ်က [illegible]လည်း မရှိ…။ ဘယ်ကို သဝေထိုးနေမှန်း မသိ။ [illegible] သိကျူးဆိုတာ ဂိုဏ်းတူ မောင်နှမတွေလေ …။

"ပြော … ပြောပါ၊ အခု … ရှင်တို့က ဘာဖြစ်ချင်တာလဲ၊ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"ခင်ဗျားမောင် သွားတတ်တဲ့ နေရာတွေကို လိုက်ရှာပေးပါ၊ ကျုပ်တို့ ညီမက အသက် ၁၈ နှစ်တောင် ပြည့်သေးတာမဟုတ်ဘူး၊ ပြန်ရှာမတွေ့ရင်တော့ ကျုပ်တို့က သက်ဆိုင်ရာကို အကြောင်းကြားရမှာပဲ၊ ကျုပ်တို့ ညီမလေးကို ဒီညမကူးခင် ကျုပ်တို့လက်ကို ပြန်အပ်ပါ …"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ပါ"

မနော့က တုန်တုန်လှုပ်လှုပ်နဲ့ပဲ ခေါင်းလေးတဆတ်ဆတ် ညိတ်ပြလိုက်ရပါသည်။ ထိုလူအုပ်က မနော့ကို ပေစောင်းပေစောင်း မကျေမချမ်းကြည့်လျက် အိမ်တံခါးဝအနီးမှ လှည့်ထွက်သွားသည်။ ထိုအုပ်စုကြီး မနော့ မြင်ကွင်းက ပျောက်သွားပါမှ စိတ်အေးရမှာမို့ မနော့က တောင့်တောင့်မတ်မတ်လေး ရပ်လျက် သူတို့ကို လှမ်းကြည့်ကျန်ခဲ့သည်။ ထိုအချိန်မှာပဲ ထိုလူအုပ်ထဲက လူတစ်ယောက်က ခြေလှမ်းတုန့်လျက် မနော့ဘက်သို့ ပြန်လှည့်ကြည့်လာရင်း …





"ဒီမှာ … ဒေါ်မနော့ဖြူ"

"ရှင် …"

"ခင်ဗျားလည်း မီးဖိုချောင်ထဲမှာ ချက်ရင်းပြုတ်ရင်း အိမ်တွင်းချည်း အောင်းမနေနဲ့ဦး၊ နည်းနည်းပါးပါး အပြင်လေး ဘာလေး ထွက်ပြီး ကိုယ့်အိမ်ကဟာတွေအကြောင်း သိအောင် လေ့လာလိုက်ဦး …"

"ရှင် … ဩော် … ဟုတ် … ဟုတ်ကဲ့ပါ"

မနော့က ယောင်တောင်ပေါင်တောင်လေး ခေါင်းညိတ်ပြလိုက်ပြီးမှ 'ဒါ … ငါ့ကိုဖဲ့တာပဲ' ဟု သဘောပေါက်ကာ စိတ်တိုလာရပါသည်။

မနော့သည် စိတ်တွေထူပူရှုပ်ထွေးလာကာ ဘာကဘယ်လို စလုပ်ရမှန်းမသိအောင် ပျာနေပါသည်။

သိကျူးကို မနော့ ဘယ်လိုရှာရမှာလဲ …။ သိကျူး သွားတတ်တဲ့နေရာ အစုံအစေ့ကိုလည်း မနော့ သိမထားပါ။ မနော့က အပြင်သိပ်ထွက်တတ်တဲ့သူလည်း မဟုတ်တာမို့ သိကျူးတို့လို လူငယ်တွေ သွားလာတတ်တဲ့ ကော်ဖီဆိုင်တို့၊ အင်တာနက်ဆိုင်တို့ ဘယ်နားမှာရှိသလဲဆိုတာတောင် ရေရေရာရာ မသိချင်။

သိကျူးရဲ့ ခြေလှမ်းတွေကို မြေမြေချင်း ခြေမြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သူဆိုလို့ ဖြူဥ တစ်ယောက်ပဲ ရှိတာ ...။ ဒီဖြူဥကလည်း သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်မယ်ဆိုပြီး ထွက်သွားလိုက်တာ ခုထိ ပေါ်မလာ ...။

နေဦး ... ခေါင်းအေးအေးနဲ့ စဉ်းစားစမ်း၊ ဒီကိစ္စကို ဘယ်ကဘယ်လို စ,ရှင်းရမလဲ ...။

အာ ... ငါ့နှယ် တုံးလိုက်တာ ...။ ဖုန်းဆက်ကြည့်ရမှာလေ။ သီကျူးကို ဖုန်းခေါ်ကြည့်လိုက်ရင် ရသားနဲ့ ...။

မနော်က ဖုန်းဆီ လှစ်ခနဲ ပြေးသွားကာ ဖုန်းခွက်ကို ကောက်မပြီး သီကျူးရဲ့ ဖုန်းနံပါတ်ကို အလျင်စလို နှိပ်လိုက်သည်။

တစ်ဖက်က ဖုန်းစောင့် နတ်သံမီးရဲ့ ပြန်ဖြေသံပဲ ကြားရသည်။ စက်ပိတ်ထားပါသဖြင့်တဲ့ ...။ ဘုရားရေ ... တကယ် ခိုးပြေးသွားလို့များ ဖုန်းပိတ်ထားလေသလား။

သီကျူးဖုန်းကို ဆက်တိုက် ဆယ်ကြိမ်လောက် နှိပ်ကြည့်သော်လည်း မရတာမို့ ဖြူဥ ဖုန်းကို လှမ်းခေါ်ရပြန်သည်။ မယ်မင်းကြီးမ ဖုန်းကလည်း ဆက်သွယ်မှုဧရိယာပြင်ပ မှာပါတဲ့ ...။

ဖုန်းခေါ်နေသော မနော်ရဲ့ နဖူးပေါ်မှာ ချွေးဥကြီးတွေ အသီးအသီးထကာ ပေါက်ခနဲ ပေါက်ခနဲ ခုန်ချလာသည်။





ဖုန်းခေါ်လို့မရတဲ့ အဆုံးကျမှ အနားမှာ ရပ်နေသည့် မိနီကို သတိရလာကာ ...

"မိနီ ... လာစမ်း ... ဒီနားကို ...၊ မမကြီး မေးစရာရှိလို့"

"ဟုတ် ..."

မိနီက ခပ်ရွံ့ရွံ့ပုံစံလေးဖြင့် မနော်နားသို့ လျှောက်လာသည်။

"မမကြီး မေးတာတွေကို စကားမချန်ဘဲ ဖြေရမယ်နော် မိနီ ..."

"ဟုတ်ကဲ့ ..."

"ချောကလျာနဲ့ သီကျူးနဲ့ ကြိုက်နေတယ်ဆိုတာ သေချာလား ..."

"သေချာပါတယ် မမကြီး၊ အစ်ကိုလေး ခိုင်းလို့ ပန်းစည်းတို့ စီဒီတို့ မိနီ သွားပို့ပေးဖူးတယ်၊ ပြီးတော့ အိမ်မှာ အစ်ကိုလေးတစ်ယောက်တည်းရှိနေရင် အဲ့ဒီ ချောကလျာနဲ့ ဖုန်းပြောပြောနေတာ မိနီ ကြားတယ်"

"အဲ့ဒီ ချောကလျာဆိုတာ ဘယ်လိုမိန်းကလေးမျိုးလဲ ..."

"မဟန်ဘူး မမကြီး ..."

မိနီက နှုတ်ခမ်းကို မဲ့ရွဲ့ကာ လက်ခါပြရင်း ပြောလိုက်သဖြင့် မနော် စိတ်ဓာတ်ကျသွားသည်။ မိနီလို ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးကတောင် မဟုတ်ဘူးလို့ သုံးသပ်မှတော့ သုံးစားလို့မရတာ အသေအချာပေါ့ ...။

မိနီဆိုတာ မနောတို့နဲ့ ဆွေမျိုး အဖျားအနားတော်တဲ့ တောနယ်က ကောင်မလေး ...။ ငယ်ငယ်ကတည်းက ခေါ်မွေးထားတာမို့ ငယ်မွေးခြံပေါက်လို့တောင် ပြောလို့ရမလား မသိ။ မိနီပုံစံက အရပ်ပုပြတ်ပြတ် ဝဝလုံးလုံး မျက်နှာဝိုင်းဝိုင်း အသားညိုညို။ အသက် ၁၅ နှစ်လောက်ပဲ ရှိသေးတဲ့ မိနီဟာ အိမ်က ဖြူဥရဲ့ အကျႌ စကတ်တွေ၊ ဘောင်းဘီတွေကို တော်တော် မတော်တော် ယူဝတ်တတ်တာမို့ မိနီကို ကြည့်လိုက်တိုင်း မတော်တရော် ပုံစံမျိုးထွက်ကာ ရယ်စရာကောင်းနေတတ်သည်။ ဖြူဥက အရပ်မြင့်သူမို့ ဖြူဥရဲ့ ဘောင်းဘီရှည်တွေဟာ မိနီဝတ်တိုင်း တရွတ်တိုက် ဖုတ်သိမ်း တံမြက်လှည်း၊ ဘောင်းဘီအနားတွေက မည်းညစ် စုတ်ပြတ်သတ်နေတတ်သည်။ စကတ်ရှည်တွေကိုတော့ ခါးအထက်ပိုင်းအထိ ဆွဲဆွဲတင်ပြီး ဝတ်တတ်သဖြင့် ပုံစံက ဂျိုကာရုပ်ပေါက်နေသည်။ အမြင်မတော်သူ မနောကပဲ ဖြတ်တောက် ပြင်ဆင်ပေးရသည်။

အိမ်က ညီမတော် ဖြူဥက အသုံးအစွဲ လက်ဖွာသူမို့ ဆံပင်ဆိုးဆေးတို့ မိတ်ကပ် နှုတ်ခမ်းနီတို့ကို ကြဲသလို လျှောက်ဝယ်ပြီး သူ မကြိုက်လျှင် ...





"ဟဲ့ ... မိနီ နင်ယူလိုက်"

ဟု အနှမြောမရှိ ပေးတတ်မြဲ ...။ မိနီအဖို့ကတော့ ဖြူဥအကျႌဆိုတာ သူ့အတွက် အကောင်းချည်းပဲမို့ ဖြူဥဆီက တစ်ခုခု ရလိုက်တိုင်း ပျော်လွန်းလို့ ခစ်ခစ်တက်နေသည်။ ပြီးတော့ ... နဖူးအတိ လည်ကုတ်အတိ ညှပ်ထားသော သူ့ဆံပင်တွေကို သူ့ဘာသာ လက်တည့်စမ်းပြီး ဆေးတွေလျှောက်ဆိုး၊ သူ့နှုတ်ခမ်း အထော်အလန်ကို ထူပျစ်နေအောင် နှုတ်ခမ်းနီအရဲကြီးတွေ ဆိုးပြီး မင်းသမီးတွေ အိုက်တင်ပေးသလို စူထော်ထော် လုပ်ထားတဲ့အခါ ဘယ်လို ရယ်စရာကောင်းတဲ့ ရုပ်မှန်းကို မသိပါ။

ဖြူဥကတော့ မိနီကို ဟာသလို သဘောထားကာ ပါးနီတွေ ဆိုးခိုင်း၊ အိုင်းရှဲဒိုးတွေ ဆွဲခိုင်း၊ မိနီ ဆံပင်ကို ပုံစံအမျိုးမျိုး ဖြတ်တောက်ပေး၊ ဆေးရောင်အဆန်းတွေ စပ်ဆိုးပေး၊ သူ့အကျႌ နားကပ် ပြူးပြူးကြီးတွေ ဆွဲပေး၊ မိနီနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ ကိုးရိုးကားရား ကြိုးတစ်ချောင်း ဂါဝန် အနီရဲရဲတို့ ဘာတို့ကို ဆင်မြန်းပေးပြီး မိနီကို ကြည့်ရင်း အူတက်မတတ် ရယ်မောနေတတ်သည်။

အဲဒီ မိနီဟာ အိမ်အတွက် လက်တိုလက်တောင်း ခိုင်းရရုံကလွဲပြီး မီးဖိုချောင်ကိစ္စ ချက်ရေးပြုတ်ရေးမှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



အသုံးမဝင်ပါ။ မခိုးတတ်၊ မဝှက်တတ် ရိုးသားတာလေးတစ်ခုကြောင့်သာ အိမ်အတွက် လက်ကသုံးတောင်ဝှေးသဘောမျိုး ခေါ်ထားရတာပင် ...။

မိန်ိဟာ ရိုးပေမယ့် အထုံအနံ့တော့ မဟုတ်၊ ဟိုနေရာ ဒီနေရာ စပ်စပ်စပ်စပ် ပါတတ်၊ စပ်စုတတ်သူမို့ ရပ်ကွက်ထဲက လူတွေအကြောင်းဆို သူက မနှောထက် ပိုသိသည်။ ရပ်ကွက်ထဲက စာအုပ်ငှားဆိုင်၊ အခွေငှားဆိုင်ကို နေ့တိုင်းသွားနေသူမို့ အကြားအမြင်ကတော့ ခပ်များများပင်။

မနှောမှာတော့ တစ်နေ့တစ်နေ့ အိမ်မှာပဲ မီးဖိုချောင်ကိစ္စနှင့်သာ လုံးပမ်းနေရသူမို့ အပြင်လည်း သိပ်မထွက်ဖြစ်။ ရပ်ကွက်ထဲက လူတွေနဲ့လည်း ရင်းရင်းနှီးနှီး မသိလှပါ။

မနှောတို့ ရပ်ကွက်မှာ ကိုယ်ပိုင်ခြံဝန်းလေးတွေ၊ လုံးချင်းတိုက်လေးတွေ ရှိပေမယ့် သစ်သားအိမ် ခပ်သေးသေးလေးတွေလည်း ကျိုကြား ကျဲကြား ရှိကာ ပိုက်ဆံရှိသူ၊ မရှိသူ၊ ပညာတတ်သူ၊ မတတ်သူ ရောနှောနေသည့် ရပ်ကွက်မျိုး ...။

မနှောတို့ မိသားစုဟာ အချမ်းသာကြီး မဟုတ်ပေမယ့် ပြေလည်ချောင်ချိသည့် အနေအထားမှာ ရှိပါသည်။ မနှောတို့ အဖေက အရာရှိဝန်ထမ်းတစ်ဦးမို့ နေပြည်တော်မှာ သွားနေရသည်။ မနှောတို့ အမေက လောလောဆယ် ပုသိမ်မှာ တာဝန်ကျနေသည့် တက္ကသိုလ်က တွဲဖက်ပါမောက္ခ တစ်ဦးပင်။



BURMESE CLASSIC .com



အလုပ်အကိုင်အသီးသီးအရ ဖေဖေရော မေမေပါ အိမ်မှာ ရှိမနေနိုင်တာမို့ ဒီအိမ်ရဲ့ အုပ်ချုပ်သူဟာ သမီးကြီး မြတ်မနှောဖြစ်လာသည်။

သို့သော် ... မြတ်မနှောက ဘယ်လောက်ပဲ အုပ်ချုပ်ချင်နေနေ မောင်လေး သီကျူးနဲ့ ညီမလေး ဖြူဥတို့ကတော့ သူတို့ကိုယ်သူတို့ အုပ်ချုပ်ခံ လူတန်းစားဟု သတ်မှတ်ပုံမရဘဲ ကိုယ့်သဘောကိုယ်ဆောင်ကာ လွတ်လပ်စွာ ရှင်သန်တော်မူကြတာမို့ မနှောမှာ နေ့စဉ်နဲ့အမျှ ရင်မောနေရတတ်ပါသည်။

ဖြူဥနဲ့ သီကျူးက နှစ်နှစ်ကြီး နှစ်နှစ်ငယ်မို့ သူငယ်ချင်းပေါင်း ပေါင်းကြသည်။ ဖြူဥက ၁၉ နှစ်၊ သီကျူးက ၂၁ နှစ်။ မနှောက ၂၆ နှစ်မို့ သူတို့နဲ့ဆို အသက်ကလည်းကွာ၊ အစ်မကြီးမို့ အမိရာလည်းဖြစ်ကာ လူကြီးမလေးလို ဖြစ်နေရမြဲပင်။

မနှောက အိမ်မှာအနေများပေမယ့် ဖြူဥနဲ့ သီကျူးက သင်တန်းတကာအကြောင်းပြကာ အိမ်မကပ်၊ အိမ်မှာရှိတဲ့ တစ်စီးတည်းသော ဂျစ်ကားကို သူယူသွားမယ်၊ ငါယူသွားမယ်နှင့် အမြဲ အဆေမတည့်ဘဲ ရန်ဖြစ်တတ်ကြသေးသည်။ ဟန်းဖုန်းကိုယ်စီဖြင့် လျှောက်လိမ့်နေတတ်ကြသော သူတို့နှစ်ယောက်ရဲ့ ခြေလှမ်းတွေကို မြတ်မနှော ဘယ်လိုမှမီအောင် မလိုက်နိုင် ...။ အကြီးမို့ အလျှော့ပေးခြင်းမှာ အကျင့်ပါကာ သူတို့ အဆေမတည့်



www.burmeseclassic.com

www.burmeseclassic.com



သည့် အားကိုလည်း ဝင်လုစီးမနေတော့တဲ့ ရပ်ကွက်နှား မလှမ်း မကမ်းတာ ဈေးကို ခြေကျင်သွားတဲ့အခါ သွား၊ ဆိုက်ကားနဲ့ သွားတဲ့အခါ သွား၊ ကြုံသလိုပင်။ မြို့ထဲတွေ ဘာတွေ တစ်ခါ တလေ ထွက်တော့မှသာ တက္ကဆီလေး ဘာလေး ငှားစီးသွား ရပါသည်။

အမြဲ အေးရာအေးကြောင်း နေနေတတ်တဲ့ မနော ဟာ ဒီမောင်နဲ့ ဒီညီမရဲ့ ခြေလှမ်းမမှန်ပုံတွေကို ရိပ်စားမိပေ မယ့် လုံးစေ့ပတ်စေ့တော့လည်း မသိတာမို့ ဒီအချိန်မှာ စပ်စုမ မိနီကိုပဲ ရသလောက် စစ်ပေါက်မေးရတော့မှာပင်။

"မဟုတ်ဘူးဆိုတာ ဘယ်လို မဟုတ်တာလဲ၊ ရှင်းအောင် ပြောစမ်းပါ မိနီရယ် ..."

"မဟုတ်ဘူးဆိုတာ မမိုက်တာကို ပြောတာလေ မမကြီး ရဲ့ ..."

"ဘာက မမိုက်တာလဲ"

"ရပ်ကလွဲရင် အားလုံး မမိုက်ဘူး မမကြီးရဲ့"

"အေး ... ပြောစမ်းပါဟယ်၊ မမကြီးကို သေချာပြောပြ စမ်းပါ"

"သူ့မှာ အစ်ကိုလေးမတိုင်ခင် ရည်းစားတင် သက်စေ့ လောက် ရှိတာ ..."





"ဟယ် ... တကယ်"

"တကယ်ပေါ့ မမကြီးရဲ့၊ မိနီက အပိုင်မသိရင် မပြော ဘူး၊ မိနီ စာအုပ် သွားသွားငှားတဲ့ ဆိုင်က လူစုံတယ်၊ သတင်းလည်းစုံတယ်၊ အဲ့ဒီစာအုပ်ဆိုင်ဘေးမှာ လက်ဖက် ရည်ဆိုင် တစ်ဆိုင်ရှိတယ်၊ အအေးဆိုင်လည်း ရှိတယ်၊ အဲ့ဒီဆိုင်မှာ ချောကလျာက ခဏခဏ ထိုင်တယ်၊ ထိုင် တိုင်းလည်း ဘယ်တော့မှ တစ်ယောက်တည်းမဟုတ်ဘူး၊ သူ့အဖော်ကလည်း ဘယ်တော့မှ မိန်းကလေးမဟုတ်ဘူး၊ စာအုပ်လာငှားတဲ့သူအချင်းချင်း ချောကလျာကို လှမ်း ကြည့်ပြီး အတင်းတုတ်ကြတာတွေလည်း မိနီ ကြားရဲ့ တာ နားနဲ့တောင် မဆံ့ပါဘူး မမကြီးရာ ... ၊

"ပြီးတော့ ရှိသေးတယ်၊ မမိုက်တာ နောက်တစ်ခု ကလေ ... ခုန လာသွားတဲ့ သူ့အစ်ကိုတွေ အားလုံးက လူမိုက်တွေချည်းပဲ မမကြီးရဲ့ ... ၊ ညည အရက်မူးပြီး ရပ်ကွက်ထဲမှာ ရန်ဖြစ်တဲ့ သူနဲ့၊ ထောင်ကျဖူးတဲ့သူနဲ့၊ လောင်းကစားလုပ်တဲ့ သူနဲ့ ..."

"အမလေး ကြားရတာ မမကြီး ရင်တုန်လိုက်တာ မိနီ ရယ်၊ သီကျူးက ကြိုက်စရာရှားလို့ ဒါမျိုးမှ ကြိုက်ရ သလားဟယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ပြောတာတစ်ခုတော့ မိနီ ကြားဖူးတယ်"

"ဘာကြားတာလဲ ...၊ ဘယ်သူ့ကို ပြောတာလဲ"

"အစ်ကိုလေးက မမဖြူဥကို ပြောတာ၊ မမဖြူဥက အစ်ကိုလေးနဲ့ ချောကလျာနဲ့ ကြိုက်နေမှန်းသိပြီး ဟားတုန်းက၊ အစ်ကိုလေးက ပြန်ပြောတာ ... ကစားပွဲဆိုတာ လက်ရည်တူချင်း ကစားမှ စိတ်လှုပ်ရှားဖို့ကောင်းတာတဲ့ ..."

"ဟင် ... အဲ့ဒါက ဘာအဓိပ္ပာယ်လဲ"

"ဟီဟိ ... မမကြီးကလည်း ဒါတောင် မသိဘူးလား"

"မိနီရယ် ... အရေးထဲမှာ နင်က ရယ်နိုင်သေးတယ်နော်၊ မမကြီးဖြင့် စိတ်ပူလို့သေတော့မယ်၊ အကောင်းဖြေပါဟဲ့"

"အစ်ကိုလေးကလည်း ရည်းစားရှုပ်တဲ့သူ၊ ချောကလျာကလည်း ရည်းစားရှုပ်တဲ့သူ၊ အတူတူချင်း ကြိုက်နေကြတာကို ပြောတာပေါ့ မမကြီးရဲ့ ..."

"ဒါဆို ... သိကျူးကိစ္စကို အစောကြီးကတည်းက ဖြူဥသိတာပေါ့၊ ဒါနဲ့များတောင် ကိုယ့်အစ်ကိုကို နည်းနည်းပါးပါး မတားမြစ်ဘူးလား၊ သူ မတားလည်း ငါ့ကို လာတိုင်ရောပေါ့"

"ဘယ်တိုင်လို့ ဖြစ်မလဲ မမကြီးရဲ့ ..."





"ဘာဖြစ်လို့လဲ ..."

"မမဖြူဥတိုင်ရင် မမဖြူဥရဲ့ ရည်းစားကိစ္စတွေကို အစ်ကိုလေးက ဖော်မှာပေါ့၊ သူတို့ချင်းက အညာကိုင်ပြီး ခြိမ်းခြောက်ထားတာကိုး၊ သစ္စာဖောက်လို့ ဘယ်ဖြစ်မလဲ"

မမကြီးက စိတ်ရှုပ်သလို မျက်ခုံးလေး အတွန့်ချိုးကာ မျက်နှာက ပေစောင်းစောင်း မော့တော့တော့လေးဖြင့် ငြိမ်တွေလျက် စဉ်းစားသလို လုပ်နေလိုက်ပြီးမှ မိနီကို ဆတ်ခနဲ ငုံ့ကြည့်ကာ ...

"မိနီ ..."

"ရှင် ... မမကြီး"

"နင် ... နင်က ဖြူဥအကြောင်းရော ... သိကျူးအကြောင်းရော အားလုံးသိရက်နဲ့ ဘာလို့ ငါ့ကို လာမပြောလဲဟင်၊ ကြည့်စမ်း ... လက်စသတ်တော့ နင်ကမှ ငါ့ကို အကြီးအကျယ် သစ္စာဖောက်နေတာ၊ ဒီကိစ္စတွေကို ဒီလောက်သိရက်နဲ့ စောစောစီးစီး လာပြောပါတော့လား ..."

မမကြီးက မိနီကို ခေါက်ဖို့ရွယ်တာမို့ မိနီက မျက်လုံးမှိတ်ကာ ဖက်ကလေးကို မှုထားလိုက်ရင်း ...

"မိနီ ကြောက်လို့ပါ မမကြီးရဲ့၊ မိနီတိုင်ပြောရင် မမဖြူဥနဲ့ အစ်ကိုလေးက မိနီကို တွေ့တိုင်း ခေါင်းခေါက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆိတ်လိုက်၊ ဆံပင် ဆောင့်ဆွဲသွားလိုက်၊ နားရွက်ဆွဲလိုက်နဲ့ နှိပ်စက်ကြမှာ၊ ဟိုတစ်ခါ မမဖြူဥ ရည်းစားကိစ္စ တိုင်ပြောမိတုန်းကဆို မိနီမှာ အဲဒီလို နှိပ်စက်တာတွေ ခံခဲ့ရတာ ...”

မနောက မိနီကို ကြည့်ကာ သက်ပြင်းချလိုက်ရင်း “ဒုက္ခပါပဲဟယ် ...၊ ဒီကိစ္စတွေကို ငါလည်း သိမှမသိခဲ့တာ ...”

မမကြီးက နံတာ အတာကိုး ...။ ဘယ်သိပါ့မလဲ ဟု မိနီက မမကြီးကို ပြန်ကြည့်ရင်း သနားသလိုလိုလေး တွေးမိရပါသည်။

မိနီအထင်တော့ ဒီအိမ်မှာ မမကြီးတစ်ယောက်သာ အထုံဆုံးဟုပင် ...။ မမကြီးကို ကြည့်လိုက်ရင် အမြဲ ငြိမ်သက်အေးဆေးနေသည်။ ဝတ်သည့် အဝတ်အစားတွေဟာလ[ည်း] ရိုးရိုးတုံးတုံးကြီးတွေပင် ...။ ပါတိတ်လုံချည်နှင့် ဘလော[့]စ် ခါး မကိုမရှည် ပွပွလေးတွေကိုသာ အမြဲဝတ်ပြီး ညှပ်ဖိနပ်ကလေးတွေပဲ အမြဲစီးတတ်သည်။ ကျစ်ဆံမြီးရှည်ကြီးတစ်ချောင်း ကျစ်ချထားသော ဆံပင်က တင်ပါးနားမှာ ဝဲနေသည်။ ရှေ့ဆံပင်တွေကို နောက်လှန်သိမ်းထားပုံက ရိုးရိုးကြီး ဖြစ်သော်လည်း နဖူးပြေပြေလေးက လှတာမို့ တစ်မျိုးတော့ ယဉ်သလိုပင် ...။





တစ်ခါတစ်ခါတော့ မိနီ ကြံကြံဖန်ဖန် တွေးမိသည်။ မမကြီးနဲ့ ကိုသီကျူးတို့ မမဖြူဥတို့ နှစ်ယောက်နဲ့ဟာ မောင်နှမအရင်းတွေမှ ဟုတ်ပါလေစဟုပင် ...။

အစ်ကိုလေးနဲ့ မမဖြူဥတို့က ပူလောင်လှုပ်ခတ်သလောက် မမကြီးက အေးချမ်းသိမ်မွေ့သည်။ ကိုသီကျူးတို့က သမီးရည်းစားကိစ္စ အရှုပ်အထွေးများသလောက် မမကြီးမှာတော့ ယင်ဖိုတောင် သမ်းဖူးပုံမရ။ တစ်နေ့တစ်နေ့ မီးဖိုချောင်ထဲမှာပဲ ချက်ကာပြုတ်ကာ အချိန်ကုန်နေသော မမကြီးကို ရှစ်စပ်က ဂျင်ဂျင်လည်သည့် ကိုသီကျူးတို့ မောင်နှမက လှည့်စားချင်တိုင်း လှည့်စားလို့ ရနေတာပင် ...။ မမကြီးအစားတော့ မိနီ ရင်လေးပါသေးရဲ့ ...။

“ဖုန်းခေါ်ကြည့်လိုက်ဦးမှ ...”

စိတ်တွေရှုပ်ကာ ဘာကဘယ်လို စလုပ်ရမှန်းမသိသော မနောကတော့ ဖုန်းရှိရာသို့ ခပ်သွက်သွက်လေး လျှောက်သွားပြီး သီကျူးဖုန်းကို ခေါ်လိုက်၊ ဖြူဥဖုန်းကို ခေါ်လိုက် လုပ်ပါသော်လည်း ရလဒ်က အရင်အတိုင်းသာ။

ခေါင်းတွေလည်း ကိုက်လာပြီမို့ မနောက နားထင်စပ်ကလေးကို ဖိထောက်ကာ ဖုန်းစင်လေးနားမှာ ဆက်ထိုင်နေမိဆဲ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မမကြီး … အစ်ကိုလေး သွားတတ်တဲ့ နေရာတွေကို ကိုသောတမောင်များ သိမလားမသိဘူး"

မိနီ စကားကြောင့် မှောင်အတိကျနေသော မနော ရဲ့ အာရုံထဲမှာ လင်းခနဲ ဖြစ်သွားရပါသည်။

"ကိုသောတမောင် …"

ဟုတ်တာပေါ့။ သောတမောင် တစ်ယောက်လုံး ရှိတာပဲ။ ငါ ဘာလို့ ဒါကို မစဉ်းစားမိတာလဲ။

သောတမောင်ဆိုတာ သိကျူးရဲ့ ငယ်သူငယ်ချင်း လေ …။ သိကျူးတို့ ဖြူဥတို့ရဲ့ ဆိုးမိုးကို ဘဝတစ်လျှောက် လုံး အန္တတာခံခဲ့ရသူလေး …။ သိကျူး သူငယ်ချင်းဆိုပေမယ့် သိကျူးလို ငွေ ငရှုပ်မဟုတ်ဘဲ အနေအထိုင် ရိုးသားအေးချမ်း လှတာမို့ မနောက သိကျူးကိုသာ မောင်လေး မခေါ်မိရင် နေမယ်၊ သောတမောင်ကိုတော့ မောင်လေးဟု မကြာခဏ နှုတ်ကျိုးစွာ ခေါ်မိတတ်ပါသည်။

သောတမောင်က မနောတို့နဲ့ တစ်ရပ်ကွက်ထဲမှာ နေသူမို့ ဝေးဝေးလံလံလည်း သွားရှာစရာမလိုပါ။ သောတမောင် ကို စဉ်းစား အားကိုးလိုက်ချိန်မှာ မနော နည်းနည်းတော့ စိတ် အေးသွားရကာ ဖုန်းခွက်ကို မပြီး အလွတ်ရနေသည့် ဟန်းဖုန်း နံပါတ်ကို နှိပ်လိုက်ပါသည်။ သို့သော် … ဖုန်းက ရိုးရာမပျက်





ဆက်သွယ်မှု ဧရိယာပြင်ပမှာပင် …။ သောတမောင်တို့ အိမ်က အထပ်မြင့်တိုက်မဟုတ်၊ တစ်ထပ်တိုက်ပုလေးမို့ ဖုန်းက အိပ်ခန်း ထဲ အတွင်းပိုင်းရောက်နေလျှင် ဆက်သွယ်မှု ဧရိယာပြင်ပ ဖြစ် သွားတတ်တာပင် …။ မနောက ဖုန်းကို ဆက်မခေါ်တော့။ နီးနီးလေးပဲမို့ သွားလိုက်တော့မည်ဟု စဉ်းစားကာ …

"မိနီ … အိမ်တံခါးကို သေသေချာချာ သော့ခတ်၊ ခြံ တံခါးလည်း ခတ်ဖို့ မမေ့နဲ့ဦး၊ နင် ခုန ခြံတံခါးသော့ မခတ်လို့ ဟိုလူတွေ ခြံထဲထိ ဝင်လာနိုင်တာ မဟုတ်လား၊ ဖေဖေနဲ့ မေမေ ဖုန်းဆက်ရင် ဘာမှလျှောက်ပြောမနေနဲ့၊ ငါ စက်ချုပ်ဆိုင်မှာ အကျီသွားအပ်တယ်ပဲ ပြောလိုက်၊ သိကျူးနဲ့ ဖြူဥ ဖုန်းဆက်ရင် အရေးကြီးလို့ အိမ်ကို အမြန်ပြန်လာလို့ပြော၊ သောတမောင်ဖုန်းကို ခေါ်ဖို့လည်း ပြော၊ ကြားလား …"

"ဟုတ်ကဲ့ … မမကြီး၊ စိတ်ချပါ မမကြီး"

မနောက အဝတ်အစားပင် မလဲတော့ဘဲ အိမ်နေ ရင်း ဝတ်သည့် ပါတိတ်လုံချည် တစ်ပတ်နွမ်းနှင့် ဘလောက်စ် ပွပွလေးနှင့်ပင် … ပိုက်ဆံအိတ်ကလေး ရှိုင်းကြားညှပ်ပြီး အိမ်မှ ခပ်သွက်သွက် ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သောတမောင်တို့ အိမ်က ဟိုဘက်လမ်းထိပ်မှာမို့ လမ်းလျှောက်လာနေဆဲမှာ မနောလိုပဲ ခပ်သွက်သွက် လျှောက်လာနေသည့် သောတမောင်ကို လှမ်းမြင်လိုက်ရပါသည်။

မနောက အားရှိသွားကာ သွက်သထက်သွက်အောင် လျှောက်လိုက်သည်။

သောတမောင်ကလည်း ကပိုကရို ပုံစံလေးနှင့် လျှောက်လာနေသော မမကြီးကို လှမ်းမြင်တာနှင့် အပြေးတစ်ပိုင်းလေး လျှောက်လာကာ...

"မမကြီး ..."

"သောတ ..."

"မမကြီး ဘယ်သွားမလို့လဲ"

"မင်းဆီ လာတာ ..."

"ကျွန်တော်လည်း မမကြီးဆီ လာတာ၊ ဟိုဘက်လမ်းက လူမိုက်တွေ မမကြီးတို့ခြံထဲ ဝင်သွားတယ်ကြားလို့ စိတ်ပူပြီး အမြန်ပြေးလာတာ ..."

"မမကြီးလည်း အဲ့ဒီကိစ္စအတွက်ပဲ မင်းဆီ လာတာ၊ သိကျူးက သူတို့ညီမ ချောကလျာကို ခိုးပြေးလို့ဆိုပြီး မမကြီးကို လာကြိမ်းမောင်းသွားကြတာ၊ မမကြီး ကြောက်လိုက်တာ မောင်လေးရယ်"





မမကြီးက သောတမောင်ကို အားကိုးတကြီး တိုင်တည်သလိုလေး ပြောလိုက်တာမို့ သောတမောင်က မမကြီးကို သနားသွားရပါသည်။

မမကြီး တစ်ယောက်ဟာ အမြဲပဲ သနားစရာကောင်းနေတော့တာ။ အသက်ကသာ မငယ်လှတော့ပေမယ့် မျက်လုံးလေးတွေ ကြည်ကြည်စင်စင်နှင့် ဘယ်လိုလေးမှန်းမသိအောင်ကို ဖြူစင်နေတော့တာ။

"မကြောက်ပါနဲ့ မမကြီးရဲ့ ...၊ မင်းမဲ့တိုင်းပြည်မှမဟုတ်တာ၊ သူတို့ ဘာမှလာလုပ်လို့မရပါဘူး၊ ပြီးတော့ သူတို့ထင်သလို သိကျူးက ချောကလျာကို ခိုးပြေးတာလည်း မဖြစ်နိုင်ပါဘူး"

"ဟင် ... ဟုတ်လား၊ သေချာလား ..."

မမကြီး မျက်လုံးလေးတွေက အရောင်တောက်လာသည်။

"သေချာပါတယ် မမကြီးရဲ့၊ သိကျူးအကြောင်း ကျွန်တော် အသိဆုံးပါ"

"အေး ... ဟုတ်သားပဲ၊ သိကျူးအကြောင်းကို မောင်လေးက ပိုသိမှာ ...၊ မင်း သိသလောက် ပြောပြစမ်းပါ မောင်လေးရယ်၊ မမကြီး ရင်ပူလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သီကျူးက ချောကလျာကို ချစ်မှမချစ်တာ မမကြီးရဲ့၊ ချောကလျာနဲ့ တွဲရတာ ပျော်စရာကောင်းလို့ အပျော်တွဲတာတဲ့ ...၊ ချောကလျာဟာ သူ လက်ထပ်ချင်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူးတဲ့"

"ဟုတ်လား ...၊ ဒါဆို တော်သေးတာပေါ့၊ ဒါပေမယ့် သီကျူးကို လောလောဆယ် ဆက်သွယ်လို့မရတာ ခက်တယ် မောင်လေးရဲ့ ...၊ သီကျူးပျောက်နေတော့ သူများ စွပ်စွဲချင်စရာ ဖြစ်တာပေါ့၊ မဟုတ်ရင်လည်း မဟုတ်ကြောင်း သေချာမှဖြစ်မယ်၊ သီကျူးကိုတွေ့မှ ဖြစ်မယ်"

သောတမောင်က ခဏငြိမ်သက်သွားပြီးမှ မျက်နှာလေး ရှုံ့မဲ့လာရင်း မဝံ့မရဲနှင့် ...

"မမကြီး ..."

"ပြောလေ မောင်လေး ..."

"ဟိုလေ ..."

"အင်း ... ပြောလေ"

"ကျွန်တော် ... ကျွန်တော် အာမတော့ မခံရဲဘူး"

"ဘာကိုလဲ ..."

"သီကျူးစိတ်ကို ..."

"ဘာဖြစ်လို့လဲ ..."





"သူ့စိတ်က ခုတစ်မျိုး တော်ကြာတစ်မျိုး၊ မယူချင်ဘူး ပြောပြီးမှ ယူချင်လာပြီး တကယ် ခိုးပြေးရင်လည်း အခက် ..."

"ဟယ် ... ဒုက္ခ ..."

မနောက ရင်ဘတ်ကလေး အသာဖိကာ ရေရွတ်လိုက်မိသည်။ ခုန အေးချင်ချင်ဖြစ်သွားသော စိတ်က ချက်ချင်း ပြန်ပူလာသည်။ သောတမောင် တစ်ယောက်ကလည်း ခေါင်းခေါက်ချင်စရာ ...။ ဒါ့ကြောင့်လည်း သီကျူးခိုင်းဖတ် ဖြစ်နေတာ ...။ အေးလေ ... သူက ရည်းစားတောင်မှ မထားဖူးဘူးလို့ ဖြူဥပြောတာ ကြားဖူးနေတာပဲ။ သူလည်း ဒီအချစ်ကိစ္စတွေကို ဘယ်သိမ်သိပါ့မလဲ ...။

ဒင်းပုံစံလေး ကြည့်လိုက်တာနဲ့ ရိုးအေး လှုပ်စိကလေးမှန်း သိသာနေတဲ့ဟာ။ တွေ့လိုက်ရင် ရှပ်အင်္ကျီလက်တို အကွက်လေးနဲ့၊ ပုဆိုးလေး ကျစ်ကျစ်ဝတ်ပြီး ဆံပင်တိုထောင်ထောင်ကလေးနဲ့၊ တစ်လောကလုံးကို ခွင့်လွှတ်တတ်တဲ့ မျက်နှာထားမျိုးနဲ့ ...။

"သီကျူး သွားတတ်တဲ့နေရာတွေ မင်း သိလား သောတမောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် မမကြီး ..."

"ဒါဆို ... မမကြီး သိကျူးကို လိုက်ရှာချင်တယ်၊ မင်းကူရှာပေးဦးနော်"

"ဟုတ်ကဲ့ ... မမကြီး"

"အရင်ဆုံး ဘယ်သွားရင် ကောင်းမလဲ"

"သူ့သင်တန်းအောက်မှာ သူထိုင်နေကျ အင်တာနက်ကဖေးဆိုင် ရှိတယ်၊ အဲ့ဒီကို အရင်လိုက်မယ်"

"အေး ... လမ်းထိပ်ထွက်ပြီး တက္ကဆီ ငှားရအောင်"

"ကျွန်တော့် ကားနဲ့ သွားမယ်လေ မမကြီးရဲ့ ..."

"ဩော် ... အေး ... ဟုတ်သားပဲ၊ အရေးထဲဆို ပွထုပြီး မေ့တယ်ဟယ် ..."

"လာ ... မမကြီး ကားသွားယူပြီး သွားရအောင်၊ ကျွန်တော့် ဖုန်းနဲ့လည်း သိကျူးဖုန်းကို ခေါ်ခေါ်ကြည့်နေမယ်"

"ကျေးဇူးပါပဲ သောတရယ် ..."

"ကျေးဇူးတင်ရင် မနက်ဖြန် ကျွန်တော်ကြိုက်တဲ့ ငါးရံ့အူ ချက်ကျွေး၊ ကျွန်တော် လာစားမယ်"

"အေးပါဟဲ့ ... အရေးထဲမှာ ဝတ်ကြီးကျူမနေပါနဲ့ ..."





မမကြီးက သောတမောင်ကို မျက်စောင်းကလေး ထိုးရင်း သောတမောင်နောက်မှ ခပ်သွက်သွက်လေး လျှောက်လိုက်လာခဲ့ပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

***6:00 pm***

မိုးလည်းချုပ်လုပြီ ...။

ရှာတာလည်း နှံ့နေပြီ ...။

ခုထိ သီကျူးကို မတွေ့။ အဆက်အသွယ်လည်း မရတာမို့ မမကြီး မျက်နှာလေးက နွမ်းဖျော့လာပါသည်။ သီကျူး သွားတတ်တဲ့ နေရာတွေဆီ ကားနဲ့သွားလိုက်၊ ကားဝင်ရခက်သည့် နေရာတွေကို ခြေကျင်လျှောက်လိုက်၊ အထပ်မြင့်တွေကို တက်လိုက် ဆင်းလိုက်နဲ့မို့ မမကြီးခမျာမှာလည်း မသက်သာ၊ သောတမှာလည်း မသက်သာ။

သောတက ရှေ့ဆက်သွားနိုင်သေးပေမယ့် နဖူးပေါ်မှာ ချွေးဥကလေးတွေတောင် စို့သီးနေသော မမကြီးကို ငဲ့ညှာမိကာ ...





“မမကြီး ...”

“ဟေ ...”

သောတ ခေါ်တိုင်း ‘ဟေ’ ဟု ထူးတတ်သော မမကြီးကို သောတက ရယ်ချင်သည်။ မျက်ခုံးပင့်၊ မေးဆတ်ကာ ထူးပုံကိုက သူ့ကိုယ်သူ အသက် ၄၀ ကျော် လူကြီးမကြီးများ ထင်သလား မသိပါ။ တကယ်ဆို မမကြီးက သောတထက် ငါးနှစ်ပဲ ကြီးတာပါ။

“ရှေ့ကဆိုင်လေးမှာ ခဏဝင်ထိုင်ပြီး တစ်ခုခုစားရအောင်နော် မမကြီး”

“စားချင်စိတ်လည်း မရှိပါဘူး သောတရယ်”

“မမကြီးက ကျွန်တော့်ကို အားမနာတော့ဘူးလား”

“ဘာကို အားနာရမှာတုန်း ...”

“မမကြီးက စားချင်စိတ်မရှိပေမယ့် ကျွန်တော့်ဗိုက်ထဲမှာတော့ စားမှာပဲ ... စားမှာပဲ ဗိုက်ပေါက်အောင် စားမယ်လို့ အော်နေပြီ မမကြီးရဲ့”

မမကြီး အားနာပြီး ဝင်စားအောင် ပြောမိတော့မှ မမကြီးက ပျာပျာသလဲ ဖြစ်သွားကာ ...

“ဟယ် ... တကယ်လား၊ တကယ် ဗိုက်ဆာနေတာလား စောစောက ပြောရောပေါ့ မောင်လေးရယ်၊ မမကြီး အားနာလိုက်တာ၊ လာ ... လာ ... ဝင်စားကြရအောင်”



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးရော စားမှာလား"

"သောတ စားလေ၊ မမကြီး အအေးသောက်ရင်း စောင့်နေပေးမှာပေါ့"

"အာ … ဒါဆို မစားတော့ဘူး"

"ဘာဖြစ်လို့လဲ"

"မမကြီးမှ မစားတာ၊ တစ်ယောက်တည်းတော့ မစားချင်ပါဘူး"

"ကဲ … ကဲ … ဒါဆိုလည်း မမကြီး စားပါ့မယ်"

"မစို့မပို့တော့ မစားနဲ့နော်၊ ဗိုက်ဝအောင် စား"

"အေးပါဟယ် …"

မမကြီးက သောတကို မျက်စောင်းထိုးသလိုလေး ကြည့်လိုက်ပြီး ရှေ့နားက ထမင်းဆိုင်ကလေးဘက်သို့ ခြေဦးလှည့်လိုက်ပါသည်။

ဆိုင်ထဲမှာ ထိုင်မိတော့ မမကြီးက ဒီဆိုင်မှာ ရနိုင်သည့် ဟင်းအမည်တွေကို လှမ်းဖတ်ရင်း …

"ငါ့ရဲ့အူ ရတယ်တဲ့၊ သောတ အကြိုက်ပဲ၊ စားမယ်မဟုတ်လား"

"ဟုတ်ကဲ့ …"

မမကြီးက သောတ ကြိုက်တတ်သည့် ဟင်းတွေ





ကို အလွတ်ရသူမို့ သောတအတွက် မမကြီးပဲ မှာပေးနေပါသည်။

သောတ ငယ်ငယ်လေးကတည်းက မမကြီးတို့အိမ်ဟာ သောတရဲ့ စားအိမ် သောက်အိမ်ပင် …။ ဟင်းချက်ဝါသနာပါသည့် မမကြီးက ၁၅ နှစ်အရွယ်လောက်ကတည်းက မီးဖိုချောင်ထဲဝင်ကာ လက်တည့်စမ်း၍ တီထွင်ချက်ပြုတ်တတ်သည်။ အဲ့ဒီတုန်းက မမကြီး ချက်တဲ့ဟင်းတွေဟာ တကယ့်ကိုပေါက်တတ်ကရတွေ …။ ငါးနဲ့ ကြက်သား ရောချက်လိုချက်၊ ကန်စွန်းရွက်နဲ့ ပဲသီးနဲ့ ရောကြော်လိုကြော်၊ ဘာမှန်းမသိတဲ့ ဟင်းတွေ …။ ဟင်းတစ်ခွက်ထဲမှာ ချိုချဉ်ငန်စပ်ခါး စုံပလုံတဲ့ ရသာငပေါင်းစုံ စုနေတဲ့ တီထွင်ပါရဂူ မမကြီး မြတ်မနောဖြူရဲ့ ဟင်းတွေကို ဒိုင်ခံစားပေးခဲ့ရသူကတော့ ဆယ်နှစ်သားကလေး သောတမောင် ဖြစ်ရပါသည်။

မမကြီးက အိမ်က လူကြီးတွေအလစ်မှာ လက်တည့်စမ်း ချက်ပြုတ်ပြီးပြီဆို ခြံထဲမှာ သီကျူးနှင့်အတူ ဆော့နေသည့် သောတကို ခေါ်ပြီ။

"ဟဲ့ … မောင်လေး သောတ၊ လာဦး … ခဏ ခဏ"

မမကြီးက မီးဖိုချောင်ထဲကနေ လှမ်းခေါ်ပြီဆို သောတမှာ သွားတွေကျိန်းသလိုတောင် ဖြစ်လာကာ ကြော



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လာသည်။ မမကြီး ဟင်းတွေကို ဒိုင်ခံစားရလွန်းလို့ ခံတွင်းက ပျက်တက်တက်ဖြစ်နေခဲ့ရသည်။

သီကျူးကလည်း မမကြီးကို မကြည့်။

“မမကြီးကလည်းဗျာ ... ဒီမှာ ဆော့ကောင်းပြီဆို သောတကို ခေါ်ပြီ၊ ဘာလုပ်မလို့ ခဏ ခဏ ခေါ်နေတာလဲ”

“ဘာလုပ်လုပ်ဟယ်၊ နင့်မခေါ်ရင် ပြီးရောပေါ့”

“ကျွန်တော့်ကို မခေါ်ပေမယ့် သောတကို ခေါ်နေတော့ အဆော့ပျက်တာပေါ့ဗျ၊ သူများတကာ သူငယ်ချင်းကို အလကားနေ အလကား ခေါ်မနေနဲ့ ...”

“ဟဲ့ ... အလကားနေ အလကား ခေါ်တာမဟုတ်ဘူးဟဲ့၊ ကိစ္စရှိလို့ ခေါ်တာ ...”

“ဘာကိစ္စလဲ၊ ဘယ်သူမှ စားမရတဲ့ မမကြီးရဲ့ ဟင်းတွေကို ကျွေးမလို့ မဟုတ်လား”

“သီကျူးကလည်းကွာ ... အဲဒီလို မပြောပါနဲ့၊ မမကြီး ချက်တဲ့ ဟင်းတွေက စားကောင်းပါတယ်ကွ”

“အေး ... အေး ... မင်းပဲ စား၊ ပြီးရင် ... မင်းပဲ အန်၊ မနေ့က မင်း မမကြီးရဲ့ မီးဖိုချောင်ထဲက ထွက်လာပြီး မကြာဘူး ... အန်နေတာ ငါမြင်တယ်”

“ဟာ ... အဲဒါက ငါ့ဘာသာ အိမ်က အစားများလာပြီး ရင်ပြည့်နေလို့ပါကွာ၊ မမကြီးရေ ... ကျွန်တော် လာပြီ”





သောတက ဖုတ်ပေနေသော ဘောင်းဘီတိုလေးကို ဖုတ်ဖုတ်ခါလျက် မမကြီးဆီသွားဖို့ပြင်သည်။ မမကြီးက ဟင်းခပ်ထားသည့် ဇွန်းကလေးကို မြှောက်ကိုင်ကာ သောတကို လက်ရပ်ခေါ်နေသဖြင့် သောတက မမကြီးထံသို့ ပြေးလာပါသည်။ အဲဒီတုန်းက သောတ အရပ်က ပုပုလေး၊ ခန္ဓာကိုယ်ကလည်း ပိန်ပိန်လေး၊ မမကြီးအရပ်က သောတထက် ခေါင်းတစ်လုံးစာလောက် ပိုမြင့်ပြီး ခန္ဓာကိုယ်ကလည်း ထွားသည်။ ဂျပန်ဆံတောက်လို နဖူးအတိ ကုပ်ပေါ်မှာ ခပ်ဖောင်းဖောင်းဆံပင်လေးနှင့် မမကြီးရဲ့ ငယ်ရွယ်နုပျိုသော ကလေးဆန်ဆန်ပုံစံလေးကို သောတ ခုထိ မမေ့ ...။ အဲဒီအချိန်ကတည်းက မမကြီးက သောတကို ချစ်ခင်တွယ်တာပြီး သောတကလည်း မမကြီးကို ကိုယ့်အစ်မကြီးတစ်ယောက်လို တွယ်တာခဲ့မိတာပင်။

သောတက မမကြီးရှေ့မှာ ရပ်မိလျှင် ...

“မမကြီး ... ဒီနေ့ ဘာဟင်းချက်လို့လဲ”

“ငါးရံ့တုပ်ချက် စမ်းချက်ထားတယ်၊ မေမေ ချက်သလို ချက်ကြည့်တာ၊ ငါးရံ့ကို ကြိုးနဲ့တုပ်ပြီး ချက်တာလေ၊ ငါးရံ့ဗိုက်ကိုခွဲပြီး ဂျင်းတွေ စပါးလင်တွေ ကြက်သွန်တွေ အစာသွပ်ပြီး ငါးရံ့ဗိုက်ကို ကြိုးနဲ့ ပြန်တုပ်ထားတာ”

“ဟုတ်လား ... ဆန်းတယ်နော် မမကြီး”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါကလည်း ခပ်ဆန်းဆန်းပဲ ချက်ချင်တာ၊ ရော့ ... ဒီမှာ ဖွန်းထဲမှာ နည်းနည်းခပ်ထားတယ်၊ မြည်းကြည့်ဦး"

သောတက ဖွန်းကိုလှမ်းယူကာ ဖွန်းထဲက ငါးဖတ်လေးကို စားကြည့်လိုက်သည်။ ဘာအရသာကြီးမှန်း မသိ၊ ငါးအသားပျော့ပျော့ထဲမှာ ကြမ်းရှရှအဖတ်တွေပါ ဝါးမိနေတာမို့ မျိုမချတော့ဘဲ ပါးချောင်မှာ အသာကပ်ထားကာ ...

"အဟီး ... စားကောင်းလိုက်တာ ..."

"ဟယ် ... တကယ်လား၊ ကြိုက်လား"

"အင်း ..."

"ကြိုက်ရင် တစ်အိုးလုံး စားသွား၊ လာ ... လာ"

"အာ ... တစ်အိုးလုံးတော့ ဘယ်စားနိုင်ပါ့မလဲ မမကြီးရဲ့"

"ဒီမှာ ... မောင်လေး"

"ခင်ဗျာ ..."

"မမကြီး ပြောတာ သေသေချာချာ နားထောင်နော်"

"ဟုတ်ကဲ့ ..."

မမကြီးက လူကြီးမျက်နှာထားနှင့် သောတရဲ့ လက်ချောင်း ပိန်ပိန်လေးတွေကို ဆွဲယူကာ အသားအောက်က အရိုးမာမာလေးတွေကို ဖျစ်ကာ ဖျစ်ကာ စမ်းလိုက်ရင်း ...





"ဒီမှာ ကြည့်စမ်း ... နင့်လက်က အရိုးတွေချည်းပဲ တွေ့လား၊ နင် အရမ်းပိန်နေတာ၊ ကြာရင် လူစဉ်မမီဘဲဖြစ်လိမ့်မယ်၊ နင် လူပျို့ဖြစ်လို့ ပိန်တာရိုးကလေး ဖြစ်နေရင် နင့်ကို ဘယ်ကောင်မလေးမှ မကြိုက်ဘဲနေလိမ့်မယ်၊ ငါးများများစားမှ အားရှိပြီး ထွားလာမှာ၊ ငါးစားရင် ဉာဏ်လည်းကောင်းတယ်၊ စာတွေ အများကြီးကျက်နိုင်အောင် ငါးများများ စားပေးဖို့လိုတယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ..."

ဆယ်နှစ်သားလေး သောတက ယောင်တောင် ပေါင်တောင်လေး ခေါင်းညိတ်ရသည်။ မမကြီးက သူချက်သော ဟင်းတွေကို အလဟဿမဖြစ်ရလေအောင် သောတကို စေတနာ ပိုပိုဖြင့် ကျွေးရှာပါသည်။ သောတကလည်း ကျိတ်မှိတ်မျိုချရ ပါသည်။ သို့သော် ... မမကြီး ဟင်းက ကြောက်စရာကြီးဖြစ်နေ သည်။ ဟင်းအိုးထဲမှာ ကြိုးတွေ ရှုပ်ယှက်ခတ်နေတာမို့ သောတ က စိတ်ညစ်လာကာ ...

"အား ... မမကြီး ဟင်းက ပူစပ်နေတာပဲ၊ ကြိုးတွေ လည်း ရှုပ်နေတာပဲ၊ ကြိုးဆွဲချသေတဲ့ ငါးရဲ့ ကျနေတာပဲ၊ ကြိုးတွေပါ စားရမှာလား"

"ဟို ... အဲဒါကလေ ငါးဗိုက်ကို ဘာနဲ့ပြန်ချုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတာနဲ့ ပီနန်ကြိုးနဲ့ချုပ်ထားတာ၊ ကြိုးဖြည်စားပေါ့ ဟယ် ... နော်၊ စားစား ... ကုန်အောင်စား"

မမကြီးက ကလေးကို အဲဒီလို အနိုင်ကျင့်ပြီး ကျွေးခဲ့တာပင်။

သို့သော် ... တဖြည်းဖြည်း အရွယ်ရောက်လာတဲ့ မမကြီးဟာ ဟင်းတွေကိုလည်း တဖြည်းဖြည်း ကျွမ်းကျွမ်းကျင်ကျင် ချက်တတ်လာခဲ့ပါသည်။

ငယ်ငယ်တုန်းက စားမကောင်းတဲ့ ဟင်းတွေကို သည်းခံစားပေးတတ်သော သောတသည်လည်း ခုချိန်မှာတော့ အိမ်မှာ ထမင်းစားမကောင်းတိုင်း မမကြီး လက်ရာ ဖွယ်ဖွယ်ရာရာတွေကို လာစားခွင့်ရလာပါသည်။ မမကြီးရေ ဘာဟင်းစားချင်တယ်၊ ချက်ကျွေးပါဦးဟု ပူဆာလို့ ရလာပါသည်။ သောတရဲ့ ပိန်ညှက်သေးကွေးသော ခန္ဓာကိုယ်လေးဟာလည်း ကြီးကောင်ဝင်ကာ ထွားကျိုင်းလာသဖြင့် မမကြီး အရပ်ထက် ခေါင်းတစ်လုံးစာလောက် အရပ်ပိုမြင့်လာခဲ့ရပါသည်။ မမကြီးကတော့ 'နင် ထွားပြီး အရပ်မြင့်လာတာ ငါ့ဟင်းတွေ စားလို့ပေါ့' ဟု အသားယူ ပြောနေတတ်ပါသည်။

သောတက ငယ်ငယ်လေးကတည်းက အဘိုးနဲ့သာ နေခဲ့ရသူဖြစ်ပါသည်။ သောတ ဖေဖေနဲ့ မေမေက သောတ





ငါးနှစ်အရွယ်လောက်ကတည်းက ကွဲကွာသွားကြကာ နောက်အိမ်ထောင် ကိုယ်စီဖြင့် နိုင်ငံခြားမှာ အခြေကျနေကြပါသည်။ သောတမောင်ကတော့ အဘိုးဆီမှာကျန်ရစ်ခဲ့ရသည်။ ယောကျ်ားသားပေမို့ အဘိုးက ဖွယ်ဖွယ်ရာရာ မချက်ပြုတ်တတ်၊ အိမ်က ထမင်းဟင်းချက်သည့် အဒေါ်ကြီးရဲ့ လက်ရာကလည်း တစ်ခါလာလည်း မဲပြာပုဆိုး ဆိုသလို ကြက်ဆီပြန်၊ ကြက်ဘူးသီး၊ ကြက်အာလူး၊ ငါးကြော်၊ ငါးချက်၊ ကြက်ဥကြော် စသဖြင့် ရိုးစင်းလွယ်ကူသော ဟင်းတွေချည်းပဲမို့ သောတက ခံတွင်းမတွေ့။ ခုချိန်မှာတော့ မမကြီးလက်ရာသည်သာ သောတအတွက် အကောင်းဆုံး ဖြစ်လာရပါသည်။

ဒီရပ်ကွက်ထဲမှာ ငယ်ငယ်ကတည်းက နေခဲ့ကြပြီး သီကျူးနှင့် သောတက အတန်းတူ သူငယ်ချင်းမို့ မမကြီးတို့အိမ်က သောတမောင်ရဲ့ စားအိမ် သောက်အိမ်၊ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သည်။ အဘိုးနဲ့ပဲ ပျင်းပျင်းရိရိ နေရတာမို့ သောတမောင်က အဖော်ခံမင်သည်။ သီကျူးနဲ့ ဖြူဥကိုလည်း အနွံတာခံပြီး ပေါင်းခဲ့ပါသည်။

လူပျိုပေါက်ကလေးတွေ ဖြစ်လာကြတော့ သီကျူးရဲ့ 'ဇ' ကလေးက ပြလာပါသည်။ ကျောင်းမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ် မိန်းကလေး လှတပတလေးကိုတွေ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဒါ သိကျူး ရည်းစားစကား ပြောပြီးသား မိန်းကလေးဟု သိမှတ်နိုင်သည်အထိ သိကျူးတို့က အောင်မြင်လာပါသည်။

သိကျူးကို ဘယ်အချိန်ကြည့်ကြည့် ပုံစံက ပျော့ရွှေအလန်း၊ လူကလေး လက်တောက်လောက်ကတည်းက လူပျိုစိတ်ပေါက်တယ်လို့ပဲ ပြောရမလား မသိ၊ အရပ်ကလေး ပေမမီသေးခင်မှာကတည်းက မြင့်မြင့်စွင့်စွင့် အပျိုပေါက်ကလေးတွေကို မော့ကြည့်စိတ်ကစားခဲ့သူပင်။ သိကျူး ကျောင်းရုံးခန်းကို ရောက်ရသည့် ကိစ္စတွေဟာ ကောင်မလေးကို စာပေးလို့၊ ကောင်မလေးကို ရည်းစားစကားပြောလို့၊ ကောင်မလေးကို စလို့နောက်လို့ စတဲ့ အမှုကိစ္စမျိုးတွေချည်းပင် …။

သောတမောင်ကတော့ သိကျူးနှင့် ဆန့်ကျင်ဘက်ပင် …။ ရွယ်တူ ကောင်မလေးတွေကိုဆို စကားတောင် ရဲရဲပြောဝံ့သူမဟုတ်။ အစ်မအရွယ်ကြီးတွေကိုဆို ကျိုးနွံလေးစားလိုက်တာပင် …။ ပစ်မှားကောင်းသည့်အရွယ်ဟုတောင် မထင်ပါ။

ဆရာ ဆရာမတွေကတော့ သိကျူးကို ဆုံးမတိုင်း

"နှင့်အရွယ် လက်တောက်လောက်ကလေးနဲ့ ဒါမျိုးကိစ္စတွေကို စိတ်ကူးစရာလားဟဲ့ …၊ နှင့်သူငယ်ချင်း သောတကို အတုယူစမ်း၊ သောတဆို စာကိုပဲ ကျိုးစားတယ်၊





ရိုးရိုးအေးအေးပဲ နေတယ်၊ ဒါမျိုးကိစ္စတွေကို လုံးဝစိတ်မကူးဘူး"

"သူက အခြောက်ကိုး …"

"ဘာ … ဘာ … နင် သူများတကာကို အဲ့ဒီလိုပြောစရာလား"

ဆရာမက ဆူဆူရိုက်ရိုက် သိကျူးတို့က ပေခံသည်။ သောတကို ချီးကျူးလျှင်တော့ 'အခြောက်' ဟု စွပ်စွဲသည်။ ပြီးတော့ သောတကို မဲဆွယ်သေးသည်။

"မင်းက ဖြူပြနေတော့ ငါ့အမည်းက ပိုထင်ရှားလာတာပေါ့ကွာ၊ ငါ မည်းသလို မင်းလိုက်မည်းပါလား၊ ဒါဆို ငါ့အမည်းက သိပ်မထင်ရှားတော့ဘူးပေါ့ …"

သောတက သူ့စကားကို အရေးမလုပ်ဘဲ အေးအေးနေပြန်ရင်လည်း …

"မင်းက အခြောက်လုပ်နေလေ ငါ့ရဲ့ ယောကျ်ားပီသမှုက ထင်ရှားလေ …"

ဟု ခနီးခနဲ့ ရန်စ စကား ဆိုပြန်သည်။

သိကျူးက ဘယ်လောက် ရန်စပါစေ … သောတက သူငယ်ချင်းချင်း ရန်ဖြစ်ဖို့ရာ စိတ်မပါ။

သိကျူးကြောင့် သောတ စိတ်ညစ်ရတာ တခု



www.burmeseclassic.com

www.burmeseclassic.com



တော့ သီကျူးရဲ့ ဘာညာ အိစိကလီလေးတွေဟာ သီကျူးနဲ့ အဆင်မပြေတိုင်း သောတကို လာလာဖိထောင်းတတ်ကြတာ ပင်။

"ဟဲ့ ... သောတ၊ နင့်သူငယ်ချင်းက ဘာအချိုးလဲ"

သီကျူးရဲ့ လက်ဟောင်း ရည်းစားလား၊ လက်သစ် ရည်းစားလား မသိသော ကောင်မလေးက စာအိတ်တစ်အိတ်ကို သောတ ရှေ့ခုံပေါ်သို့ ဖတ်ခနဲ ပစ်ချလိုက်ပြီး ခါးထောက်ရပ်၍ ရန်တွေ့လိုက်တော့ သောတက မျက်မှောင်ကြုတ်လိုက်ရင်း ...

"ဒါက ဘာလဲ"

ဟု စားပွဲပေါ်က စာအိတ်ကို မေးငေါ့၍ မေးလိုက်သည်။ ကောင်မလေးက ဆတ်ဆတ်တုန်တက်နေပုံဖြင့် ...

"စာလေ ... စာ၊ သီကျူး ပေးသွားတဲ့ စာ ..."

"ရည်းစားစာ မဟုတ်လား၊ နင် ကျေနပ်လို့ နင်ယူထားတာ မဟုတ်ဘူးလား၊ ဟိုတစ်ခါ သီကျူး နင့်ကို စာလှမ်းပေးတာ ငါမြင်တယ်လေ၊ အဲ့ဒီတုန်းကဆို နင့်မျက်နှာက ရှက်ကိုးရှက်ကန်းပြုံးကြီးနဲ့ ..."

"အဲ့ဒါက ရည်းစားစာကိုးဟဲ့"

"ဒါဆို ဒါက ဘာစာလဲ ..."





"ဖြတ်စာ ..."

"ဖြတ်စာ ! ဘာကိုဖြတ်တာလဲ ..."

"ကျွတ် ... ထုံက တစ်မျိုး၊ ငါ့ကို ဖြတ်တဲ့စာပေါ့ဟဲ့"

"ဘယ်နားကို ဖြတ်သွားလို့လဲ၊ ငါ့မျက်စိထဲတော့ ဘယ်နားကမှ ပြတ်မနေပါဘူး"

"သောတ ...၊ နင် ရူးချင်ယောင်ဆောင်မနေနဲ့၊ နင့်သူငယ်ချင်း ဒီလိုလုပ်တာ ကောင်းသလား"

"ဒါများဟာ ခံစားမနေစမ်းပါနဲ့၊ သူကြင်မှ ကိုယ်ကြင်ပေါ့၊ နားစမ်းပါဆိုပြီး ကိုယ့်မာနနဲ့ကိုယ် ဘာမှမဖြစ်သလို နေလိုက်ပေါ့၊ အေးဆေးပါ"

"ငါ အခု ခံစားနေရတာက အချစ်ကြောင့်မဟုတ်ဘူးဟဲ့၊ ဒေါသဖြစ်တာ၊ ခင်းကို သတ်ပစ်ချင်နေတာ၊ ခင်းကို ငါက မနေ့ကမှ အဖြေပေးတာ၊ ခင်းက ငါ့ကို ဒီနေ့ ဖြတ်ပစ်လိုက်တယ် ...၊ ခင်းရေးတဲ့ စာကိုလည်း ဖတ်ကြည့်လိုက်ဦး၊ တစ်လုံးတည်း ရေးထားတာ ..."

"ဘာတဲ့လဲ ..."

"ဘွာတေး တဲ့ ..."

"ခွိ ..."

သောတက မထိန်းနိုင်ဘဲ ရယ်မိတော့ ကောင်မလေးက ဒေါသ ပိုထွက်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာရယ်တာလဲ၊ နင် ... ဒီကိစ္စကို သိပြီးသား မဟုတ်လား”

“ငါ ဘယ်သိမလဲ၊ သီကျူးလုပ်တဲ့ကိစ္စ သီကျူးပဲ သိမှာပေါ့၊ သူ့သွားမေးပါလား”

“သူ့ကိုမတွေ့လို့ နင့်ကို မေးနေရတာပေါ့ဟဲ့”

“ငါက သူမှမဟုတ်တာ ...”

“နင်တို့နှစ်ယောက်က သူငယ်ချင်းတွေပဲ၊ သူငယ်ချင်းဆိုတာ အေးအတူ ပူအမျှ မဟုတ်လား”

“ဟုတ်တယ်လေ ...၊ ဒါပေမယ့် ခုကိစ္စနဲ့ အေးအတူ ပူအမျှနဲ့ ဘာဆိုင်လဲ ...”

“အဟွန်း ...”

ကောင်မလေးက ခနိုးခနဲ့ ရယ်ကာ သူမ လွယ်အိတ်ထဲသို့ လက်လျှိုနှိုက်လိုက်ပြီး ...

“ဆိုင်တာပေါ့ သောတရယ် ...၊ သူ့ကိုရှာမတွေ့လို့ သူ့ကို တစ်ခုခုမလုပ်ရလည်း သူ့သူငယ်ချင်း နင့်ကို တစ်ခုခုလုပ်လိုက်ရရင် နည်းနည်းတော့ ကျေနပ်သွားတာပေါ့၊ ကဲ ...”

“အား ...”

ကောင်မလေးက လွယ်အိတ်ထဲ နှိုက်ထားသော လက်ကို ဆတ်ခနဲ နှုတ်လိုက်ချိန်မှာ ကွန်ပါဘူး တစ်ဘူးကို





လက်ခနဲ မြင်လိုက်ရပြီး တစ်ပြိုင်နက်တည်း သောတ ခေါင်းထဲမှာ လက်ခနဲ ဖြစ်သွားရလေသည်။

ခေါင်းပေါ်က သွေးစီးကြောင်း သေးသေးလေး တစ်ခု မျက်နှာပေါ်သို့ စီးဆင်းလာချိန်မှာတော့ သောတ တုန်းခနဲ လဲကာ သတိလစ်သွားခဲ့ရသည်။ အဲ့ဒီလို အဖြစ်မျိုးတွေကို သောတ မကြာခဏ ကြုံရသည်။ သီကျူးကတော့ ပြဿနာ တစ်ခုကို အစဆွဲထုတ်ပြီးတာနှင့် သူ့အရှုပ်သူ မနိုင်ဘဲ ပုန်းရှောင်နေတတ်သူ ဖြစ်သည်။ သီကျူးက ပုန်းလေ သောတ ခံရလေ။

ရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်ယောက်ကို သီကျူး သဘောကျမိလျှင် ဘာရယ်ညာရယ် မစဉ်းစားဘဲ ရအောင်လိုက်သည်။ ရတော့လည်း ဖီလင်မလာတော့ဟု အကြောင်းပြပြီး ရှောင်သည်။ တစ်ဖက်က အိုကေလျှင် ကိစ္စမရှိ။ မအိုကေလို့ ပြဿနာရှာလျှင် သောတမှာပဲ ကိစ္စရှိလာသည်။ သူ့နှုတ်ဆော့တာကို တကယ်မှတ်ထင်နေရှာပြီး ခံစားနေရရှာသော ကောင်မလေးတွေကို သောတပဲ ဖျောင်းဖျနားချရသည်။ တစ်ခါကဆို သီကျူးနှင့်အတူ လမ်းလျှောက်လာတုန်း ကောင်မလေးတစ်ယောက်ရဲ့ အစ်ကိုတွေ တုတ်ကိုယ်စီကိုင်စွဲ၍ ရှေ့မှာ ပိတ်ရပ်လိုက်ကြတာမို့ ဖိနပ်ကလေး မြန်မြန်ချွတ်ကာ သီကျူးနှင့်အတူ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင်



www.burmeseclassic.com

www.burmeseclassic.com



သေလုမျောပါး ပြေးခဲ့ရသည်။ သောတရဲ့ ချစ်သူငယ်ချင်းက သောတကို အဲ့ဒီလို ကောင်းကျိုးပေးရှာပါသည်။

သီကျူးက အမြင်ကတ်စရာ ပြောသေးသည်မှာ

"ယောကျ်ားလေးဆိုတာကတော့ကွာ အရက်၊ ဆေးလိပ်၊ မိန်းမ တစ်ခုမဟုတ် တစ်ခုတော့ အားသာချက်ကလေးတွေ ရှိကြတာပဲ မဟုတ်လား၊ ငါက အရက်လည်း မကြိုက်ဘူး၊ စီးကရက်လည်း မကြိုက်ဘူး၊ ရည်းစားလေးတွေပဲ ထားတာ၊ အရက်နဲ့ ဆေးလိပ်က ကျန်းမာရေးကို ထိခိုက်စေတယ်၊ ရည်းစားလေးတွေ ထားတာက ကျန်းမာရေးကို ပိုကောင်းလာစေတယ်၊ အဲ ... တစ်ခုတော့ ရှိတယ်"

သီကျူးက လက်ညှိုးတစ်ချောင်း ထောင်ထားလိုက်ပြီး မျက်ဆံကို အပေါ်ကပ်၍ စဉ်းစားသလို ခဏငြိမ်နေလိုက်သည်။ ပြီးမှ ... သောတမောင်ကို စွေကြည့်လိုက်ရင်း ...

"အရက်ရော၊ ဆေးလိပ်ရော၊ မိန်းမရော ကင်းတဲ့သူမျိုးလည်း ရှိတော့ရှိတယ်၊ ဒါပေမယ့် အဲ့ဒီလို လူမျိုးက မူးလည်းမမူး၊ ဘူးလည်းမဘူးတော့ ဒူးနေကြတာများတယ်၊ အင်္ဂလိပ်လိုပြောတော့ gay တဲ့၊ ဗမာလိုပြောတော့ အခြောက်တဲ့၊ ဥပမာ ... မင်း ..."





"သီကျူး ... မင်း ..."

"ခြောက် ... ခြောက်တယ်ပေါ့ကွာ၊ ဘာဖြစ်လဲ ..."

သီကျူးက သောတကိုဆို နိုင်းလည်းနိုင်းသေး၊ ခံချင်အောင်လည်း နှိပ်ကွပ်သေးဟု ဆိုရမှာပင်။ ငယ်သူငယ်ချင်းမို့ သီကျူး ဘယ်လောက်ဆိုးဆိုး ရှင်ခန်းလည်း မပြတ်နိုင်ခဲ့ပါ။

သီကျူးက ဒီလိုနည်းနှင့် ဆိုးတတ်သူဖြစ်ပြီး သီကျူး နှမ ဖြူဥကလည်း နောက်တစ်နည်းနှင့် ဆိုးတတ်သူပင် ...။

ဖြူဥက သောတကို အမြဲ စွပ်စွပ်စွဲစွဲ ပြောတတ်သည်မှာ ...

"ဟဲ့ ... သောတ၊ နင် သီကျူးကို ကြိုက်နေတာမဟုတ်လား"

ဖြူဥ ဒီလိုမေးတိုင်း သောတက ရှက်စိတ်ဖြင့် မျက်နှာနီမြန်းကာ ...

"ယောကျ်ားချင်း ကြိုက်စရာလား"

"သိဘူးလေ၊ နင့်ကြည့်လိုက်ရင် အမြဲ သီကျူးနိုင်းဖတ်၊ သီကျူးနား တကပ်ကပ်ဆိုတော့ အဲ့လိုပဲ ထင်မိတာပေါ့"

"သူငယ်ချင်းပဲ၊ တတွဲတွဲနေတာ ဆန်းသလား"



www.burmeseclassic.com

www.burmeseclassic.com



“ဆန်းတော့ မဆန်းပါဘူး၊ ဒါပေမယ့် သီကျူးဆို နင်နဲ့ တွဲပေမယ့် ကောင်မလေးတွေနဲ့လည်း တွဲတာပဲ၊ နင်ဆို ကောင်မလေးတွေနဲ့ တွဲမှမတွဲတာ၊ သီကျူးမှ သီကျူးပဲ တွဲနေတာ”

“ရည်းစား မရှုပ်တာနဲ့ပဲ အခြောက်လို့ ထင်ရောလား”

“ထင်စရာအကြောင်းတွေ အများကြီးရှိလို့ပါ၊ အကြောင်းတွေ အများကြီးထဲက တစ်ခုကို ပြောရရင်တော့ အဟမ်း ငါ့လို မိန်းမလှတစ်ယောက်နဲ့ ဒီလောက် နီးစပ်နေတာတောင် နင်က ကြိုက်ရကောင်းမှန်းမှ မသိတာ ...”

“အဲ့ဒါက အခြောက်ဖြစ်နေလို့ နင့်ကိုမကြိုက်တာမဟုတ်ဘူး၊ ရည်းစား ဗရပွထားနေတဲ့ မိန်းကလေးမို့လို့ မကြိုက်တာ ...”

ဖြူဥနဲ့ သောတက အမြဲ အဲ့ဒီလို တကျက်ကျက်ဖြစ်ရသည်။ သောတကလည်း ဖြူဥကို လုံးဝ စိတ်မဝင်စား၊ ဖြူဥကလည်း သောတ သူ့ကိုမကြိုက်တာဟာ အခြောက်ဖြစ်နေလို့သာဟု စွပ်စွဲတတ်သည်။ သီကျူးခြေရာနင်းသော ဖြူဥရဲ့ အရှုပ်ထုပ်တွေကလည်း အချိန်တန်တော့ သောတဆီကိုပဲ ရောက်လာတာပဲမို့ ဖြေရှင်းကူညီပေးရသည့် ကိစ္စတွေကလည်း မနည်းလှပါ။





အဲ့ဒီ အရှုပ်နှစ်ယောက်ကြားမှာ မမကြီးခမျာလည်း မျက်နှာလေးငယ်ငယ်ပြီး နေရရှာတာ ...။ မမကြီး တစ်မျက်နှာသာ ထောက်စရာမရှိလျှင် သောတလည်း သီကျူးတို့ရဲ့ ဆိုးမျိုးကို ဒီလောက်ထိ ခံနိုင်ပါ့မလားတောင် မသိပါ။

“သောတ ... စားနော် မောင်လေး၊ များများစား၊ ဒီမှာ သောတ ကြိုက်တဲ့ ငါးပြေမဆီပြန်ရယ်၊ ငါးဖယ်ငါးဆုပ်ဟင်းလည်း မှာထားသေးတယ်”

မမကြီးက မှာထားသောဟင်းခွက်တွေကို သောတရှေ့သို့ တိုးရွှေ့ပေးနေတာမို့ သောတက အတွေးတွေကို ရပ်တန့်ကာ ငါးဖယ်ငါးဆုပ်ဟင်းခွက်ကို ငုံ့ကြည့်ရင်း ...

“ငါးဖယ်ဟင်းကလည်း ...”

“ဘာဖြစ်လို့လဲ ...”

“မမကြီး ချက်သလိုမျိုးလည်း မဟုတ်ဘူး၊ အရောင်ကလည်း ဖြူစုပ်စုပ်နဲ့၊ လူမမာ စားတဲ့ဟင်း ကျနေတာပဲ”

“ဆိုင်ဟင်းကတော့ ရောင်းတမ်းပဲ ချက်မှာပေါ့ သောတရယ်၊ ပြီးတော့ ... ဒီဆိုင်က ရိုးရိုး ထမင်းဆိုင်လေးပဲလေ၊ နာမည်ကြီး ထမင်းဆိုင်တွေလောက်တော့ ဘယ်ကောင်းမလဲ”

“နာမည်ကြီး ထမင်းဆိုင်တွေကလည်း ထင်သလောက်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး၊ မမကြီးချက်တဲ့ ဟင်းကို မီအောင် ဘယ်သူမှမချက်နိုင်ဘူး”

“အေးပါ … အေးပါ၊ သီကျူးကို ရှာတွေ့ရင် မနက်ဖြန်ကျ သောတ ကြိုက်တဲ့ ဟင်းတွေ မမကြီး ချက်ကျွေးမယ်နော်၊ အိမ်မှာ ထမင်းလာစား … ဟုတ်ပြီလား”

“ဟုတ် …၊ မမကြီးလည်း စားလေ၊ ဟင် … မမကြီး အကြိုက်ကော ဘာမှ မှာမထားဘူးလား”

“မမှာတော့ပါဘူး၊ သောတကြိုက်တဲ့ ဟင်းတွေအကုန်လုံး မမကြီး ကြိုက်သားပဲ၊ ငါးရံ့အူရယ်၊ ငါးဖယ်ဟင်းရယ်၊ ငါးပြေမဆီပြန်၊ ကြက်အချိုချက်ရယ်၊ ချဉ်ပေါင်ကြော်ရယ်၊ ငါးပိကြော်ရယ် မှာထားတယ်၊ ဟင်းတွေ အများကြီးပဲ၊ စား … စား … သောတ စား …”

မမကြီးက သောတ ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ခပ်ထည့်ပေးရင်း သူကတော့ မစိုမပိုလေး စားနေသည်။ စားရင်းက စားပွဲပေါ်မှာ ချထားတဲ့ သောတရဲ့ GSM ဖုန်းကို မကြာခဏ လှမ်းလှမ်းကြည့်နေရင်း …

“သီကျူးတစ်ယောက်ကလည်း အိမ်ကို ဖုန်းမခေါ်ရင်တောင် မင်းဖုန်းကိုတော့ ခေါ်ဖို့ကောင်းပါတယ်ဟယ်၊ တမင်သက်သက် ငါ့ကို စိတ်ပူအောင်လုပ်တယ်”





“အဲ့ဒါတွေ ခဏမေ့ပြီး ထမင်းကိုပဲ သေချာအာရုံစိုက်ပြီး စားစမ်းပါ မမကြီးရာ …၊ ကျွန်တော်လည်း သူ့ဖုန်းကို ခေါ်ခေါ်ကြည့်နေတာပဲ၊ ဖုန်းက ဖွင့်မှမဖွင့်တာ၊ တမင်ပိတ်ထားတာလည်း ဟုတ်ချင်မှဟုတ်မှာ၊ ဘက်ထရီ အားကုန်လို့ ပိတ်သွားတာလည်း ဖြစ်နိုင်တာပဲဟာ”

“အိမ်များ ပြန်ရောက်နေမလား”

“အိမ်ပြန်ရောက်ရင် ကျွန်တော့်ဖုန်းကို လှမ်းခေါ်မှာပေါ့”

“ခေါ်ချင်လည်း ခေါ်မှာပေါ့၊ မင်းဖုန်းက ခုန သောင်းဘီအိတ်ထဲ ထိုးထည့်ထားတာဆိုတော့ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေတယ်ဆိုပြီး ဖြေချင်ဖြေနေမှာပေါ့၊ အဲ့ဒီဖုန်းစောင့်နတ်သမီးက တစ်ခါတလေ ထင်ရာမြင်ရာ လျှောက်ပြောနေတာ”

အရေးထဲမှာ မမကြီးရဲ့ စုပုပ်ပုပ် အပြောလေးက ဟာသမြောက်နေတာမို့ သောတက ပြုံးလိုက်မိပါသည်။ မမကြီးပုံစံက လူကြီးဆန်ချင်သော်လည်း တစ်ခါတလေ စကားပြောပုံက ကလေးဆိုးကြီးလို ဖြစ်ဖြစ်သွားတတ်ပါသည်။ မမကြီး ဒေါသထွက်လာပြီဆို ကြောက်ဖို့မကောင်းဘဲ ရယ်စရာကောင်းသွားတတ်သည်။ စိတ်တိုတိုနဲ့ ပြောတဲ့ စကားတွေဟာ အဆီအငေါ်မတည့် ကပေါက်တိ ကပေါက်ချာမို့ ကြားရသူအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



က မကြောက်တဲ့အပြင် ရယ်သာ ရယ်ချင်မိပါသည်။ မမကြီး စိတ်က အကြီးပီပီ တာဝန်ယူချင်စိတ်တော့ ရှိပါသည်။ သို့သော် အငယ်နှစ်ယောက်ကို ဆူပွက်တဲ့အခါ လေးစားခံရအောင် မဆူတတ်၊ မဆုံးမတတ်သဖြင့် မမကြီး ဘာပြောပြော သိကျူးနဲ့ ဖြူဥက မကြောက်တဲ့အပြင် ခိုးခိုးခွိခွိတောင် ကျိတ်ရယ်တတ်ကြပါသေးသည်။

တစ်ခါက သိကျူးတို့နှစ်ယောက်ကို မမကြီး ဆုံးမတော့ သောတလည်း အနားမှာ ရှိနေခဲ့ပါသည်။

○ ○ ○



✦ ✦ ✦

အဲဒီနေ့က မမကြီးက မျက်နှာတည်တည်ကြီးနဲ့ သိကျူး ပြန်အလာကို စောင့်နေခဲ့တာဖြစ်သည်။ သိကျူးက သောတနှင့်အတူ အိမ်ထဲဝင်လာတော့ မမကြီးက လှမ်းခေါ်သည်။

"သိကျူး ... လာခဲ့ဦး ဒီနားကို၊ မမကြီး ပြောစရာရှိလို့"

သိကျူးက ခေါင်းတစ်ချက်ကုတ်ရင်း ...

"မမကြီး ... ကျွန်တော် ဗိုက်ဆာလာလို့ ထမင်းအရင်စားလိုက်ဦးမယ်"

သိကျူးက သူ့ဗိုက်သူပွတ်ပြီး ရှုံ့မဲ့ပြောတာမို့ မမကြီးက မျက်မှောင်ကြုတ်ကြုတ်လေးဖြင့် သိကျူးကို စိုက်ကြည့်လိုက်ပြီးမှ သက်ပြင်းချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကဲ … ဒါဆိုလည်း အရင်သွားစားလိုက်ဦး၊ သောတ မင်းလည်း ဝင်စားလိုက်၊ ငါးခူကုလားဟင်း ချက်ထားတယ်၊ ကြိုက်တယ် မဟုတ်လား"

"ဟုတ် … ကြိုက်တယ် မမကြီး"

မမကြီးခမျာ သီကျူးကို ဆုံးမချင်သော်လည်း ချက်ချင်း ဆုံးမခွင့်မရသေးဘဲ အရင်ဆုံး ထမင်းဟင်း ခူးခပ်ကျွေးရသည်။ သောတက မမကြီးကို သနားအားနာလာကာ သီကျူးနားနားကပ်လျက် …

"မင်း ခုလေးပဲ ရှမ်းခေါက်ဆွဲ ဝင်စားလာတာ မဟုတ်လား၊ မမကြီး စကားကို အရင် နားထောင်လိုက်ပါလား ကွာ …"

"အပြင်က ပြန်လာလာချင်း နားပူမခံချင်သေးလို့ပေါ့ကွ၊ အသာနေစမ်းပါ"

သီကျူးက ထမင်းကို တို့ကနန်း ဆိတ်ကနန်း အချိန်ဆွဲစားနေသဖြင့် မမကြီးက ဧည့်ခန်းထိုင်ခုံမှာ ထိုင်စောင့်နေရသည်။ သီကျူးက ဧည့်ခန်းဘက်ကို လှမ်းလှမ်းကြည့်နေရင်းက …

"မမကြီးတော့ ငိုက်နေပြီ၊ အိပ်တောင်ပျော်တော့မယ်၊ အသာလေး လစ်ထွက်မှ …"





"မလုပ်ပါနဲ့ကွာ …၊ သူ ပြောတာ နားထောင်လိုက်ပါ"

"ထုံးစံအတိုင်း ရည်းစားမထားဖို့ပဲ ပြောမှာပါကွာ၊ ဒါတွေပဲ၊ အပ်ကြောင်းထပ်နေပါပြီ …"

"မင်းကလည်း မမကြီး ပြောစရာဖြစ်အောင် လုပ်နေတာကိုးကွ …"

"အသာနေစမ်းပါ"

သီကျူးက လစ်ထွက်တော့မည့်အကြံနှင့် ထိုင်ရာမှ ထသည်။ ထို့နောက် ရေခဲသေတ္တာကိုဖွင့်ကာ အသီးအနှံတွေ ရွေးယူနေဆဲ သောတက မမကြီးဆီ လှစ်ခနဲ ပြေးသွားကာ …

"မမကြီး … မမကြီး ထ ထ …"

"အင် … ဟင် …"

အိပ်ပျော်စပြုနေသော မမကြီးက အိပ်ချင်မူးတူး ဖြင့် ခေါင်းထောင်ထလာကာ …

"ဘာ … ဘာလဲ သောတ၊ သီကျူး စားလို့ပြီးပြီလား"

"ပြီးလို့ လစ်တောင်ထွက်တော့မယ် မမကြီးရ …"

"ဟင် … ဟုတ်လား၊ ဟဲ့ … သီကျူး ဒါက ဘယ်လဲ၊ ပြန်လာခဲ့စမ်း"

မမကြီး လှမ်းခေါ်တော့မှ သီကျူးက သောတကို လက်သီးထောင်ပြကာ မမကြီးနားသို့ ပြန်လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက စားပွဲပေါ်မှာ တင်ထားသည့် စာအုပ်တစ်အုပ်ကို လှမ်းယူကာ စာအုပ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ယူထောင်ပြလိုက်ရင်း ...

"ဒီပုံက မင်းချစ်သူပုံ မဟုတ်လား သိကျူး"

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း ဟုတ်ဘူး ..."

"ဟယ် ... ဘယ်လို အဖြေကြီးလဲ၊ ကောင်းကောင်းမွန်မွန် ဖြေစမ်းပါ သိကျူးရယ် ..."

"အမှန်အတိုင်း ဖြေတာပဲ မမကြီး၊ အဲ့ဒီ ကောင်မလေးက အရင်တုန်းက ကျွန်တော်ချစ်သူ ဟုတ်တယ်၊ ခုတော့ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့ မဟုတ်တော့တာလဲ ..."

"အာ ... မမကြီးကလည်း ဝေးတယ်ဗျာ၊ ပြတ်သွားလို့ မဟုတ်တော့တာပေါ့ဗျ ..."

"ဘာလို့ ပြတ်တာလဲ"

"သဘောထားချင်း မတိုက်ဆိုင်လို့"

"မတိုက်ဆိုင်လည်း ညှိယူပါလား၊ လွယ်လွယ်နဲ့ ပြတ်စရာလား"

"လွယ်လွယ်နဲ့ပြတ်တာ တကယ် မချစ်လို့ပေါ့ ..."

"တကယ် မချစ်ဘဲနဲ့ ဘာလို့ သူများသားသမီးနဲ့ အလွယ်





တကူ ရည်းစားသွားထားသေးလဲ၊ ဟိုက မိန်းကလေး၊ ရည်းစားပျက်တော့ သူ့ခမျာ နစ်နာတာပေါ့"

"အာ ... မမကြီးကလည်း ဘယ်ခေတ်မှာ နေနေတာလဲ၊ ဒီခေတ်ကြီးမှာ ရည်းစားနဲ့ ပြတ်တာလောက်ကတော့ အေးဆေးပဲ၊ ဘာမှမဖြစ်တော့ဘူး၊ သူလည်း ရည်းစားသစ် ရနေပြီ၊ ကျွန်တော်လည်း ရည်းစားသစ် ရနေပြီ"

"ဟယ် ... နင်တို့ကလည်း အပြောင်းအလဲ မြန်လိုက်တာ၊ အဲ့ဒီလောက်တောင် လွယ်ရသလားဟယ် ..."

မမကြီးရဲ့ ညည်းညည်းညူညူ အပြောကြောင့် သိကျူးက ပြုံးစိစိဖြစ်သွားသည်။ မမကြီးက သက်ပြင်းလေး တစ်ချက် ချလိုက်ရင်း ...

"ကဲ ... ကဲ ... ဒါဆိုလည်း အိမ်ခေါ်ခဲ့ ..."

"ဗျာ ..."

"နင့်ရည်းစားသစ်ကို အိမ်ခေါ်ခဲ့ဖို့ ပြောတာ"

"ဘာလုပ်မလို့လဲ မမကြီး ..."

"ကြည့်ရှု အကဲခတ်ရမှာပေါ့ဟဲ့"

"အာ ... မမကြီး ဝင်ပါရမယ့် အဆင့်ထိ မရောက်သေးဘူးလေ"

"ကိုယ့်မောင်ယူမယ့် မိန်းမဟာ ဘယ်လို မိန်းကလေးမျိုးလဲဆိုတာ အကဲခတ်ဖို့လိုတယ်လေ သိကျူးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ယူမယ်ပြောသေးလို့လဲ"

"မယူချင်ဘဲနဲ့ ဘာလို့ ကြိုက်ထားသေးလဲ"

"အား ... လုပ်ပြန်ပြီ၊ မမကြီး မေးခွန်းတွေကို ဘယ်လို ဖြေရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်တို့ခေတ်မှာ က ဒီလိုပဲ ရည်းစားထားကြည့်ပြီး ရွေးရသေးတယ်လေ၊ ဒီရည်းစားကို ယူပါ့မယ်လို့ ဘယ်လို အာမခံရမှာလဲ ...၊ အခြေအနေအရပေါ့ ...၊ မမကြီးက ကျွန်တော့်ထက် ငါးနှစ်လောက်ပဲကြီးပြီး ဘာလို့ နှစ်ငါးဆယ်လောက် ကြီးတဲ့ အဒေါ်ကြီးလို အတွေးအခေါ်တွေ ဝင်နေရတာလဲ"

"အချစ်ကိစ္စကို ဒီလို ပေါ့ပေါ့ပဲ မလုပ်စမ်းပါနဲ့ သီကျူး ရယ်၊ နင် ရည်းစားတွေ လျှောက်ထားနေတာကို ပြန်ပြန် သိတိုင်း မမကြီး စိတ်ဆင်းရဲရတယ်၊ ကိုယ် တကယ်ချစ် တဲ့ မိန်းကလေးမျိုးကိုတွေ့မှ သေချာ ချစ်ခွင့်ပန်ပြီး လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး တွဲကြပေါ့၊ မဟုတ်ဘူး လား၊ သောတကို အတုယူစမ်းပါဟယ်၊ သောတဆို ဘယ်လောက် အေးချမ်းလဲ ...၊ နင့်လို ရည်းစားမရှုပ် ဘူး"

"သူက အခြောက်မို့လို့ မရှုပ်တာ"





"ဟဲ့ ... သူများတကာကို သွားမပုတ်ခတ်နဲ့ ..."

မမကြီးက သီကျူးကို မာန်မဲပြီး သောတကို လှမ်း ကြည့်ကာ ...

"သောတ ... မမကြီး မင်းကို တစ်ခုမေးမယ်"

"ဟုတ်၊ မေးပါ မမကြီး ..."

"မင်း ခုထိ လုံးဝ ရည်းစားမထားရသေးဘူး မဟုတ် လား"

"ဟုတ်ကဲ့၊ မထားရသေးပါဘူး မမကြီး"

"ဘာလို့ မထားသေးတာလဲ"

"ကျွန်တော် အချစ်ကို မခံစားမိသေးလို့ပါ"

သောတ အဖြေကို သဘောကျသွားသော မမကြီး က ခေါင်းတစ်ချက်ဆတ်လိုက်ရင်း သီကျူးကို ကြည့်ကာ ...

"တွေ့လား ... သီကျူး၊ သောတကို အတုယူစမ်းပါ၊ သောတလို စိတ်ထားမျိုးနဲ့ နေစမ်းပါ၊ ပေါ့ပေါ့ပဲ ရည်းစားတွေ လျှောက်မထားစမ်းပါနဲ့၊ အချစ်ကို တကယ် ခံစားမိတဲ့ အချိန်ကို မစောင့်တော့ ရည်းစားများတယ် ဆိုတဲ့ နာမည်ပဲ အဖတ်တင်မှာပေါ့ ..."

"ကျွန်တော်က အချစ်ကို ခံစားမိလို့ ရည်းစားထားမိ ပြီးမှ အချစ်ကို မခံစားနိုင်တော့လို့ ပြတ်ပြတ်သွားတာပါ



www.burmeseclassic.com

www.burmeseclassic.com



မမကြီး၊ လုံးဝ မခံစားမိဘဲတော့ ရည်းစား မထားပါဘူး"

"ဆင်ခြေတွေပေးပြီး နင် ရှုပ်တာကို ကာဘာယူမနေစမ်းပါနဲ့ဟယ်၊ နင်နဲ့ ဖြူဉနဲ့က တကယ့်ကို ဂိုဏ်းတူ မောင်နှမတွေ၊ ဟော ... ပြောရင်း ဆိုရင်း မယ်မင်းကြီးမလေး ပြန်လာတော်မူပါပြီ၊ ဖြူဉရေ ... မမကြီးဆီ ခဏလာပါဦး"

အိမ်ထဲဝင်လာသော ဖြူဉက မမကြီး၊ သိကျူးနှင့် သောတကို အကဲခတ်သလိုကြည့်လိုက်ပြီးမှ မဲ့ပြုံးကလေးပြုံးကာ ပခုံးတစ်ချက်တွန့်လိုက်ရင်း ...

"ဒီလောက်ဆို အခြေအနေကို ဖြူဉ သဘောပေါက်သွားပြီ မမကြီး၊ မမကြီးက သောတမောင်ကို စံနမူနာတင်ပြီး သိကျူးကို ဆုံးမနေတာမဟုတ်လား၊ ဖြူဉကိုလည်း ရည်းစားတွေ လျှောက်မထားဖို့၊ တစ်ယောက်ဆို တစ်ယောက် ပီတောက်ဆို ပီတောက် အတည်တကျတွဲပြီး အချိန်တန်ရင် လက်ထပ်လိုက်ဖို့ ပြောမှာမဟုတ်လား၊ အချစ်ကိစ္စက မမကြီး ပြောသလောက် မလွယ်ဘူး မမကြီးရ၊ ဖြူဉနဲ့ မကြာခင်က ပြတ်သွားတဲ့ ရည်းစားဆို လုံးဝ အကျင့်မကောင်းဘူး၊ ဆေးလည်းချတယ်၊ အဲ့လိုလူကို ဖြူဉက





ပီတောက်မှ ပီတောက်ပဲ၊ ငါ့ရည်းစားမို့ ငါယူကို ယူရမှာပဲလို့ သွားပြီး သစ္စာခိုင်ခိုင်ထားနေရင် ဖြူဉပဲ ဒုက္ခရောက်မှာပေါ့ ...၊

"မမကြီးက နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်တော် တစ်ဆိတ်ဟိုင်းတဲ့အထိ အချစ်ဆိုတာ ဘာမှန်းမသိတဲ့သူ၊ ဖြူဉက အားလုံးသိပြီး ကိုယ့်အန္တရာယ် ကိုယ်ကြည့်ရှောင်တတ်တဲ့သူ၊ အဲ့ဒီတော့ မမကြီး ဖြူဉအတွက် ဘာမှပူမနေနဲ့တော့၊ သောတမောင်ကိုလည်း လူရိုးလေးဆိုပြီး သွားချီးကျူးမနေနဲ့၊ အဲ့ဒီကောင်က ခြောက်နေတာ"

"ဟဲ့ ... သူများတကာကို ပြောပြန်ပြီ"

"ပြောပါစေ မမကြီးရာ၊ ကိုယ် မခြောက်ရင် ပြီးတာပါပဲ၊ သူတို့မောင်နှမက သူတို့လိုမရှုပ်တဲ့သူဆို အခြောက်လို့ စွပ်စွဲနေကျပဲဟာ"

သိကျူးနဲ့ ဖြူဉက မမကြီးကို သိပ်မလေးစားကြ။ မမကြီးဟာ အိမ်တွင်းအောင်းသူမို့ သူတို့လောက် မသိ မတတ်ဟုသာ ယူဆထားကြပါသည်။

မမကြီးက ငယ်ငယ်လေးကတည်းက အကြီးပီသစွာ အိမ်ရဲ့အရေးကိစ္စတွေကို တာဝန်ယူတတ်သူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်တော့လည်း အဝေးသင် တက္ကသိုလ်ပဲတက်ကာ အိမ်မှုကိစ္စတွေ တစ်ဖက်နှင့် သိုးမွေးတက်တင်း ပဝါလေးတွေ ထိုးထိုးပြီး ဈေးမှာသွားသွင်းတတ်ပါသည်။ မမကြီး ငယ်ငယ်က မမကြီးတို့ အဖေကလည်း ရာထူးမကြီးသေး။ အမေ့ လခက လည်း များများစားစား မဟုတ်တာမို့ မမကြီးက တစ်ဖက်တစ် လမ်းက ဝင်ငွေရှာပေးခဲ့တာပင်။

သီကျူးတို့ မောင်နှမကသာ ထင်တိုင်းကျဲနေပေမယ့် သောတကတော့ မမကြီးကို အမြဲ ညှာတာသနားခဲ့တာပင်။

"မမကြီး ..."

သီကျူးနဲ့ ဖြူဥတို့ အပေါ်ထပ်သို့ တက်သွားကြပြီမို့ တစ်ယောက်တည်း ငြိမ်ထိုင်ကျန်ရစ်သော မမကြီးနားမှာ သောတက ဝင်ထိုင်လိုက်ရင်း ခပ်တိုးတိုး ခေါ်မိသည်။

"မမကြီး သိပ်စိတ်မပူပါနဲ့၊ ကျွန်တော်လည်း ရှိသားပဲ၊ သူတို့ကိစ္စတွေကို ကျွန်တော်လည်းသိနေတာပဲ၊ ကျွန်တော် ထိန်းပေးမှာပေါ့၊ တစ်ခုခုဆို မမကြီးကို ကျွန်တော်ပြောမှာပေါ့"

သောတက ဖျောင်းဖျောင်းဖျဖျလေးပြောတော့ မမကြီးက သောတကို အားကိုးသလိုလေး ကြည့်ရင်း ...

"အေး ... အေးပါဟယ်၊ သောတ ရှိပေလို့သာ မမကြီး လည်း စိတ်တစ်ဝက် အေးရတာ ..."





"မမကြီး ..."

"ဟေ ..."

"ဒီမှာထိုင်ပြီး စိတ်ညစ်စရာတွေ တွေးမနေနဲ့တော့ဗျာ၊ ကျွန်တော့်ကို လက်ဖက်သုပ်ကျွေး ..."

"သြော် ... အေး ... ဟုတ်သားပဲ၊ ထမင်းစားပြီးတိုင်း မင်းက လက်ဖက်သုပ် စားရမှ၊ ခဏစောင့် ... မမကြီး သုပ်လာခဲ့မယ်"

"မမကြီး ချဉ်ငန်စပ်၊ ပုစွန်ခြောက်များများနော် ..."

"အေးပါဟဲ့၊ မင်းအကြိုက်ကို မမကြီး သိပါတယ်"

မမကြီးက မီးဖိုချောင်ထဲဝင်သွားတော့ သောတ တစ်ယောက်တည်း ဧည့်ခန်းထဲမှာ ထိုင်ကျန်ခဲ့သည်။ ခဏကြာမှ မမကြီးကို ကူဖို့ စိတ်ကူးရကာ မီးဖိုချောင်ထဲသို့ လိုက်ဝင်လာခဲ့သည်။

"မမကြီး ... ကျွန်တော် ဘာကူလုပ်ပေးရဦးမလဲ"

"နေ ... နေ ... ရတယ် မောင်လေး၊ မမကြီးဘာသာ လုပ်ပါ့မယ်၊ ဒီမှာ ဂေါ်ဖီလေး ပါးပါးလှီးနေတာ၊ ပြီးရင် ကြက်သွန်ဖြူ နွှာဖို့ပဲ ကျန်တော့တာ ..."

"ကျွန်တော် ကြက်သွန်ဖြူ နွှာပေးမယ်"

"မလုပ်ပါနဲ့ သောတရယ်၊ တော်ကြာ ဟိုကောင် သီကျူး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်က ဆင်းလာလို့ မင်း မီးဖိုချောင်ကိစ္စတွေ လုပ်နေတာမြင်သွားရင် အခြောက်လို့ စွပ်စွဲခံနေရပါဦးမယ်"

"စွပ်စွဲပါစေ မမကြီးရာ၊ ဂရုမစိုက်ပါဘူး၊ မီးဖိုချောင်ကိစ္စလုပ်တိုင်းသာ အခြောက်ဖြစ်ရရင် ကမ္ဘာပေါ်က ရှိရှိသမျှယောကျ်ား စားဖိုမှူးတွေအကုန်လုံး အခြောက်ဖြစ်ကုန်တော့မှာပေါ့၊ မမကြီး ဒီအမွှာသေးလေးတွေ နွာလိုက်မယ်နော်"

"အဲ့ဒါ မနွာနဲ့၊ ဟိုဘက်ခြင်းထဲက ဥတစ်လုံး ကြက်သွန်လေးတွေပဲ နွာလိုက်၊ မင်းကြိုက်တတ်မှန်းသိလို့ လက်ဖက်ထဲ ထည့်စားဖို့ သပ်သပ်ဝယ်ထားတာ၊ ဟင်းချက်တဲ့အထဲ ထည့်တာက ဟိုအမွှာကြီးတွေပဲ ထည့်တာ၊ ဟဲ့ လက်ကို ဓားထိဦးမယ်နော်၊ ဂရုစိုက်ဦး၊ ဟိုတစ်ခါ ဂျင်းသုပ် သုပ်စားတုန်းက မင်း ကြက်သွန်နီဝင်လှီးပေးတုန်း လက်ဓားထိသွားတာ မှတ်မိတယ်မဟုတ်လား"

"မှတ်မိတာပေါ့ မမကြီးရဲ့ အရမ်းနာပြီး သွေးတွေအများကြီး ထွက်လာတာလေ၊ မမကြီးပဲ အရက်ပြန်နဲ့ သေချာဆေးပေး၊ ဆေးထည့်ပေး၊ ပလာစတာကပ်ပေးလုပ်လို့သာ အနာက မရင်းဘဲ မြန်မြန်ကျက်သွားတာ ..."





"အေးဟယ် ... အဲ့ဒီတုန်းကများ မမကြီး ရင်ထိတ်လိုက်တာ"

"မမကြီး ရင်ထိတ်တာတော့ ပြောမနေပါနဲ့တော့၊ ဓားထိခံရတဲ့ ကျွန်တော်က မျက်ရည်မကျရဘူး၊ မမကြီးပဲ မျက်ရည်လေး ဝဲတဲဝဲတဲနဲ့ ကတုန်ကယင်ဖြစ်နေတာ"

"ဟုတ်ပါ့ ... မင်းထိတာကို ငါက ဘာလို့ ငိုချင်သွားမှန်းကို မသိတော့ဘူး"

သောတနဲ့ မမကြီးက ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ပြန်ပြန်ပြောကြရင်း လက်ဖက်သုပ်ထဲ ထည့်မည့် ကြက်သွန်ဖြူ၊ ဂေါ်ဖီတွေကို အတူလှီးချွတ်နေကြပါသည်။ မမကြီးနှင့်အတူ ခုလို စကားတပြောပြော အလုပ်လုပ်ရတိုင်း သောတ ရင်ထဲမှာ နွေးထွေးကြည်နူးရသည်။ ပျော်လည်း ပျော်ရွှင်ရပါသည်။ မမကြီး ဘာလေးပဲလုပ်လုပ် သောတက အပြေးသွားကာ ကူညီလိုက်ချင်တာပင်။

သောတ မျက်စိရှေ့မှာ မမကြီး အလုပ်လုပ်နေတာသာတွေ့၊ ဘာအလုပ်မဆို သောတက မကူညီဘဲမနေ။ ခြံထဲမှာ မမကြီး ပန်းအိုးတွေ ရွှေ့နေတာမြင်လျှင် သောတက အပြေးသွားကူရွှေ့ပြီးသား ...။ မမကြီး ပန်းပင်ရေလောင်းနေတာမြင်လျှင် ပြေးကူလောင်းပြီးသား ...။ ဈေးခြင်းတောင်းလေးဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ဈေးက ပြန်လာတာမြင်လျှင် ဈေးခြင်းကူဆွဲပေးပြီးသား ...။ အကောင်းမြင်တတ်သော မမကြီးက 'သောတက သိပ်သိတတ်တာပဲ' ဟု ချီးကျူးသလောက် အကောင်းမမြင်တတ်သော သိကျူးတို့ မောင်နှမက 'ဟင်းကောင်းစားချင်လို့ လိုက်ဖားနေတာ' ဟု ကဲ့ရဲ့တတ်သည်။ သိပ် အခြောက်ပီသတာပဲဟု စွပ်စွဲတတ်သည်။

သူတို့ သောတကို စွပ်စွဲကာမှ စွပ်စွဲရော၊ သောတပုံစံက ဘယ်နေရာကမှ အခြောက်ပုံပေါက်မနေပါ။ သောတအရပ်က ၅ ပေ ၉ လက်မ ရှိသည်။ ခန္ဓာကိုယ်ကလည်း လုံးဝပိန်ညှော်ချိနဲ့မနေ၊ သူ့ဗလနဲ့သူ အချိုးကျပြီးသား။ သောတရဲ့ လှုပ်ရှားသွားလာပုံကလည်း မားမားမတ်မတ် ကျားကျားလျားလျားပင်။ သောတရဲ့ မျက်နှာက နှုတ်ခမ်းမွေး တစ်စမရှိရလေအောင် ရိတ်သင်ထားရင်သာ ငယ်နုပုံပေါ်ပေမယ့် နှုတ်ခမ်းမွေးဟိုတစ်စ ဒီတစ်စ ထွက်လာပြီဆို မမကြီးထက်တောင် အသက်ပိုကြီးတယ်လို့ ထင်ရတာ ...။

မမကြီးက သောတထက် ငါးနှစ်ကြီးပေမယ့် ကြီးတယ်လို့ကို မထင်ရ ...။ စိတ်ကလေးကသာ အကြီးပီသပေမယ့် မမကြီးရဲ့ ပြောပုံ ဆိုပုံ ဟန်ပွန်ကလေးတွေက နုနုနယ်နယ်ကလေး၊ တစ်ခါတလေ ကလေးတောင် ဆန်သွားသေး၊ အသံလေးကလည်း ချိုချိုအေးအေး အသံလုံးသေးသေး။





မမကြီးက လှသော်လည်း အလှမပြင်တတ်ရှာပါ။ မမကြီး ဝတ်တတ်တဲ့ ပါတိတ်လုံချည်တွေက မမကြီးကို ရင့်ရော်စေသည်။ ရှေ့ဆံပင်တွေကို နဖူးလေးပြောင်နေအောင် အပြောင်သိမ်း၍ နောက်ဘက်မှာ သိုးမွေးကွင်းကလေးဖြင့် စုစည်းထားတတ်သော မမကြီးရဲ့ အပြင်အဆင်က လူကြီးဆန်သည်။ သို့သော် အဲ့ဒီလောက် လူကြီးဆန်အောင် ပြင်ဆင်ထားတဲ့ကြားကကို မမကြီးပုံစံလေးက နုနုနယ်နယ် ဖြစ်နေရတာဟာ ဘယ်ဘဝက ကုသိုလ်ကြောင့်လည်း မသိနိုင်ပါ။

ပြောင်နေတဲ့ နဖူးလေးပေါ်မှာ ဆံစနုနုလေးတွေ ဖြာဆင်းနေပုံက ယဉ်စစနှင့် ဘယ်လိုလေးမှန်းကိုမသိ။ ဒီလောက် ရင့်အောင်နေတဲ့ကြားက ဒီလောက်နုနေတဲ့ မမကြီးရဲ့ ရှေးကုသိုလ်ဟာ ထူးလည်းထူးပါပေ့ဟု ဆိုရမှာပင်။ အရင်ဘဝက ဝန်းတွေ များများလှူခဲ့လို့များ ဒီဘဝမှာ အဆင်းရူပကာ လှပဆလသလား မသိပါ။

သောတက မမကြီးကို ချစ်ခင်လေးစားပေမယ့် မကြီးဟာ ကိုယ့်ထက်ကြီးရင့်သူဟု သိပ်ခံစားလို့မရပါ။ မမကြီးနှင့် တရင်းတနှီး စကားပြောဖြစ်တိုင်း ကိုယ်နဲ့ရွယ်တူလို့သာ ဆင်မြင်လာရတတ်တာပင်။

သောတမှာက အဖေရော အမေပါ မရှိသူမို့ မမကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နွေးထွေး ဂရုစိုက်မှုတွေကို မက်မောခုံမင်လှပါသည်။ တစ်ခါတလေ သီကျူးရဲ့ ဒုက္ခတွေကို ခံရလွန်းလို့ စိတ်ပျက်ချင်ပေမယ့် မမကြီး တစ်မျက်နှာကို ငဲ့ကာ သီကျူးနဲ့ ဖြူဥတို့ ပေးလာသမျှ ဒုက္ခတွေကို ခံယူဖို့ အင်အားတွေ ရှိခဲ့ရတာပင်။ ငယ်ကတည်းက စွဲမြဲခဲ့တဲ့ သံယောဇဉ်မို့ ခိုင်မာအားကောင်းတာပဲ ထင်ပါရဲ့။

သောတက ကြက်သွန်ဖြူဥလေးတွေကို အခွံနွာနေရင်းက ခရမ်းချဉ်သီး ပါးပါးလှီးနေတဲ့ မမကြီးရဲ့ လက်ကို လှမ်းကြည့်မိသည်။ အံမယ်... မမကြီးရဲ့ လက်ဖြူဖြူလေးတွေနဲ့ ခရမ်းချဉ်သီး နီနီလေးက တော်တော်လေး လိုက်ဖက်နေပါလား။ ခရမ်းချဉ်သီးရဲ့ အနီရောင်ကြောင့် မမကြီး လက်က ပိုဖြူလာတယ် ထင်ရသည်။

မမကြီးက အင်မတန် လက်လှသူပင်...။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်မှုကိစ္စတွေ လုပ်ခဲ့ပေမယ့် မမကြီး၏ လက်တွေက အဆစ်လည်း ကြီးမလာ၊ တုတ်ခိုင်လာတာမျိုးလည်း မဖြစ်...။ အမှတ်တမဲ့ ပစ္စည်းအငှားအယူမှာ မမကြီးရဲ့ လက်နဲ့ ထိမိတဲ့အခါ နူးညံ့တာကိုလည်း သတိထားမိခဲ့ဖူးပါသည်။

မမကြီးက အဲဒီ လက်လှလှလေးတွေနဲ့ သောတစားဖို့ မကြာခဏ ငါးအရိုးနွှင်ပေးခဲ့ဖူးပါသည်။

ငယ်ငယ်လေးကတည်းက သောတက ငါးဟင်း





စားတိုင်း အမြဲ အရိုးစူးတတ်သည်။ ငါးအရိုးက ရေသောက်ချလည်း မကျ၊ ထမင်းဆုပ် မျိုချလည်း မကျ၊ ငှက်ပျောသီး မျိုချလည်း မကျဘဲ လည်ချောင်းဝမှာ တစ်ဆို့စူးမျက်နေလျှင် တော်တော် နေမထိထိုင်မသာဖြစ်ရသည်။ တံတွေးမျိုချတာ၊ ရေသောက်ချတာမျိုးလုပ်ရင်တောင် လည်ချောင်းဝမှာ စူးစူးသွားတတ်တာမို့ ထိုအရိုးမကျမချင်း စိတ်ဆင်းရဲနေရသည်။

သောတ အရိုးစူးတတ်မှန်းသိတော့ မမကြီးက သောတကို ငါးဟင်းနှင့် ထမင်းခေါ်ကျွေးတိုင်း အရိုးနွှင်နွှင်ကျွေးခဲ့တာပင်...။

သောတက လက်ဖက်နယ်နေသော မမကြီးကို လှမ်းကြည့်ရင်း...

"မမကြီး... ကျွန်တော် ထမင်းစားတာ သိပ်မဝဘူး"

"ဘာဖြစ်လို့ မဝတာလဲ၊ ထမင်းမလောက်လို့လား။ မမကြီး ချက်ထားတာ အများကြီးပါ"

"ထမင်းက လောက်ပါတယ်၊ မမကြီး ချက်ထားတဲ့ ဟင်းက ငါးဟင်းဆိုတော့ အရိုးစူးမှာကြောက်တာနဲ့ သိပ်များများ မစားရဲတာ"

"အေးဟယ်... ဟုတ်သားပဲ၊ မမကြီးလည်း ဟိုကောင် သီကျူးကို စိတ်တိုနေတာနဲ့ အရိုးနွှင်ပေးဖို့ မေ့သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကလည်း ခုထိအောင် အရိုးက စူးတတ်တုန်းလား၊ ငါးခူက ဘယ်မှာ ဒီလောက်အရိုးများလို့လဲဟယ်”

“မမကြီးက ငါးခူကို အတုံးအတစ်လေးတွေ တုံးတစ်ပြီး ချက်ထားတော့ သားနားအရိုးလေးတွေ ပဲ့ကြွေပြီး စူးတာပေါ့၊ နှစ်ပိုင်းလောက်ပဲ ပိုင်းပြီး ကြော်လိုက်ရင် ပြီးရော”

“မင်းပဲ ဟိုတလောကပြောတော့ဖြင့် ငါးခူးကုလားဟင်းစပ်စပ်လေး စားချင်တယ်ဆို ...၊ မန်ကျည်းရည်လေး ထည့်ပြီး မဆလာလေးပါ အုပ်ပေးပါဆို ...”

“အဲ့ဒါက ဟင်းရည်ဆမ်းစားချင်လို့ ပြောတာ၊ ငါးချည်းပဲဆို ချက်တာထက် ကြော်တာကို ပိုကြိုက်တာ”

“ကဲ ... အဲ့ဒါဆိုလည်း နောက်တစ်ခါကျ ကုလားဟင်းလည်း ချက်ပေးမယ်၊ ကြော်လည်း ကြော်ပေးမယ်၊ ကုလားဟင်းအရည်ကို ဆမ်းပြီး ငါးကြော်တုံးနဲ့ စားပေါ့”

“နှစ်မျိုးချက်ရင် မမကြီး ပင်ပန်းမှာပေါ့၊ ကုလားဟင်းချက်ပေးပြီး အရိုးနွှင်ပေးရင်လည်း ပြီးတဲ့ဥစ္စာ ...”

“သြော် ... လက်စသတ်တော့ မမကြီးကို အရိုးနွှင်ခိုင်းချင်လို့ ဒီလောက် စကားတွေများနေတာကိုး၊ ကဲ ... လာ လာ ... မဝသေးရင် နောက်တစ်ခေါက် ထပ်စား၊ မမကြီး အရိုးနွှင်ပေးမယ်”





မမကြီးက ထမင်းပူပူလေး တစ်ပန်းကန် ခူးပေးပြီး ထမင်းပူပူထဲကို ငါးအသားတွေ နွှင်ထည့်ပေးပြီး ဟင်းရည်ရွှဲရွဲလေးဆမ်းကာ ဖွန်းတပ်ပေးလိုက်သည်။ သောတက စားချင်စဖွယ် မွှေးပျံ့နေသော ထမင်းပန်းကန်ကို မကာ တစ်ချက် အနံ့ရှူလိုက်ပြီးမှ ညှော်ခန်းထဲသို့ ယူလာသည်။ မမကြီးက လက်ဖက်ပန်းကန်လေး ယူပြီး သောတရှေ့မှာ ချပေးသည်။

မမကြီး အရိုးနွှင်ကျွေးတဲ့ ထမင်းနပ်တိုင်းကို သောတက တမက်တမော ရှိခဲ့ရပါသည်။ သောတ အိမ်မှာဆို အဘိုးက ထမင်းစားချိန်မမှန်တာမို့ သောတနဲ့ အဘိုးတို့ ထမင်းအတူစားရသော နေ့ရက်တွေ မများလှပါ။ အတူစားဖြစ်သော နေ့တွေမှာလည်း အဘိုးက ထမင်းစားရင်း စကားပြောတာကို မကြိုက်သူမို့ ထမင်းဝိုင်းက အမြဲ အေးစက်တိတ်ဆိတ်နေတတ်တာပင်။ မမကြီးအိမ်မှာဆိုရင်တော့ ထမင်းတစ်လုတ်၊ စကားတစ်ခွန်းလို့တောင် ပြောရမလား မသိ။ ပြီးတော့ သောတကြိုက်တဲ့ ဟင်းကို သတိတရ တကူးတက ချက်ပြုတ်ကျွေးတတ်တာ၊ သောတ ထမင်းစားမည်ဆိုတိုင်း ဖွယ်ဖွယ်ရာရာလေး ပြင်ဆင်ကျွေးတတ်တာတွေကြောင့် မမကြီး ကျွေးသော ထမင်းအနပ်တိုင်းက သောတကို ကြည်နူးနွေးထွေးစေခဲ့တာ ဖြစ်ပါသည်။

မမကြီး ခများမှာလည်း သီကျူးတို့ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘယ်လောက်ပဲ စိတ်ညစ်ရ စိတ်ညစ်ရ သောတမောင်စားဖို့ ပြင်ဆင်ပေးနေချိန်ကလေးမှာတော့ မျက်နှာကလေးက ကြည်လင်အေးမြနေခဲ့တာပင်။

○ ○ ○



✦ ✦ ✦

သောတမောင်သည် ရှေးဟောင်းနှောင်းဖြစ်ကလေးကို ပြန်တွေးနေရင်းက ကိုယ့်ရှေ့က ငါးပြေမ ဆီပြန်ဟင်းခွက်ကို စိုက်ကြည့်နေမိပါသည်။

ငါးပြေမကို ကြိုက်ပေမယ့် စားရမှာတော့ ခပ်ကြောက်ကြောက်ပင်။ သောတမောင် ခပ်ငယ်ငယ်က ငါးပြေမအရိုး နှစ်ခါတောင် စူးဖူးတာမို့ပင်။ သေးဘက်ဆူးတောင်ရိုးစူးတာက တစ်ခါ၊ ငါးခေါင်းအောက်ခြေဘက်က အရိုးတစ်ချောင်း စူးနင်နေတာက တစ်ခါ ...။

ခုနေ ... မမကြီး အရိုးထွင်ကျွေးရင် ကောင်းမှာပဲဟု စဉ်းစားရင်း မမကြီးမျက်နှာကို တစ်ချက် လှမ်းကြည့်မိတော့ မမကြီးရဲ့ ပူပင်သောကအရိပ်တွေ ယှက်သန်းနေသောမျက်နှာလေးကို သနားစဖွယ် မြင်တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို သိကျူးကို ရှာတွေ့ဖို့ကိစ္စက အသည်းအသန် အရေးကြီးနေချိန်မှာ ငါးပြေမကတမှောင့် မဖြစ်စေလိုတာမို့ သောတမောင်က မမကြီးကို ပူဆာမနေတော့ဘဲ ကိုယ့်ဘာသာ အရိုးထွင်စားဖို့ ငါးပြေမကို ဇွန်းခက်ရင်းဖြင့် ထိုးဖြတ်နှစ်ပိုင်း ပိုင်းကာ ခေါင်းပိုင်းကို ကိုယ့်ပန်းကန်ထဲသို့ ဆယ်ထည့်လိုက်ပါသည်။

သောတမောင်က ငါးပြေမကို သေချာ အရိုးထွင်၍ စားရင်း မမကြီးကိုလည်း ကွက်ကြည့် ကွက်ကြည့် အကဲခတ်နေရသည်။ မမကြီးကတော့ ငါးပြေမဆီမှာ စိတ်မရောက်၊ သောတဆီကိုလည်း စိတ်မရောက်နိုင်ဘဲ ငါးရံ့အူလေး တစ်ဖတ်၊ ငါးဖယ်ဟင်းလေး တစ်ပြားနှင့် စိတ်မပါ လက်မပါ စားနေသည်။ စားရင်းက နာရီကြည့်လိုက်၊ ဖုန်းကိုကြည့်လိုက် ...။

မမကြီးစိတ်တွေ ပူပင်ယောက်ယက်ခတ်နေမှန်း သိတာမို့ သောတလည်း ထမင်းသာစားနေရတယ် အရသာရယ်လို့ သိပ်မတွေ့တော့ဘဲ မမကြီးရဲ့ မျက်နှာရိပ် မျက်နှာကဲကို အကဲတခတ်ခတ်နှင့် ထမင်းတစ်လုတ်ခပ်စားပြီး အမှုမဲ့အမှတ်မဲ့ ဝါးမျိုမိစဉ်မှာ ...

"အာ ... ခစ် ... ခတ် ... ခတ် ... စူး ..."

"ဟင် ... သောတ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ"





သောတမောင်ထံမှ အာခေါင်ကိုခြစ်သံ ခစ်ခစ်ခတ် ခတ်တွေ ထွက်လာတာမို့ မမကြီးက ပျာပျာသလဲ မေးလာပါသည်။

"အား ... ခီး ... ခူး ... ခပ် ... ခပ် ... အရိုး ... အရိုး တစ်နေပြီ၊ စူးနေပြီ"

"ဟယ် ... ဟုတ်သားပဲ၊ မင်း ငါးပြေမအရိုး စူးတတ်တာ မမကြီး မေ့သွားတယ်ဟယ်၊ မမကြီးလိုတာ ... မမကြီး မေ့တာ၊ ငါးပြေမဟင်း မှာပေးကတည်းက အရိုးထွင် ပေးဖို့ သတိရရမှာ ..."

မနောသည် လည်မျိုမှာ အရိုးနင်ကာ အာခေါင် ခြစ်၍ ထုတ်လျက် မျက်ရည်တွေဘာတွေတောင် ဝဲလာသော သောတမောင်ကိုကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ မဆုံးနိုင်အောင် ဖြစ်သွားရပါသည်။

တကယ်ဆို ငါးပြေမဟင်း မှာလိုက်ကတည်းက အရိုးနွှင်ပေးရမယ်ဆိုတာကိုပါ တစ်ပါတည်း သတိရသင့်တာ။ သိကျူးအတွက် စိတ်တွေ ထွေပြားရလွန်းတာမို့သာ မနော ဝတ္တရားပျက်ကွက်ခဲ့တာ ...။ သောတ အရိုးစူးသွားတဲ့ တစ်ခါ ကတည်းကစလို့ နောက်ဆို မနောအိမ်မှာ ထမင်းလာစားတိုင်း အရိုးထွင်ကျွေးဖို့ ဆုံးဖြတ်ခဲ့တာ။ သောတက အရိုးစူးပြီဆို အရမ်းသနားဖို့ကောင်းတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ...၊ ခူး ... ခစ် ... ခစ် ... ဘယ် ... ဘယ်လို လုပ်ရမလဲ၊ အရိုးကို အပြင်ပြန်ထွက်လာအောင် လုပ်ရမလား၊ ဗိုက်ထဲကျသွားအောင် လုပ်ရမလား"

"အခု လည်ချောင်းထဲမှာ ဘယ်လိုအနေအထားရှိလဲ"

"ကန့်လန့်တင်နေလား မသိဘူး၊ စူးနေတာပဲ ..."

"အရင်ဆုံး အပြင်ထွက်သွားအောင် ကြိုးစား၊ မရတဲ့ အဆုံးကျမှ အစာထပ်မျိုပြီး ဗိုက်ထဲကျသွားအောင် လုပ်ရမှာပေါ့၊ လာ ... လာ ... ဟိုဘက်ကို သွားရအောင်"

မနောက သောတကို ဆိုင်နောက်ဘက်သို့ ခေါ်သွားသည်။ သောတမှာ ဆိုင်နောက်ဘေးမှ ဆောင့်ကြောင့်လေး ထိုင်ကာ ချွဲဟပ်သလို အာခေါင်ခြစ်၍ အရိုးကိုဟပ်ထုတ်ရင်း ချွေးတွေလည်းကျ၊ မျက်ရည်တွေ နှာရည်တွေပါကျကာ မချိမဆံ့ ဖြစ်လာသည်။

မနောသည်လည်း သောတဘေးမှာ ဆောင့်ကြောင့်လေး ဝင်ထိုင်ရင်း သောတဖြစ်နေပုံကိုကြည့်ကာ ဝမ်းပမ်းတနည်းကြီး ဖြစ်လာသည်။ မနောက ဘယ်လို ဖေးမရမှန်းမသိတာမို့ သူ့ကျောကုန်းကို တစ်ချက် နှစ်ချက် ဖိဖိချပေးနေရသည်။

"အာ ... မရဘူး၊ မကျဘူး မမကြီး၊ လည်ချောင်းထဲမှာ စူးနေတုန်းပဲ"





"ဒါဆို ... ထမင်းဆုပ်ကလေး မျိုချပြီး ရေများများ သောက်ချရမယ်၊ ထ ... ထ ... အရှေ့ကို သွားရအောင်"

မနောနှင့် သောတက ဆိုင်နောက်ဘက်မှ ပြန်ထွက်လာသည်။ ထမင်းဆိုင်က လူတချို့က 'သဲရန်ကော' ဟူသော အကြည့်ဖြင့် လှမ်းကြည့်ကြသည်။

ဆိုင်ရှင် အဒေါ်ကြီးက ပျာယာခတ် သဲသဲလှုပ်နေသော မနောနှင့် သောတမောင်ကို လှမ်းကြည့်ရင်း ...

"ဘာများဖြစ်လို့လဲကွယ် ..."

"အရိုးစူးလို့ပါ အဒေါ်"

မနောအဖြေကြောင့် အဒေါ်ကြီးက ပြုံးလိုက်ရင်း

"အရိုးစူးတာများကွယ်၊ မသိချင်ယောင်ဆောင်ပြီး စားစရာရှိတာ ဆက်စားလိုက်ရင် သူ့အလိုလို ကျသွားမှာပေါ့ ..."

မနောက ဘာမှပြန်ပြောမနေတော့ဘဲ လက်သွားဆေးလိုက်သည်။ ပြီးမှ ထမင်းစားပွဲမှာ ပြန်လာထိုင်ကာ ထမင်းဖြူတွေကို အလုံးကြီးကြီးလေးရအောင် ဆုပ်ကာ ဆုပ်ကာ သုံးလိုက်ပြီး ...

"ရော့ ... သောတ၊ ဒါလေး နှစ်လုံး သုံးလုံး မျိုချပြီးရင် ရေသောက်ချလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

သောတက မနော‌ပြောသမျှ နာခံကာ ထမင်းဆုပ်တွေ မျိုချပြီး ရေများများသောက်ချသည်။

"ကဲ ... ရှူးသေးလား၊ တံတွေးမျိုချကြည့်ပါဦး"

သောတက မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် နှစ်ခါ သုံးခါ ဆက်တိုက် တံတွေးမျိုချကြည့်ပြီးမှ မျက်နှာဝင်းပလာကာ ...

"မရှူးတော့ဘူး မမကြီး၊ အရိုးက ကျသွားပြီ"

"အမလေး ... တော်ပါသေးရဲ့ဟယ်"

မနောက ရင်ဘတ်ကလေးဖိကာ ပြောမိသည်။ နောက်မို့ဆို သောတခမျာ သုံးလေးရက် အရိုးနင်ပြီး ရေသောက်ချလည်း ရှူး၊ တံတွေးမျိုချလည်းရှူး၊ အစာစားလည်း ရှူးရှူးနေတော့မှာ ...။

"ရော့ ... ရော့ ... ချွေးတွေသုတ်ပစ်လိုက်ဦး"

မနောက ပိုက်ဆံအိတ်ထဲက တစ်ရှူးထုပ်လေးကို ဆွဲယူဖောက်ပြီး သောတထံ ကမ်းပေးလိုက်တော့ သောတက ကျေးဇူးတင်ပြုံးကလေးနှင့် လှမ်းယူကာ နဖူးပေါ်မှာ သီးနေသည့် ချွေးတွေကို သုတ်ပစ်လိုက်သည်။ သောတ မျက်နှာ ကြည်လင်လာတော့မှ မနောလည်း စိတ်အေးသွားကာ ...





"ကဲ ... ထမင်းက မဝသေးဘူး မဟုတ်လား၊ ဆက်စားလိုက်နော်၊ ကျန်တဲ့ ငါးကို မမကြီး သေချာအရိုးထွင်ပေးမယ်"

မနောက လက်လည်းဆေးလာပြီးသားမို့ ကျန်တဲ့ ငါးတစ်ပိုင်းကို သေချာလေး အရိုးစင်စင်ထွင်ကာ သောတဝန်းကန်ထဲသို့ ထည့်ပေးနေဆဲ မိသားစုလိုက် ထမင်းစားနေကြသည့် တစ်ဖက် စားပွဲဝိုင်းမှ ကလေးတစ်ယောက်က သောတကို လက်ညှိုးထိုးကာ ...

"မေမေ ... မေမေ ... ဟိုမှာ ကြည့်စမ်း၊ ဟိုအစ်ကိုကြီးလည်း သားလိုပဲ၊ အရိုးထွင်ပေးမှ စားတတ်တယ်"

ဟု ပြောလိုက်တာမို့ သောတက ရှက်စနိုးပြုံးပြီး မနောက ရှက်စနိုးပြုံးနေသည့် သောတကို ကြည့်ကာ ချစ်စနိုးပြုံးလိုက်သည်။

သောတ အေးအေးလူလူ ထမင်းဆက်စားနေတော့ မနောက အိမ်ကို ဖုန်းပြန်ဆက်ကြည့်ဖို့ သတိရလာကာ ...

"သောတ ... မမကြီး အိမ်ကို ဖုန်းခေါ်ကြည့်ဦးမယ်"

"ခေါ်လေ ... မမကြီး"

မနောက သောတမောင် လှမ်းပေးသော ဖုန်းကို လှမ်းယူပြီး အိမ်ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ..."

"မိနီ ... မမကြီးပါ၊ အခြေအနေ ဘာထူးသေးလဲ"

"အမလေး ... ထူးတယ် မမကြီးရေ ... ထူးတယ်"

"ဟယ် ... ဘာထူးတာလဲ၊ သိကျူး ဖုန်းဆက်လို့လား"

"ကိုသိကျူးလည်း မဆက်ဘူး၊ မမဖြူဥလည်း မဆက်ဘူး၊ ချောကလျာ အစ်ကိုတွေ လာလာမေးတာတော့ နှစ်ခါတောင် ရှိပြီ"

"ဟင် ... ဟုတ်လား၊ ခြံထဲကို ဝင်လာသေးလား"

"ခြံထဲတော့ မဝင်ဘူး၊ ခြံဝကနေ မိနီကို လှမ်းအော်ခေါ်လို့ မိနီလည်း ကြောက်ကြောက်နဲ့ ထွက်တွေ့ရတာ၊ ချောကလျာရဲ့ အစ်ကိုတွေက ပြောသွားတယ်၊ ဒီညမကူးခင် သူ့ညီမကို အိမ်ပြန်ပို့မပေးရင် သူတို့ကို အဆိုးမဆိုနဲ့တဲ့ ..."

"ဒုက္ခပါပဲဟယ် ... သိကျူးနဲ့လည်း ခုထိအဆက်အသွယ် မရသေးဘူး"

"မမကြီး ..."

"ဟေ ... ပြော၊ ဘာလဲ ..."

"ချောကလျာကို ပြန်မပို့နိုင်ရင် သူတို့ဘာလုပ်မှာလဲ မသိဘူး"





"မမကြီးလည်း ဘယ်သိပါ့မလဲဟယ်"

"အိမ်ကို မီးပိတ်ရှို့ရင် မိနီတစ်ယောက်တည်း ဒုက္ခပါပဲ မမကြီးရယ်၊ မြန်မြန်ပြန်လာခဲ့နော်"

"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာဘဲ၊ ဒီလောက်ထိတော့ မလုပ်ရဲပါဘူး"

"ဒါဆို အိမ်ခေါင်မိုးပေါ်ကို ခဲလုံးတွေနဲ့ ပစ်ရင်ရော ..."

"အဲ့ဒီလောက်လုပ်ရင်လည်း အရပ်က ကြည့်မနေပါဘူး၊ မလုပ်လောက်ပါဘူး"

"ခြံတံခါးကို ချိုးဖျက်ပြီး ခြံထဲဇွတ်ဝင်၊ ပြီးတော့ အိမ်တံခါးကို ဖျက်ဆီးပြီး အိမ်ထဲဝင်လာပြီး မိနီကို လည်ပင်းညှစ်ပြီး ..."

"ဟဲ့ ... ပေါက်ကရတွေ လျှောက်တွေးမနေနဲ့၊ စိတ်ရှုပ်ရတဲ့အထဲ နင်ကတစ်မျိုး၊ အားအားရှိ အက်ရှင်ကားတွေ ကြည့်ပြီး အတွေးခေါင်မနေစမ်းနဲ့ ..."

"ကြောက်လို့ပါ မမကြီးရယ်၊ မြန်မြန်ပြန်လာနော်"

"အေးပါဟယ် ...၊ ခဏနေ ဖြူဥလည်း ပြန်လာမှာပါ၊ အားတင်းထားစမ်းပါ"

"ဟာ ... မီးပျက်သွားပြီ၊ အမလေး မိနီ လူလည်းကြောက်တယ်၊ တစ္ဆေလည်းကြောက်တယ်၊ သမ္မုဒ္ဒေ ... သမ္မုဒ္ဒေ၊



www.burmeseclassic.com

www.burmeseclassic.com



မမကြီး တစ္ဆေမလာအောင် သမ္မုဒ္ဒေရှုတ်ရတယ် မဟုတ်လား၊ သမ္မုဒ္ဒေ … ပြီးတော့ ဘာလဲ၊ မိနီ မေ့နေလို့”

“သမ္မုဒ္ဒေတစ်လုံးပဲ ရှုတ်လည်း ရတယ်၊ အဲ့ဒါပဲ ရှုတ်နေ”

“မိနီကြောက်တယ်၊ ကြောက်တယ်၊ မှောင်ထဲမှာ မိနီတစ်ယောက်တည်းရယ် …”

“ဟဲ့ … အဲ့ဒီလို အော်နေမယ့်အစား အားသွင်းထားတဲ့ မီးချောင်းကို ဖွင့်လိုက်ပါလား၊ စိတ်ရှုပ်လိုက်တာဟယ်၊ တကယ်ပါပဲ …၊ ဖုန်းချလိုက်တော့မယ်”

“ဟာ … နေဦး … နေဦး … မမကြီး၊ ပြောစရာရှိသေးတယ်”

“ဘာလဲ … မြန်မြန်ပြော”

“ ခုန … ခုန … ဦးဦးနဲ့ အန်တီ ဖုန်းဆက်တယ်”

“ဟင် … ဘာတဲ့လဲ၊ နင် ဘာတွေပြောလိုက်သေးလဲ၊ အဲ့ဒါ စောစောက ပြောပါတော့လား မိနီရယ်”

“မိနီ မေ့နေလို့ပါ မမကြီးရဲ့၊ အန်တီ ကျောင်းပိတ်ရက်မှာ ဦးဦးလည်း ရန်ကုန်လာစရာ အလုပ်ကိစ္စရှိလို့ နှစ်ယောက်စလုံး ဒီညကားနဲ့ ထွက်လာကြမှာတဲ့၊ အန်တီက လိုင်းကားနဲ့ လာမှာ၊ ဦးဦးက သူ့ဘာသာ ကားမောင်းလာမှာတဲ့ …၊ နှစ်ယောက်စလုံး မနက်အစောကြီး





ရောက်မှာတဲ့၊ ဦးဦးက အန်တီ့ ကားဂိတ်ကို စောစောသွားစောင့်ကြိုလာခဲ့မှာတဲ့၊ နှစ်ယောက်လုံး အိမ်ကိုတူတူ ပြန်ရောက်မှာတဲ့ …”

ဘုရား … ဘုရား … အသည်းထိတ်စရာ ကောင်းလိုက်တာ …။

ဒီညသာ သီကျူးကို ပြန်မတွေ့ရင် မနက်ကျ မေမေနဲ့ ဖေဖေလည်း အရောက်၊ ချောကလျာရဲ့ အစ်ကိုတွေကလည်း ပြဿနာလာအရှာ …။ ဖေဖေနဲ့ မေမေခများ ခရီးရောက်မဆိုက် စိတ်ဆင်းရဲရတော့မှာ။ ရင်ဝကို ဆီးအကန်ခံရသလို ခံစားရတော့မှာ …။

မနော့သည် အသက်ရှုကြပ်လာတာမို့ ရင်ဘတ်ကလေး ဖိလျက်က မျက်စိမှိတ်ကာ အသက်ဝဝရှူလိုက်ရပြီး …

“မိနီ … နင် ဖေဖေတို့ကို ဘာသွားပြောလိုက်သေးလဲ”

“မမကြီး မှာထားတဲ့အတိုင်းပဲ ပြောတာပါ၊ တခြား ဘာမှ အပိုမပြောပါဘူး”

“အေး … အေး … အဲ့ဒါဆိုလည်း ပြီးရော၊ မမကြီး သီကျူးကို လိုက်ရှာလိုက်ဦးမယ်”

“ကိုသောတမောင်နဲ့ အတူတူလား မမကြီး”

“အေးပေါ့၊ သီကျူးသွားတတ်တဲ့ နေရာက သူပဲသိတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒါပဲနော် မိနီ၊ ကြောက်ရင် အားသွင်းထားတဲ့ မီးတွေ အကုန်ဖွင့်နေလိုက်နော်၊ မမကြီး ဖုန်းချလိုက်တော့မယ်"

မြတ်မနောက ဖုန်းပိတ်လိုက်ပြီး သက်ပြင်းကလေး အသာချကာ သောတမောင်ကို လှမ်းကြည့်လိုက်မိသည်။ သောတ ထမင်းစားပြီးတာမြင်တော့မှ ...

"သောတရေ ... အချိန်ရှိတုန်းလေး နောက်တစ်နေရာ ရှာလိုက်ကြရအောင်၊ မနက်ကျရင် ဖေဖေနဲ့ မေမေလည်း ပြန်ရောက်လာကြမှာ၊ သီကျူးကို ဒီညမတွေ့လို့တော့ မဖြစ်ဘူး၊ သီကျူး ဘယ်တွေသွားတတ်လဲဆိုတာ စဉ်းစားပါဦး မောင်လေးရယ်"

သောတမောင်က ခဏငြိမ်၍ စဉ်းစားလိုက်ပြီးမှ

"ဒီလိုအချိန်ဆို သူ့ကောင်မလေးနဲ့ ကန်တော်ကြီးထဲက စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ ထိုင်တတ်တယ် မမကြီး"

"ဒါဆို ... ကန်တော်ကြီးထဲ သွားရှာလိုက်ရအောင် ..."

"ဟုတ်ကဲ့ ... မမကြီး"

သောတမောင်က ခါးကြားမှာ ထိုးထည့်လာသည့် ပိုက်ဆံအိတ်ပြားလေးကို ဆွဲထုတ်ကာ ပိုက်ဆံရှင်းဖို့ပြင်တော့ မြတ်မနောက ပျာပျာသလဲ တားရသည်။





"နေ ... နေ ... သောတ၊ မမကြီး ရှင်းလိုက်မယ်"

"ဟာ ... မမကြီးကလည်း ကျွန်တော်ပဲ ရှင်းပါ့မယ်"

"မရှင်းပါနဲ့ဟယ် ...၊ ရှင်းမယ့် ပိုက်ဆံကို စုတဲ့အထဲ ထည့်လိုက်၊ မင်း ဝယ်ချင်တာလေးရှိလို့ ပိုက်ဆံစုနေတယ်ဆို ..."

"မမကြီးလည်း ဝယ်စရာလေး ရှိလို့ဆိုပြီး နေ့နေ့ညည တက်တင်းတွေထိုးပြီး ပိုက်ဆံစုနေတာမဟုတ်လား၊ ရှင်းမယ့် ပိုက်ဆံကို စုတဲ့အထဲ ထည့်လိုက်ပေါ့"

"စုတာလည်း စုပေမယ့် ရှင်းတာလည်း ရှင်းနိုင်ပါတယ်ဟယ်"

"ကျွန်တော်လည်း အဲဒီလိုပဲလေ၊ စုပေမယ့် ရှင်းနိုင်သားပဲ"

"ဒါပေမယ့် ခုကိစ္စက မမကြီးကိစ္စလေ၊ မမကြီးကိစ္စကို သောတက လိုက်ကူညီရင်း စားကြသောက်ကြတဲ့ဥစ္စာ"

"မမကြီးကိစ္စက ကျွန်တော့်ကိစ္စပဲလေ၊ ပြီးတော့ သီကျူးက ကျွန်တော့် သူငယ်ချင်းပဲဥစ္စာ ..."

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် သောတက လိုက်လည်း ကူညီရသေး၊ ပိုက်ဆံလည်း ကုန်ရသေးဆိုတော့ ဘယ်ကောင်းပါ့မလဲ၊ ပြီးတော့ ကားလည်း စိုက်ရသေး၊ ဆံထုံး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ရ၊ ဆိစိုက်ရဆိုတာမျိုး ဖြစ်တာတော့ ဘယ်ကောင်းမလဲ"

"ကျွန်တော်တို့နှစ်ယောက်က အဲဒီလို တွက်ကပ်စဉ်းစားနေရမယ့် အနေအထားလား၊ ဒါဆို ... ဒီထမင်းပွဲမှာ မမကြီးက တို့ကနန်း ဆိတ်ကနန်းပဲစားတာ၊ ကျွန်တော်က အများဆုံးစားတာဆိုတော့ ကျွန်တော်ပဲ ရှင်းလိုက်မယ်"

"ဟဲ့ ... အဲဒီလို သူ့ဘက်ကိုယ့်ဘက်အသာအနာ ဈေးတွက်တွက်နေစရာလား"

"မမကြီး စ,တွက်တာလေ၊ မမကြီး တွက်လို့ ကျွန်တော်က လိုက်တွက်ရတာ ..."

"ကဲ ... ဒါဆိုလည်း မတွက်တော့ဘူး၊ မမကြီးက မင်းကို ကျွေးမွေးချင်လို့ မမကြီးပဲ ရှင်းလိုက်မယ်"

"ကျွန်တော်လည်း မမကြီးကို ကျွေးမွေးပြုစုချင်လို့ ကျွန်တော်ပဲ ရှင်းလိုက်မယ်"

"မမကြီး ရှင်းပါ့မယ်"

"ကျွန်တော် ရှင်းပါ့မယ်"

တစ်ယောက်နဲ့ တစ်ယောက် ငြင်းခုံနေကြရင်း မနောအကြည့်က ဆိုင်ထဲသို့ ဝေ့ဝဲရောက်ရှိသွားသည်။ ဆိုင်ထဲက





လူတွေက မနောတို့ကို ပြုံးစိစိ လှမ်းကြည့်နေကြသည်။ စပ်စုတတ်ပုံရသော ဆိုင်ရှင် အဒေါ်ကြီးကလည်း တစ်မျိုးအဓိပ္ပာယ်ဆောင်သော မျက်ဝန်းတွေနှင့် လှမ်းကြည့်ရင်း ပြုံးတုံ့တုံ့ဖြစ်နေသည်။ ခုနတုန်းက အရိုးစူးတဲ့ ကိစ္စ၊ အရိုးထွင်ပေးတဲ့ ကိစ္စတွေကိုလည်း တစေ့တစောင်းမြင်ဖူးပြီးကြပြီမို့ မနောတို့ နှစ်ယောက်က သူတို့မျက်စိထဲမှာ စိတ်ဝင်တစား စူးစမ်းချင်စရာ ဖြစ်နေမှာပင်။

ထို့ကြောင့်ပင် မနောက သက်ပြင်းလေးချကာ မေးလေး တစ်ချက် နှစ်ချက် ဆတ်ပြလိုက်ရင်း ...

"ကဲ ... ကဲ ... မင်းပဲ ရှင်းလိုက်ပါတော့"

ဟု အလျှော့ပေး ခွင့်ပြုလိုက်ရပါသည်။

သောတ ပိုက်ဆံရေတွက်နေတာကို ငေးကြည့်ရင်း မနော စိတ်မကောင်းဖြစ်ရပါသည်။ ဒီပိုက်ဆံဟာ ဘယ်လောက်မှ မရှိဘူးလို့ဆိုနိုင်ပေမယ့် တစ်စုံတစ်ခုကို စုံစုံမက်မက် လိုချင်လွန်းလို့ ဝယ်ယူနိုင်ဖို့ စုဆောင်းနေရှာသူအတွက်တော့ တစ်တပ်တအားပဲ မဟုတ်လား။ သူ့ခမျာ ငါ့အတွက် ပိုက်ဆံကုန်ရတာနဲ့ပဲ ဝယ်ချင်တာလေးနဲ့ နီးနိုင်မှာကို မဟုတ်တော့ပါလား။

သောတမှာက ဝင်ငွေလည်း များများစားစား ရှိရှာတာမှ မဟုတ်တာ။ သူ့အဘိုးက ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ ရှယ်ယာ တော်တော်များများလေး ဝင်ထားလို့သာ အိမ်စရိတ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မပူရဘဲ ပြေလည်ချောင်ချိတယ်လို့ ပြောဆိုရမှာဖြစ်ပေမယ့် သူသုံးစွဲရသည့် ကိုယ်ပိုင်ဝင်ငွေက နည်းပါးပါသည်။ သောတက ကွန်ပျူတာသင်တန်းတွေ ဆက်တိုက်တက်ခဲ့ပြီးနောက်မှာ နာမည်ကြီး ကွန်ပျူတာ သင်တန်းကျောင်းမှာ ဆရာဝင်လုပ်နေသူပင်။ အဘိုးဆီက လက်ဖြန့်မတောင်းသည့်အပြင် အဘိုးကို လစဉ် ကန်တော့လေ့ရှိသူ၊ ချွေချွေတာတာ လိမ်လိမ်မာမာလေး အသုံးအစွဲ စိစစ်တတ်သူ ဖြစ်ပါသည်။

အိမ်က သီကျူးတို့ ဖြူညတို့နဲ့တော့ တခြားစီပင်။ အိမ်က နှစ်ယောက်ကတော့ ခုချိန်ထိ ဘာအလုပ်ကိုမှ လက်ကြောတင်းတင်း မလုပ်တဲ့အပြင် တစ်ယောက်ဖုန်းတစ်လုံးစီ ခပ်တည်တည်ကိုင်ကာ စားစားသွားသွား ပေါ့ပေါ့ပါးပါးလေး နေနေကြတာပင် ...။ သူတို့ အားတိုင်းအာသမျှ ဖုန်းဖိုးကို တစ်လတစ်လ ဝန်ဆောင်မှုပေးရတာကပင် မနည်းလှပါ။

မနောကတော့ ဒီအရွယ်လည်းရောက်ပြီမို့ ကိုယ့်အသုံးစရိတ် အသေးအမွှားလေးတွေကအစ မိဘဆီက မတောင်းလိုပေ။ ထို့ကြောင့်ပင် အိမ်မှုကိစ္စအားလပ်ချိန်မှာ သိုးမွှေးတက်တင်းထိုးကာ အသိဆိုင်သို့ ပြန်သွင်းခြင်းဖြင့် ဝင်ငွေ အထိုက်အလျောက် ရနေသည်။ ထိုပိုက်ဆံဖြင့် မနော လိုချင်တာလေးတွေကို ဝယ်နိုင်ပေသည်။ မနောက အဝေးသင်ဖြင့်





သမိုင်းဘွဲ့ ရထားတာမို့ ဒီတစ်ဘွဲ့နှင့် အပြင်မှာ အလုပ်လုပ်ဖို့လည်း မလွယ်ပါ။ ကွန်ပျူတာ စပိကင်ဆိုတာတွေမှ မနော မကျွမ်းဘဲ။ ကျွမ်းလည်း ဒီအိမ်မှုကိစ္စတွေကိုပစ်ပြီး အလုပ်ထွက် မလုပ်နိုင်ပါ။ မနော အလုပ်ထွက်မလုပ်တာတောင် သီကျူးတို့ကို ထိန်းမနိုင် သိမ်းမရဖြစ်နေတာ၊ အလုပ်သာထွက်လုပ်ရင် ပြီးပါလေရော။

ခုတော့ ... မနောက အေးအေးချမ်းချမ်း ရောင့်ရောင့်ရဲရဲလေးပင် နေတတ်နေပါသည်။ ပြီးတော့ မနော ရတဲ့ပိုက်ဆံလေးတွေကို စုဆောင်းကာ မနော အရမ်းလိုချင်သည့် ပစ္စည်းလေးတစ်ခုကို ဝယ်နိုင်ဖို့ ကြိုးစားနေပါသည်။

မနော ချွေတာတာကို သောတလည်း သိ၊ သောတ ချွေတာတာကို မနောလည်း အသိမို့ အမှတ်တမဲ့ ပြောမိကြသော စကားများအရ နှစ်ယောက်လုံး တစ်စုံတစ်ခုကို ဝယ်နိုင်ဖို့ အသည်းအသန် ပိုက်ဆံစုနေတယ်ဆိုတာကို အပြန်အလှန် သိခဲ့ကြတာပင်။

"မမကြီး ..."

"ဟေ ..."

"သွားကြရအောင်လေ ..."

"ဪ ... အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



သောတက သူပိုက်ဆံရှင်းတာကို ငေးငေးဆွေးဆွေး စိုက်ကြည့်နေခဲ့သော မမကြီးပုံစံကို ရယ်လည်းရယ်ချင်နေပါသည်။ အကြည့်ကိုက ယူကြုံးမရသလို အကြည့်မျိုး။ သူ ဒီပိုက်ဆံလေး ရှင်းလိုက်ရတဲ့အတွက် မမကြီးခမျာ တော်တော်မှ ယူကြုံးမရ ဖြစ်နေရတဲ့ပုံပင်။

သောတက မမကြီးထိုင်သည့်ဘက်က ကားတံခါးကို ကြိုဖွင့်ပေးထားဖို့အတွက် ရှေ့က သွက်သွက် ကြိုလျှောက်လိုက်စဉ်မှာပဲ ...

"ခွပ် ..."

"အား ..."

"ဟယ် ... သောတ၊ မောင်လေး ... သောတ၊ အံမလေး သောတ သေပါပြီ"

သောတသည် ရုတ်တရက်မို့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းပင် မသိလိုက်။ မေးရိုးတစ်လျှောက် ပူခနဲဖြစ်ကာ အသည်းခိုက်အောင် နာသွားတော့မှ တစ်ယောက်ယောက်က လက်သီးနဲ့ ထိုးတာကို ခံလိုက်ရကြောင်း ရိပ်မိလာသည်။

မနောသည် ကိုယ့်မျက်စိရှေ့မှောက်မှာပင် လူတစ်ယောက်က သောတဆီ လှစ်ခနဲ ပြေးဝင်လာကာ ဘာမပြော





ညာမပြော ဘလိုင်းကြီး စွပ်ထိုးလိုက်တာကို မြင်လိုက်ရတာမို့ သောတထက်ပင် ပို၍ နာကျင်သွားသလို သွေးရူးသွေးတမ်း ကယောက်ချောက်ချား ပျာယာခတ်သွားသည်။

"သောတ ... သောတ၊ အမလေး သေတော့မှာပဲ ..."

"ခွပ် ..."

"ဟင် ... ထိုးပြန်ပြီ၊ ဟဲ့ ... နင် ဘာလုပ်တာလဲ၊ နင်က ဘယ်သူလဲ၊ ဒါဘာလုပ်တာလဲဟဲ့၊ သောတကို ဒီလိုလုပ်စရာလားဟဲ့ ..."

မနောက တားမြစ်နေဆဲမှာပဲ ထိုသူက သောတမျက်နှာကို ဆက်တိုက်ဆိုသလို ထိုးလိုက်တာမို့ မနောက အော်ဟစ်တားမြစ်ရင်း သောတရှေ့မှာ ဝင်၍ ကာကွယ်ပေးလိုက်လေရာ ...

"ခင်ဗျား ဒါဘာလုပ်တာလဲ၊ ဖယ်စမ်းပါဗျာ၊ ရှေ့ကနေ ကန့်လန့်လုပ်မနေနဲ့၊ ကျုပ်တို့ချင်း ရှင်းစရာရှိတယ်၊ ခင်ဗျား အသာနေ ..."

"နင်က ဘာရှင်းမှာလဲ လူရမ်းကားရဲ့၊ နင်ရှင်းချင်ရင် ငါနဲ့ရှင်းမယ်၊ ဘာကိစ္စလဲ၊ နင်က ဘာဖြစ်ချင်တာလဲ"

"မမကြီး ... မမကြီး ... ရှေ့ကဖယ်ပါ၊ ကျွန်တော်နဲ့ရှင်းပါမယ်၊ ဟောကောင် ... မင်းက ဘယ်သူလဲ၊ မင်းကို ငါ လုံးဝမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သောတ အသာနေ၊ ဒီကိစ္စ မမကြီး ရှင်းမယ်၊ မမကြီး ရှေ့မှာ သောတကို ဒါမျိုး လာလုပ်လို့မရဘူး၊ ဟဲ့ ... ပြော ... နင် ဘာပြောမလဲ၊ ငါ့ကိုပြောစမ်း ..."

သောတသည် ထာဝစဉ် အေးဆေးနူးညံ့စွာ၊ တစ်ခါ တစ်ရံ ရိုးတုံး ထုံအစွာ နေတတ်သော မမကြီးရဲ့ အံ့မခန်းသတ္တိ ပြောင်နေပုံကို အံ့အံ့သြသြ မှင်သက်နေသည်။

တစ်စိမ်း ယောက်ျားကို စေ့စေ့တောင်ကြည့်ဖို့ မဝံ့ရဲခဲ့သော မြတ်မနောဖြူသည် သောတမောင်ရှေ့မှာ ထုပ်ဆီးတိုးသလို လက်နှစ်ဖက်ကို ဆန့်တန်းကာရံ ရပ်တန့်ရင်း မျက်နှာကို မထိတရီ ပင့်မော့ကာ ရှေ့ကလူကို စိန်ခေါ်သလိုကြည့်နေသည်။ မနောကိုယ်တိုင်လည်း ဘာ့ကြောင့် ဒီလောက် သတ္တိတွေရှိလာသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ပါ။

"ခင်ဗျားက အရေးထဲ သတ္တိလာပြောင်ပြနေသေးတယ်၊ နေစမ်းပါဦး ... ခင်ဗျားကို မြင်ဖူးသလိုပဲ၊ ခင်ဗျားက ... ခင်ဗျားက ဟာ ... သိပြီ၊ ခင်ဗျား သိကျူး အစ်မ မဟုတ်လား"

"ဟုတ်တော့ ဘာဖြစ်လဲ ..."

"ဟုတ်ရင် ရှေ့ကဖယ်လိုက် ..."

"ဘာဖြစ်လို့ ဖယ်ရမှာလဲ၊ မဖယ်ဘူး"





"မဖယ်ရင် သိကျူးအတွက် ထိုးရမယ့် လက်သီးက သောတမောင်ကို မထိုးဘဲ ခင်ဗျားကို ထိုးမိလိမ့်မယ်"

"ဟော့ကောင် ... မင်း ငါ့မမကြီးကို ထိရဲ ထိကြည့် ..."

သောတက ပေါက်ပေါက်ကွဲကွဲ အော်ရင်း မမကြီး ရှေ့သို့ ထွက်ရပ်လိုက်သည်။ ထို့နောက် မမကြီးရှေ့မှာ လက် ဆန့်တန်းကာလျက် ရင်ကော့၍ ရပ်လိုက်ပါသည်။

"အောင်မလေးဗျာ ... တစ်ယောက်ကို တစ်ယောက် ချစ် နေလိုက်ကြတာ၊ ဒီမှာ ... ဟော့ကောင် ... မင်းက သိကျူး ရဲ့ အခါတော်ပေး ဆရာကြီးမဟုတ်လား၊ သိကျူး ဒီ လောက် ရည်းစားများမှန်းသိရက်နဲ့ မင်းပဲ ကြားကနေ အောင်သွယ်ပေးတာ ...၊ အခု ... ငါ့ညီမကို သိကျူးက ဖြတ်သွားတော့လည်း ဖြတ်စာကို မင်းပဲလာပေးတာ၊ မင်းတို့ နှစ်ကောင်က တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပဲ၊ အခု ငါ့ညီမလေး စိတ်ကျပြီး အိပ်ရာထဲလဲနေတော့မှ ငါ့ညီမရဲ့ ဒိုင်ယာရီထဲမှာ မင်းတို့အကြောင်း ဖတ်မိတာ၊ ငါက မင်းတို့ ရပ်ကွက်ထဲမှာပဲ နေတာ၊ မင်းတို့ ငါ့ကို မသိပေမယ့် ငါက မင်းတို့ကိုသိတယ်၊ မင်း အခု သိကျူး ကို သွားခေါ်ပေးရင် မင်းသက်သာမယ်၊ ဒီလိုမှမဟုတ် ရင်တော့ သိကျူးအတွက် မင်းပဲခံရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ခံလိုက်မယ်ဗျာ၊ သီကျူးအစား ကျုပ်ကို သာ ထိုးသွားပေတော့ ..."

"ဟဲ့ ... ဘယ်ဖြစ်မလဲ၊ ဒီမှာ ... ငါ့မောင်ကိစ္စ ငါနဲ့ပဲဆိုင်တယ်၊ နင် မကျေနပ်ရင် ငါ့သာရိုက်သွားပေတော့၊ သူ့ကိုတော့ မထိနဲ့ ..."

မနောက သောတမောင်ရှေ့မှာ ဝင်ရပ်လိုက်ပြန်တာမို့ ထိုလူက ပခုံးတွန့်သည်။ သောတက မနောကို ဆွဲဖယ်ကာ မနောရှေ့မှာ ဝင်ရပ်သည်။ မနောက သောတရှေ့မှာ ဝင်ရပ်ပြန်သည်။ သောတက မနောရှေ့မှာ ရပ်ပြန်သည်။ နှစ်ယောက်သားဟာ သူ့ရှေ့တက်မယ်၊ ငါ့ရှေ့တက်မယ် အလုအယက် ယောက်ယက်ခတ်နေတာမို့ ထိုလူက စိတ်ရှုပ်လာပုံရကာ ...

"မင်းတို့နှစ်ယောက်ကြည့်ရတာ ခေါင်းတွေတောင် မူးလာပြီကွာ၊ ငါ့ရှေ့မှာ ဒီလောက် အချစ်သည်းပြမနေစမ်းပါနဲ့"

"ခင်ဗျား ဘာစကားပြောတာလဲ"

"မြင်တဲ့အတိုင်း ပြောတာ"

"ဘာမြင်လို့လဲ ..."





"မင်းတို့နှစ်ယောက် ကြိုက်နေကြတယ်လို့ မြင်တယ်လေ"

"ဟာ ... ခင်ဗျား မိုက်ရိုင်းလှချည်လား၊ ဒါ ... ကျုပ်သူငယ်ချင်းရဲ့ အစ်မဗျ၊ မပြစ်မှားကောင်းဘူး၊ မမကြီး ကန်တော့နော် ... ကန်တော့၊ သူပြောတာ အရေးလုပ်မနေနဲ့၊ နားပိတ်ထား ... မမကြီး၊ နားပိတ်ထား၊ သူပြောတာ နားမထောင်နဲ့"

သောတက မျက်နှာကလေး ရဲတွတ်သွားသော မမကြီးဘက်သို့ လှည့်ကာ လက်အုပ်ကလေးတောင် ချီပြလိုက်ပြီးမှ ...

"ခင်ဗျား ကျုပ်ကို ဒီလောက်ထိုးပြီးပြီပဲ၊ ကျေနပ်တော့ပေါ့၊ ခင်ဗျား မကျေနပ်နိုင်ဘူးဆိုရင်လည်း ကျုပ်က ခုချက်ချင်း ရဲစခန်းကိုသွားပြီး ကျုပ်မျက်နှာပေါ်က ဒဏ်ရာကိုပြပြီး ကိုယ်ထိလက်ရောက်မှုနဲ့ တိုင်ချက်ဖွင့်လိုက်ရုံပဲ"

သောတ ပြောနေဆဲမှာ ထမင်းဆိုင်ထဲက လူတချို့ ထွက်လာကာ ...

"သူပြောတာ ဟုတ်သားပဲ၊ ခင်ဗျားချည်း ထိုးနေတာ ကျုပ်တို့မျက်မြင်ပဲ၊ ကျုပ်တို့ဆိုင်ရှေ့မှာ ရတ်ရတ်သဲသဲ လာမလုပ်ကြပါနဲ့၊ အေးအေးဆေးဆေး ကိုယ့်လမ်းကိုယ် သွားကြပါတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ငိုင်းပြောတော့မှ ထိုလူက သောတနှင့် မနော ကို ပေစောင်းစောင်းကြည့်ရင်း ထွက်ခွာသွားသည်။

သောတလည်း ထမင်းဆိုင်ကလူတွေကို ကျေးဇူး စကားပြောပြီး မနောနှင့်အတူ ကားဆီသို့ လျှောက်လာခဲ့သည်။

ကားပေါ်မှာ ထိုင်မိပြီး သောတက ကားစက်နှိုး စဉ်မှာ ...

"သောတ ..."

"ဗျာ ..."

ငိုသံပါသော ခေါ်သံကလေးကြောင့် သောတမောင် က မမကြီးကို လှည့်ကြည့်လိုက်မိသည်။ မမကြီးရဲ့ မျက်ဝန်း ထဲမှာ မျက်ရည်တို့ စို့ပျို့လာတာကို မြင်ရတာမို့ သောတက စိတ်လှုပ်ရှားသွားကာ ...

"မမကြီး ဘာဖြစ်လို့လဲဟင် ..."

"ငို ... ငိုချင်လို့ပါ သောတရယ်၊ ကြည့်စမ်း ... မင်း မျက်နှာဖြူဖြူလေးက ဟိုကောင့်လက်ချက်နဲ့ တွတ်တွတ် ရဲနေတော့တာပဲ၊ ဟိုကောင့်လက်နဲ့ မင်းမျက်နှာနဲ့ တူ သလား၊ တန်သလား"

ပြောနေရင်းက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ သောတမျက်နှာကို မမကြီးရဲ့ လက်ချောင်းကလေး တွေက ညင်သာစွာ ထိတွေ့လာလေသည်။





"ဒီမှာကြည့်စမ်း ... ဒီမှာ တစ်ချက်၊ ဟင် ... ဒီမှာလည်း သွေးခြည်ဥနေပါလား"

မမကြီးရဲ့ လက်ချောင်းကလေးများက သောတ မောင်ရဲ့ ပါးတစ်ဝိုက်နှင့် မေးစေ့တစ်ဝိုက်မှာ ဟိုနေရာ ဒီနေရာ ထိတို့ကြည့်လျက်ရှိသည်။

သောတသည် မလှုပ်မယှက်လေး ငြိမ်သက်နေရင်း ရင်ထဲမှာ တုန်ရင်လှုပ်ရှား မိန်းမောသလိုဖြစ်လာရတာမို့ မျက်လုံး တွေ အလိုလိုမှေးစင်းကျလာသည်။ ထိုစဉ်မှာပဲ မမကြီးက သောတရဲ့ မေးစေ့ကို လက်မ လက်ညှိုး နှစ်ခုဖြင့် ဖျစ်ညှစ်ကိုင် ကာ သောတရဲ့ မျက်နှာကို ဟိုဘက် ဒီဘက် ဘယ်ပြန် ညာပြန် ဆွဲလှည့်လိုက်တာမို့ သောတ မျက်လုံးတွေ ပြန်ပွင့်လာရသည်။

"မှန်းစမ်း ... ဟင် ... ပါးဟိုဘက်ခြမ်းမှာလည်း ထိထား တာ ရောင်တောင်နေပြီ၊ ဒီဘက်ခြမ်းမှာလည်း နီရဲနေပြီ၊ အို ... မျက်နှာတစ်ခုလုံး ပွထနေတာပါလား သောတ ရယ်၊ အင့် ... ဟီး ... ဖြစ်မှဖြစ်ရလေဟယ် ... အီးဟီး ..."

"ဟာ ... မမကြီး"

မမကြီးက လက်ကို ပြန်ရုပ်လိုက်ရင်း ရှုတ်တရက် ဟီးချငိုလိုက်တာမို့ ပွင့်လာသည့် သောတမောင်ရဲ့ မျက်လုံးတွေ က ပြူးလာရကာ အံ့သြလန့်ဖျပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ... မမကြီး ... မငိုပါနဲ့ မမကြီးရယ်၊ ကျွန်တော် မနာပါဘူး မမကြီးရဲ့၊ ကျွန်တော် ဘာမှမဖြစ်ဘူး၊ ခဏနေ ပျောက်သွားမှာ"

"မင်း သိကျူးအစား ခံရတာကို မမကြီး ရင်နာလွန်းလို့ပါ သောတရယ်"

"သူငယ်ချင်း အချင်းချင်း ဒီလောက်လေး ခံပေးရတာ ဘာမှမဖြစ်ပါဘူး မမကြီးရယ်၊ ကျွန်တော့်စိတ်ထဲမှာလည်း သိကျူးအစား ခံရလေခြင်းလို့ မခံယူပါဘူး၊ ကျွန်တော်က မမကြီးတို့မိသားစုကို ကျွန်တော့်မိသားစုလိုပဲ သဘောထားတာ၊ မိသားစုအချင်းချင်းဆိုတာ ဒီလိုပဲ ဒုက္ခသုက္ခမျှခံရမှာပေါ့ မမကြီးရဲ့၊ စိတ်မကောင်းမဖြစ်ပါနဲ့တော့၊ တိတ်တော့နော် မမကြီး၊ မငိုနဲ့နော်၊ မမကြီး ငိုရင် ကျွန်တော်လည်း စိတ်မကောင်းဘူး"

သောတက မမကြီးကို ဖျောင်းဖျနေရင်း ရင်ထဲမှာ မောဟိုက်ဆို့နင့်လာပါသည်။ ကျွန်တော့်စိတ်ထဲမှာ ငိုချင်သလိုကြီး ဖြစ်လာပြီ မမကြီးရာ ...။ ကျေးဇူးပြုပြီး ကျွန်တော့်ရှေ့မှာ မမကြီး မငိုပါနဲ့။

မမကြီးရဲ့ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုနေပုံက သူ့အသည်းဆိုင်ကို ဖျစ်ညှစ်ထားလိုက်သလိုပင်။





တစ်ခါတစ်ခါ လူကြီးတစ်ယောက်လို ရင့်ကျက်ကာ တစ်ခါတစ်ရံ ကလေးတစ်ယောက်လို ဖြူစင်နုနယ်လွန်းသော မမကြီးကို သူက မျက်ရည်အဝဲသားဖြင့် ငေးကြည့်နေလိုက်မိပါသည်။

မမကြီး လူကြီးတစ်ယောက်လို ရင့်ကျက်နေချိန်မှာ သူက ကလေးတစ်ယောက်လို ဆိုးနွဲ့ချင်ခဲ့သည်။ မမကြီး ကလေးတစ်ယောက်လို မသိနားမလည် အူအူအအ ထုံထုံနုံနုံလေး ဖြစ်နေလျှင်လည်း သူက ရင့်ကျက်သည့် လူကြီးပမာ အေးမနှစ်သိမ့် ချော့မော့ အလိုလိုက်ခဲ့ပါသည်။

သောတက မျက်ရည်လေးဝဲဝဲဖြင့် ငေးကြည့်နေချိန်အတွင်း ငိုနေခဲ့မိသော မနော်က သောတရဲ့ စွတ်စိုနေသော မျက်ဝန်းတွေကို သတိပြုမိသွားကာ ရုတ်တရက် အငိုတိတ်ခဲ့လေသည်။

မနော်က မနော်ကြောင့် သောတကို မနာကျင်ခံစားစေလို၊ မနော်ကြောင့် သောတ ပျော်ရွှင်တာကိုပဲ မြင်ချင်ခဲ့သူ ဖြစ်သည်။

မနော်သည် တိခနဲ အငိုရပ်ကာ မနော်ရဲ့ ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ဖမိုး နှစ်ဖက်ဖြင့် ဘယ်ညာပွတ်ချွဲသုတ်ပစ်လိုက်ပြီး သောတကို အားပါးတရ ပြုံးပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စိတ်မကောင်းမဖြစ်နဲ့ သောတ၊ မမကြီး မငိုချင်တော့ဘူး၊ ဘာမှမဖြစ်တော့ဘူး"

သောတက ချက်ချင်းကြီး ငိုရာမှ ပြုံးလာသော မမကြီးကြောင့် ပိုစိတ်မကောင်းဖြစ်သွားကာ ...

"ငိုချင်လည်း ဆက်ငိုလိုက်ပါ မမကြီးရာ၊ ကျွန်တော် စိတ်ချမ်းသာအောင်တော့ ပြုံးမပြပါနဲ့"

"မမကြီး ငိုလို့အားရပါပြီ သောတရဲ့၊ ငိုလိုက်တော့ စိတ်ထဲမှာ ပေါ့သွားပါတယ်၊ ကဲ ... ဆေးခန်းကိုမောင်းတော့ ..."

"ဟင် ... ဆေးခန်းကို ! ဘာလုပ်ဖို့လဲ"

"မင့်ဒဏ်ရာတွေ ဆေးထည့်ရမှာလေ ..."

"အာ ... ဒဏ်ရာက သိပ်မများပါဘူး မမကြီးရဲ့"

"ဘာလို့မများရမှာလဲ၊ ဒီလောက်ထိထားတာကို ..."

"ကျွန်တော် နည်းနည်းပါးပါး ရှောင်လိုက်သေးတယ်လေ၊ တချို့ ဒဏ်ရာတွေက အပေါ်ယံ ရှပ်ထိရုံပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ဆေးခန်းကတော့ ပြရမှာပဲ၊ ဒါမှ မမကြီးလည်း စိတ်အေးမှာ၊ မမကြီး ပြောတာနားထောင်၊ သွားရအောင်၊ ပြီးမှ ကန်တော်ကြီးဘက်ကို သွားတာပေါ့၊ ဒီကြားထဲ မင်းသိတဲ့ သိကျူးရဲ့ တခြားသူငယ်ချင်းတွေ





ဆီကို ဖုန်းဆက်ဆက်ပြီး သိကျူးသတင်းကို မေးကြည့်ကြတာပေါ့"

သောတက မမကြီး စကားကို မလွန်ဆန်တော့ဘဲ သူ့ဘောက်စ်ဝက်ဂွန်ကားလေးကို လမ်းမကြီးပေါ်သို့ ဦးတည်မောင်းထွက်လာပါသည်။

သောတတို့ ကား ထွက်သွားတော့ ထမင်းဆိုင်တစ်ဝိုက်က လူတွေ ပြောကျန်ခဲ့ကြသည်မှာ ...

"တော်တော် ချစ်ပြီး တော်တော် အဖြစ်သည်းတဲ့ မောင်လေး မမ အတွဲပဲ"

ဟူ၍ပင် ... ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## *7:30 pm*

မမကြီးနှင့် သောတမောင်တို့ ဆေးခန်းက ပြန်ထွက်လာတော့ ည ၇ နာရီခွဲနေပြီဖြစ်သည်။

သောတမောင်က ear phone လေး နားမှာတပ်ထားကာ ကားမောင်းလာရင်း သီကျူးရဲ့ သူငယ်ချင်းတွေဆီ ဖုန်းခေါ်ကြည့်နေသည်။ မနောကလည်း တိတ်ဆိတ်စွာ လိုက်ပါလာသည်။

"ဟဲလို … ဟော့ကောင် ဓေယျာ … ငါပါကွ၊ မင်း အခု ဘယ်မှာလဲ …၊ မင်း သီကျူးနဲ့ သင်တန်းအတူတက်နေတာ မဟုတ်ဘူးလား၊ ဩော် … ဟုတ်လား၊ အေးပါ … အေးပါ၊ ငါ နောက်မှပဲ ပြန်ခေါ်လိုက်တော့မယ်"





သောတက ear phone လေးကို နားမှဖြုတ်ပစ်လိုက်ရင်း မမကြီးဘက်ကို တစ်ချက်ငဲ့ကြည့်ကာ …

"သီကျူးက ဒီနေ့ သင်တန်းမလာဘူးတဲ့၊ တခြား သူငယ်ချင်းတွေနဲ့လည်း သီကျူး အတူရှိမနေဘူး မမကြီး …"

"ဒါဆို … ကောင်မလေးနဲ့များ …"

"ကန်တော်ကြီးထဲမှာ သွားရှာကြည့်သေးတာပေါ့ မမကြီးရာ၊ မတွေ့တော့လည်း နောက်တစ်နေရာ ဆက်ရှာကြတာပေါ့"

သောတက ပြောပြောဆိုဆို ကန်တော်ကြီး ပတ်လမ်းဘက်သို့ ကားကို ချိုးကွေ့လိုက်ပါသည်။

သောတ ကားလေးက ကန်တော်ကြီးပတ်လမ်းအတိုင်း မောင်းလာနေဆဲမှာ ကန်ပတ်လမ်းအတိုင်း လျှောက်လာနေသော ကောင်လေးနှင့် ကောင်မလေးကို အမှတ်တမဲ့ လှမ်းကြည့်မိသည်။

ခပ်ငယ်ငယ် ကောင်မလေးတစ်ယောက်က ကြိုးအရှည် စလင်းဘတ်အိတ်ကို စလွယ်သိုင်းလွယ်လျက် ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်နေသည်။ ရှော့ပဲန်နှင့် တီရှပ်အပွ ဝတ်ထားသော ကောင်လေးက စာတစ်စောင်နှင့် ပန်းတစ်ပွင့်ကို ကိုင်ကာ ကောင်မလေးနောက်မှ အတင်းလိုက်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းက သောတ ရင်ထဲက ငုပ်နေသည့် ဒေါသကို ဆွပေးလိုက်သလို ဖြစ်သွားတာမို့ သောတက တစ်ချက်မဲ့လိုက်မိရင်း ...

“တချို့ ယောကျ်ားတွေများ မိန်းကလေးလှလှမြင်ရင် လူရှေ့မရှောင် ရည်းစားစကား လိုက်ပြောရတာနဲ့၊ ရည်းစားစာ လိုက်ပေးရတာနဲ့ အောက်တန်းကိုကျတယ်”

သောတရဲ့ ဒေါသစကားကြောင့် မမကြီးက သောတကြည့်သည့်ဘက်ကို ကြည့်လိုက်ရင်း ...

“ဒီအချိန်ကြီး ဒီနေရာမှာ မိန်းကလေးတစ်ယောက်တည်း လျှောက်သွားတော့လည်း အန္တရာယ် ဘယ်ကင်းပါ့မလဲ”

“မြင်မြင်ထင်ထင် နေ့ဘက်ကြီး လျှောက်သွားတော့ရော အန္တရာယ် ကင်းလို့လား၊ မမကြီး အဖော်မပါဘဲ ဈေးမသွားနဲ့နော်၊ ဈေးသွားရင် ကျွန်တော့်ကို ခေါ်၊ ကျွန်တော့်ကို မခေါ်ရင်လည်း မိနီဖြစ်ဖြစ် ဖြူဥဖြစ်ဖြစ် ခေါ်သွား၊ အရင်တစ်ခါလိုဖြစ်ရင် ဟိုကောင့်ကို ကျွန်တော် အသတ်ပဲ ...”

သောတက ဒေါသသံဖြင့် ကြိမ်းဝါးရင်း တစ်ခါက အဖြစ်သနစ်ကို ပြန်ပြောင်းတွေးမိလိုက်ပါသည်။

○ ○ ○



✦ ✦ ✦

မမကြီးက ရပ်ကွက်နှင့် မနီးမဝေးက ဈေးလေးကို သုံးရက်တစ်ခါ ဈေးဝယ်ထွက်လေ့ ရှိပါသည်။

အသားငါး ဟင်းသီးဟင်းရွက် အစုံရသည့် ထိုဈေးလေးဟာ သောတတို့ ရပ်ကွက်ရဲ့ ဟိုဘက်ထိပ်မှာရှိတာမို့ ကားစီးသွားဖို့မလို၊ ရပ်ကွက်လမ်းလေးအတိုင်း ၁၅ မိနစ်လောက် ခြေကျင်လျှောက်ရရုံနှင့် ရောက်သွားနိုင်တာမို့ မမကြီးက ဈေးဝယ်သွားတိုင်း လမ်းလျှောက်သွားလေ့ ရှိပါသည်။

သုံးရက်တစ်ကြိမ် မနက်ခင်းတိုင်းမှာ ဈေးခြင်းတောင်းလေး ဆွဲလျက် ပိုက်ဆံအိတ်ကလေး ချိုင်းကြားညှပ်ကာ လမ်းလျှောက်သွားတတ်သော မမကြီးကို လက်ဖက်ရည်ဆိုင်ကနေ ထိုင်ကြည့် ပိုးပန်းသူတွေလည်း ရှိတတ်ပါသည်။

မမကြီး ပုံစံက ပိုးလည်း ပိုးချင်စရာ ...။ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နိုးစ ရေမှာတ်ဖြင့် ဖွတ်စိုသော မျက်နှာ လန်းလန်းဆန်းဆန်းလေးက ဘာမိတ်ကပ်မှ ကူစရာမလိုဘဲ နုသစ်လတ်ဆတ်နေသည်။ ဆံပင်ရှည်လေးကို အပြောင်သိမ်းကာ နောက်ဘက်မှာ စုစည်းထားသဖြင့် နဖူးစပ် နားသယ်စပ်မှာ မွေးညင်းနုလေးတွေ ခပ်ရေးရေး ဖြာလျက်၊ ဘာနားကပ်မှ ဝတ်မထားသော နားရွက်ရှင်းရှင်းလေးက ကြွက်ပေါက်စလေးရဲ့ အသားအရေလို ပန်းရောင်နုနု ပါးပါးလှပ်လှပ်လေး ဖြစ်နေတတ်သည်။ မမကြီးရဲ့ နားရွက်ကို သူ အဲ့ဒီလောက် တင်စားပြောပြနိုင်တာကတော့ မမကြီးရဲ့ ဘေးတစ်စောင်း မျက်နှာကို အနီးကပ်မြင်ရတိုင်း သေသေချာချာ ကြည့်ရှု သုတေသန ပြုထားမိလို့ပင်။

မမကြီးက မနက်ခင်းတိုင်း နေကို ကျောခိုင်းအနေအထားဖြင့် လမ်းလျှောက်သွားသောအခါ နံနက်ခင်း နေခြည်နုက မမကြီးနောက်မှ ဆလိုက်ထိုးထားသလို ဖြစ်ရလျက် မမကြီးရဲ့ ဆံစနုနုလေးတွေက ပို၍ တောက်ပထင်ရှားလာသည်။ နားရွက်ကလေးတွေက ပို၍ ပါးလှပ်နီရဲလာသည်။ မမကြီး အသားအရေက ပို၍ စိုဝင်းတောက်ပလာသည်။ ထိုကဲ့သို့သော မနက်ခင်းတိုင်းမှာ မမကြီးရဲ့ အလှဟူသမျှ နေရောင်ခြည်အောက်မှာ ပို၍ ထင်ရှားတောက်ကြွားလာသောအခါ ယောကျ်ားတွေရဲ့ စက္ခုအာရုံမှာ စွဲငြိစရာ ဖြစ်လာရတော့သည်။





ထိုအခြေအနေကို သောတက မနှစ်မြို့လှသော်လည်း ဘယ်သူ ဘယ်လိုကြည့်ကြည့် မမကြီးရဲ့ လမ်းလျှောက်ပုံ၊ မျက်လုံးကြည့်ပုံတွေက ဤမျှနွှေးရလှတာမို့ သောတက မမကြီးကို ဘာမှ သွားမပြောရဲဘဲ တခြားသူတွေကိုသာ လှည့်ပတ်ပြောရပါသည်။

သောတက မမကြီး ကွယ်ရာမှာ မိနီကို ခေါ်ပြောမိသည်။

"မိနီ … မမကြီး ဈေးသွားရင် နင် ဘာလို့လိုက်မသွားသလဲ"

"မိနီ မအားဘူးလေ ကိုသောတမောင်ရဲ့၊ မနက်စောစောဆို မိနီ တံမြက်လှည်းရတယ်၊ အိမ်သာ ရေချိုးခန်းတွေ တိုက်ရတယ်၊ မီးဖိုချောင်ထဲမှာ ပန်းကန်ဆေး အိုးတိုက် လုပ်ရတယ်"

"အဲ့ဒါတွေက ပြန်လာမှ လုပ်လို့မရဘူးလား"

"ရတော့ ရတာပေါ့၊ ဒါပေမယ့် မိနီ လုပ်ထားနှင့်တော့ မမကြီး ပြန်လာရင် အလုပ်သိပ်ရှုပ်မနေတော့ဘူးပေါ့၊ ပြီးတော့ မိနီက အမြဲ မလိုက်တာတော့လည်း မဟုတ်ပါဘူး၊ မမကြီး သုံးခါသွားရင် တစ်ခါတော့ လိုက်ပါတယ်၊ မမကြီးက လိုက်ခိုင်းရင်တော့ မိနီက အလုပ်တွေပစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်၊ အခုဟာက မမကြီးကမှ မလိုက်ခိုင်းတဲ့ဟာကို ကိုသောတမောင်က ဘာဖြစ်နေရတာလဲ”

“မမကြီး တစ်ယောက်တည်း သွားတာကို စိတ်မချလို့ပေါ့ဟာ”

“စိတ်မချရအောင် မမကြီးက ကလေးမှ မဟုတ်တဲ့ဟာ”

‘ကလေးမဟုတ်လို့ ပြောနေရတာပေါ့’ဟု သောတစိတ်ထဲက ပြန်ပြောရင်း သီကျူးကို တစ်ခါ သွားစည်းရုံးရသည်။

“သီကျူး ... မင်း မနက်စောစောဆို ဘာလုပ်စရာ ရှိလဲ”

“အိပ်စရာရှိတယ်”

“မင်း ... မနက်မနက် နေဖင်ထိုးအောင် အိပ်မနေဘဲ မမကြီး ဈေးသွားတာကို အဖော်လိုက်ပေးပါလား”

“ဘာလဲ ... ငါက ဈေးခြင်းတောင်းလေး ကူဆွဲပြီး ကြက်သားတန်း ငါးတန်းမှာ နွှံ့တွဲနွှံ့တဲ့ လျှောက်ရင်း ဒီငါးလတ်လား၊ ဟိုငါးလတ်လား လျှောက်မေးပေးရမှာလား”

“မေးစရာမလိုပါဘူးကွာ၊ အဖော်လိုက်ပေးရုံလောက်ဆိုဖြစ်ပါတယ်”

“အဲ့ဒီလို အစ်မ ဈေးဝယ်တဲ့နောက်ကို လျှောက်လိုက်တဲ့အလုပ်ဆိုတာ မင်းလို ခပ်ခြောက်ခြောက်လူမျိုးပဲ လုပ်လေ့ရှိတာ၊ မင်းပဲ လိုက်သွားပါလား”





သီကျူးကလည်း သောတ ပြောတာကို နားမဝင်။ ဖြူဥကဆို ပိုတောင်ဆိုးနေသေး ...။

“ပူမနေနဲ့ သောတ ...၊ မမကြီးအရွယ်က ဟိုင်းနေပြီ၊ မသိတဲ့သူဆို ဒီအသက်အရွယ်လောက်ဆို အိမ်ထောင်ကျပြီးပြီလို့တောင် ထင်ချင်ထင်မှာ ...”

“နင် ဒီလိုတော့ မပြောနဲ့ ဖြူဥ၊ မမကြီးက ဘယ်လောက်နုလဲ၊ လူကြီးဆန်တဲ့ အပြင်အဆင်ကိုသာ ဖယ်လိုက်ရင် နှင့်ထက်တောင် နုသေးတာ၊ နင်မို့လို့ ကိုယ့်အစ်မ တစ်ယောက်တည်း ဈေးသွားတာကို စိတ်ချတာယ်”

ဖြူဥက သောတကို မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်လိုက်ပြီးမှ တဟီးဟီး တဟားဟား ရယ်ချလိုက်ရင်း ...

“သောတ ... သောတ၊ နင် ဘယ်ခေတ်မှာ နေနေတာလဲ၊ ဒီခေတ်မှာ မမကြီးအရွယ်လောက် မပြောနဲ့၊ ဆယ့်ခြောက်နှစ် အရွယ်လေးတွေနဲ့တောင် နေ့နေ့ညည တစ်ယောက်တည်း သွားလာအလုပ်လုပ်နေကြရတာ၊ မမကြီးအရွယ်ကြီးတောင့်ကြီးမား တစ်ယောက်တည်း သွားတာ ပူစရာလား၊ နင်ပူရင် နင်ပဲလိုက်သွားပေါ့၊ မမကြီးကို ဖားရင် နင် ဟင်းကောင်းစားရတယ် မဟုတ်လား”

သူတို့တွေကို ဘယ်လိုမှပြောမရတာမို့ သူ စိတ်ညစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ မမကြီး ဈေးသွားနေသည့်အချိန်မှာ မမကြီးတို့အိမ်သို့ သူရောက်သွားသည်။ သူရောက်ပြီး မကြာခင်မှာ မမကြီးက ဈေးဆွဲခြင်းကလေးဆွဲကာ ပြန်ရောက်လာတာမို့ သောတက အိမ်ဝမှာ ဆီးကြိုကာ မမကြီးလက်ထဲက ခြင်းကို လှမ်းယူလိုက်ရင်း ...

"ဘာတွေ ဝယ်လာလဲ မမကြီး"

"အစုံပဲ သောတရေ၊ ဟိုကောင် သီကျူး စားချင်တဲ့ ငါးမြင်းရယ်၊ ဖြူဥအတွက် ငါးသလောက်ဥရယ်၊ မင်းကြိုက်တဲ့ ငါးရံ့အူလည်းပါတယ်၊ ဒီနေ့ အိမ်မှာ ထမင်းလာစားလေ၊ မမကြီး ငါးရံ့အူဆီပြန်လေး ချက်ထားပေးမယ်၊ ဩော် ... ခြင်းထဲမှာ မုန့်စိမ်းပေါင်းထုပ်တွေ ပါတယ်၊ စားချင်ယူစားနော်"

"ဟုတ် ...၊ ဘရိတ်ဖက် မစားရသေးတာနဲ့ အတော်ပဲ"

မမကြီးက သောတကို လှမ်းပြောပြီး အဝတ်လဲဖို့ အခန်းထဲဝင်သွားသည်။ သောတက ဈေးခြင်းကို မီးဖိုချောင်ထဲသို့ ယူလာပြီး ခြင်းထဲက မုန့်ထုပ်တွေကို နှိုက်လိုက်စဉ်မှာ

"ဟင် ... စာတစ်စောင်ပါလား"

အပြာနုရောင် စာအိတ်လေးတစ်အိတ်က မုန့်ထုပ်တွေရဲ့ အပေါ်ယံမှာ တင်နေသည်။





သောတသည် စာအိတ်လေးကို စိုက်ကြည့်ရင်း စိတ်ထဲမှာ စပ်ဖျင်းဖျင်း ဖြစ်လာသည်။

ဒါ ... ရည်းစားစာပေါ့။

မမကြီးကို ပေးတဲ့ ရည်းစားစာပေါ့ ... ။

သောတသည် ထိုစာအိတ်လေးကို ယူကြည့်ရင်း ဒေါသလည်း ထွက်၊ သိလည်းသိချင်လာတာမို့ မီးဖိုချောင်အပြင်ဘက်က မမကြီးရဲ့ အရိပ်အယောင်ကို တစ်ချက် လှမ်းမျှော်ကြည့်လိုက်ပြီး စာအိတ်ကလေးကို အမြန်ဖောက်ရသည်။ စာအိတ်ဖောက်နေသည့် သူ့လက်တွေက ဘာ့ကြောင့်မှန်းမသိ တုန်ရင်နေကြသည်။

သို့ ...

*ချစ်သော မနောဖြူ*

*ကိုယ့်အတွက်တော့ မင်းကို မြင်ခွင့်ရတဲ့ မနက်ခင်းတိုင်းဟာ နေနှစ်စင်းအပြိုင်ထွက်သလို နွေးထွေး တောက်ပလှပါတယ်။*

*မင်းကို မတွေ့ရတဲ့ ကိုယ့်မနက်ခင်းတွေဟာ အမြဲမှောင်မိုက်အေးစက်နေခဲ့တယ်။*

"တောက် ..."

သောတက စာကို ဆက်ဖတ်ချင်စိတ် မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တာမို့ လုံးထွေးခြေမှုပြီး အမှိုက်ပုံးထဲ ပစ်ထည့်လိုက်သည်။ ထိုခဏမှာ မမကြီးက မီးဖိုချောင်ထဲ ဝင်လာကာ ...

"သောတရေ ... မုန့်စိမ်းပေါင်း စားလို့ကောင်းရဲ့လား"

"ကျွန်တော် မစားရသေးဘူး မမကြီး ..."

"ဟယ် ... ခုထိမစားသေးဘဲ ဘာလုပ်နေတာလဲ၊ မင်း ပြောတော့ ဘရိတ်ဖတ် မစားရသေးဘူးဆို ..."

သောတက ဟိုကြည့် ဒီကြည့်ကြည့်ရင်း ဗေစင်ခေါင်းကို အကြည့်ရောက်သွားကာ ...

"ဟိုဟာလေ ... ဗေစင် ရေခလုတ်ခေါင်းကနေ ရေတွေ တစ်စက် တစ်စက်ကျနေလို့ ပြင်နေတာ၊ ပြီးသွားပါပြီ"

"ဟုတ်လား ... ကျေးဇူးပါပဲ သောတရယ်၊ အိမ်မှာ သီကျူးတစ်ယောက်သာ ရှိတယ်၊ ဘာမှအားမကိုးရပါဘူး၊ မျက်စိထဲ အမြင်မတော်လည်း ဝင်လုပ်သွားဖို့ စိတ်မကူး ဘူး၊ မင်းတစ်ယောက် ရှိလို့သာ မမကြီးမှာ အကူအညီ ရနေတာ၊ နောက်မို့ဆို ရေပျက် မီးပျက်ကိစ္စတွေကအစ တစ်မိန်းကို အားကိုးနေရတာ၊ တစ်မိန်းယောကျ်ား ကိုယ့် အိမ်ထဲ ဝင်တာကိုလည်း မမကြီးက မကြိုက်ပါဘူး"

မမကြီးက ပြောရင်းဆိုရင်း သူ့ဆွဲခြင်းထဲက အထုပ်တွေကို ထမင်းစားပွဲပေါ် ယူချနေသည်။





သောတက ထမင်းစားပွဲ ကုလားထိုင်မှာထိုင်ကာ စားပွဲပေါ် တံတောင်ဖြင့်ထောက်၍ မေးစေ့ကို လက်ဖြင့်ထောက်ထားရင်း မမကြီးကို ကြည့်ကာ ...

"မမကြီး ... မမကြီး ဈေးသွားရင် ကျွန်တော်လည်း လိုက်ခဲ့ချင်တယ်"

"ဘာလိုက်လုပ်မှာလဲ"

"ဟိုဟာလေ ... အိမ်အတွက် လိုအပ်တာလေးတွေလည်း ဝယ်စရာရှိတာနဲ့"

"ဘာလိုအပ်လို့လဲ ..."

"ခရမ်းချဉ်သီးတို့ ကြက်ဥတို့၊ ငရုပ်သီးစိမ်းတို့ ..."

"သြော် ... ဒါများ သောတရယ်၊ သောတကိုယ်တိုင် လိုက်ဝယ်စရာမလိုပါဘူး၊ မမကြီးကို မှာလိုက်ရင် မမကြီး ဝယ်လာပေးမှာပေါ့"

"မမကြီးကို မှာရမှာ အားနာလို့ပါ"

"မမကြီးအတွက် အပမ်းမှမကြီးတာ၊ ဒါနဲ့ နေပါဦး သောတရဲ့၊ မီးဖိုချောင်ကိစ္စက မင်းနဲ့ဘာဆိုင်လို့လဲ၊ မင်းတို့အိမ်မှာ အဒေါ်ကြီးက အားလုံးလုပ်တယ်ဟုတ်လား၊ ဈေးလည်း သူပဲဝယ်နေတာ၊ မမကြီးနဲ့ ဈေးမှာ ခဏခဏ တွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သောတသည် ဘယ်လိုဆက်ဖြီးရင် ကောင်းမလဲ ဟု စဉ်းစားကာ ...

"အဒေါ်ကြီး ဈေးဝယ်သွားရင် အလေးခိုးခံရလို့ပေါ့ မမ ကြီးရာ ..."

မမကြီးက သောတကို ပြုံးစိစိမျက်နှာထားဖြင့် မျက်ခုံးပင့်၍ ကြည့်လိုက်ပြီးမှ ရယ်ချလိုက်ရင်း ...

"အဒေါ်ကြီး ဝယ်လို့ ငါးကျပ်သား အလေးခိုးခံရရင် မင်းဝယ်ရင် တစ်ဆယ်သားလောက် အခိုးခံရမှာပေါ့ သောတရယ်၊ ဟာသတွေ ပြောနေပြန်ပါပြီဟယ်"

"ကျွန်တော် အတည်ပြောနေတာဗျ၊ မမကြီး ကျွန်တော့် ကို မဟားနဲ့"

"အေးပါ ... အေးပါ၊ မဟားတော့ပါဘူး၊ ဒါပေမယ့် ခရမ်းချဉ်သီးလေး ငရုပ်သီးစိမ်းလေး အလေးခိုးမှာ ကြောက်တာနဲ့တော့ မင်းကိုယ်တိုင် ဈေးသွားမနေနဲ့ပေါ့၊ မမကြီးကို မမှာချင်ရင်လည်း အဒေါ်ကြီးကိုပဲ သွားခိုင်း လိုက်တော့နော် ..."

မမကြီးကို သူ ဘယ်လိုဆက်ပြောရမှန်း မသိတာ မို့သာ မရမက ဆက်မပြောဖြစ်ပေမယ့် စိတ်ထဲမှာတော့ တစ်





စက်ကလေးမှ မအေးချမ်းနိုင်ပါ။ ဖတ်ခဲ့မိသော စာသားတွေက သူ့ဒေါသကို ဆွဆွနေကြပါသည်။

"ဘာတဲ့ ... နေနှစ်စင်း အပြိုင်ထွက်သလိုတဲ့ ... ဟုတ် လား၊ သေလိုက်ပါလား ပူကျွမ်းပြီးတော့ ..."

သောတက ဒေါသဖြစ်တိုင်း ရေရွတ်မိသည်။ ဒီပုံ အတိုင်းဆို ဒီစာရေးတဲ့ လူဟာ ဒီအတိုင်းငြိမ်နေမှာမဟုတ်။ မမကြီး ဈေးသွားသည့်နေ့တွေကို စောင့်ကာ ဆက်လက် လှုပ် ရှားမှာပင် ...။

ဒီခေတ်ကြီးဟာ ရည်းစားစာ လိုက်ပေးသောခေတ် မဟုတ်တော့ဘူးဟု ဆိုနိုင်ပေမယ့် မမကြီးလို ပတ်ဝန်းကျင်နှင့် အမြဲ ထိတွေ့ဆက်ဆံနေသူမဟုတ်တဲ့ မိန်းကလေးတစ်ယောက် အနီးကို ချဉ်းကပ်နိုင်ဖို့ဆိုတာ သောတလို အိမ်ကို ဝင်ထွက်နိုင် သည့်သူမှ မဟုတ်ရင် မလွယ်ကူတာမို့ အပြင်ထွက်မည့်အချိန် လေးကို ချောင်းမြောင်းကာ အစိမ်းကြီး ချည်းကပ်ရုံသာ ...။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီလို ကလေးကလား ရည်းစား စာ ပေးတဲ့အလုပ်မျိုးကိုတော့ မလုပ်သင့်ဘူးပေါ့ ငတုံးကြီးရဲ့။

ဒီလူဟာ မမကြီးကို ချစ်လို့လား။ အဝေးကနေ လှမ်းမြင်ရုံလေးနဲ့ ချစ်တယ်ဆိုတာကိုတော့ သောတက မယုံပါ။ သေကာ သောတလို ငယ်စဉ်ကတည်းက နှစ်အိမ်တစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



သွားလာဝင်ထွက်ခဲ့လို့ အနေနီးစပ် သံယောဇဉ် တွယ်ရာကနေ ချစ်သွားတယ်ဆိုတာကမှ ယုတ္တိရှိသေးရဲ့။

သော်တာက နည်းနည်းမှ စိတ်မအေးနိုင်တာမို့ မမကြီး ဈေးသွားတဲ့ရက်မှာ မလှမ်းမကမ်းကနေ တိတ်တဆိတ် ချောင်းမြောင်းလိုက်ပါလာခဲ့ပါသည်။

သော်တာ ထင်တဲ့အတိုင်း မမကြီး ဈေးကအပြန် လမ်းတစ်ဝက်လောက်မှာ မမကြီးနဲ့ လုံးဝ မတူမတန်သော ပုံသဏ္ဌာန်ရှိသည့် ယောကျ်ားတစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲက ထွက်လာကာ မမကြီးနားသို့ ချဉ်းကပ်သွားပါသည်။

သော်တာသည် အံကိုကြိတ်ကာ မနောနားသို့ ရောက်အောင် အပြေးတစ်ပိုင်း လျှောက်လာနေဆဲမှာ မနောက အနားကပ်လာသည့် သူကို သတိထားမိသွားသည်။

မနောက မျက်နှာထားကို တင်းပစ်လိုက်ပြီး ခြေလက်ကို ပိုသွက်ပစ်လိုက်သည်။ ထိုသူကလည်း မနော ခြေလှမ်းကို မီအောင်လိုက်လာကာ ...

"မနော ... နေပါဦး မနောရယ်၊ ကျွန်တော့်ကို စကားလေး တစ်ခွန်း နှစ်ခွန်း ပြောခွင့်ပြုပါ"

"တစ်ခွန်းမှ ပြောခွင့်မပြုနိုင်ဘူးကွ ..."

"ခွပ် ..."





"အ ..."

"ဟင် ... သော်တာ ..."

သော်တာက ဖြုန်းခနဲ မနောရှေ့မှာ ရပ်လာပြီး ထိုသူ့မျက်နှာကို ထိုးပစ်လိုက်တာမို့ မနောက လန့်ဖျပ်နေဆဲ သော်တာက ထိုသူ့ကို ထိုးလည်းထိုး ပါးစပ်ကလည်း ပြော ...

"ကဲ ... အဲဒီမှာ မှောင်အတိကျပြီး သေလိုက်၊ အေးစက်ပြီး သေလိုက် ..."

"ဟဲ့ ... ဟဲ့ ... သော်တာ ... တော်တော့ ... တော်တော့၊ ကဲ ... ကဲ ... ရှင်လည်း မြန်မြန်သွားတော့၊ ပြဿနာမဖြစ်ချင်နဲ့တော့၊ နောက်လည်း လိုက်မနှောင့်ယှက်နဲ့တော့ ..."

မနောက သော်တာကို ဆွဲလွဲ ဖျန်ဖြေရသည်။ သော်တာ အဲ့ဒီလောက် ဒေါသကြီးတာ မနော တစ်ခါမှ မမြင်ဖူးခဲ့ပါ။

သော်တာကတော့ ကုပ်ချောင်းချောင်း ထွက်သွားသော ထိုလူ့ကို ပေစောင်းစောင်း လှမ်းကြည့်နေရင်းက မကျေမချမ်းနှင့် လက်သီးတစ်ချက် ထိုးဟန်ပြလိုက်ရင်း ...

"ကိုယ့်ဥပမိမှ ကိုယ်အားမနာ၊ မမကြီးကိုများ လာမှန်းရတယ်လို့၊ သေသွားမယ် ... ဘာမှတ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ကျိန်းမောင်းလိုက်ပြီးမှ မမကြီးဘက်သို့ လှည့်လာကာ မမကြီးကို ဂျစ်ကန်ကန်ကြည့်ရင်း ...

"အဲ့ဒါကြောင့်မို့လို့ ကျွန်တော် လိုက်မယ်ပြောတာပေါ့၊ ပေး ... ဆွဲခြင်း၊ ကျွန်တော် ဆွဲလာခဲ့မယ်"

ဟု ပြောကာ မမကြီး လက်ထဲက ဆွဲခြင်းကို ခပ်မြန်မြန် လှမ်းဆွဲယူလိုက်ပါသည်။

မနောကတော့ မနောအတွက်ဆို စိတ်ပူတတ်၊ ကာကွယ်ပေးတတ်သော သောတကို ပြုံးတုံ့တုံ့လေးငဲ့ကြည့်ရင်း စိတ်ထဲမှာ ကြည်နူးနေခဲ့ရပါသည်။

မနောမှာ မောင်အရင်းခေါက်ခေါက် တစ်ယောက် ရှိပေမယ့် အဲ့ဒီမောင်အရင်းက မနောအတွက် သောတလို မပူပင်တတ်ခဲ့ပါ။ သောတ ဂရုစိုက်မှန်းသိလို့ ဂရုမစိုက်ဘဲ နေတာလားတော့ မသိပါ။ ဘာပဲဖြစ်ဖြစ် သောတတစ်ယောက် မနောအနားမှာ ရှိနေတာဟာ မနောရဲ့ စိတ်ကို လုံခြုံနေစေပါသည်။

ထိုနေ့မှစကာ မနော ဈေးသွားတိုင်း သောတမောင်က ဈေးခြင်း လိုက်ကူဆွဲပေးတတ်ခဲ့ပါသည်။ ဆွဲခြင်း ကူဆွဲပေးရုံမကသေး၊ မနောနှင့်အတူ ရွှံ့ရေစိုစွတ်သည့် သားငါးဈေးတန်းထဲအထိ ဝင်လိုက်လာကာ ပုစွန်ကူရွေး၊ ကန်စွန်းရွက်ကူရွေး လုပ်တတ်သေးတာပင်။ ပုဆိုးလေး တိုတိုဝတ်ကာ





ယောကျ်ားလေးတန်မဲ့ ဈေးကူဝယ်ပေးတတ်သော သောတကို မနောက သနား အားနာရတာမို့ သောတကို တစ်ပတ် တစ်ရက် လောက်ပဲ အဖော်ခေါ်ကာ ကျန်နှစ်ရက်မှာတော့ မိနီကို ခေါ်သွားလိုက်ပါသည်။

သောတ ပါလာသည့်နေ့တွေမှာ ဈေးနားက မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး အတူဝင်စားကြပြီး စကားတပြောပြော လမ်းလျှောက်ပြန်ဖြစ်ကြသည်။

ဈေးက အနီးလေး ...၊ လူရှုပ်ရှုပ် ကားရှုပ်ရှုပ်၊ ဆိုက်ကားတွေလည်း ရှုပ်လှတာမို့ သောတမောင် ကားနဲ့လိုက်ပို့ရင်လည်း အဆင်ပြေမှာမဟုတ်တာမို့ အမြဲပဲ လမ်းလျှောက်သွားခဲ့ကြတာပင် ...။

သောတက ဈေးခြင်းဆွဲပြီး မမကြီးကို အိမ်ပြန်ပို့သည့်နေ့တွေမှာ သိကျူးနှင့် ဖြူဥက ...

"ဟော ... ဒေါ်သောတမောင်တောင် ပြန်လာပါပကော၊ ဘာတွေဝယ်လာတုန်း အဒေါ်ကြီးရဲ့ ..."

ဟု လှောင်ပြောင်သရော်တတ်သည်။

"ဟဲ့ ... နင်တို့ဖြင့် မကူညီဘဲနဲ့ ကူညီတဲ့သူကို လာမသရော်နဲ့ ..."

မနောက သောတဘက်မှနာကာ ပိတ်ဟောက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ သီကျူးတို့တွေ သောတကို နိုင်တာ၊ ဖဲ့တာ၊ သရော်တာ၊ နိုင်းတာတွေကို မြင်ကြားသိရတိုင်း မနော ရင်နာလှတာပင် ...။

အိမ်မှာဆို သီကျူးဟာ အင်မတန် ဟင်းစားကြီးသူ တစ်ယောက် ဖြစ်ပါသည်။

တစ်ခါတလေ သောတမောင် ကြိုက်တတ်တဲ့ ဟင်းလေးချက်လို့ သောတမောင် လာရင် ကျွေးမလား စဉ်းစားပေမယ့် သီကျူးက တစ်တုံး တစ်ဖတ်မကျန်စားတဲ့အပြင် ပန်းကန်တွေ-အိုးတွေပါ နယ်စားသွားတာမို့ မနောမှာ သောတကို ကျွေးချင်ပေမယ့် ကျွေးခွင့်မသာ။

သောတ အကြိုက် ငါးသလောက်ပေါင်းတဲ့ တစ်ရက်မှာတော့ မနောက သောတအတွက် သပ်သပ်ခပ်ဖယ်ကာ ကြောင်အိမ်ထဲမှာ သိမ်းထားလိုက်ပြီး သီကျူးအတွက် ဟင်းခပ်ထည့်ပေးကာ ...

"ရော့ ... သီကျူး၊ ဒါ ဟင်းအကုန်ပဲ၊ မရှိတော့ဘူး၊ လောက်အောင်စား"

"ဟင်းကလည်း နည်းနည်းလေး"

"မနည်းပါဘူးဟဲ့၊ နင်ဟာ ဟင်းလောဘကို ကြီးတယ်"

သီကျူးက ထမင်းတစ်ပန်းကန်ပြီး တစ်ပန်းကန်





ထပ်ထည့်စားနေတာမို့ ဟင်းက အရင်ကုန်သွားသည်။ သီကျူးက မကျေမနပ်နှင့် ...

"မမကြီး ဟင်းမလောက်ဘူး၊ တခြား ဘာရှိသေးလဲ"

"ဘာမှမရှိတော့ဘူး၊ မယုံ ဒီမှာကြည့် ..."

မနောက ဆေးထားသော အိုးကိုပါ ဖွင့်လှန်ပြခဲ့ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့ပါသည်။

ခဏနေတော့ မီးဖိုချောင်ထဲက သီကျူးရဲ့ ခုနစ်သံချီကို ကြားရသည်။

"မမကြီး ... အလကား ညာတာ၊ ကြောင်အိမ်ထဲမှာ ဟင်းတွေ ဖွက်ထားတယ်"

မနောက ရင်ထိတ်သွားကာ မီးဖိုချောင်ထဲ ပြန်ဝင်လာရင်း ...

"ဟဲ့ ... ထားလိုက်၊ အဲ့ဒါက ဆွမ်းလောင်းဖို့"

"မမကြီး အပိုမပြောနဲ့၊ နာရီကိုလည်း ကြည့်ဦး၊ ၁၂နာရီ ကျော်နေပြီ၊ ဘယ်ဆွမ်းကိုလောင်းမှာလဲ၊ ဒါ ဟိုကောင်အခြောက်ဖို့ ဖွက်ထားပေးတာ မဟုတ်လား"

"မဟုတ်ပါဘူး"

"ညာမနေပါနဲ့၊ မမကြီးက အဲ့ဒီအခြောက်ကိုဆို စေတနာပိုလွန်းတယ်၊ ကျွန်တော် စားပစ်လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သီကျူးက တကယ်ပဲ စားပစ်လိုက်တာမို့ မနော့မှာ ဘာမှလည်းပြောခွင့်မသာဘဲ မျက်ရည်တောင် ဝဲရပါသည်။

သီကျူးက အဲဒီလို အနိုင်ကျင့်တတ်တာမို့ မနော့မှာ သောတကို စားစေချင်သည့် ဟင်းဆို ဘူးကလေးနှင့်ထည့်ကာ မနော့ အိပ်ခန်းထဲအထိ ယူဖွက်ထားရသည်။ သီကျူး အလွယ်တကူ မတွေ့အောင် မုန့်တင်ခုံ အံဆွဲထဲ၊ အဝတ်ဗီရိုထဲထိ ဖွက်ထည့်ထားရသည့်အဖြစ်က ရယ်ချင်စရာပင် ...။

မနော့ ဖွက်ထားသည့် ဟင်းတွေကို သောတ လာတဲ့အခါ ပြင်ဆင်ကျွေးမွေးရတိုင်း မနော့ ပီတိဖြစ်ရသည်။ မနော့ ဟင်းတွေကို နှစ်နှစ်ခြိုက်ခြိုက် အားပါးတရစားနေသော သောတကို ထိုင်ကြည့်ရင်း မနော့စိတ်မှာ ကြည်နူးနေမိတတ်တာပင် ...။

သောတမောင်သည်လည်း ...

မမကြီးရဲ့ ဂရုစိုက်မှုကို ခံယူရှိရတိုင်း ကျေနပ်ပျော်ရွှင်ခဲ့ရသည်ပင် ...။

မမကြီးကို ပိုးပန်းမယ့်လူတွေကို မြင်တိုင်း ဒေါသအမျက်ချောင်းချောင်း ထွက်ရသည်ပင်။

အဲဒီတုန်းကတော့ ...

ဘာဖြစ်လို့ မမကြီးနဲ့ ပတ်သက်ရင် ဆတ်ဆတ်ထိမခံ ဖြစ်ရသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်တာ အမှန်ပင်။

○ ○ ○







www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

*7:45 pm*

သောတမောင်ရဲ့ ကားလေးက ကန်တော်ကြီး ဥယျာဉ်ထဲသို့ ချိုးကွေ့ဝင်လာပါသည်။

ကန်တော်ကြီးထဲ ဝင်ကတည်းက မနောက ဟိုကြည့် ဒီကြည့်နှင့် သီကျူးကို ရှာလာသည်။

သောတမောင်က ကားလေးကို ပါကင်မှာရပ်လိုက်ရင်း …

"ဟိုနား ဒီနားက ဆိုင်တွေကို လျှောက်ကြည့်ရမှာပဲ မမကြီး …"

"သူ့ထိုင်နေကျဆိုင် မရှိဘူးလား"

"စွဲထိုင်တဲ့ဆိုင်တော့ မရှိဘူး မမကြီး၊ သူထိုင်ချင်တဲ့ဆိုင် ဝင်ထိုင်တာပဲ …"





"အင်းလေ … ဒါဆိုလည်း လျှောက်ကြည့်ကြတာပေါ့"

"မမကြီး ကားပေါ်မှာပဲ နေခဲ့လေ၊ ကျွန်တော် လျှောက်ကြည့်လိုက်မယ်"

"မမကြီးလည်း လိုက်ခဲ့ချင်တယ်"

"မမကြီး ပင်ပန်းမှာပေါ့၊ ကားပေါ်မှာပဲ အေးအေးဆေးဆေး ထိုင်နေလိုက်ပါလား"

"ကားထဲမှာ ထိုင်ပြီး စိတ်ပူနေရတာထက်စာရင် လျှောက်ရှာကြည့်နေတာက ပိုပြီး စိတ်ပြေလက်ပျောက် နေသာထိုင်သာ ရှိတာပေါ့ သောတရယ်၊ မမကြီး လိုက်ခဲ့ပါရစေနော်"

မနောက သောတနှင့်အတူ ကားပေါ်မှ ဆင်းလာခဲ့ပါသည်။ နှစ်ယောက်သား ကန်တော်ကြီးထဲအနှံ့ လျှောက်ကြကာ ဆိုင်တွေထဲမှာ သီကျူးကို တွေ့လိမ့်နိုး လျှောက်ကြည့်ကြသည်။ ခုံတန်းကလေးတွေ၊ ကျောက်တုံးကျောက်ဆောင်တွေပေါ်က အတွဲတွေကို လှမ်းမြင်လျှင် သီကျူးများလားဟု လိုက်လိုက်ကြည့်ရတာလည်း အမောပင်။ မတွေ့နိုင်သည့်အဆုံးမှာတော့ မနောရဲ့ ခြေလှမ်းတွေ လေးလံကာ မျက်နှာကလေးလည်း ပြုပ်ဖြူရော် ဖြစ်လာရပါတော့သည်။ သောတက တစ်ချိန်လုံး မမကြီး မျက်နှာကို အရိပ်တကြည့်ကြည့် လုပ်လာခဲ့သူမို့ မမကြီး

www.burmeseclassic.com



ခမျာ စိတ်ရောလူပါ ပင်ပန်းနေရှာမှန်း နားလည်ကာ အလိုက်တသိနှင့် ...

"မမကြီး ... ဟိုဆိုင်လေးမှာ ခဏဝင်ထိုင်ပြီး ကော်ဖီသောက်ရအောင် ...၊ ကော်ဖီသောက်ရင်း ဖြတ်သွားဖြတ်လာတွေကို လှမ်းလှမ်းကြည့်နေလို့ ရတယ်လေ၊ ကံကောင်းရင် သီကျူး ဝင်လာတာနဲ့ဆုံနိုင့်တာပေါ့၊ ဒီနေရာက မြင်ကွင်းလည်းကောင်းတယ်၊ ရှေ့ဘက်ရော ဘေးဘက်တွေပါ လှမ်းမြင်နိုင်တယ်လေ၊ အပေါက်ဝနဲ့လည်း နီးနီးလေး"

သောတ အပြောကောင်းတာမို့ မမကြီးက ခေါင်းညိတ်ကာ သောတနှင့်အတူ ကော်ဖီဆိုင်လေးထဲသို့ ဝင်လာပါသည်။

ကော်ဖီ နှစ်ခွက်မှာလိုက်ကြပြီး နှစ်ယောက်လုံး ငြိမ်ငြိမ်သက်သက် ထိုင်နေဖြစ်ကြသည်။

မနောတို့ ထိုင်နေတဲ့ နေရာလေးကနေ လှမ်းမျှော်ကြည့်လျှင် ရွှေရောင်လင်းလက်နေသည့် ကရဝိက်ကြီးနှင့် ကန်ရေပြင်ကိုလည်း လှမ်းမြင်နိုင်သည်။ ရွှေတိဂုံဘုရားကြီးကိုလည်း မြင်နိုင်သည်။

မနောက ရွှေတိဂုံဘုရားကြီးဘက်သို့ လှည့်ကာ





လက်အုပ်ကလေး နှစ်ဖက်ယှက်ချီပြီး သီကျူးကို မြန်မြန်တွေ့ပါစေဟု ပါးစပ်လေးလှုပ်ရုံ ဆုတောင်းဦးညွှတ်လိုက်သည်။ သောတကတော့ မမကြီးကို ငေးကြည့်နေမိပါသည်။

ကန်ရေပြင်ကို ဖြတ်တိုက်လာသည့် လေပြေအေးအေးက မမကြီးရဲ့ နားသယ်စက ကပိုကရို ဆံစပါးပါးလေးတွေကို လှုပ်ယမ်းဆော့ကစားသွားသည်။ ကော်ဖီခွက်တွေ လာချပေးသွားသည့်အထိ မမကြီးက ကန်ရေပြင်ဘက်ဆီသို့ ငေးမောချက် စိတ်အာရုံ ပျံ့လွင့်နေသည်။ သောတက မမကြီးရှေ့ကော်ဖီခွက်ကို အသာကလေး လှမ်းယူပြီး သောက်လို့ရရုံ နွေးနွေးလေးဖြစ်သည်အထိ မှုတ်ပေးလိုက်ပြီးမှ မမကြီးရှေ့မှာ အသာပြန်ချပေးထားလိုက်သည်။

ခဏနေမှ မမကြီးက သက်ပြင်းကလေး အသာချကာ ပြန်လှည့်လာပြီး ကော်ဖီတစ်ငုံသောက်လိုက်သည်။ စိတ်တွေပျံ့လွင့်ပြီး အလွယ်တကူ ယူသောက်လိုက်တာမို့ သောတသာမှုတ်ပေးမထားရင် မမကြီး အပူလောင်မှာသေချာသည်။ ဒီလိုဖြစ်မယ်ဆိုတာ ကြိုမြင်လို့ သောတကလည်း အလိုက်တသိလေးမှုတ်ပေးထားခဲ့တာပင်။ သောတက မမကြီးကို အမြဲ ဂရုစိုက်သူမို့ မမကြီးစိတ်ကို မှန်းဆနိုင်တာပင်။ သောတ မမှန်းဆနိုင်တာ တစ်ခုတော့ ရှိတာပေါ့လေ ...။ အဲ့ဒါကတော့ မမကြီး သောတကို ချစ်မချစ် ဆိုတာကိုပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက ကော်ဖီသောက်နေရင်းက ဆိုင်ရှေ့လမ်းဘက်သို့ လှမ်းကြည့်နေဆဲမှာ ခပ်သဲသဲကဲကဲ စုံတွဲတစ်တွဲ ဖြတ်လျှောက်သွားတာကို လှမ်းမြင်ရသည်။ သောတတို့ ကြည့်နေဆဲမှာပဲ ထိုအတွဲက မှောင်ရိပ်ကျကျ ခုံတန်းလေးပေါ်မှာ ပူးပူးကပ်ကပ် သွားထိုင်လိုက်ကြတာမို့ မမကြီးက မျက်နှာလွှဲလိုက်ရင်း

"သမီး မိန်းကလေး မွေးထားရတဲ့ အမေတွေခမျာလည်း တစ်နေ့မှ စိတ်အေးရမှာ မဟုတ်ဘူးနော်၊ ဒီလိုအချိန် ညဘက်ကြီးမှာ သူတို့သမီးလေး မှောင်ရိပ်ခိုထိုင်ပြီး ချိန်းတွေ့နေတာသာသိရင် ရင်ကျိုးကြရှာမှာပဲ၊ မမကြီးလည်း ဖြူညအတွက် သိပ်စိတ်ပူတာပဲ ...၊ စုံတွဲတွေ ထိုင်နေတာမြင်ရင် ကိုယ့်ညီမလေးများ ဖြစ်နေမလားလို့ လိုက်လိုက်ကြည့်ရတာအမောပဲ၊ ဖြူညအတွက် စိတ်ချချင်ပြီ သောတရယ် ..."

မမကြီး စကားက သောတရဲ့ အနာဟောင်းကို တုတ်နဲ့ဆွလိုက်သလိုမို့ သောတက မမကြီးကို မကျေမနပ် မျက်စောင်းထိုးသလို ဇွေကြည့်လိုက်ရင်း ...

"ဖြူညကို စိတ်ချရအောင် မမကြီးက ဘာလုပ်ချင်လို့လဲ ကျွန်တော့်ဘက်တော့ လှည့်မလာနဲ့နော် ..."

သောတရဲ့ တိုတိုဆတ်ဆတ် အပြောကြောင့် မမကြီးက ပြုံးလိုက်ရင်း ...





"မင်းမလည်း ဒီကိစ္စကို ခုထိ အစာမကြေသေးဘူးလား၊ မမကြီး မှားသွားပါတယ်လို့ တောင်းပန်ထားတဲ့ ဥစ္စာ"

"မမကြီး ညီမကို စိတ်ချချင်ရင် ကျွန်တော့်မှအပ တခြား သင့်တော်ရာရာ ယောကျ်ားတစ်ယောက်နဲ့ မြန်မြန်ပေးစားလိုက်ပေါ့ ..."

သောတက ကလေးတစ်ယောက်လို ရှုပ်ပုပ် မျက်နှာထားနှင့် ပြောတာမို့ မမကြီးက သောတကို ပြုံးစိုက်ကြည့်နေလိုက်သည်။ အပြုံးလေးကိုက ချော့သလို အပြုံးလေး ...။

အဲ့ဒီ အပြုံးလေးလောက်နဲ့ ကျေနပ်မယ်ထင်သလား မမကြီးရာ ...။ မမကြီးရဲ့ ဖြူညကို စိတ်ချချင်တဲ့လောဘကြောင့် ကျွန်တော် ခံစားခဲ့ရတာက ရင်ဘတ်တစ်ခုလုံး မွမွကြေသူမတတ်ပဲလေ ...။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"ဟိတ် ... ရှုတ် ... ရှုတ် ... သောတ၊ ခဏ ..."

ဖြူဥက အိမ်ရှေ့ ပန်းချုံလေးနားကနေ လှမ်းခေါ်
နေတာမို့ သောတက အိမ်ထဲသို့ ဝင်မသွားသေးဘဲ ဖြူဥဆီသို့
လျှောက်လာခဲ့သည်။ ဖြူဥခေါ်သျှင် ဘာမဟုတ်တာ ခိုင်းမလို့
များလဲဟု ရင်ထိတ်ရသည်။ ပြီးတော့ ... ဖြူဥက မမကြီးလို
မယဉ်ကျေး။ မမကြီးဆို သောတကို သူ့ထက်ငယ်တယ်ဆိုပြီ
ဘယ်တော့မှ မရိုမသေမဆက်ဆံ။ နိုင့်ထက်စီးနင်းလည်း မပြော
ဖြူဥတို့ကတော့ သောတကို ခေါ်တာတောင် 'ဟဲ့ ... လာဦး
'ရှုတ် ... ရှုတ် ခဏ' ဆိုတာမျိုး မလေးမခန့်ရှိလှပါသည်
ဒါတောင် ဖြူဥက သောတထက် နှစ်နှစ် ငယ်သေးတာ။

"ဘာကိစ္စလဲ ..."

"ငါအပြင်သွားချင်လို့ ခဏလောက် လိုက်ခဲ့စမ်းပါဟယ်"





"ဘယ်ကိုသွားမှာမို့လို့လဲ ..."

"ငါ့ရည်းစားနဲ့ သွားချိန်းတွေ့မလို့ ..."

"နင့်ဘာသာ ချိန်းတွေ့တာကို ငါက ဘာလိုက်လုပ်ရမှာလဲ"

"မမကြီးက ငါရည်းစားထားတဲ့ ကိစ္စကို ရိပ်မိနေလို့ ခုတလော အပြင် တစ်ယောက်တည်း ပေးမလွှတ်လို့ပါဟာ၊ နင်ပါရင်တော့ မမကြီး စိတ်ချမှာပါ"

"ငါ့ကို ခုတုံးမလုပ်စမ်းပါနဲ့ ဖြူဥရာ ...၊ လိမ်လိမ်မာမာလေး နေပြီး မမကြီးကို စိတ်ချမ်းသာအောင် ထားစမ်းပါ၊ မမကြီးခမျာ နင်တို့ကြောင့် အမြဲ ပူပင်သောက ရောက်နေတာ ဘယ်လောက်သနားဖို့ကောင်းလဲ"

"အရေးထဲမှာ မှာတမ်းတွေ လာခြွေမနေစမ်းပါနဲ့ဟာ၊ နင် ငါနဲ့ အသာတကြည် အဖော်လိုက်ပေးရင် မမကြီး စိတ်အေးချမ်းသာ ကျန်ခဲ့မယ်၊ နင် အဖော်မလိုက်လို့ ငါတစ်ယောက်တည်း မမကြီးမသိအောင် ခိုးထွက်သွားရင် မမကြီး စိတ်ဆင်းရဲပြီး ကျန်ခဲ့မယ်၊ အဲဒီတော့ နင် ဘယ်လမ်းကိုရွေးမလဲပြော၊ ငါကတော့ နင်လိုက်လိုက် မလိုက်လိုက် မရရအောင် ထွက်သွားမှာပဲ"

ဖြူဥက အကြပ်ကိုင်တာမို့ သောတ စိတ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သို့သော် ... သူစိတ်ဆင်းရဲတာက အရေးမကြီး၊ မမကြီး စိတ်ဆင်းရဲတာက ပိုအရေးကြီးတာမို့ ဖြူဥရဲ့ တောင်းဆိုမှုကို လက်ခံလိုက်ရသည်။ ဖြူဥက သူ့လက်ကို ပိုင်စိုးပိုင်နင်း ရဲရဲတင်းတင်း ဆွဲလျက် မမကြီးရှေ့သို့ ခေါ်သွားကာ ...

"မမကြီး ... ဖြူဥ သောတနဲ့ အပြင်ခဏသွားလိုက်ဦးမယ်"

မမကြီးက နှစ်ယောက်လုံးကို အကဲခတ်သလို ကြည့်ရင်း ...

"ဘယ်သွားမလို့လဲ ..."

"သောတက ရှမ်းခေါက်ဆွဲ သွားစားချင်တယ်ဆိုလို့"

"သောတက စားချင်တာလား၊ နင်က စားချင်တာလား"

"သောတ စားချင်တာ၊ မယုံရင် သောတကို မေးကြည့် ... သောတ ပြောလိုက်လေ ... နင် ငါ့ကို အဖော်ခေါ်တဲ့ အကြောင်း ..."

အမြဲလို သောတကို အခြောက်ဟု စွပ်စွဲနေတတ်သော ဖြူဥက ဒီတစ်ခါတော့ ဘာစိတ်ကူးနဲ့မှန်း မသိ သောတဘက်သို့လှည့်ပြီး မျက်စကလေးချီကာ ချွဲနွဲ့နွဲ့လေး ပြောလာသည်။ သောတက စိတ်ထဲမှာ မချိသော်လည်း မမကြီး စိတ်အေးပါစေဟူသော စေတနာနှင့် လိမ်ညာရသည်။





"ဟုတ်ပါတယ် မမကြီး၊ ကျွန်တော် ဖြူဥနဲ့အတူ မုန့်သွားစားချင်လို့ပါ"

မမကြီးက ခဏငြိမ်သွားပြီးမှ ...

"ကဲ ... ကဲ ... ဒါဆိုလည်း သွား၊ မိုးမချုပ်ခင်တော့ ပြန်လာခဲ့ကြ ..."

ဟု ခွင့်ပြုလိုက်သည်။ ဖြူဥက သောတ လက်ကို ချိတ်ပြီး မမကြီးရှေ့မှ လှည့်ထွက်လိုက်သည်။ သောတမောင်က ဖြူဥလက်မှ ကန့်လန့်ကန့်လန့် ပါလာရင်းက စိတ်မဖြောင့်နိုင်တာမို့ မမကြီးကို သမင်လည်ပြန် လှည့်ကြည့်မိတော့ သောတတို့နှစ်ယောက်ကို ငေးကြည့်နေသော မမကြီးရဲ့ မျက်ဝန်းတွေနှင့် ရင်ဆိုင်ရသည်။ ထိုမျက်ဝန်းတွေကြောင့် သူ့စိတ်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။ ဘယ်လိုတစ်မျိုးကြီးလဲ,ဆိုတာတော့ သေချာ ရှင်းမပြတတ်ပါ။

ဖြူဥက အဲ့ဒီလိုအလုပ်မျိုးကိုမကြာခဏလုပ်သည်။ ဖြူဥနှင့်အတူတွဲ၍ မမကြီးရှေ့မှ ထွက်ခွာလာရတိုင်း သောတလည်း သမင်လည်ပြန် ကြည့်မိမြဲ။ မမကြီးကလည်း သောတ အဓိပ္ပာယ်မဖော်နိုင်သည့် အကြည့်မျိုးဖြင့် သောတတို့နှစ်ယောက်ကို ကြည့်ကျန်ခဲ့မြဲ။

အပြင်ရောက်လျှင်တော့ ဖြူဥက သောတကို လက်တွဲဖြုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ သောတ၊ အသင်သွားလိုရာ သွားနိုင်ပြီ ငါလည်း ငါ့ရည်းစားနဲ့ တွေ့လိုက်ဦးမယ်၊ နောက် တစ်နာရီကြာရင် နင်နဲ့ငါ လမ်းထိပ်က အအေးဆိုင်မှာ ပြန်ဆုံမယ်၊ အိုကေနော် ... ဘိုင့်ဘိုင်"

ဖြူဥက နည်းနည်းနောနော လူပါးဝတာမဟုတ်၊ သောတမှာ ဟိုဟိုဒီဒီ သွားစရာရှိတာလေးတွေ သွားပြီး သူချိန်းသည့် အချိန်၊ သူချိန်းသည့် နေရာမှာ ပြန်စောင့်ပြီး မမကြီးရှေ့မှောက်သို့ အတူအရောက်ပြန်ရသည်။

တစ်နေ့တော့ မမကြီးက သောတကို ခေါ်ကာ...

"သောတကို မမကြီး ပြောစရာရှိလို့ ..."

"ပြောလေ ... မမကြီး"

"ဖြူဥကို စောင့်ရှောက်ပါကွယ် နော် သောတ ..."

"ဟုတ်ကဲ့ ... စိတ်ချပါ မမကြီး၊ ကျွန်တော် စောင့်ရှောက်မှာပါ"

သူက မဆိုင်းမတွ ကတိပေးလိုက်သည်။ မမကြီးပြောတဲ့ စကားရဲ့ အတိမ်အနက်ကိုလည်း သေချာမစဉ်းစားမိပါ။ ဖြူဥ သူ့ရည်းစားနဲ့ ချိန်းတွေ့ရင်း မတော်တဆ မဖြစ်ရအောင် စောင့်ရှောက်ပေးမှပါပဲဟုသာ စဉ်းစားမိကာ ဖြူဥ သူ့ရည်းစားနှင့် တွေ့သည့်နေရာထိ သူက တကောက်ကောက် လိုက်ရသည်။ ဖြူဥက သောတကို စိတ်တိုကာ ...





"သောတ ... နင် ဘာဖြစ်လို့ ငါတို့နောက်ကို ကန့်လန့်ကန့်လန့် လိုက်နေရတာလဲ၊ နင့်ဘာသာ တစ်နေရာက သွားစောင့်နေပါလား၊ ရည်းစားနဲ့ ချိန်းတွေ့ပါတယ်ဆိုမှ နင်က လိုက်ရှုပ်နေတော့ ငါတို့က နင့်ရှေ့မှာ ဘာတွေပြောပြီး ဘာတွေလုပ်ရမလဲ၊ အလိုက်ကိုမသိဘူး"

"မမကြီးက နင့်ကို စောင့်ရှောက်ဖို့ ငါ့ကိုမှာထားတယ် ဖြူဥ"

"နင် စောင့်ရှောက်ဖို့ မလိုပါဘူး၊ ငါ့ကို စောင့်ရှောက်ဖို့ ငါ့ရည်းစားတစ်ယောက်လုံး ပါတယ်"

"နင့်ရည်းစားက နင့်ကိုစောင့်ရှောက်မှာလား၊ အခွင့်အရေးယူမှာလားဆိုတာ သေချာ မသိနိုင်ဘူးလေ"

"ဘာ၊ အဲ့ဒါ နင်နဲ့ဆိုင်သလား ..."

"မမကြီးနဲ့ ဆိုင်တယ်လေ၊ မမကြီးနဲ့ဆိုင်ရင် ငါနဲ့ဆိုင်တာပဲ"

"မမကြီးနဲ့ နင်နဲ့ ဘာဆိုင်လို့လဲ၊ နင်က သီကျူး သူငယ်ချင်းပဲ"

"သူငယ်ချင်းအစ်မက ငါ့အစ်မပေါ့၊ ငါ့အစ်မ စိတ်မဆင်းရဲအောင် ငါ အတတ်နိုင်ဆုံး တာဝန်ယူရမှာပဲ"

ဖြူဥက ဘာပြောနေနေ သောတမောင်က မမကြီး



www.burmeseclassic.com

www.burmeseclassic.com



စကားကို ဦးထိပ်ပန်ဆင်ကာ ဖြူဉ ဘယ်သွားသွား ကန့်လန့် ပါသည်။ ဖြူဉတို့အတွဲ ကော်ဖီဆိုင်ထိုင်လျှင် သူလည်း လိုက်ထိုင်သည်။ ဖြူဉတို့အတွဲ အင်းလျားကန်ပေါင်သွားပြီး ခုံတန်းလေးမှာ ပူးကပ်ထိုင်နေလျှင် သူက ခုံတန်းရှေ့ အုတ်ပေါင်လေးပေါ်မှာ ထိုင်သည်။ ဖြူဉတို့ နေရာရွှေ့လျှင် သူလည်း လိုက်ရွှေ့သည်။ ဖြူဉက သောတကို ငေါက်ကာ မောင်ရေ... အချစ်ရေ၊ ဒါလင်ရေ... အဟင့်... အဟွတ်တွေ လုပ်နေလျှင် သူက နားထဲကို တစ်ရှူးနှင့်ဆို့ထားလိုက်သည်။ ကြာတော့ သောတလည်း ဖြူဉကို ပြန်ငေါ့ချင်လာကာ သူတို့အတွဲကို သေချာ မျက်နှာချင်းဆိုင် ကြည့်ပေးလိုက်သည်။ ဖြူဉက ဘယ်လောက် ရွတ်တယ်ပဲဆိုဆို သူ့ရှေ့မှာတော့ ဖက်ဟယ် နမ်းဟယ် မလုပ်ရဲ။ ဖြူဉက လုပ်ရဲတဲ့တိုင် ဖြူဉရည်းစားက အဲ့ဒီလောက် မျက်နှာမပြောင်။

သောတမောင်က ထိုသို့ ဖြူဉကို စွမ်းစွမ်းတမံ ကာကွယ်လျက်ရှိစဉ်မှာ မနောကတော့ ငေးငေး တွေးတွေး ဆွေးဆွေးလေး ဖြစ်နေခဲ့ပါသည်။

မနောရင်ထဲမှာ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရသလို လပ်ဟာဝမ်းနည်းနေခဲ့တာပင်...။ ဖြူဉနဲ့ သောတတို့ မနောရှေ့ကနေ အတူတွဲ၍ ထွက်ခွာသွားတိုင်း သူတို့နှစ်ယောက်





ရဲ့ ကျောပြင်ကို ငေးကြည့်ရင်း ရင်ထဲမှာ ဆွေးကျန်ခဲ့ရတာပင်။ ဒါဟာ ဘာကြောင့်လဲဆိုတာ ကိုယ်တိုင်လည်း သေချာမသိပါ။

မနော စိတ်မှာ သေချာခဲ့တာကတော့ ဖြူဉနဲ့ သောတတို့ မေတ္တာမျှနေပြီဟူ၍ပင်...။ ဖြူဉကလည်း သောတ လက်ကိုတွဲလို့၊ သောတကလည်း အိုးတိုးအမ်းတမ်း ရှက်ကိုးရှက်ကန်း မျက်နှာလေးနဲ့ မနောရှေ့မှာ ရပ်လာခဲ့တာ။ ပြီးတော့ မနောကို ခွင့်တောင်းပြီး မနောရှေ့ကနေ အတူတွဲပြီး ထွက်သွားခဲ့တဲ့ အကြိမ်ပေါင်းလည်း မနည်းတော့...။ သူတို့ပြန်ရောက်လာကြတဲ့အခါ ဖြူဉ မျက်နှာကလေးလည်း လန်းရွှင်လို့...။ သောတကတော့ မနော ဆူမှာ၊ မနော ရိပ်မိသွားမှာကြောက်လို့ပဲလားမသိ မျက်နှာကလေး ညှိုးနွမ်းနေတတ်သည်။

သေချာပြီ။ သူတို့ မေတ္တာရှိကြတာ သေချာပါပြီ။ တစ်ချိန်က ဖြူဉဟာ သောတနဲ့ တကျက်ကျက် ရန်ဖြစ်ခဲ့ပေမယ့် သောတကလည်း ဖြူဉကို သိပ်ကြည့်မရလှပေမယ့် လူငယ်ချင်း အနေနီးစပ်ကြရင် စိတ်ဆိုတာ တစ်ချိန်မှာ ပြောင်းလဲသွားနိုင်တာပဲ မဟုတ်လား။

မနောသည် သူတို့ မေတ္တာရှိကြပြီဟူသော ကိုယ့်ဘာသာ သေချာနေသည့် အတွေးကြောင့်ပင် အိပ်ရာထဲမှာ ခပ်နွမ်းနွမ်းလဲ့ကာ အသက်ရှင်နေထိုင်ရတာ ဘာအဓိပ္ပာယ်မှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့သလို ခံစားလိုက်ရသေးသည်။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာပါလိမ့်ဟု ကိုယ့်ဘာသာ မေးပြီး ကိုယ့်ညီမလေး ဖြူဥကို နှမြောလို့ပဲဖြစ်မှာပါဟု ကိုယ့်ဘာသာ ပြန်ဖြေလိုက်သည်။

သောတမောင်ကတော့ ကိုယ့်မောင်လေးရဲ့ သူငယ်ချင်းဆိုတော့ ကိုယ့်မောင်လေးပဲပေါ့ ... ဟု စိတ်မှာ ပြဋ္ဌာန်းသတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို မနော ပယ်ဖျက်ဖို့ စိတ်ကူးမရှိပါ။ ဖြူဥရဲ့ ခင်ပွန်း ဖြစ်လာခဲ့ရင်လည်း မနောရဲ့ မောင်လေး ဖြစ်လာမှာပဲမဟုတ်လား။ ကိုယ်ကတော့ သူတို့အားလုံးရဲ့ မမကြီး ဖြစ်ပါသည်။

မနောသည် အတွေးမျိုးစုံဖြင့် ရက်တော်တော်ကြာ စိတ်တွေ လေလွင့်နေပြီးနောက်မှာ ဖြူဥကို စိတ်ချရအောင် သောတမောင်နဲ့ အိမ်ထောင်ချပေးလိုက်မှပါပဲဟု ဆုံးဖြတ်မိပါသည်။ ဒါမှ ကိုယ့်မောင်လေးအဖြစ် ပိုင်ပိုင်နိုင်နိုင် သတ်မှတ်နိုင်မှာ။ သောတမောင်ကို မောင်လေးနေရာမှာ ကန့်သတ်ထားလိုက်ချင်ပြီ။

မနော သဘောတူလျှင် ဖေဖေ မေမေတို့ကလည်း ကြည်ဖြူကြမှာပင် ...။ အရင်ဆုံး သောတမောင်ကို နားချနိုင်ဖို့သာ လိုတာပင် ...။

မနောသည် တစ်နေ့မှာ ကိုယ့်စိတ်ကို ဆောက်တည်အားမွေးကာ သောတကို စကားပြောစရာ ရှိတယ်ဟု





ပြောပြီး မနောတို့လမ်းနဲ့ သိပ်မဝေးလှတဲ့ ဘုရားလေးကို လာခဲ့ရန် ချိန်းဆိုလိုက်ပါသည်။

ထိုနေ့မှာ ...

သောတမောင်ကတော့ မမကြီး ဘာလို့ ဘုရားကို လာခဲ့ခိုင်းပါလိမ့်ဟူသော အတွေးကို တွေးရင်းကပင် စိတ်နှလုံး အေးမြရွှင်ပျလျက် ပုဆိုးလေးနှင့် ရှပ်ဖြူလေးကို ရွေးချယ်ဝတ်ဆင်လာခဲ့ပါသည်။

မမကြီး မနက် မနက် ဘုရားရှိခိုးနေတာမြင်မိတိုင်း မမကြီးနဲ့အတူ ဘုရားတက်ခွင့်ရရင်ဟူသော အတွေးကို သောတ မကြာခဏ တွေးမိခဲ့တာပင် ...။ ဘာဖြစ်လို့ မမကြီးနဲ့မှ ဘုရားကိုသွားချင်ရတာလဲဆိုတာတော့ မပြောတတ်။ မမကြီးက အေးချမ်းတဲ့သူမို့လို့ အေးချမ်းတဲ့သူနဲ့ ဘုရားတက်ရင် ပိုပြီး အေးချမ်းရမယ်လို့ ထင်မိတာကြောင့်ပဲ နေမှာပါ။

မမကြီးဟာ သောတ သူငယ်ချင်းရဲ့ အစ်မကြီးမို့ ကိုယ့်အစ်မကြီးလို ခင်မင်မိတာကြောင့်လည်း ဖြစ်မည်။ သောတ မမကြီးတို့အိမ်သို့ မနက်ဘက်ရောက်တိုင်း မမကြီး ဘုရားရှိခိုးနေတာမြင်လျှင် အသာတိတ်ဆိတ်ရပ်တန့်ကာ မျက်တောင်လေးတွေ မှေးစင်းလျက် ဘုရားဝတ်ပြုနေသော မမကြီးရဲ့ ငြိမ်းချမ်းသိမ်မွေ့တဲ့ မျက်နှာလေးကို ငေးကြည့်ခဲ့ဖူးသည်။ အဲ့ဒီလို ငေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဲ့လား၊ ငရဲကြီးမလားတော့ မသိ။ ကြည့်လို့ကောင်းလို့ ကြည့်မိရုံနဲ့တော့ ငရဲမကြီးလောက်ဘူး ထင်သည်။

သောတက ဘုရားသို့အလာ လမ်းကအအေးဆိုင်လေးသို့ဝင်ကာ မမကြီး ကြိုက်သည့် သခွားမွှေးမစ်ရှိတ် ဝယ်ကာ ပါဆယ်ဘူးလေးဖြင့် ထည့်ခိုင်းလိုက်သည်။ ဘုရားရင်ပြင်မှာ နေပူနေတုန်း အအေးလေးသောက်လိုက်ရင် ရင်အေးသွားမှာ သေချာပါသည်။

သောတက ပုဆိုးလေး အသာမကာ လှေကားနစ်ထစ်ကို ခြေတစ်လှမ်းနှုန်းဖြင့် ဘုရားရင်ပြင်ပေါ်သို့ လှမ်းတက်လာနေဆဲမှာ ပန်းရောင်းသည့် မိန်းကလေးတစ်ယောက်က ရှေ့မှာ ကာဆီးလာကာ ...

"အစ်ကို ... ပန်းဝယ်ပါဦး၊ ချစ်သူနဲ့အတူ ပန်းလှူရင် အချစ်ရေး ဖြောင့်ဖြူးတယ် အစ်ကိုရဲ့ ..."

"အာ ... ချစ်သူနဲ့လာတာမှ မဟုတ်ဘဲဗျ"

"မဟုတ်လည်း ဝယ်ပါ အစ်ကိုရယ်၊ ပန်းလှူတော့ ကုသိုလ်ရတာပေါ့၊ အခု ချစ်သူမရသေးလည်း ချစ်သူမြန်မြန်ရပါစေလို့ ဆုတောင်းပြီး လှူလိုက်ပေါ့"

သောတမောင်က ထိုအချက်ကို သဘောကျကာ နှင်းဆီပန်းတစ်စီး ဝယ်ပြီး ဘုရားပေါ်သို့ ဆက်တက်လာခဲ့သည်။





ဘုရားရင်ပြင်ပေါ်ရောက်တော့ ဘုရားကို တစ်ပတ်ပတ်ကာ မမကြီးကို ရှာရသည်။ ဟော ... မမကြီးကို တွေ့ပါပြီ။

ငြိမ်းချမ်းစွာ ဘုရားဝတ်ပြုနေသော မမကြီးကို လှမ်းမြင်လိုက်တော့ သောတ ရင်ထဲမှာအေးသွားပါသည်။ မမကြီးတစ်ယောက်ဟာ ရှေးဆုတောင်းကောင်းလို့ပဲလားမသိ မြင်သူတကာကို ရင်အေးစေသည့် ရုပ်ရည်ကို ပိုင်ဆိုင်ထားပါသည်။

သောတက မမကြီးနားသို့လျှောက်သွားပြီး မမကြီးနားမှာ ငြိမ်ငြိမ်လေးထိုင်ရင်း မမကြီးကို ငေးကြည့်နေမိသည်။ ခဏကြာတော့ မမကြီးက ဘုရားဦးချလိုက်ပြီး မျက်လုံးလေးဖွင့်ကြည့်လာကာ ...

"ဩော် ... သောတတောင် ရောက်နေပြီပဲ၊ ရောက်တာကြာပြီလား"

"မကြာသေးပါဘူး မမကြီး၊ ခုလေးပဲ ရောက်တာ၊ ရော့ ဒီမှာ မမကြီးကြိုက်တဲ့ သခွားမွှေးမစ်ရှိတ် ဝယ်လာတယ်၊ သောက်လိုက်ဦး"

"မင်းပဲ သောက်လိုက်ပါ၊ မမကြီး မသောက်ချင်ဘူး"

"မမကြီးဖို့ ဝယ်လာတာပဲ၊ မမကြီးပဲ သောက်လိုက်ပါ"

"မမကြီးမှ မသောက်ချင်တာ ..."

သောတက ငြင်းဆန်နေသော မမကြီးမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်မိသည်။ မမကြီးရဲ့ မျက်နှာထားက အရင်လို မဟုတ်။ အရင်ကဆို နုနယ်ရိုးစင်းတဲ့ မျက်နှာထားလေးနဲ့၊ ကြည်လင်နွေးထွေးတဲ့ မျက်ဝန်းကလေးတွေနဲ့။ ခုတော့ မမကြီးရဲ့ မျက်နှာထားက ရင့်မာလွန်းတဲ့ အတည်ပေါက် မျက်နှာမျိုး။

"သောတမောင်ကို မမကြီး အရေးကြီးတာ ပြောစရာရှိလို့ ခေါ်လိုက်တာ၊ မမကြီး ပြောတဲ့ စကားကို သေချာလေး နားထောင်ပေးပါ"

"ပြောပါ ... မမကြီး"

သောတက လက်ထဲက အအေးဘူးနှင့် ပန်းစည်းကို အုတ်ဆောင်လေးတစ်ခုပေါ် လှမ်းတင်ထားလိုက်ပြီး မမကြီး ပြောမည့် စကားကို အလေးအနက် နားစွင့်ထားလိုက်ပါသည်။

မမကြီးက သောတကို စိုက်ကြည့်လိုက်ပြီးမှ မျက်နှာလွှဲသွားရင်း ...

"မမကြီး မင်းကို ဖြူဥနဲ့ နေရာချပေးချင်တယ် ..."

"နေရာချ !၊ ဘာကို နေရာချမှာလဲ ..."

သောတက အူကြောင်ကြောင်လေးပြန်မေးရသည်။ 'နေရာချ' ဆိုသည့် စကားကို ချက်ချင်း နားမလည်နိုင်လို့ပင်။

မမကြီးက မျက်နှာခပ်လွှဲလွှဲနှင့်ပင် ...

"ဖြူဥက မလိမ္မာတော့ သူ့အတွက် မမကြီး တစ်နေ့မှ





မစိတ်မအေးခဲ့ရဘူး သောတ၊ မမကြီး သူ့အတွက် စိတ်အေးချင်တယ်၊ အဲ့ဒါကြောင့် မင်းနဲ့ ဖြူဥကို လက်ထပ်ပေးချင်တယ်၊ မင်းတို့ချင်း ရည်ငံနေကြတာကိုလည်း မမကြီး ရိပ်မိပါတယ်"

"မမကြီး ..."

သောတသည် 'မမကြီး'ဟူသော စကားလုံးလေး သုံးလုံးကို နှုတ်ခမ်းလေး လှုပ်ရုံသာ ပြောနိုင်တော့သည်။ အသံထွက်မလာ ...။

အံ့ဩလွန်း ရင်နာလွန်းစွာ ဆို့နင့်နေတာကိုတော့ ကိုယ့်ဘာသာ နားလည်သိရှိပါသည်။ ဘာဖြစ်လို့ အဲ့ဒီလောက် ရင်ဆို့နေတယ်ဆိုတာကိုသာ မသိတာ ...။ ချက်ချင်းကြီး အသက်ရှူကြပ်လာတာ၊ ဘယ်ဘက်ရင်ဘတ်ဆီမှာ ကြွပ်ခဲလေး နင့်နေတာ၊ မျက်လုံးတွေ စိုစွတ်လာတာ ...။ ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ။ မဟုတ်ရင် မဟုတ်ဘူးလို့ ငြင်းလိုက်ရင် ပြီးတာပဲ မဟုတ်ဘူးလား။ ဘာ ဒီလောက် ခံစားနေစရာလိုလဲ။

သောတသည် ရုတ်တရက် မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲ ငုံ့ချဖွက်ထည့်လျက် ငြိမ်သက်သွားသည်။

အဝေးသို့ ငေးနေသော မနောသည် ပုံမှန်မဟုတ်သော တိတ်ဆိတ်မှုကြောင့် သောတဘက်သို့ လှည့်ကြည့်လာသော ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … သောတ … ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟင်၊ မမကြီး သိသွားတာကို ရှက်လို့လား၊ မရှက်ပါနဲ့ သောတရယ်၊ ဒါမျိုးအဖြစ်တွေ ရှိတတ်ပါတယ်၊ မမကြီး နားလည်ပါတယ်၊ မမကြီးက သောတနဲ့ဆို သဘောတူပြီးသားပါ၊ မင်းကို မမကြီး စိတ်မဆိုးပါဘူး၊ သိကျူးကိုလည်း မမကြီး ဖျောင်းဖျ …"

"ဘာတွေ ပြောနေတာလဲဗျာ …"

မမကြီးက သောတ ပခုံးကို လှုပ်ကာလှုပ်ကာ တတွတ်တွတ် ပြောနေဆဲမှာ သောတက ဖြုန်းခနဲ ခေါင်းမော့လာရင်း စိတ်တိုစွာ အော်ပစ်လိုက်မိပါသည်။

သောတ မျက်နှာက နီရဲလျက်၊ မျက်လုံးတွေက စွတ်စိုလျက်၊ နှာရည် အနည်းငယ်စို့နေကာ ပါးပေါ်မှာလည်း မျက်ရည်စလိုလို စွတ်စွတ်စိုစို မြင်လိုက်ရတာမို့ မမကြီးက လန့်ဖျပ်သွားကာ …

"သောတ … မင်း … မင်း ငိုနေတာလား"

"ငိုသလား မငိုသလား မသိတော့ဘူးဗျာ၊ စိတ်တိုတာ သိတယ်၊ မမကြီးကို စိတ်တိုလွန်းလို့ ရူးတောင် ရူးချင်တယ်"

"ဘာတွေပြောနေတာလဲ သောတရယ်၊ စိတ်ကို အေးအေး ထားပါနော် …"





"စိတ်အေးအေး ထားရမှာက ကျွန်တော် မဟုတ်ဘူး၊ မမကြီး …၊ မမကြီး ဘာသာ စိတ်ပူတိုင်း ပေါက်ကရ အစီအစဉ်တွေ လျှောက်ဆွဲမနေနဲ့၊ အလကားသက်သက် ကျွန်တော့်ကို လာစွပ်စွဲနေတယ်"

"ဟင် … မင်းနဲ့ ဖြူဥက ကြိုက်နေကြတာ မဟုတ်လို့လား"

"ကြိုက်စရာလားဗျာ … တစ်ချိန်လုံး ကိုယ့်ကို အခြောက်လို့ စွပ်စွဲနေတဲ့ မမကြီး ညီမကို"

"ဒါဆို မင်းတို့ ဘာလို့ ခဏခဏတွဲထွက်သွားသေးလဲ"

"အဲ့ဒါလား … အဲ့ဒါက …၊ ကျွတ် … ပြောရခက်လိုက်တာဗျာ၊ မမကြီးသိရင် စိတ်ဆင်းရဲမှာစိုးလို့ မပြောချင်ဘူးဗျာ"

"ပြောပါ သောတရယ်၊ မမကြီး သိချင်တယ်"

သောတက မမကြီးကို စိုက်ကြည့်လိုက်ပြီးမှ သက်ပြင်းချလိုက်ရင်း …

"ဖြူဥက သူ့ရည်းစားနဲ့ သွားချိန်းတွေ့ချင်လို့ ကျွန်တော့်ကို ခုတုံးလုပ်တာ၊ ဒါပေမယ့် မမကြီး စိတ်မပူပါနဲ့၊ မမကြီးက ဖြူဥကို စောင့်ရှောက်ပါဆိုလို့ ကျွန်တော် သူ့နောက်ကိုလိုက်ပြီး သေချာစောင့်ရှောက်ပါတယ်၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက အရမ်းအဆိုးကြီးထဲကတော့ မဟုတ်ပါဘူး”

သောတ စကားဆုံးတော့ မမကြီးက ငြိမ်သက်သွားသည်။ ပြီးတော့ အပြစ်ရှိသူတစ်ယောက်ရဲ့ အားတုံ့အားနာ မလုံမလဲ အကြည့်မျိုးနဲ့ သောတကို မရဲတရဲ ကြည့်လာရင်း...

“ဆော ... ဆောရီးပဲ ...”

“ခုမှ လာတောင်းပန်မနေပါနဲ့ဗျာ၊ လူကို စွပ်စွဲတုန်းကတော့ တစ်ယူသန်ကြီး စွပ်စွဲအထင်မှားနေပြီးတော့ ...”

မမကြီး ချော့တော့မှာကို သိတာမို့ သောတက ပိုတင်းပြလိုက်သည်။

“မမကြီး တောင်းပန်ပါတယ် သောတရယ်၊ စိတ်မဆိုးနဲ့တော့နော် ...”

“ဆိုးမှာပဲ ...”

“အဲ့ဒီအပြောကို သိကျူးနဲ့ဖြူဥကြားရင် မင်းကိုအခြောက်လို့ ပြောလိမ့်မယ် ...”

“ပြော ... ပြောဗျာ၊ ကိုယ် မခြောက်ရင် ပြီးတာပဲ”

“မနက်ဖြန် နေ့လယ်စာ အိမ်မှာလာစားလေ၊ ဘာဟင်းစားချင်လဲ၊ မမကြီး ချက်ကျွေးမယ်”

“ဟင်းကောင်း စားချင်ရင် ကိုယ့်ဘာသာ ဆိုင်မှာသွားစားမယ်”





“မင်းပဲ မမကြီး လက်ရာက ဆိုင်ဟင်းတွေထက် သာတယ်ဆို ...”

“အဲ့ဒါ အရင်တုန်းက၊ အခု အဲ့ဒီလိုမဟုတ်တော့ဘူး”

မနောက တမင် ဂျစ်တိုက်နေသည့် သောတပုံစံကို ကြည့်ရင်း ပြုံးစိစိဖြစ်လာပါသည်။ မနောစိတ်ထဲမှာလည်း ပေါ့ပါးရွှင်မြူးနေသလိုမို့ သူ့ကို စ,နောက်ချင်နေသည်။ သောတကတော့ မနောကို စူပွ စူပွ ပြောမဆုံး။

“အဲ့ဒီလို ထင်လိုက်တာကိုက မမကြီးလွန်တာ၊ ကျွန်တော့်စိတ်ကို နည်းနည်းလေးမှ နားမလည်တာ၊ ကျွန်တော့်ကို ပြစ်မှားတာ၊ ကျွန်တော့်ကို မယုံတာ ...”

“အေးပါ ... မမကြီး မှားပါတယ်လို့ ပြောပြီးပြီပဲ၊ ဘာကို အခဲမကျေ ဖြစ်နေတာလဲ”

“မသိပါဘူးဗျာ၊ စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး၊ အဲ့ဒီကိစ္စကို အခဲကိုမကျေဘူး”

“မင်းကလည်း တော်တော် စိတ်နုတာပဲနော်၊ ဒါလေးပြောရုံနဲ့ နှပ်တွေလည်း ထွက်၊ မျက်ရည်တွေလည်းထွက်၊ နှပ်တွေ ညှစ်ပစ်လိုက်ဦး၊ တော်ကြာ ပြုတ်ကျလာဦးမယ်၊ ရော့ ... ဒီမှာ တစ်ရှူး ...”

မနောက တစ်ရှူးလှမ်းပေးတော့ သောတက လှမ်းယူကာ နှပ်ညှစ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်နလို့ မျက်ရည်ထွက်တာ မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ထွက်တာလဲ ..."

"ဘာလို့ထွက်မှန်းကို မသိဘူး ..."

"ကဲ ... စိတ်ပြေပါတော့ သောတရယ်၊ မမကြီးကို စိတ် မဆိုးတော့ဘူးဆိုရင် မင်းဝယ်လာတဲ့ အအေးတိုက်"

"ခုနတော့ မသောက်ချင်ဘူးဆို ..."

"ခုန မသောက်ချင်ပေမယ့် အခု သောက်ချင်တယ်"

"အမျိုးမျိုးပဲ ..."

သောတက မမကြီးကို ရွှေစောင်းစောင်းကြည့် လိုက်ပြီး အအေးဘူးကို လှမ်းယူကာ မပေးချင်ပေးချင် လှမ်းပေး သည်။ မမကြီးက လှမ်းမယူသေးဘဲ ...

"သောတ အရင်တစ်ဝက်သောက်၊ ပြီးမှ မမကြီး တစ်ဝက် သောက်မယ်"

"မမကြီးပဲ အကုန်သောက်ပါ"

"သောတ တစ်ဝက်သောက်ပါ"

"ကဲ ... ဒါဆိုလည်း မမကြီးက အကြီးပဲ၊ မမကြီး အရင် သောက်ပါ"

"သောတ အရင်သောက်လိုက်ပါ၊ သောတက အငယ် ဆိုတော့ မမကြီးက ဦးစားပေးတယ်"





"မမကြီး အရင်သောက်ပါဆိုဗျာ ..."

"ကဲ ... ကဲ ... သောက်ပါ့မယ်ဟယ်၊ တကတည်း သူ့ ဒေါသချည်းပဲ"

မမကြီးက အအေးဘူးကို လှမ်းယူကာ တစ်ဝက် သောက်လိုက်သည်။ ကျန်တစ်ဝက်ကို သောတက သောက် သည်။ ပြီးတော့ သောတနှင့် မမကြီးတို့ ပြန်အဆင်ပြေသွားကြ သည်။

အဲ့ဒီနေ့က သောတမောင်က ဝယ်လာခဲ့သော ဘုရားပန်းတစ်စည်းကို ဘုရားမှာ လှူကာ ချစ်သူမြန်မြန်ရပါစေ ဟု ဆုတောင်းမိသည်။ ဘာဖြစ်လို့ အဲ့ဒီလိုဆုတောင်းချင်စိတ် ပေါက်သွားမှန်းတော့ မသိခဲ့ပါ။

မမကြီးနှင့်အတူ ဘုရားတက်ခွင့် ရခဲ့သော ထို တစ်နေ့နှင့် ထိုနေ့မှာ ခံစားခဲ့ရသည့် ထူးခြားပြင်းထန်သည့် ခံစားချက်ကိုတော့ သောတမောင်က မကြာခဏ သတိရနေခဲ့မိ ပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

*8:30 pm*

"သီကျူး သွားတတ်တဲ့နေရာ ဘယ်နေရာရှိသေးလဲ စဉ်းစားပေးပါဦး သောတရယ်"

မမကြီးက နောက်ဆုံး လက်ကျန် ကော်ဖီတစ်ငုံကို သောက်ပြီး သောတကို လှမ်းမေးသည်။ သောတက တစ်ချက် စဉ်းစားလိုက်ပြီး ...

"သူသွားတတ်တဲ့ ဟိုတယ်တစ်ခုတော့ ရှိတယ် မမကြီး"

"ဟိုတယ် ! ဟိုတယ်ကို သူက ဘာသွားလုပ်တာလဲ"

"တစ်ခါတလေ သူငယ်ချင်းတွေနဲ့ စုပြီး ဘောလုံးပွဲကြည့်ကြတာပါ မမကြီးရဲ့"

"ဘောလုံးပွဲကို ဟိုတယ်မှာ ကြည့်လို့ရတယ်လား၊ အထူးအဆန်းပါလား"





သောတက ပြုံးစိစိနှင့် ခေါင်းတစ်ချက်ကုပ်ရင်း

"မမကြီးတို့ကတော့ ဝေးပြီ ...၊ အိမ်တွေမှာက မီးခဏခဏပျက်တော့ ဘောလုံးပွဲကို အချိန်ကိုက်ကြည့်လို့မရဘူးလေ၊ ဟိုတယ်မှာဆို မီးလည်းမပျက်ဘူး၊ စလောင်းကလာတဲ့ ဘောပွဲတွေကိုလည်း ကောင်းကောင်း ကြည့်လို့ရတော့ တစ်ခါတလေ ဟိုတယ်မှာ သူငယ်ချင်းတွေ စုအခန်းငှားပြီး ဘောပွဲကြည့်ကြတာပေါ့"

"ဪ ... ဒီလိုလား"

"( ... ... ) ဟိုတယ်မှာ စုဆုံတတ်ကြတော့ သီကျူး မိန်းမခိုးသွားရင်လည်း အဲ့ဒီဟိုတယ်ကို သွားမှာပဲထင်တယ်၊ အဲ့ဒီက ဟိုတယ် မန်နေဂျာတစ်ယောက်နဲ့လည်း သီကျူးနဲ့ ခင်တယ်၊ အဲ့ဒီမှာ သွားစုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ်"

"ကောင်းသားပဲ ... သွားမယ်လေ၊ သီကျူးနဲ့ ခင်တဲ့ မန်နေဂျာကို မင်းလည်း သိတယ်မဟုတ်လား"

"သိပါတယ် မမကြီး"

"ဒါဆို သွားကြရအောင် ..."

မမကြီးက ချက်ချင်း တက်ကြွလာပြီး ပိုက်ဆံအိတ်ကလေးကို ဖွင့်ကာ ပိုက်ဆံရှင်းဖို့ ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ရှင်းမလို့လား"

"အေးလေ ... ထမင်းစားတုန်းက သောတ ရှင်းထားတာ၊ ကော်ဖီဖိုးလေးတော့ မမကြီး ရှင်းပါရစေ ..."

"မမကြီး သောက်တာပဲ မမကြီး ရှင်း၊ ကျွန်တော်သောက်တာ ကျွန်တော်ရှင်းမယ်၊ အမေရိကန် စစ်စတန်ပေါ့"

"အဲ့ဒါဆိုလည်း ထမင်းဖိုးရှင်းကတည်းက အမေရိကန် စစ်စတန်လိုက်ပါလား၊ တကတည်း အရေးထဲမှာ ကော်ဖီတစ်ခွက်ဖိုးကို လိုက်ကပ်သပ်ရှင်းချင်နေသေးတယ်"

မမကြီးက သောတကို မျက်စောင်းတစ်ချက်ထိုးပြီး ပိုက်ဆံကို ခပ်မြန်မြန် ထုတ်ရှင်းလိုက်ပါသည်။

နှစ်ယောက်သား ဆိုင်ထဲကထွက်ပြီး ခပ်ဝေးဝေး ကားပါကင်မှာ ရပ်ထားသော ကားဆီသို့လျှောက်လာနေရင်း သောတက မမကြီးကို ငဲ့ကြည့်ကာ ...

"မမကြီး စုနေတဲ့ ပိုက်ဆံတော့ ပဲ့ကုန်ပါပြီ"

"မင်းက ပိုပဲ့မှာပေါ့ ..."

"မမကြီးအတွက် ပဲ့တာပဲ၊ အပဲ့ခံနိုင်ပါတယ်"

"မမကြီးလည်း မင်းအတွက်တော့ အပဲ့ခံနိုင်ပါတယ်"

နှစ်ယောက်သား အပြန်အလှန် ပြောလာကြရင်း သောတရော မနော့ပါ တစ်စုံတစ်ရာဝယ်ဖို့ အသည်းအသန် ပိုက်ဆံစုနေကြသည့်ကိစ္စကို သိချင်လာရကာ ...





"ဘာဝယ်ဖို့ စုနေတာလဲ"

ဟု ပြိုင်တူအသံထွက်သွားတာမို့ ရယ်မောလိုက်ကြရင်း မမကြီးက သောတဘက်သို့ မေးဆတ်ပြကာ ...

"မင်း အရင်ပြော ..."

သောတက ရယ်ကျဲကျဲနှင့် နှာခေါင်းရှုံ့ပြလိုက်ရင်း ...

"ကျွန်တော် ပြောမပြချင်ဘူး"

"ဘာဖြစ်လို့လဲ ..."

"ရှက်လို့ ..."

"အံမယ် ... ဘာရှက်စရာရှိလဲ"

"မမကြီးကရော ဘာဝယ်ဖို့ စုနေတာလဲ"

"အဟင်း ..."

မမကြီးက ရှက်ပြုံးလိုလိုတစ်ချက်ပြုံးရင်း သောတလိုပဲ နှာခေါင်းရှုံ့ပြကာ ...

"မမကြီးလည်း ပြောမပြချင်ဘူး"

"ကျွန်တော် မပြောလို့ မပြောတာလား"

"မဟုတ်ပါဘူး၊ စကတည်းက မပြောပြဘူးလို့ ဆုံးဖြတ်ထားတာ"

"သူ့ကျ မပြောချင်ဘဲနဲ့ သူများတကာကို အရင်ပြောခိုင်း

www.burmeseclassic.com



တယ်၊ မမကြီး လူလည်၊ ဒါနဲ့ မမကြီးကရော ဘာလို့ ပြောမပြချင်တာလဲ ...”

“မင်း မပြောပြချင်တဲ့ အကြောင်းနဲ့အတူတူပဲ”

“ရှက်လို့ပေါ့ ... ဟုတ်လား”

“အင်း ...”

သောတက ပြုံးစိစိနှင့် ကိုယ့်ခေါင်းကိုယ်ပြန်ပွတ်လိုက်ပြီး ...

“အရိပ်အမြွက်လေးတောင် ပြောပြလို့ မရဘူးလား”

မမကြီးက နှုတ်ခမ်းလေးစုလျက် မျက်လုံးလေးတွေကို ဘယ်ညာကစားကာ ချစ်စဖွယ် အမူအရာလေးနှင့် ...

“အင်း ... အရိပ်အမြွက် ပြောရရင်တော့ တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ခု ဝယ်ပေးချင်လို့ဆိုပါတော့”

“သီကျူးအတွက်လား ...”

“နိုး ...”

“ဒါဆို ... ဖြူဥ အတွက်လား”

“နိုးပါ ...”

“ဦးနဲ့ အန်တီဖို့လား”

“မဟုတ်ဘူး”

“ဒါဆို ဘယ်သူ့ဖို့လဲ”





“အရိပ်အမြွက်ပဲ ပြောပါ့မယ်ဆိုမှ ဘာလို့ တိတိကျကျတွေ လာမေးနေတာလဲ”

မမကြီးက စကားဆက်မလာတော့ ...။ သောတကလည်း ဘာမှဆက်မမေးမိတော့ဘဲ နှုတ်ဆိတ်သွားရပါသည်။

မမကြီး ဘယ်သူ့အတွက် ဘာဝယ်ပေးချင်တာလဲဆိုတာကို သူ သိပ်သိချင်သော်လည်း ထပ်မမေးရဲတော့ပါ။

ဖြူဥနဲ့ သီကျူး ပူဆာသမျှကို သူတို့အဖေ နေပြည်တော်က ပြန်လာတိုင်း ဖြည့်ဆည်းပေးနေကျမို့ မမကြီးအနေနဲ့ ခြစ်ခြုတ် ငွေစု ဝယ်ခြမ်းပေးစရာ အကြောင်းမရှိ။ ပြီးတော့ မမကြီးမှာ အရမ်းချစ်ခင်ရင်းနှီးသော သူငယ်ချင်းမျိုးလည်း သိပ်မရှိ။ ရှိသည့် သူငယ်ချင်း တချို့တလေကလည်း နယ်ရောက်သူနှင့်၊ နိုင်ငံခြားရောက်သူနှင့်ဆိုတာ သောတလည်း အစင်းသိ။ ဒါဆို ဘယ်သူ့အတွက်များလဲ။ ပြောရမှာလည်း ရှက်တယ်ဆိုတော့ ...။

“သောတ ...”

“ဟင် ... ဗျာ”

မမကြီး ခေါ်တော့မှ သောတက သတိဝင်လာသည်။

“သောတလည်း အရိပ်အမြွက်တော့ ပြောပြလေ ...”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လား ... အဟဲ"

သောတက ရှက်ရယ် တစ်ချက်ရယ်ရင်း ...

"ကျွန်တော်လည်း မမကြီးနဲ့အတူတူပဲ၊ တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ခု ဝယ်ပေးချင်လို့ပဲ ဆိုပါတော့၊ ထပ်မမေးနဲ့နော်၊ မဖြေတော့ဘူး"

သောတက ပြုံးတုံ့တုံ့နှင့် မျက်နှာလွှဲသွားတာမို့ မနော စိတ်မှာ ပဟေဠိဖြစ်ကျန်ခဲ့ရသည်။ သောတမှာများ ရည်းစားရနေပြီလား။ ဒါမှမဟုတ် ချစ်ရမယ့်သူ တွေ့နေတာများလား။ ရှက်ပြုံးနဲ့ဖြေတဲ့ပုံက သမားရိုးကျတော့ မဟုတ်ဘူး မဟုတ်လား ...။ ရင်ထဲမှာ တထိတ်ထိတ်နှင့် စိတ်ပူသလိုဖြစ်လာရတာမို့ သောတကို အကဲခတ်သလို ကြည့်နေမိဆဲမှာ သောတကလည်း မမကြီးကို အကဲခတ်ဖို့ မမကြီးဘက်သို့ လှည့်ကြည့်လာသည်။

ထို့နောက် တစ်ယောက်ကို တစ်ယောက် ပဟေဠိမျက်ဝန်းများဖြင့် ကြည့်၍ ပြုံးလိုက်ကြပြီးနောက် ကားနားသို့ ရောက်ပြီမို့ ကားပေါ်တက်ကာ မောင်းထွက်လာပါသည်။

○ ○ ○



✦ ✦ ✦

*9:00 pm*

"ဒီနေ့တော့ ရောက်မလာဘူးဗျ၊ သူ မလာတာတောင်ကြာပြီ ..."

ဟိုတယ်မန်နေဂျာရဲ့ အဖြေစကားကြောင့် တစ်လမ်းလုံး မျှော်လင့်အားခဲလာသော မနောစိတ်တွေ ဆုတ်နစ်မောပန်းသွားရပါတော့သည်။

ရိုဆက်ရှင်ရှေ့က လှည့်ထွက်လိုက်ချိန်မှာ မမကြီး၏ ခြေလှမ်းတွေပင် ယိုင်သွားရတာမို့ သောတက ဖေးမထိန်းပေးလိုက်ရင်း ...

"မမကြီး ... ခေါင်းမူးလို့လား"

"အင်း ... အသက်ရှုကြပ်ပြီး ခေါင်းထဲက ရိပ်ခနဲ မူးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး စိတ်တွေ သိပ်တင်းကြပ်လာလို့ဖြစ်မယ်၊ သိပ်စိတ်မလှုပ်ရှားပါနဲ့၊ စိတ်ကို အေးအေးထားပါ"

"ဘယ်မှာ ဆက်ရှာရမှန်း မသိတော့လို့ပါ သောတရယ်၊ သောတ သိလားဟင် ...၊ သူ ဘယ်မှာရှိနိုင်ဦးမလဲ၊ တို့တွေ ဘယ်ကိုလိုက်ကြရင် ကောင်းမလဲ ..."

"ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ မမကြီးရယ်၊ အခုတော့ ... ခဏနားမှဖြစ်မယ်၊ လာ ... ရေကူးကန်ဘေးမှာ ခဏထိုင်ပြီး လေကို ဝဝရှူလိုက်၊ စိတ်ကိုဖြေလျှော့လိုက်၊ အဲ့ဒါဆို မမကြီး အသက်ရှူကြပ်နေတာပျောက်သွားလိမ့်မယ်"

သောတက မမကြီးကို ဖေးမကာ ရေကူးကန်နားသို့ခေါ်လာခဲ့ပြီး ရေကူးကန်ဘေးကထိုင်ခုံလေးတွေမှာ နှစ်ယောက်အတူထိုင်မိကြသည်။

မမကြီးက ငြိမ်ငြိမ်သက်သက်လေး ထိုင်နေပြီး ခဏကြာတော့ မျက်နှာလေး ကြည်လင်လာသည်။

"မူးသေးလား မမကြီး ..."

"မမူးတော့ပါဘူး ..."

သောတလည်း ခုမှပဲ သက်ပြင်းချနိုင်ကာ မမကြီး





ထဲမှာသာ စူးစိုက်နေသည့် အကြည့်ကို ပြန်ရုပ်သိမ်းလိုက်ပြီး ရေကူးကန်တစ်ဝိုက်ကို လှမ်းကြည့်မိသည်။

ရေကူးကန်ဘေးမှာ ပွဲတစ်ပွဲ ကျင်းပနေတာ တွေ့ရသည်။ ဘာပွဲပါလိမ့်ဟု သောတ သေသေချာချာ ကြည့်မိတော့မှ မင်္ဂလာဆောင် ဒင်နာတစ်ခုဖြစ်ကြောင်း သိလိုက်ရပါသည်။

"မင်္ဂလာဆောင်"

မင်္ဂလာဆောင် ဆိုတာကို ပြန်တွေးတိုင်း သောတ ခေါင်းထဲမှာ တဖျင်းဖျင်းနှင့် ကြက်သီးမွေးညှင်း ဖြာထသွားရတာ ...ာ မြတ်မနောဖြူ ဆိုတဲ့ မမကြီးရဲ့ တွေဝေထုံနမှုကြောင့်ပဲ ဖြစ်သည်။ အဲ့ဒီအကြောင်း ပြန်တွေးမိတိုင်း မမကြီးနှင့် ရန်ဖြစ်ချင်တာမို့ သောတက မမကြီးကို ပြန်ငဲ့ကြည့်မိတော့ မမကြီးရဲ့ ...လုံမလဲ အပြုံးကလေးကို မြင်ရသည်။

မမကြီးလည်း ဒီကိစ္စကို သတိရနေမှာပေါ့ ...။

အဲ့ဒီတုန်းက မမကြီး လုပ်ပုံက တော်တော့်ကို ...တ်တိုစရာ ကောင်းခဲ့တာ ...။

သောတသည် ဟိုတုန်းကအကြောင်းကို ပြန်တွေးရင်း မမကြီးကို ခနဲ့ချင်လာကာ ...

"မမကြီး ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အင်ဟင် ..."

"သူများတွေ မင်္ဂလာဆောင်တာ မြင်ရင် ကြက်သီးမထ
ဘူးလား"

မမကြီးက သောတကို မျက်စောင်းစွေစွေထိုးရင်း

"သောတနော် ... အနာဟောင်းကို လာမဆွနဲ့ ..."

"အဲဒီတုန်းက ကျွန်တော်သာ မကယ်ရင် မမကြီးလည်း
ခုလောက်ဆို မချစ်မနှစ်သက်တဲ့သူရဲ့ ရင်ခွင်ထဲမှာ ခု
အသက်ရှုကြပ်တာထက် အဆတစ်ရာဆိုးတဲ့ အသက်ရှု
ကြပ်ပုံမျိုးနဲ့ ဆိုးဆိုးဝါးဝါး အသက်ရှုကြပ်နေလောက်
ဗျ ... နော်"

သောတ စကားကြောင့် မမကြီးက မျက်နှာလေး
ညှိုးသွားကာ သက်ပြင်းချပြီး ခေါင်းလေးတဆတ်ဆတ် ညိတ်
နေရင်း ...

"ဟုတ်ပါတယ်လေ ...၊ အဲဒီတုန်းက မမကြီး သတ္တိ
ခဲ့လို့ မင်း စိတ်ဆင်းရဲခဲ့ရတာ၊ မင်းသာ ဝင်မပါ
မမကြီးလည်း ဘယ်ဘဝရောက်နေမလဲ မသိတော့ပါဘူး"

မမကြီးက ဒီလိုပြောတော့လည်း သောတက စိ
မကောင်းဖြစ်သွားမိကာ စားပွဲပေါ်တင်ထားသည့် မမကြီး





လက်ကလေးဆီသို့ လက်ကို တရွေ့ရွေ့ တိုးရွေ့သွားပြီး မမကြီး
ရဲ့ လက်ဖျားကလေးတွေကို ထွေးဆုပ်လျက် နှစ်သိမ့်အားပေး
လိုက်မိပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"သောတ … မင်း သိပြီးပြီလား"

"ဘာကိုလဲ …"

သောတ နန်းကြီးသုပ် စားနေချိန်မှာ အရင်းမရှိ အဖျားမရှိ မေးလာသော သီကျူးရဲ့ မေးခွန်းကို သောတကလည်း အမှတ်တမဲ့ပင် ပြန်မေးပြီး နန်းကြီးသုပ် နောက်တစ်လုပ်ကို ပါးစပ်ထဲထည့်စဉ် …

"မမကြီးကို အိမ်က ယောကျ်ား ပေးစားတော့မလို့တဲ့"

"ဘာ …"

မျိုလက်စ နန်းကြီးသုပ်တွေက လည်မျိုမှာ တစ်သွားတာမို့ သောတက ကိုယ့်ရှေ့က အအေးဖန်ခွက်ကိုယူကာ ကမန်းကတန်း သောက်ချလိုက်ရင်း …

"ယောကျ်ား ပေးစားရအောင် မမကြီးမှာ ရည်းစားကော ရှိလို့လား"





"မရှိလို့ပေါ့၊ ရှိရင် သူ့ရည်းစားကို လေ့လာအကဲခတ်ပြီး အဆင်ပြေရင် သူ့ရည်းစားနဲ့ပဲ ပေးစားမှာပေါ့ …"

"ရည်းစားတောင် မထားရသေးတဲ့ သူ့ကို ဘာလို့ တစိမ်းကြီးနဲ့ ဖွတ်အတင်းပေးစားမှာလဲ …"

"ဖေဖေ့ အထက်အရာရှိ သူငယ်ချင်း မိသားစုက မမကြီး အနေအထိုင်ကို သဘောကျလို့ သူတို့သားနဲ့ စပ်ဟပ်ကြတာနဲ့ ဖေဖေနဲ့ မေမေကလည်း မမကြီးကို အိမ်ထောင်မပြုဘဲ အရွယ်လွန်သွားမှာစိုးတာနဲ့ တိုင်ပင်စီစဉ်ကြတာ"

"မမကြီး ဆန္ဒ မပါဘဲနဲ့လား"

"မမကြီးက ဖေဖေနဲ့ မေမေ့ သဘောပဲတဲ့ …"

သောတသည် သီကျူး စကားကြောင့် ဝမ်းပမ်းတနည်း မချိတင်ကဲ နှမြောတသ ခံစားသွားရကာ …

"မမကြီးက 'အ'လို့ မငြင်းရဲတာပေါ့၊ မမကြီး မငြင်းလည်း မင်းနဲ့ ဖြူဥက တားဖို့သင့်တာပေါ့"

"ကာယကံရှင်ကတောင် မငြင်းဘဲနဲ့ ငါက ဘာလို့ ဝင်တားရမှာလဲ၊ ဖေဖေကလည်း သူ့အထက်အရာရှိနဲ့ ခမည်းခမက် တော်ချင်နေတာဆိုတော့ မမကြီးကိစ္စကို မြန်မြန်ဆန်ဆန် စီစဉ်မှာပဲ၊ မမကြီး အိမ်ထောင်ကျသွားလည်း အေးတာပဲ၊ ဒါမှ နားပူသက်သာမှာ"



www.burmeseclassic.com

www.burmeseclassic.com



သီကျူးရဲ့ ခပ်ပေါ့ပေါ့အပြောကြောင့် သောတက စိတ်တိုလာကာ ကိုယ့်ရှေ့က အအေးခွက်ကို ဆတ်ခနဲ ဆွဲယူ မော့သောက်လိုက်တော့ ထူးဆန်းစွာ လည်ချောင်းထဲမှာ ပူဆင်း သွားသည်။ သောတက အအေးခွက်ကို စားပွဲပေါ် ပြန်ဆောင့် ချလိုက်ရင်း ...

"မင်း ဒီလိုတော့ ခပ်ပေါ့ပေါ့ မပြောနဲ့ သီကျူး"

"ဟ ... ငါ့အစ်မကိစ္စကို ငါတောင်မပူဘဲ မင်းက ဘာ တွေဖြစ်နေတာလဲ ..."

"မင်းအစ်မကို ငါ့အစ်မလို သဘောထားလို့ စိတ်ပူလို့ ပြောနေတာကွ၊ ဒါ ... မမကြီး တစ်ဘဝလုံးနဲ့ဆိုင်တဲ့ ကိစ္စ၊ ဒီလိုကိစ္စမျိုးကို မင်း ခပ်ပေါ့ပေါ့ သဘောထားနေ နိုင်တာကို ငါ တကယ်အံ့ဩလို့ မဆုံးဘူး၊ ဒါနဲ့ နေစမ်းပါဦး ... မမကြီးက ဒီကိစ္စကို တကယ် သဘောတူ တာရော ဟုတ်ရဲ့လား၊ မိဘတွေက ဖိအားပေးလို့ လက်ခံ လိုက်ရတာ မဟုတ်လား"

"ရော် ... ခက်ပြီ၊ မင်းမယုံရင် မမကြီးကို သွားမေးပါ လား"

"အေး ... သွားမေးမှာ၊ ခုသွားမေးမှာ"

သောတ ချက်ချင်း မတ်တတ်ထရပ်ပြီး ထွက်သွား





ဖို့ ပြင်တော့ သီကျူးက သောတလက်ကို ဖမ်းဆွဲထားလိုက် ရင်း ...

"ပိုက်ဆံတော့ ရှင်းခဲ့ဦးလေ၊ ဒီနေ့ မင်းကျွေးမယ်လို့ ပြောထားတာ"

သောတက ခပ်မြန်မြန် ပိုက်ဆံထုတ်ရှင်းပြီး ဆိုင် ထဲက ထွက်လာတော့ သီကျူးက နောက်ကနေ လှမ်းပြောကျန် ခဲ့သည်။

"မမကြီး အိမ်ထောင်ကျပြီး ယောကျ်ားနောက် လိုက်သွား ရင် မမကြီးဆီက ဟင်းတောင်းမစားရမှာစိုးလို့ မင်း ဒီလောက်ဖြစ်နေတာ မဟုတ်လား"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"သိကျူးပြောတာ မယုံလို့ မမကြီးကိုလာမေးတာ၊ အိမ်ထောင်ပြုဖို့ကိစ္စကို မမကြီး ခေါင်းညိတ်လိုက်တယ်ဆိုတာ မဟုတ်ဘူးမှတ်လား ..."

သောတက မမကြီးကို မေးပြီးတာနှင့် မမကြီးရဲ့ မျက်နှာကို ရင်တထိတ်ထိတ်နှင့် စိုက်ကြည့်နေလိုက်မိသည်။

မမကြီးက ချက်ချင်း မဖြေဘဲ ငြိမ်သက်နေသည်။ မမကြီး ငြိမ်နေတဲ့ တစ်ခဏဟာ သောတအတွက်တော့ ကြာရှည်လွန်းပါသည်။

မမကြီးက ထိုင်နေရာမှ သောတကို တစ်ချက်မော့ကြည့်လိုက်သည်။ သောတသည် မမကြီးရဲ့ မျက်ဝန်းတွေထဲမှာ ငြိတွယ်နေရင်း ...

"မမကြီး ... ဖြေပါဦး၊ မမကြီး ခေါင်းညိတ်လိုက်တယ်ဆိုတာ မဟုတ်ဘူးမှတ်လား"





"ဟုတ်တယ် သောတ ..."

သောတက အလျှင်စလို လိုရာဆွဲတွေးကာ ရှင်လန်းတက်ကြွစွာဖြင့် ...

"ထင်သားပဲ ...၊ မမကြီး ဒီလောက်မတုံးပါဘူးလို့ ကျွန်တော်ထင်သားပဲ၊ မမကြီး ခေါင်းညိတ်တာမဟုတ်ဘူးဆိုတာ ဟုတ်တယ်မှတ်လား"

"မဟုတ်ဘူး သောတ ..."

"အာ ... ဘာလဲ မမကြီးရာ၊ ခုနတော့ မဟုတ်ဘူးဆိုတာ ဟုတ်တယ်ဆို ..."

"ဟုတ်တယ်ဆိုတာ မဟုတ်ဘူးလို့ ပြောတာ"

"ခေါင်းညိတ်လိုက်တာ မဟုတ်ဘူးဆိုတာကို ဟုတ်တယ်လို့ ပြောတာမဟုတ်လား"

"မဟုတ်ဘူး သောတ၊ ခေါင်းညိတ်လိုက်တာ မဟုတ်ဘူးဆိုတာ မဟုတ်ဘူးလို့ ပြောတာ"

"ဒါဆို ခေါင်းညိတ်လိုက်တာ ဟုတ်တယ်ပေါ့ ..."

"ဟုတ်တယ် ..."

"မမကြီး ခေါင်းညိတ်လိုက်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ဟာ ... မမကြီးရာ"



www.burmeseclassic.com

www.burmeseclassic.com



သော်တ မျှော်လင့်သလို ဟုတ်လာမလိုလိုနှင့် မဟုတ်တော့တာမို့ သော်တက မချိတင်ကဲ ရေရွတ်လိုက်မိပါသည်။

သော်တက မထုံတတ်သေး မမကြီးကို ကြည့်ရင်း စိတ်တိုလာကာ ...

"မမကြီးက ဘာဖြစ်လို့ ခေါင်းညိတ်လိုက်တာလဲ"

"ဖေဖေနဲ့ မေမေ့ကို စိတ်ချမ်းသာစေချင်လို့ပါ"

"မမကြီး ငြင်းလိုက်ရင် မမကြီး မိဘတွေက စိတ်ဆင်းရဲသွားကြမှာမို့လို့လား"

"စိတ်မဆင်းရဲပေမယ့် စိတ်တော့ ဘယ်ကောင်းကြမလဲ၊ မမကြီးအထင်တော့ ဖေဖေ့ အထက်အရာရှိ မိသားစုနဲ့ ဖေဖေနဲ့ မိသားစုဝင်တွေလို ဖြစ်သွားကြရင် ဖေဖေ့အလုပ်မှာ ပိုအဆင်ပြေသွားမယ် ထင်လို့ပါ"

"အဲ့ဒါတစ်ခုကြောင့် မမကြီး ခေါင်းညိတ်တယ်ပေါ့ ..."

"အဲဒါတစ်ခုတည်းတော့ မဟုတ်ပါဘူး၊ မိဘစီမံတာကို အေးအေးချမ်းချမ်း လက်ခံလိုက်ချင်တဲ့ သဘောပါ၊ မမကြီး တစ်သက်မှာ မိဘအပေါ် တစ်ခါမှ ကလန်ကဆန် မလုပ်ခဲ့ဖူးဘူးလေ ..."

"မမကြီး အဲ့ဒီလူကို ချစ်လား ..."





"ချစ်ဖို့ဝေးလို့ ... အဲ့ဒီလူကို မြင်တောင် မမြင်ဖူးသေးပါဘူး သော်တရယ်၊ ဓာတ်ပုံလောက်ပဲ မြင်ဖူးသေးတာပါ"

သော်တသည် မမကြီးစကားတွေကြောင့် အသည်းယားလာကာ ...

"မမကြီး အခု ဘယ်နှခုနှစ်လဲ ..."

"၂၀၁၀ ခုနှစ်လေ၊ ဘာဖြစ်လို့လဲ ..."

"မမကြီးကို ကြည့်ရတာ ၁၉၂၀ လောက်ပဲ ရှိသေးတယ်လို့ ထင်လာမိလို့ပါ၊ မမကြီးက အခု ဘယ်ခေတ်မှာ နေနေတာလဲ၊ မမကြီး နေနေတာ မိန်းမတွေ အိမ်တွင်းပုန်းတဲ့ ခေတ်လား၊ မိန်းမတွေ လူ့အခွင့်အရေး တန်းတူ မရကြတဲ့ ခေတ်လား၊ ကိုယ့်စိတ်ဆန္ဒအမှန်ကို စတေးပြီး မိသားစုအတွက် အနစ်နာခံရလောက်အောင်လည်း မမကြီးတို့ မိသားစုအခြေအနေက ဆိုးဝါးမနေပါဘူး"

"သော်တ ပြောတာ ဟုတ်ပါတယ်၊ မေမေကလည်း မမကြီးမှာ ရည်းစားရှိလားလို့ မေးပါသေးတယ်၊ မမကြီးမှာ ရည်းစားမရှိဘူးဆိုလို့သာ ဖေဖေနဲ့ မေမေကလည်း အဲ့ဒီလူနဲ့ တွေ့ကြဖို့ ကိစ္စကို စီစဉ်တာပါ"

သော်တသည် သက်ပြင်းချကာ မမကြီးရဲ့ မျက်ဝန်းဆွထဲသို့ နစ်နေအောင် စိုက်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးမှာ ချစ်ရမယ့်သူကော မရှိဘူးလားဟင်၊ ရည်း
မဟုတ်ပေမယ့် မမကြီး ရင်ထဲက ချစ်မိနေတဲ့ သူ
ကော ရှိမနေဘူးလား ..."

"မမကြီး မသိဘူး"

"မသိဘူး ! ..."

"ဟုတ်တယ်၊ အချစ်ဆိုတာကို မမကြီး မသိဘူး"

"မမကြီးရာ ..."

သောတသည် မမကြီးကို ဘယ်လိုဆက်ပြီး ပြေ ရမှန်းတောင် မသိတော့ ...။ စိတ်ဓာတ်တွေလည်း ဟိုးအောက် ဆုံးထိ ကျဆင်းသွားခဲ့ရသည်။ ရင်ထဲမှာ ဖြောင်းဆန်နေတာပါ မမကြီး။ မမကြီးကို ဆုံးရှုံးရမှာကြောက်လွန်းလို့ ကျွန်တော် ရင်ထဲမှာ ဖြောင်းဆန်နေခဲ့တယ်။ အဲ့ဒါ ကျွန်တော် ဘာဖြစ်တာ လဲ။ မမကြီးရော ... ကျွန်တော့်လို မဖြစ်ဘူးလား။ ဒီဆုံးဖြ ချက်ကြီးကို ချပြီး ခပ်အေးအေး နေနိုင်သလား ...။

"မမကြီး ပျော်နေလား ..."

"ဟင် ... ဘာကိုလဲ"

"ခေါင်းညိတ်လိုက်ပြီးတဲ့ နောက်ပိုင်းမှာ မမကြီး ပျော် နေလား၊ စိတ်ချမ်းသာနေလား"

"ဟင့်အင်း ... မပျော်ပါဘူး"





"ဒါဆို ဘယ်လိုခံစားရလဲ"

"မမကြီး စိတ်ထဲမှာ ထုံပုန်နေတယ်၊ ဘယ်လိုကြီးမှန်း မသိဘူး၊ ခံစားချက် မဲ့နေတယ်၊ ဘာကိုမှ မခံစားမိသလို ပဲ ..."

ကျွန်တော်ကတော့ မမကြီးလို မဟုတ်ဘူး။ အရာ ရာကို ခံစားရလွန်းလို့ ရူးသွပ်ပြီး ဟိုးအဝေးကြီးကို ပြေးထွက် သွားလိုက်ချင်တယ် မမကြီး ...။

သောတက မမကြီးရှေ့က လှည့်ထွက်လာခဲ့မိလေ သည်။

သောတသည် ကိုယ့်ကိုယ်ကိုယ် တကယ်ပဲ ရူးသွား သလားလို့တောင် ထင်ခဲ့မိ၏။ ဘယ်နေရာမှာမှ ငြိမ်ငြိမ်ထိုင်နေလို့ မရ...။ စိတ်ရောလူပါ တဈာမငြိမ် ...။ တစ်နေ့လုံး ရောက် တပေါက်ရာ လျှောက်သွားနေမိသည်။ ညရောက်တော့လည်း အိပ်ရာထဲမှာ တလူးလူး တလွန့်လွန့်နှင့် လုံးဝ အိပ်လို့မရ...။ ရင်ဝကို မီးစနဲ့ထိုးသလို ပူပြင်းလောင်မြိုက်လျက် ရှိသည်။

မမကြီးကို သတို့သမီးဝတ်စုံ ဝတ်လျက် တခြား ယောကျ်ားတစ်ယောက်နဲ့ ယှဉ်တွဲနေသည့်ပုံကို စဉ်းစားမိလျှင် အိပ်ရာထဲမှ ဝုန်းခနဲ ထထိုင်ကာ စားပွဲပေါ်က ပန်းအိုးကိုဆွဲယူ၍



www.burmeseclassic.com

www.burmeseclassic.com



နံရံဆီ ပစ်ပေါက်မိလေသည်။ ကိုယ့်အခန်းထဲမှာ စိတ်ရှိ လက်ရှိ ဝုန်းဒိုင်းကျဲလိုက်တော့မှ နေသာထိုင်သာ ရှိသလို ထင်မိ၏။

အိပ်မပျော်တိုင်း တွေးမိသည့် သောတရဲ့ အတွေးတို့သည် ရှည်လျားထွေပြားလှ၏။ မမကြီးခမျှာ သူ မချစ်မနှစ်သက်သော သူနှင့် မင်္ဂလာဆောင်ပြီး ထိုသူ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပြီးနောက် အိမ်ထဲမှာသာ တကုပ်ကုပ်နှင့် ဟင်းချက် ပန်းကန်ဆေး အိုးတိုက်လုပ်ရပြီး ယောကျ်ားလုပ်သူကလည်း အဖက်မလုပ်၊ ပွဲမထုတ်၊ အရာမသွင်းဘဲ မမကြီးကို မီးဖိုချောင်ထဲထားကာ သူ့ကျတော့ နိုက်ကလပ်သွား၊ ကာရာအိုကေသွား၊ အနှိပ်ခန်းသွား စသဖြင့် ရှည်ရှည်ဝေးဝေး တွေးကာ ရင်လေးရုံမက ရင်ပါနာလာ၏။

ပြီးတော့ ... မမကြီးနှင့် နေ့စဉ် မတွေ့ရသော နေ့ရက်များကို သူ ဘယ်လိုဖြတ်သန်းရမယ် မသိချေ။ မမကြီးသာ မရှိတော့လျှင် သူ့ဘဝသည် ဘာအဓိပ္ပာယ်မှ မရှိတော့ဟု ခံစားလာရ၏။ နံနက်ခင်းတွေမှာ အေးချမ်းစွာ ဘုရားဝတ်ပြုနေတဲ့ မမကြီးကို မြင်ရမှ၊ မမကြီးရဲ့ ဈေးခြင်းကိုဆွဲပြီး အတူဈေးသွားရမှ၊ မမကြီး မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေတဲ့အခါ မမကြီး အနားသွားပြီး စကားတများများနဲ့ စားစရာတစ်ခုခု ရှာဖွေစားရမှ၊ မမကြီး အရိုးနှုင်ပေးတဲ့ ငါးဟင်းနဲ့ ထမင်း





ရမှ သူ့ရဲ့နေ့ရက်တွေဟာ လှပစွာ အသက်ဝင် ရှင်သန်နိုင်ခဲ့တာ မဟုတ်လား။

မမကြီးကို သူ လုံးဝ အဆုံးရှုံး မခံနိုင်ချေ။

သောတသည် မမကြီးရဲ့ မင်္ဂလာကိစ္စကို မဖြစ်ဖြစ်အောင်တော့ ဖျက်ရမှာပဲဟု ဆုံးဖြတ်မိ၏။ မမကြီး ယူမယ့်သူကိုပဲ သွားတွေ့ပြီး တောင်းပန်ရ တောင်းပန်ရ၊ သူကတော့ မရရအောင် တားရမှာပင်။

သောတသည် ထိုအတွေးများဖြင့် တစ်ညလုံး တမှေးမှပင် မမှေးလိုက်ရဘဲ မိုးလင်းသွားသည်။

မနက်ခင်းက လင်းရောင်ပျို့လာသော်လည်း နေခြည်ကတော့ လင်းလက်မလာသေး ...။ အရာရာအားလုံး မှုန်ပျပျကလေးသာ မြင်နေရသေးသည်။

အဘိုးကတော့ မိုးမလင်းခင်ကတည်းက လမ်းလျှောက်ထွက်သွားတတ်ပြီး အပြန်မှာ သူ့အပေါင်းအသင်းတွေနှင့် လက်ဖက်ရည်ဆိုင် ထိုင်နေတတ်တာမို့ ၉ နာရီလောက်မှ ပြန်ရောက်တတ်သည်။ အိမ်က အဒေါ်ကြီးကလည်း ဈေးသွားဝယ်နေတတ်တာမို့ မနက်စောစော ဒီအချိန်ဆို အိမ်မှာ သောတ တစ်ယောက်တည်း ရှိနေတတ်ပါသည်။

သောတသည် တစ်ညလုံး အိပ်မပျော်ခဲ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ကွင်းတွေ ညိုချိုင့်နေသော ရုပ်ဖြင့် အခန်းထဲမှာပင် ငိုင်တိငိုင်တိုင် ထိုင်နေရင်းက အခန်းပြတင်းကနေ လှမ်းမြင်နေရသော အိမ်ရှေ့ဆီသို့ အမှတ်တမဲ့ ငေးနေဆဲမှာ သောတရဲ့ မြင်ကွင်းထဲသို့ မမကြီး ဝင်ရောက်လာပါသည်။

တွေ့စမှာ တကယ်လို့ကို မထင်။

အိပ်ပျက်လို့များ ကိုယ်မြင်ချင်ရာ ကယောင်ချောက်ချား လျှောက်မြင်နေသလားတောင် ထင်မိ၏။

ဒီအချိန်မျိုးမှာ သောတအိမ်ကို မမကြီး လာလေ့မရှိ။ လာစရာလည်း အကြောင်းမရှိ ...။ မိုးတောင် ကောင်းကောင်း မလင်းသေးတဲ့ အချိန်လေ ...။

သောတသည် မှုန်ရီရီဖြစ်နေသော ကိုယ့်မျက်လုံးတွေကို ကိုယ်ပွတ်ကာ သေသေချာချာ ကြည့်မိ၏။

မမကြီးမှ မမကြီး အစစ်ပါပဲ ...။

ဘလောက်စ်အင်္ကျီ အဖြူရောင်လေးပေါ်မှာ အနွေးထည် အမည်းကလေး ထပ်ဝတ်လျက် ...။ အဘိုး စေ့ထားခဲ့သည့် သစ်သားခြံတံခါးလေးကို လှပ်ကာ ခြံထဲသို့ ဝင်လာနေခဲ့သူဟာ သောတ ဆုံးရှုံးရမှာကြောက်သည့် သောတရဲ့ မမကြီး။

သောတသည် ညဝတ်အင်္ကျီနှင့် ဘောင်းဘီပွပွလေး ဝတ်လျက်ပင် အခန်းထဲမှ ခပ်မြန်မြန် ထွက်လာခဲ့ကာ ခြံထဲသို့ ခပ်သွက်သွက်လျှောက်သွားလျက် မမကြီးကို ကြိုလိုက်မိသည်။





“မမကြီး ...”

“သောတ ...”

“စောစောစီးစီး ဘာများဖြစ်လို့လဲဟင် မမကြီး”

“မမကြီး သောတကို ပြောစရာရှိလို့ ...”

“လာ ... လာ ... မမကြီး၊ ဟိုခြံထောင့်က ခုံလေးမှာ သွားထိုင်ပြောရအောင်”

မမကြီးက အရေးတကြီး ပုံစံလေးနှင့် အမောတကောလေး ပြောလာတာမို့ သောတက မမကြီးကို ခြံထောင့် စံပယ်ရုံနားက ခုံတန်းကလေးဆီသို့ ခေါ်လာခဲ့သည်။

“ပြော ... မမကြီး”

သောတက မမကြီး မျက်နှာနွမ်းနွမ်းလေးကိုကြည့်ပြီး ပြောမိတော့ မမကြီးက သောတကို ခပ်တွေတွေကြည့်ရင်း

“မမကြီး ညက တစ်ညလုံး အိပ်မပျော်ဘူး”

“အင်ဟင် ...”

“မမကြီး စိတ်တွေလည်း တစ်မျိုးပဲ”

“ဘယ်လို တစ်မျိုးလဲ”

“စိတ်ညစ်တယ်၊ ဝမ်းနည်းတယ်၊ ငိုချင်တယ်၊ စိတ်ပူတယ် ...”

“ဘာကို စိတ်ပူတာလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူတာကလေ အများကြီးပဲ၊ မမကြီး မရှိရင် သီကျူးတို့ ဒါ့ထက်ပိုဆိုးနေမလား စိုးရိမ်တယ်၊ မေမေကတော့ သူ့အလုပ်ကို ရန်ကုန်ပြန်ရွှေ့မယ် ပြောပါတယ်၊ ဒါမှ မဟုတ်လည်း ဆွေမျိုးထဲက အဒေါ်တစ်ယောက်ကို အိမ်မှာ ခေါ်ထားပေးမယ်ပြောတယ်၊ ဒါပေမယ့် မမကြီး စိတ်မချဘူး၊ ပြီးတော့ သောတကိုလည်း မမကြီး စိတ်မချဘူး၊ သောတအတွက် မမကြီး စိတ်ပူတယ်"

"ကျွန်တော့် အတွက် !..."

"ဟုတ်တယ်လေ ... သောတအတွက် မမကြီး ပူရတာပေါ့၊ မမကြီး မရှိရင် သီကျူးနဲ့ ဖြူဥက သောတကို အနိုင်ကျင့်မှာပေါ့၊ ပြီးတော့ ... သောတ ကြိုက်တဲ့ဟင်းကို ဘယ်သူက သေချာချက်ကျွေးမှာလဲ၊ သောတအိမ်က အဒေါ်ကြီးက ငါးရံ့အူ မချက်တတ်ဘူးဆို၊ ငါးရံ့အူကို သေချာမကိုင်တတ်ရင် ဘယ်လိုမှ စားမကောင်းဘူး၊ ဆိုင်က ဟင်းကျတော့လည်း သောတက မကြိုက်ဘူး မဟုတ်လား၊ မမကြီး မရှိမှ သောတ စားချင်တဲ့ ငါးရံ့အူလေးတောင် မစားရဘူးဆိုရင် မမကြီး ဘယ်စိတ်ကောင်းမလဲ၊ ပြီးတော့ ... ငါးဟင်းစားရင် သောတက အရိုးစူးတတ်သေးတာ၊ မမကြီးဆီရောက်မှ သောတက





ငါးဟင်းစားရဲတာလေ၊ မမကြီး မရှိရင် သောတကို ဘယ်သူ အရိုးထွင်ကျွေးမှာလဲ၊ သောတ ငါးအရိုးစူးရင် သိပ်သနားစရာကောင်းတာပဲ၊ အဲ့ဒါ ... အဲ့ဒါတွေကြောင့် မမကြီးကို အိမ်ထောင်ချပေးမယ့် ကိစ္စကို ငြင်းဖို့ မမကြီး ဆုံးဖြတ်လိုက်ပြီ"

သောတသည် မျက်နှာကလေးချောင်ကာ မျက်တွင်းကလေးတွေ ညိုနေသော မျက်နှာကလေးနှင့် အားတက်သရော ပြောနေသော မမကြီးကိုကြည့်ရင်း ရယ်ချင်လာသည်။ ပျော်ရွှင်လာသည်။ ပျော်တာမှ ကောင်းကင်ကို ခေါင်းနဲ့ပြေးတိုက်လိုက်ချင်သည်အထိ အူမြူးတက်ကြွစွာ ပျော်လာရတာမို့ သောတမျက်နှာက တဖြည်းဖြည်း ပြုံးလာပြီးနောက် တဟားဟား ရယ်ချလိုက်မိလေသည်။ မမကြီးက သောတ ပခုံးကို ဖတ်ခနဲ ပိတ်ရိုက်လိုက်ရင်း ...

"ဟဲ့ ... ဘာရယ်တာလဲ"

"ပျော်လို့ဗျ၊ ပျော်လို့ ရယ်တာ၊ ညက ကျွန်တော်လည်း လုံးဝ အိပ်မပျော်ဘူး၊ တစ်ညလုံး လျှောက်စဉ်းစားနေတာ၊ မမကြီး မငြင်းလည်း ဒီကိစ္စကို မပျက်ပျက်အောင် ဖျက်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးသား ..."

မမကြီးက သောတကို မျက်စောင်းကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ သောတက မမကြီးကို စ,ချင်လာကာ မမကြီး ရှေ့သို့ ငုံ့ကိုင်းလျက် မမကြီး မျက်နှာကို အသေအချာ ကပ်ကြည့်လိုက်ရင်း ...

"မမကြီး ... မျက်နှာသစ်မလာဘူး၊ သွားလည်း တိုက်မလာဘူး မဟုတ်လား"

"ညက အိပ်မှမအိပ်တာ၊ မျက်နှာသစ်စရာ မလိုပါဘူး"

"အာ ... လိုတာပေါ့၊ မမကြီးက သွားတိုက်မလာတော့ မမကြီး ပါးစပ်က အာပုပ်စော် နံတယ်"

"အံ့မယ် ... မဟုတ်ဘဲနဲ့"

"ဟုတ်တယ် ... တကယ် ပြောတာ ..."

မမကြီးက သူ့ပါးစပ်ကလေးကို လက်ဖဝါးဖြင့် အုပ်ကာ အသက်ရှူကြည့်လိုက်ပြီး ...

"မနံပါဘူးဟယ်၊ ညကတည်းက သေချာ သွားတိုက်ထားတာ ..."

"ကိုယ့်အနံ့တော့ ကိုယ်ဘယ်ရမလဲ"

"ငါ့ကျ ပြောတယ်၊ မင်းလည်း မျက်နှာမသစ်ရသေးဘူး မဟုတ်လား၊ အဟား ... မျက်လုံးထောင့်မှာ မျက်ချေးတွေနဲ့ ..."

မမကြီးက လှောင်ပြောင်သလိုလေး ပြောလိုက်





တာမို့ သောတက မျက်လုံးထောင့်ကို လက်ညှိုးဖြင့် ယောင်ပွတ်ကြည့်လိုက်ပြီးမှ ...

"မမကြီး မဟုတ်တာ မပြောနဲ့၊ ဘာမျက်ချေးမှ မရှိဘူး၊ ညက လုံးဝ အိပ်မပျော်ဘဲနဲ့ ဘယ်မျက်ချေးက ရှိမှာလဲ"

"မင်းက ဘာကိစ္စ အိပ်မပျော်ရတာလဲ ..."

"ငါးရံ့အုပ်ဟင်း မစားရမှာစိုးလို့ပေါ့ဗျာ"

အထေ့အသော့ အနောက်အပြောင်စကားတွေကို အလုအယက် ပြောကြရင်း နံနက်ခင်းလေးက ပိုမို တောက်ပ အသက်ဝင်လာနေခဲ့သည်။

ထိုနံနက်ခင်းနှင့်အတူ အချစ်ဆိုတာကို သူ စတင် ခံစားမိလိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

ငါးကြင်းဆီနဲ့ ငါးကြင်းကြော် ပြန်ကြော်ချင်တာမျိုးတော့ မဟုတ်ပေ။

သို့သော် ... သောတမောင်ရဲ့ ပတ်ဝန်းကျင်က ယောကျ်ားများထဲမှာ သီကျူးတစ်ယောက်သာ အချစ်ကိစ္စမှာ ဆရာကြီးမို့ သီကျူးရဲ့ ထင်မြင်ချက်နှင့် အကြံဉာဏ်ကို တစ်ဖက်လှည့်ဖြင့် တောင်းခံရလေသည်။

"သီကျူး ... ငါ မရှင်းတာလေးတစ်ခု မင်းကို မေးချင်လို့ ..."

"မေးလေ ..."

"ဟို ... ဒီလိုကွာ ... ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ဆုံးရှုံးရမှာ အရမ်းကြောက်ရင် အဲ့ဒါ ဘာ့ကြောင့်ဖြစ်နိုင်လဲ ..."





"ချစ်လို့ပေါ့ ..."

သီကျူးက ဂစ်တာကြိုးညှိရင်း ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်သည်။ ထိုအဖြေက သောတရဲ့ ခံစားချက်နှင့် ထပ်တူကျနေတာမို့ သောတ မမကြီးကို ချစ်မိနေခဲ့တယ်ဆိုတာ ပိုသေချာသွားသည်။

သူ့အစ်မကို ချစ်မိတဲ့ကိစ္စကို သူ့မောင်ကို မေးရတာ အားနာစရာကောင်းပေမယ့် သောတမှာက ဒါမျိုးကိစ္စ တိုင်ပင်ရင်ဖွင့်စရာဆိုလို့ သီကျူးတစ်ယောက်ပဲ ရှိတာလေ။

သီကျူးကတော့ သောတမောင်နဲ့ မမကြီးဆိုတာ ဘယ်လိုမှ ဖြစ်နိုင်စရာအကြောင်းမရှိဟု ထင်ထားသောသူပင်။ သီကျူးသဘောထားမှာ သောတမောင်ဟာ မိန်းကလေးကိစ္စ အဖြစ်မရှိသော အခြောက်။ မမကြီးဟာ အိမ်တွင်းပုန်း အနံ့အအ ...။ ထို့ကြောင့် သောတစကားတွေကို အထအနကောက်ကာ မမကြီးနဲ့များလားဟု အထင်မှားမည့်သူမျိုးလည်း မဟုတ်။

"ချစ်မိပေမယ့် နှစ်ယောက်ကြားမှာ မဖြစ်သင့်တဲ့ စည်းတစ်ခုခြားထားရင်ရော ယောကျ်ားလေးဘက်က ဘာလုပ်သင့်သလဲ၊ တစ်သက်လုံး မျိုသိပ်သွားရမှာလား ..."

"လဲသေပေါ့ကွ ..."

"ဟမ် ... ဘယ်သူက လဲသေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ မျိုးသိပ်တဲ့ ကောင်ပဲ လဲသေလိုက်လေ … ချစ်တာကို ချစ်တဲ့အကြောင်းလေးတောင် ဖွင့်မပြောရဲမှတော့ လဲသေလိုက်ဖို့ပဲ ရှိတာပေါ့ …၊ ဒီလောက်တောင် သတ္တိနည်း နုံချာတဲ့ ယောကျ်ားတစ်ယောက်နဲ့ ထိုက်တန်တဲ့ အချစ်ဆိုတာ ဒီကမ္ဘာမှာမရှိဘူး၊ အချစ်ဆိုတာ ရဲရဲတောက်နေတာကွ …"

"ရဲရဲတောက်နေတာ ! ဟုတ်လား …"

"ဟုတ်တယ် … အချစ်စိတ်ဆိုတာ ရဲရဲတောက်စိတ်တစ်မျိုးပဲကွ၊ အချစ်စိတ်သာ တကယ်ပြင်းထန်ရင် မလုပ်ရဲတာ ဘာမှမရှိတော့ဘူး၊ စည်းတွေ ဘာတွေ နားထားလိုက်၊ ဘာအတားအဆီးကိုမှ ဂရုမစိုက်တော့ဘူး …"

ဒါပေမယ့် ငါက မင်းကိုလည်း ဂရုစိုက်နေရသေးတယ်လေ။ မင်း အစ်မကြီးဟာ ငါ့အစ်မကြီးပါပဲလို့ ခဏခဏ ပြောခဲ့ဖူးတော့ ခုမှ ငါ့စိတ်တွေ ပြောင်းလဲသွားတာကို ငါ ဘယ်လို ရဲရဲတောက် ပြောရဲပါ့မလဲ သူငယ်ချင်းရယ်၊ ခုနေသာ ငါချစ်နေတာ မမကြီးကွလို့ ပြောလိုက်ရင် မင်းလက်သီးချက်နဲ့ ငါ ဒီနေရာမှာပဲ ကြေမွသွားမှာပေါ့။

သောတက သိကျူးကို မရဲတရဲကြည့်မိရင်း …

"ငါ … အခု မိန်းကလေးတစ်ယောက်ကို ချစ်မိနေတယ်ကွာ"





"အဟား … ဟုတ်လား၊ မဆိုးဘူး၊ မင်းတောင် ယောကျ်ားစိတ် ပေါက်လာပြီပဲ …"

"ဒါပေမယ့် ငါချစ်နေကြောင်း သူသိလာအောင် ငါ ဘယ်လိုလုပ်ရမှန်း မသိဘူး၊ ဘယ်လိုက စပြီး ချဉ်းကပ်ရမယ်ဆိုတာ ပြောပြပါလား"

"ဒီအရွယ်ပဲ ရောက်နေပြီ၊ ဒါလေးတောင် မသိဘူးလား၊ အဲ့ဒါကြောင့် မင်းကို အခြောက်လို့ ပြောတာ ပြောတဲ့လူ မလွန်ဘူး"

"အေးပါကွာ … အခြောက်ပဲပြောပြော၊ အစိုပဲပြောပြော ငါဂရုမစိုက်ပါဘူး၊ ကိုယ့်အကြောင်း ကိုယ်ပဲအသိဆုံးပါ၊ ပိုးပန်းရမယ့် နည်းလမ်းလေးသာ နည်းနည်းပြန်မျှစမ်းပါ"

"ပိုးပန်းနည်းဆိုတာ ပုံသေနည်းမရှိဘူးကွ၊ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး ဉာဏ်ရှိသလို လှုပ်ရှားရတာ၊ အရည်အချင်းရှိတဲ့သူမှ အဆင်ပြေပြေ ပိုးပန်းနိုင်တာ"

"နည်းနည်းပါးပါး နမူနာလောက်တော့ ပြောပြပေါ့ …၊ ငါက သိသိသာသာကြီးလည်း မပိုးချင်ပါဘူး၊ ငါချစ်နေတဲ့အကြောင်း သူသိရုံလောက်ပါပဲ"

"သိရုံလောက်နဲ့ ဘာလုပ်မှာလဲ၊ ဟိုက သိတော့ရော မင်းကို ရည်းစားစကား လာပြောမှာမို့လို့လား၊ မင်းက ပြောရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောရဲသေးခင်မှာ တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်း နားလည်သွားတာမျိုးလေးကို လိုချင်သေးတာ ..."

"ဒါဆိုလည်း မင်း သူ့ကိုတွေ့တိုင်း မျက်လုံးတွေနဲ့ စကားပြောကြည့်ပေါ့၊ မှတ်ထား ... မျက်လုံးဆိုတာ စိတ်ရဲ့တံခါးပဲ၊ မင်းစိတ်ထဲမှာ ရှိနေတာတွေအားလုံးကို မင်းမျက်လုံးက ဖော်ပြလိမ့်မယ်"

"အေးပါ ... ငါမှတ်ထားပါ့မယ်၊ အဲ့ဒီလို ကြည့်ပြီးရင်ကော ဘာဆက်လုပ်ရဦးမလဲ"

"နီးစပ်အောင် လုပ်ပေါ့ကွာ၊ အခွင့်အရေးရရင် လက်ကလေး ဘာလေးကိုင်၊ နီးစပ်မှုများရင် ရင်းနှီး၊ ရင်းနှီးမှုများတော့ သံယောဇဉ်ဖြစ်လာတာပေါ့၊ သူခိုင်းတာမှန်သမျှ လုပ်ပေး၊ မခိုင်းတာလည်း ဖွတ်သာလုပ်ပေး၊ သူ့အတွက်ဆို အမြဲတမ်း အဆင်သင့် အနေအထားမှာ ရှိနေပစေ"

"ပြီးတော့ရော ..."

"ပြီးတော့ ... အမှတ်တရလေးတွေ ခဏခဏ ဖန်တီးပေးပေါ့၊ ဥပမာ ... အလှဆုံး နှင်းဆီလေးတစ်ပွင့်ကို သူ့အတွက် ယူလာတာမျိုးပေါ့၊ ဒီနည်းက လူတကာ ဖွတ်ဖွတ်ညက်ညက်ကြေအောင် သုံးလွန်းလို့ ရိုးတောင်နေပြီ၊ ရုပ်ရှင်တွေထဲမှာလည်း ခဏခဏ ပါတတ်တယ်၊ ရုပ်ရှင်တွေကြည့်ပြီး အတုခိုးပေါ့ကွာ"





"ပြီးတော့ရော ..."

"ပြီးတော့ ... မင်းချစ်နေတဲ့အကြောင်း သူရိပ်မိလာအောင် ရေလာမြောင်းပေး စကားမျိုးလေးတွေ အရင်ပြောပြောပေးပေါ့၊ သူ့ကို ဘယ်လိုဂရုစိုက်ကြောင်း၊ ဘယ်လောက်အလေးထားကြောင်း၊ ဘာကြောင်း ညာကြောင်းပေါ့ကွာ"

"ပြီးတော့ရော ..."

"အဲ့ဒီလောက် ပြောတာတောင် မထုံတတ်သေး လုပ်နေဦးမယ်ဆိုရင်တော့ မလွတ်တမ်းဖက်ပြီး ချစ်တယ် ချစ်တယ်လို့သာ ပြောလိုက်တော့ပေါ့ကွာ ..."

"ဟာ ..."

သောတမောင်က ယောင်အော်လိုက်ပြီးမှ ကိုယ့်ပါးစပ် ကိုယ်အမြန်ပိတ်ရသည်။ သူပေးတဲ့နည်းကို သူ့အစ်မဆီမှာ သောတမောင်က သွားအသုံးချမယ်ဆိုတာသာ သူသိရင်၊ အမလေး ... မတွေးရဲပါလား။

"ပြီးရင်တော့ ... မရရအောင်သာ ခိုးပြေးလိုက်ပေတော့ကွာ"

"ဟာ ..."

"နေစမ်းပါဦး ... မင်းက တဟာဟာနဲ့ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူးကွာ၊ ရင်နည်းနည်း ထိတ်သွားလို့ပါ"

"ဒါနဲ့ မင်းက ဘယ်သူ့ကို ကြိုက်နေတာလဲ ..."

"ဟာ ... အဲ့ဒါတော့ ပြောလို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ..."

"ပြောရင် ငါသေသွားမှာပေါ့"

"မင်းက ဘာဖြစ်လို့ သေရမှာလဲ"

"ငါ့ကို တစ်ယောက်ယောက်က လာသတ်မှာ"

အဲ့ဒါ ... မင်းပေါ့။ မင်း သတ်မှာပေါ့။ သောတက အသည်းထိတ်စွာ စိတ်ထဲက ပြောမိ၏။

"ဘာလဲ ... အဲ့ဒီတစ်ယောက်မှာ အစ်ကိုတွေ မောင်တွေ အများကြီး ရှိလို့လား၊ နားစမ်းပါ ... ကာယကံရှင်သာ ကိုယ့်ဘက်ပါရင် ကျန်တဲ့သူအားလုံးကို အနားပေးထားလို့ ရတယ်"

မင်းကိုတော့ အနားပေးထားလို့ ရမယ်မထင်ဘူး။

"ဘယ်သူလဲဆိုတာ ငါ့ကိုတော့ ပြောပြလေကွာ၊ မင်း မသိစေချင်ရင် ငါ ဘယ်သူ့ကိုမှ မပြောပါဘူး၊ မင်း ပြောပြမှ မင်းကောင်မလေးကို ငါက အကဲခတ်ပေးလို့ ရမှာ၊ မင်းက ထုံပဲဟာ၊ မိန်းကလေးတွေအကြောင်း ဘာသိမှာလဲ၊ ငါက မိန်းကလေးတစ်ယောက်ကို မြင်





လိုက်တာနဲ့ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ တန်းခနဲ သိတယ်"

"ငါမပြောပါရစေနဲ့ကွာ ... ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ မိန်းမတစ်ယောက်လို့သာ မှတ်ထားလိုက်ပါတော့"

"အေးပါ ... အေးပါ၊ ဘယ်လို မိန်းကလေးမျိုးလဲဆိုတာ ငါစောင့်ကြည့်လိုက်ပါဦးမယ်၊ မင်းကို ပြန်ကြိုက်တဲ့ မိန်းမဆိုရင်တော့ ခပ်ထုံထုံ အအထဲကပဲ ဖြစ်မှာသေချာတယ်"

သီကျူးကတော့ ဘာမှမသိဘဲ ထင်မြင်ချက်တွေ တောင် ပေးနေလိုက်သေးသည်။ သောတမောင်နဲ့ မမကြီးဆိုတာ သူ့အတွက်တော့ မထင်ရက်စရာပဲကိုး ...။

ဒီကိစ္စကို သီကျူးနဲ့ ပြောရတာ တဖြည်းဖြည်း ကျော့ချမ်းစရာ၊ မျက်နှာပူစရာကောင်းလာတာမို့ သောတက နောင်မပြောမိအောင် သတိထားနေလိုက်ရသည်။

သီကျူးပေးတဲ့ နည်းလမ်းတွေကိုတော့ မမကြီးနဲ့ တွေ့တဲ့အချိန်မှာ အသုံးချရပါသည်။

တစ်ရက်မှာ သောတက မမကြီး ဟင်းချက်ဖို့ ပြင်ဆင်နေသည့် မီးဖိုချောင်ထဲသို့ ဝင်သွားကာ ထမင်းစားပွဲ ပေါ်မှ မေးထောက်ထိုင်ရင်း မမကြီးကို ငေးကြည့်နေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ကျူး ပေးတဲ့ နည်းလမ်းအတိုင်း လိုက်နာရုံသက်သက်ချည်းပဲ တော့ မဟုတ်။ သောတ ကိုယ်တိုင်ကလည်း မမကြီးကို မြင် ရတာ ရင်အေးလွန်းတာမို့ တမြတ်နိုး ငေးကြည့်နေခဲ့မိတာပင်။

မမကြီးက ပထမတော့ သောတ ကြည့်နေတာကို သတိမပြုမိဘဲ သူ့ဘာသာ ဟင်းအိုးထဲကို ငရုပ်သီးထည့်၊ ကြက်သွန်ထည့်၊ ဆားထည့် နယ်ဖတ်ကာ အလုပ်ရှုပ်နေပြီးမှ သောတဘက်သို့ လှည့်ကြည့်လာကာ ...

"သောတ ... ငြိမ်လှချည်လား၊ အင် ..."

မမကြီးက သောတကိုလှမ်းမေးလိုက်ရင်း သောတရဲ့ အကြည့်ကို သတိပြုမိသွားကာ သူ့မျက်နှာ သူပြန်စမ်းလိုက်ရင်း ...

"သောတ ... ဘာကြည့်တာလဲ၊ မမကြီး မျက်နှာမှာ ဘာ ပေနေလို့လဲဟင်၊ ခုန ငရုပ်သီးထောင်းရင်း ငရုပ်သီးဖတ် စင်သွားတယ်ထင်တယ်"

ဟု ပြောလိုက်တာမို့ သောတရဲ့ ရင်ဘတ်ထဲက ဖီလင်တွေအားလုံး သဲထဲရေသွန် ဖြစ်သွားရလေသည်။

မမကြီးက အဲ့ဒီလောက် 'ဝေး' သူဖြစ်သော်လည်း သောတကတော့ အားမလျော့စတမ်း ဆက်လက်ကြိုးပမ်းမိ၏။

ရိုးမန့် ရုပ်ရှင်ဗီဒီယိုကားများစွာကို ကြည့်ရှု အတု





ယူပြီးနောက်မှာ သောတက မမကြီးအတွက် နှင်းဆီလှလှလေး တစ်ပွင့် ခူးယူလာမိ၏။ သောတ အကြံကတော့ မမကြီးခေါင်းမှာ ပန်ပေးမလို့ပင် ...။

သို့သော် ဒုံးဝေးလှသော မမကြီးက သောတလက်ထဲက ပန်းကလေးကို မြင်မြင်ချင်း သဘောကျသွားကာ ...

"ဟယ် ... ပန်းလေးက လှလိုက်တာ၊ မမကြီးဖို့ ယူလာတာလားဟင် ..."

"ဟုတ် ..."

"အတော်ပဲဟယ် ...၊ မမကြီးလည်း နှင်းဆီပန်း လိုချင်နေတာ"

"ဟုတ်လား ..."

သောတက ဝမ်းသာမယ်ပြင်ရုံရှိသေး ...။

"အိမ်က ဘုရားမှာ သပြေပန်းတွေပဲ ကပ်ထားရတာ၊ နှင်းဆီတွေ ကပ်ထားတာ နွမ်းကုန်ပြီလေ၊ ဈေးမသွားအားသေးတာနဲ့ မဝယ်ဖြစ်သေးတာ၊ ဒီပန်းလေး ဘုရားကပ်လိုက်မယ်နော်၊ သောတလည်း ကုသိုလ်ရ၊ မမကြီးလည်း ကုသိုလ်ရတာပေါ့"

ရိုးမန့်မှုသည် ကုသိုလ်ရေးဆီသို့ လျင်မြန်စွာ ပြောင်းလဲသွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သောတလည်း ဘာမှမတတ်နိုင်တော့ပါ။

မမကြီးကို ချစ်မိမှတော့ မမကြီးရဲ့ ထုံတဲ့ဒဏ်ကို လည်း ခံရပေမည်။

နောက်ဆုံးတော့ သောတသည် မမကြီးခိုင်းတဲ့ တောက်တိုမည်ရ အလုပ်ကလေးတွေကို လုပ်ပေးရင်း မမကြီးနဲ့ နီးစပ်အောင် ကြံဖန်နေရသည်။

မမကြီးတို့ အိမ်မှာ မီးချောင်း ဘယ်တော့ ကျွမ်း မလဲ။ ရေပိုက် ဘယ်တော့ပေါက်မလဲဆိုတာ နားစွင့်နေရကာ မမကြီးခိုင်းမည့်အချိန်ကို စောင့်နေရသည်။ မမကြီးက သောတ ကို အားနာကာ ...

"သောတရေ ... မင်းလည်း အလုပ်တစ်ဖက်နဲ့ အား တော့တာမှ မဟုတ်တာ ...၊ မမကြီးတို့အိမ်က အသေး အမွှားကိစ္စလေးတွေကို လာလာလုပ်နေရတာ အချိန်ကုန် ပါတယ်၊ သီကျူးပျောင်းကိုပဲ လုပ်ခိုင်းလိုက်ပါတော့ဟယ်၊ သူမလုပ်တတ်ရင်လည်း သောတက နည်းနည်းပါးပါး ပြပေးပေါ့"

"သူ့ကို ခိုင်းမယ့်အစား ကျွန်တော့်ဘာသာ လုပ်လိုက် ရတာက ပိုပြီး စိတ်ချမ်းသာလို့ပါ မမကြီးရာ"

"အေးလေ ... ဒါတော့လည်း ဟုတ်ပါတယ်"





သောတက မမကြီးတို့အိမ်မှာ အလုပ်မရှိ အလုပ် ရှာ ကြံဖန်လုပ်ရပါသည်။ ဘယ်လောက်ပဲ အချိန်ကုန်ကုန် ကွက်ချောကိုက်သည်မှာ သောတ တစ်ခုခုပြင်ဆင်ပေးနေလျှင် မမကြီးက လက်ဖက်သုပ်ပန်းကန်လေး လာချပေးပြီး သောတ အားနားမှာထိုင်လျက် သောတကို ယပ်တောင်လေး တဖျပ်ဖျပ် ခတ်ပေးနေတတ်တာမို့ပင်။

ဒါမျိုးသာဆိုလို့ကတော့ ဘာပဲလုပ်ရလုပ်ရပေါ့။

သောတသည် မမကြီးကို ဒါ့ထက်ပိုပြီးတော့လည်း ပိုးပန်းရဲပါပေ။

သီးကျူးရာ မင်းအစ်မလည်း ငါ့အစ်မပဲပေါ့ဟု ကြောခဏ အသံကောင်းဟစ်ထားခဲ့တာမို့ မမကြီးကို ဘယ်လို ချစ်ရေးဆိုရမယ်ဆိုတာ စဉ်းစားမရပါ။ မမကြီးနှင့် သူ့ကြားမှာ သည်းတစ်ခုခြားသလို ခံစားရသည်။ မမကြီးကို ဖွင့်ပြောဖို့ စဉ်းစားလိုက်တိုင်း သူ အရာရာကို ကြောက်ရွံ့နေခဲ့ရပါသည်။

မမကြီးရယ် ...

မမကြီး သိအောင် ကျွန်တော် ဘယ်လိုပြောရပါ့ မလဲ ...။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

သောတသည် မင်္ဂလာညစာစားပွဲ ကျင်းပနေသည့် နေရာဆီသို့ ငေးကြည့်နေသော မမကြီးကို ငေးကြည့်လိုက်ရင်း သက်ပြင်းချမိပါသည်။

ဒီလိုငေးရင်းနဲ့ပဲ အချိန်တွေကုန်သွားရတော့မှာလား။

မမကြီးရဲ့ အသက်ဟာ ကိုယ့်ထက်ပိုပြီး ဘယ် လောက်မှ မကြီးဘူးလို့ ဆိုနိုင်ပေမယ့် သူငယ်ချင်းရဲ့ အစ်မ ငယ်ကတည်းက မမကြီးရယ်လို့ နှုတ်ကျိုးလာကာ အစ်မနေရာ မှာ ထားမိနေတာမို့ အစ်မနေရာကနေ ချစ်သူနေရာကလေး ကို ပြောင်းရွှေ့ထားလိုက်ဖို့ ခက်ခဲနေခဲ့တာပင်။

မမကြီးဟာ သောတအတွက် ခံစားချက်မျိုးစုံ ပေးနိုင်သော မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။ တစ်ခါတစ်





အမေလို ချွဲနွဲ့အားကိုးချင်စိတ်၊ တစ်ခါတစ်ရံ ကလေးတစ်ယောက်ကို အလိုလိုက် ဖေးမစောင့်ရှောက်ချင်သည့် စိတ်မျိုးလည်း ဖြစ်ရလျက် သံယောဇဉ် အမျိုးမျိုး ယှက်လိမ်နှောင်ဖွဲ့ခံရတာပင် ...။

သောတက မနှောကို ငေးကြည့်ရင်း သက်ပြင်းတချချ ဖြစ်နေချိန်မှာ ...

မနှောကလည်း မင်္ဂလာပွဲအတွက် ပြင်ဆင်နေကြသည့် နေရာကလေးကို လှမ်းကြည့်ရင်း သောတကို တိတ်တခိုး အားနာနေခဲ့ပါသည်။

သောတအပေါ်မှာ အားနာရမည့်ကိစ္စတွေကလည်း များခဲ့သည်လေ ...။ ဖြူဥကိစ္စတုန်းကလည်း မနှောအလွန်။ မင်္ဂလာဆောင်ကိစ္စတုန်းကလည်း မနှော အမှား ...။

မနှော နှလုံးသားထဲမှာ ခံစားချက်တွေ အမျိုးမျိုး ရှုပ်ထွေးနေရတာမို့ မနှောကိုယ်တိုင်တောင်မှ ကိုယ့်ခံစားချက်ကို ကိုယ် သဲသဲကွဲကွဲ နားမလည်နိုင်ခဲ့တာ။

မနှောကို အိမ်ထောင်ချဖို့ မေမေ စီစဉ်တုန်းကလည်း မနှောမှာလည်း ချစ်သူမရှိတာမို့ မိဘ စီစဉ်တာကို လက်ခံလိုက်ပါမယ်လေဟု ဆုံးဖြတ်ပြီးမှ ရင်ထဲမှာ လေးပင်နင့်နဲလာခဲ့ရတာ ...။ လူက ဘာကိုမှ မခံစားရသလို အေးစက်



www.burmeseclassic.com

စက်ကြီး ဖြစ်နေခဲ့ရတာ ...။ သောတ မျက်နှာကိုပဲ ကွက်ခနဲ ကွက်ခနဲ မြင်ယောင်ပြီး ညညဆို အိပ်မက်ထဲမှာ သောတကို ခဏခဏတွေ့ပြီး ကယောင်ချောက်ချား လန့်လန့်နိုးရတဲ့ ညတွေ များခဲ့တာ ...။

သို့သော်လည်း မနောက ဘာကိုမှ သတ္တိရှိရှိ ရင် မဆိုင်ရဲခဲ့ပါ။ သောတ မနောရှေ့မှာ ပေါက်ကွဲခံစားနေတာကို မြင်ရတော့မှ ထိန်းချုပ်ထားမိတဲ့ မနောရဲ့ စိတ်တွေ လွှတ်ထွက်ကုန်ပြီး တစ်ညလုံး ဝမ်းပမ်းတနည်း ရှိုက်ကြီးတငင် ငိုခဲ့မိပါသည်။ သောတနဲ့ ခွဲရမှာကို တွေးလိုက်တိုင်း မျက်ရည်တို့က အလိုလို စီးကျလာခဲ့ရသည်။

သောတ အပေါ်ထားမိတဲ့ မနောရဲ့ သံယောဇဉ်တွေက များလှပြီဖြစ်သော်လည်း၊ သောတရဲ့ သံယောဇဉ်တွေကို ရိပ်မိသော်လည်း၊ မနောက သိကျူး အစ်မနေရာမှာ၊ သောတက မနော မောင်လေးရဲ့ သူငယ်ချင်းနေရာမှာ ...။ ဒီနေရာကို ဘယ်လိုပြောင်းမလဲ ...။ ပြောင်းဖို့ရာ မနောမှာ သတ္တိမရှိပါ။ မနောက ကိုယ့်နေရာလေးမှာသာ ကိုယ် အေးအေးချမ်းချမ်း နေလိုပါသည်။ ဒီအတိုင်းလေးပဲ သောတ အိမ်ကို လာတဲ့အခါ ထမင်းလေး ခူးကျွေးနေချင်ပါသည်။ သိကျူးနဲ့ ဖြူဥ အရိုအသေ တန်မယ့် အလုပ်မျိုးကို မနော မလုပ်ချင်ပါ။ မောင်လေး သူငယ်ချင်းကိုလည်း ချစ်သူ မတော်ရဲပါ။





သို့သော် ... မနော စိတ်တွေကတော့ သောတနဲ့ ပတ်သက်တဲ့ တချို့ကိစ္စတွေမှာ မတည်မငြိမ် ဖြစ်ရတတ်ပါသည်။

တစ်ခါတုန်းကဆို သောတက သူ့သင်တန်းက ကောင်မလေးတွေနှင့်အတူ မနောအိမ်သို့ ရောက်လာခဲ့ပါသည်။

"မမကြီးလက်ရာ စားကောင်းကြောင်း ကျွန်တော် ကြွားထားလို့ သူတို့လိုက်လာကြတာ ..."

"သောတက မမကြီးအကြောင်း ပါးစပ်ဖျားက ချတာ မဟုတ်ဘူး မမကြီးရဲ့၊ မမကြီး ချက်တဲ့ ဟင်းက ကမ္ဘာပေါ်မှာ အကောင်းဆုံးတဲ့၊ မမကြီး သုပ်တဲ့ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ခရမ်းချဉ်သီးသုပ်၊ ဘာသုပ်သုပ် မမကြီး လက်နဲ့သာ နယ်လိုက်ရင် စားကောင်းတယ်ဆိုလို့ သူပြောတာ ဟုတ်မဟုတ် သမီးတို့ လာစားတာ ..."

ကောင်မလေးတွေဟာ အပြောရဲ၊ အနေအထိုင်ရဲ၊ က်ကဲ ခပ်ရဲရဲ ဖလန်း ဖလန်းလေးတွေ။ သောတနှင့် စကားပြောလျှင်လည်း သောတ ပခုံးကို ရိုက်လား ပုတ်လား။ ရယ်လိုက်ရင်လည်း ဟိုးဟိုးဟားဟား ခိုးခိုးခစ်ခစ်။ မနော မျက်စိထဲမှာ ဘယ်လိုမှကြည့်မရ။ သို့သော် ... မျက်နှာကိုတော့ ပြုံးထားရတာ ...

www.burmeseclassic.com



"မမကြီး လက်ဖက်သုပ် ကျွေးမယ်လေ၊ ခရမ်းချဉ်သီး လည်း သုပ်လိုက်မယ်၊ မြင်းခွာရွက်လည်း သုပ်ပေးမယ် သောတကို ကျွေးတဲ့ လက်ရာအတိုင်း သုပ်လိုက်မယ်နော် ခဏလေးစောင့်ကြဦး ..."

"တွေ့လား ... မမကြီးက အရမ်းသဘောကောင်းတာ"

သောတက အလွန့်ရှင် လက်ဖက်နှင့် မျက်နှာလုံး ချင်နေတာမို့ မနောက သောတကို မသိမသာ မျက်စောင်းထိုး လိုက်ပြီး မီးဖိုချောင်ထဲသို့ ဝင်လာပါသည်။

အေးအေးချမ်းချမ်း နေတတ်တဲ့ မနောရင်ထဲ ဒေါသက ဘယ်လိုကဘယ်လို ရောက်လာမှန်းမသိ၊ စိတ်ထဲမှာ တနုံ့နုံ့နှင့် ခံရခက်လှပါသည်။ ထမင်းစားခန်းထဲက လှမ်းကြည့် လျှင် ဧည့်ခန်းကို လှမ်းမြင်ရတာမို့ သောတရဲ့ ပြုံးရွှင်နေသော မျက်နှာကို လှမ်းမြင်ရသည်။

မနောက အသုပ်တွေကို သေချာသုပ်ပြီးမှ စိတ် ပေါက်လာကာ ဆားတွေထပ်ဖြူးပြီး နယ်လိုက်မိပါသည်။ ထို့နောက် ယွန်းဗန်းလေးပေါ်မှာ အသုပ်ပန်းကန်တွေ တင်ပြီး ဧည့်ခန်းထဲသို့ ယူလာခဲ့ကာ ...

"ကဲ ... စားကြနော်၊ လိုတာရှိလည်း ပြော၊ မလောက် မမကြီး ထပ်သုပ်ပေးမယ်"





ဟု ပြောပြီး ဧည့်ခန်းစားပွဲပေါ်မှာ တင်ပေးလိုက် ပါသည်။

ကောင်မလေးတွေက မနော ရုပ်တည်ကြီးနဲ့ ညစ် လိုက်တာကို မသိဘဲ အသုပ်တွေကို အားရပါးရ ခပ်စားပြီး မျက်နှာအပျက်ပျက် ဖြစ်နေကြသည်။ မနောကလည်း မသိချင် ယောင်ဆောင်ကာ ...

"ကောင်းရဲ့လားဟင် ..."

"ကောင်း ... ကောင်းပါတယ်၊ အဟင်းဟင်း ..."

ကောင်မလေးတွေက တည်တည်ခံ့ခံ့ကြီး ထိုင်နေ သော မနောကို ရှိန်ကာ ဘာမှမပြောရဲကြ ...။ အသုပ်တွေကို တို့ကနန်း ဆိတ်ကနန်း စားပြီး ပြန်သွားကြသည်။ နောက် တစ်နေ့ကျမှ သောတက မနောဆီ ရောက်လာကာ ...

"မမကြီး ... မနေ့က မမကြီး သုပ်ကျွေးတဲ့အသုပ်က အရမ်းငန်တာပဲတဲ့ ...၊ အဲ့ဒါ မဟုတ်ဘူး မှတ်လား"

"ဟမ် ..."

"ကျွန်တော်တော့ မယုံဘူးလို့ ပြောခဲ့တယ်၊ သူတို့တွေ ကျွန်တော် ကြွားထားတာကို အမြင်ကတ်လို့ တမင် နှိပ်ကွပ်ပြီး လျှောက်ပြောတာပဲ ဖြစ်မယ်"

"သြော် ... အင်း ... မမကြီးကတော့ ဒီလိုပဲ သုပ်လိုက် တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... မမကြီး သုပ်တဲ့ အသုပ်မှန်ရင် ဘယ်တုန်းကများ မကောင်းဖူးလို့လဲ၊ အလကားသက်သက် သူများ မမကြီးကို နာမည်ဖျက်တယ်၊ တော်ပြီ ... နောက် ဘယ်တော့မှ ခေါ်မလာတော့ဘူး၊ ဒါမျိုးတွေ အပေါင်းအသင်း မလုပ်တာပဲ ကောင်းတယ်"

သောတက မနောကိုသာ ယုံကြည်သူပင် ...။

မနောကတော့ ကိုယ်ညစ်လိုက်မိတာကလေးကို တွေးကာ တင်ဖက်သို့လှည့်ပြီး ပြုံးစိစိလုပ်နေခဲ့မိသည်။

မနော ဘာဖြစ်လို့ အဲ့ဒီလို ညစ်လိုက်မိမှန်း မနော ဘာသာလည်း မသိပါ။

မနောက ကိုယ့်ခံစားချက်တွေကို ခွဲခြားစိပ်ဖြာမနေတော့ဘဲ ဒီလိုပဲ အမှုမဲ့ အမှတ်မဲ့ ဘာသိဘာသာ နေလာခဲ့သူပင်။

လတ်တလောကာလမှာတော့ မနောက ဂျီအက်စ်အမ်ဖုန်း ဟန်းဆက်လေးတစ်လုံး ဝယ်ယူနိုင်ဖို့ ပိုက်ဆံစုနေခဲ့မိပါသည်။

အဲ့ဒီဖုန်းလေးကို မကြာခင်ကျရောက်မယ့် သောတမောင်ရဲ့ မွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးဖို့ ရည်ရွယ်ပါသည်။

သိကျူးက ဖေဖေ ပေးသော မုန့်ဖိုးဖြင့် ချောင်





လည်လှသူမို့ ဟန်းဆက်အမျိုးမျိုး ဝယ်ကိုင်နေချိန်မှာ သောတက အနှစ်နှစ်အလလက မော်ဒယ်အောက်နေပြီဖြစ်တဲ့ Samsung ဖုန်းလေးကိုပဲ ကိုင်နေခဲ့ရသည်။ သိကျူး ဟန်းဆက်လဲလာတဲ့ တစ်နေ့မှာ သောတမောင်က သိကျူးရဲ့ Nokia E 71 အနီရောင် ဖုန်းလေးကို သဘောကျစွာ အပြန်ပြန်အလှန်လှန် ကိုင်ကြည့်ရင်း ...

"မင်းဖုန်းက မိုက်တယ်ကွ၊ ဒီဇိုင်းရော အရောင်ရော လှတယ်၊ အပြားကြီးကြီးလေးဆိုတော့ ကိုင်လို့လည်း ကောင်းတယ်"

ဟုပြောတော့ အစကတည်းကမှ ကြွားချင်နေသော သိကျူးက သူ့ဖုန်းရဲ့ လုပ်ဆောင်ချက်တွေကို တစ်ခုပြီးတစ်ခု ဖွင့်ပြနေရင်း ...

"ငါ့ဖုန်းက အင်္ဂလိပ်စာလုံး တစ်လုံးကို ခလုတ်တစ်ခုဆိုတော့ Message ရိုက်လို့ အရမ်းအဆင်ပြေတယ်၊ အင်တာနက် ချိတ်ပြီး ကွန်ပျူတာလိုလည်း သုံးလို့ရတယ်"

"အေးကွ ... တော်တော်မိုက်တယ်၊ ငါပိုက်ဆံရှိရင် ဒါမျိုးပဲ ဝယ်ကိုင်မယ်"

သောတရဲ့ တမက်တမော အကြည့်နှင့် သနား



www.burmeseclassic.com

www.burmeseclassic.com



စဖွယ် အပြောကလေးကို မနော ကြားမိ မြင်မိကတည်းက တစ်နေ့မှာ သောတ လိုချင်တဲ့ ဟန်းဆက်ကလေးကို ဝယ်ပေးဖို့ ဆုံးဖြတ်လိုက်မိပါသည်။

ထိုနေ့မှ စကာ သောတ လိုချင်တဲ့ ဟန်းဆက်ကလေးကို မှန်းမျှော်ပြီး မနော ငွေစုလာခဲ့တာ ခုဆို ပြည့်လုပြည့်ခင်တောင် ဖြစ်နေပြီ...။ လာမယ့် မွေးနေ့အမီ ပေးနိုင်မှာပင်။

မနောက သောတအတွက် လက်ဆောင်ကို မနော ရှာဖွေရတဲ့ ကိုယ်ပိုင် ပိုက်ဆံနှင့်သာ ဝယ်ယူလိုတာမို့ ဖေဖေနဲ့ မေမေ ပေးတဲ့ မုန့်ဖိုးထဲကလည်း မသုံးလိုပါ။ မနော တက်တင်းထိုးလို့ရတဲ့ ပိုက်ဆံကလေးတွေကိုပဲ စုစုလာခဲ့တာ တစ်နှစ်တောင် ကျော်ခဲ့ပြီ။ ဟန်းဆက်ဖိုးက သုံးသိန်းခွဲဝန်းကျင်မို့ တော်တော်လေး ကြိုးကြိုးစားစား စုဆောင်းခဲ့ရပါသည်။

သောတလည်း ပိုက်ဆံစုနေတယ်တဲ့။

ဘယ်သူ့ကို ဘာဝယ်ပေးမလို့ပါလိမ့်ဟု မနော မကြာခဏတွေးရင်း သိချင်စိတ် ပြင်းပြလာတတ်ခဲ့ပါသည်။

မနောသည် အတွေးထဲမှာနစ်မျောနေရာမှ တဖြည်းဖြည်း လက်ရှိအချိန်သို့ ပြန်ရောက်လာကာ စားပွဲခုံပေါ်သို့ အကြည့်ရွှေ့မိသည်။





မနော လက်တစ်ဖက်က နွေးနေဆဲ...။ မနောကို ဖေးမနှစ်သိမ့်တဲ့အနေနဲ့ စားပွဲပေါ်တင်ထားတဲ့ မနောရဲ့ လက်ဖျားကလေးကို ထွေးဆုပ်ပေးခဲ့တဲ့ သောတရဲ့ လက်တစ်ဖက်က ခုထိ ဆုပ်ခွာမသွားသေးပါ။

မနောက သက်ပြင်းကလေးချကာ မနော လက်ကလေးကို တဖြည်းဖြည်း တရွေ့ရွေ့ဖြင့် မသိမသာလေး နောက်ဆုတ်ရုပ်သိမ်းလိုက်ပြီး ...

"သောတ ..."

"အင်ဟင် ...၊ ခင်ဗျာ ..."

မမကြီးကို ငေးရင်း မိန်းမောသလို ငြိမ်နေသည့် သောတသည်လည်း ခုမှ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသည်။

"မမကြီးကို ဖုန်း ခဏပေးဦး၊ အိမ်ကိုဖုန်းဆက်ကြည့်လိုက်ဦးမယ်"

သောတက သူ့ဘောင်းဘီအိတ်ထဲ ထည့်လာသည့် ဖုန်းလေးကို ဆွဲထုတ်ပြီး လှမ်းပေးလိုက်ရင်း ...

"သီကျူးနဲ့ ဖြူဥကိုလည်း ခေါ်ကြည့်ပါဦး မမကြီး"

မနောက ခေါင်းညိတ်ပြလိုက်ပြီး သီကျူးနဲ့ ဖြူဥ ဖုန်းကို အရင်ခေါ်ကြည့်လိုက်သည်။ ထူးမခြားနား။ သီကျူးဖုန်းက စက်ပိတ်ထားသည်ဟု ပြန်ဖြေနေတုန်း။ ဖြူဥဖုန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှု ဧရိယာပြင်ပမှာ ရှိတုန်း။ အိမ်ကိုဖုန်းပြန်ခေါ်တော့လည်း ဘာမှအကြောင်းမထူး။ မီးပြန်မလာသေးတာမို့ အိမ်က မိနီကလည်း တဂျီဂျီ။

"မမကြီးရေ ... မီးကလည်း ခုထိမလာသေးဘူး၊ မိနီ သရဲကြောက်တယ်၊ မြန်မြန်ပြန်လာနော် ..."

"အေးပါဟယ် ... အေးပါ၊ တော်ကြာနေ ဖြူဥလည်း ပြန်လာပါလိမ့်မယ်"

မနော့က ဖုန်းလည်းချ၊ သက်ပြင်းလည်းချလိုက်ရင်း ...

"ဘယ်မှာ ဆက်ရှာကြမလဲဟင် ... သောတ"

ဟု သောတကို မျက်နှာငယ်လေးနှင့် လှမ်းမေးလိုက်သည်။ သောတက မျက်မှောင်ကလေး ကြုတ်ကာ စဉ်းစားလိုက်ပြီး ...

"သူ အမြဲသွားနေကျ သူငယ်ချင်းအိမ် တစ်အိမ်တော့ ရှိတယ် မမကြီး ...၊ အဲဒီသူငယ်ချင်းက အိမ်ရှေ့မှာ ဗီဒီယိုခွေငှားဆိုင်လေး ဖွင့်ထားတော့ သီကျူးက တော်တော် ညဉ့်နက်တဲ့အထိ အဲဒီဆိုင်မှာ သွားသွားထိုင်တတ်တယ်၊ လိပ်စာတော့ ကျွန်တော်သိတယ်၊ ဖုန်းနံပါတ်တော့ မသိဘူး"





"ဒါဆို အဲဒီကို သွားရှာကြည့်ရအောင်လေ၊ တွေ့လို တွေ့ငြားပေါ့၊ အဲဒီမှာ မတွေ့ဘူးဆိုရင်တော့ အိမ် တစ်ခေါက် ပြန်ကြည့်ရမယ်၊ အိမ်မှာ မိနီကို တစ်ယောက်တည်း ထားခဲ့ရတာလည်း စိတ်မဖြောင့်ဘူး"

မနော့က သောတကို ပြောနေရင်း ရေကူးကန်ရဲ့ ဟိုတစ်ဖက်ခြမ်းသို့ အကြည့်ရောက်သွားပါသည်။

ရေကူးကန် ဘေးနားလေးဆီမှ ကားပါကင်ရှိရာဘက်သို့ ဦးတည်လျှောက်သွားနေသော လူတစ်ယောက်ကို မနော့က မြင်ဖူးပါတယ်ဟု သေချာစိုက်ကြည့်နေမိသည်။ ရေကူးကန် ပတ်လည်မှာ ထွန်းထားသော မီးရောင်တွေကြောင့် ထိုသူ့ကို သဲသဲကွဲကွဲမြင်နေရသည်။ မနော့စိတ်ထဲမှာ ထိုသူ့ကို တစ်နေရာမှာ သေချာမြင်ဖူးခဲ့တာ သေချာသည်။ သို့သော် ဘယ်သူ ဘယ်ဝါဆိုတာ ပြန်တွေးလို့မရ ...။

မနော့ ကြည့်နေဆဲမှာပဲ ထိုသူက ကားပါကင်မှာ ရပ်ထားသည့် ကားတစ်စီးဆီ ဦးတည်သွားကာ ကားတံခါးကို ဆွဲဖွင့်တော့မှ မနော့ စိတ်ထဲ လက်ခနဲဖြစ်သွားကာ ထိတ်ထိတ်ပျာပျာ ထရပ်လိုက်မိရင်း ...

"သောတ ... ဟိုလူ ... ဟိုလူ ..."

"ဘယ်သူလဲ၊ ဘယ်သူလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



သောတကလည်း ထရပ်လိုက်ရင်း မနော ညွှန်ပြသည့်ဘက်ကို ပျာပျာသလဲ လှမ်းကြည့်၏။

"ဟိုမှာ ... ကားပေါ်တက်သွားတဲ့သူ၊ အဲဒီလူက သိကျူးရဲ့ ဆရာကြီး၊ သင်တန်းတစ်ခုတက်တုန်းက သိကျူးနဲ့ အရမ်းတွဲပြီး သိကျူးလိုပဲ အရမ်းပွေတဲ့ လူ၊ မမကြီးတို့ အိမ်ကို တစ်ခါလိုက်လာဖူးတယ်၊ အဲဒီလူနဲ့ သိကျူးနဲ့ ဖုန်းပြောပြောနေတာ မမကြီး ကြားမိတယ် ..."

"ဟာ ... ဒါဆို သိကျူး ဘယ်မှာရှိတယ်ဆိုတာ သူများ သိမလား"

"ဟုတ်တယ်၊ မမကြီးလည်း အဲ့ဒါတွေးမိတယ်၊ အဲ့ဒါ သူ့ကိုလိုက်မေးမှဖြစ်မယ်၊ ဟယ် ... ကားထွက်သွားပြီ"

"မပူနဲ့ မမကြီး၊ ကျွန်တော် လိုက်ခေါ်ပေးမယ်"

သောတက ဟိုတယ် ဝင်ဝ ထွက်ဝဆီသို့ ဦးတည် မောင်းနေသည့် ကားဆီသို့ လှစ်ဆို ပြေးထွက်သွားသည်။ မနောလည်း သောတနောက်မှ သွက်သွက်ကလေး ပြေးထွက်လာပါသည်။

"ဟိုး ...၊ ဟိုးထား ... ဟော့လူ၊ ဟိုးထား ...၊ ခဏရပ်ပါဦးဗျို့ ..."

သောတ ပြေးလိုက်အော်ခေါ်သော်လည်း ကားက





မရပ်ဘဲ လမ်းမကြီးပေါ်သို့ ချိုးကွေ့လိုက်ပါသည်။ မမိနိုင်တော့ပြီမို့ သောတ ရပ်တန့် လှည့်ပြန်လာလိမ့်မည်ဟု ထင်မိသော်လည်း သောတက မရပ်ဘဲ လမ်းမကြီးအတိုင်း ပြေးလိုက်သွားသည်။

"ဟေး ...၊ ရပ်ပါဦးဗျို့ ..."

"ဟယ် ... ဒုက္ခပါပဲ"

မနောသည် မထင်မှတ်သော သောတလုပ်ရပ်ကြောင့် ကြောင်ကြည့်နေလိုက်မိပြီးမှ သောတကို တားဆီးဖို့ သတိရကာ သောတနောက်မှ ပြေးလိုက်လာရင်း ...

"သောတ ... ပြန်လာခဲ့၊ ပြန်လာခဲ့တော့ ..."

"ဟိုထား ... ရပ်ပါဦးဗျို့"

"သောတရေ ... တော်ပြီ ... ဆက်မလိုက်နဲ့တော့ ...၊ ပြန်လာခဲ့တော့၊ မမေးရလည်း ကိစ္စမရှိဘူး၊ ပြန်ခဲ့တော့"

ညအမှောင်ပင်ဖြစ်သော်လည်း လမ်းမကြီးပေါ်က မီးရောင်တွေကြောင့် တစ်ယောက်ကို တစ်ယောက် လှမ်းမြင်နေရသေးသည်။ သောတက ရှေ့က ကားနောက်မီးရောင်ကို ခေါက်ခြည်မပြတ်အောင် ကြည့်ကာ သဲကြီးမဲကြီး ပြေးလိုက်နေသည်။ မနောကလည်း သောတကို ကားတိုက်သွားမှာကို စိုးရိမ်ပူပန်လျက် သောတနောက်မှ ပြေးလိုက်လာပါသည်။ သောတက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကနေ တဟိုးဟိုးအော်ရင်းပြေး၊ မနော့ကလည်း သောတကို တကြော်ကြော် အော်ဟစ်ခေါ်ငင်တားမြစ်လျက် ရှိပါသည်။

ကားက တော်တော်ဝေးဝေးထိ ရောက်သွားပြီမို့ လုံးဝ မမီနိုင်တော့မှ သောတက ဟောဟဲဆိုက်ကာ ရပ်တန့်သွားသည်။ သောတ ရပ်တော့မှ မနော့လည်း ရပ်တန့်လိုက်ရင်း ဘာစကားမှ မပြောနိုင်တော့အောင် ကိုယ့်ရင်ဘတ်လေး ကိုယ် ပြန်ဖိရင်း အမောဆို့နေသည်။

သောတက နောက်ပြန်လှည့်လာတော့မှ မနော့ကို မြင်သွားကာ ...

"ဟင် ... မမကြီး"

"သော ... သောတ ..."

သောတက မနော့နားကို ပြေးလာလိုက်ပြီး ...

"မမကြီး လိုက်လာတယ် ဟုတ်လား ..."

"ဟုတ်တယ် ... နောက်ကနေ ပြန်ခဲ့ဖို့ အော်ခေါ်နေတာ မကြားဘူးလား"

"ဟာ ... ကျွန်တော် တကယ်မကြားဘူး၊ ကိုယ့်ဖာနဲ့ ကိုယ် အော်ခေါ်နေမိတာ၊ ကားတွေလည်း အနားကနေ ဖြတ်ဖြတ်သွားနေတော့ ကားသံနဲ့ဖုံးပြီး မမကြီးအသံကို လုံးဝမကြားမိဘူး၊ မမကြီးက ဘာလို့လိုက်လာတာလဲ"





"မင်းက အဝေးကြီးထိ အရူးလို ပြေးလိုက်နေတာကိုး"

"မမကြီး မေးချင်တာမေးလို့ရအောင်ပါ"

"ဒီလောက်အထိ မလိုပါဘူး၊ တော်ရုံနဲ့ ခေါ်မရရင် နေခဲ့တော့ပေါ့၊ ကိုယ့်မှာလည်း ကားပါရဲ့သားနဲ့ ဘာလို့ ပြေးလိုက်နေလဲ ..."

"ကျွန်တော့်ကားက ဟိုဘက်ပါကင်မှာ ရပ်ထားတာလေ၊ ကားသွားယူနေရင် ဟိုကားကို ဘယ်မီတော့မလဲ၊ ကားက လမ်းတစ်ခုခုထဲ ချိုးကွေ့ဝင်သွားရင် ပျောက်သွားမှာ"

"အခု ပြေးလိုက်တော့ရော မီလို့လား"

"ကားကိုလှမ်းမြင်နေရသေးတော့ မီလိုမီငြားပေါ့၊ မမကြီးကရော ဘာလို့ ကျွန်တော့်နောက်ကို ပြေးလိုက်လာသေးလဲ၊ အရူးလိုပဲ ..."

"အောင်မယ် ... ကျုပ်ကို လာအပြစ်တင်မနေပါနဲ့၊ ကျုပ်က မင်းပြေးလိုက်ရင်း အမောဆို့နေမှာစိုးလို့ အချိန်မီတားရအောင် ပြေးလိုက်လာရတာ ..."

"အဲဒီတော့ ခု မမကြီး အမောဆို့နေပြီမဟုတ်လား"

"မင်းရော ... မဆို့လို့လား၊ အမှောင်ကြီးထဲမှာ ကားတိုက်သွားတော့ ဘယ်လိုလုပ်မလဲ၊ သေသွားမယ် ... ဘာမှတ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ကားတိုက်တာက အကြောင်းမဟုတ်ဘူး"

"ကျုပ်ကို ကားတိုက်တာကလည်း အကြောင်းမဟုတ်ပါဘူး"

နှစ်ယောက်သား အပြန်အလှန် အပြစ်တင်နေကြပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်ကာ ရုတ်တရက် ငြိမ်သက်သွားခဲ့ရပါသည်။

သောတသည် ချွေးကလေးတွေစို့နေသော မမကြီးရဲ့ နဖူးဆီကို ငေးခနဲ ကြည့်နေလိုက်မိရင်း မမကြီး နဖူးပေါ်သို့ ကပိုကယို ပြုတ်ကျနေသည့် ဆံစလေးတွေကို သပ်တင်ချင်စိတ်မျိုး ပြင်းထန်စွာ ဖြစ်ပေါ်လာပါသည်။

မနောသည်လည်း သောတမျက်နှာကို ငေးကြည့်ရင်း သောတ နဖူးပေါ်သို့ ဝဲကျနေသော ချွေးစို့ရွှဲသည့် ဆံစတိုကလေးတွေကို သပ်တင်ပေးပြီး သောတ နဖူးပေါ်က ချွေးစတွေကို တစ်ရှူးစကလေးနှင့် အသာအယာ တို့သုတ်ပေးချင်လာခဲ့ပါသည်။

ထိုအချိန်တွင် မနောနှင့်အတူ မျက်နှာချင်းဆိုင်ရပ်နေခဲ့သော သောတရဲ့ လက်ကလေးတစ်ဖက်သည် မရဲတရဲဖြင့် တဖြည်းဖြည်း မြှောက်တက်လာကာ မနောရဲ့ နဖူးပေါ်က ဆံစလေးတွေကို အသာအယာ သပ်တင်ပေးလိုက်လေသည်။





မနောသည် သောတရဲ့ အပြုအမူကြောင့် မျက်လွှာကလေး စင်းစင်းကျကာ ငြိမ်သက်သွားခဲ့ရသည်။ ထို့နောက်မှာတော့ မနောရဲ့ လက်ကလေးတစ်ဖက်သည် သောတရဲ့ နဖူးဆီသို့ မရဲတရဲ လှမ်းလျက် သောတ နဖူးပေါ်က ဆံစတိုကလေးတွေကို သပ်တင်ပေးလိုက်ပြီး နဖူးပေါ်က ချွေးစတွေကို အသာအယာ တို့သုတ်ပေးလိုက်လေသည်။

သောတနှင့် မနောသည် ပလက်ဖောင်းပေါ်တွင် ရပ်တန့်လျက် တစ်ယောက်ကိုတစ်ယောက် တုန်တုန်လှုပ်လှုပ် စိုက်ကြည့်လိုက်မိကြသည်။ နီယွန် လမ်းမီးတိုင်များဆီမှ အလင်းရောင်ဖြင့် နှစ်ဦးစလုံးရဲ့ မျက်ဝန်းလေးတွေ အရောင်လဲ့နေတာကို မြင်နိုင်သည်။

ထိုအချိန်မှာပဲ သောတ ဖုန်းလေးဆီက တီးလုံးသံလေးတွေ ထွက်လာတာမို့ သောတက ဘောင်းဘီအိတ်ထဲ ထည့်ထားသည့် ဖုန်းကို ဆွဲထုတ်ဖွင့်ကိုင်လိုက်ရပါသည်။

"ဟဲလို ..."

"ဟော့ကောင် ... သောတ ... ငါပါကွ"

"ဪ ... အေး ... သီဟ ... ပြော"

"မင်း ဟိုကောင် သီကျူးကို အသည်းအသန် လိုက်ရှာနေတယ်ဆို၊ ငါကို ရဲကို ပြောလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... သီဟ၊ မင်းဖုန်းကိုတောင် ငါဆက်ကြည့်သေးတယ်၊ မင်း ဖုန်းက ဧရိယာပြင်ပ ရောက်နေလို့"

"ဟုတ်တယ် ... ငါတို့ မြေညီထပ် တိုက်ခန်းက တစ်ခါတစ်ခါ အဲ့ဒီလိုပဲ၊ မင်းကို ငါ သတင်းပေးမလို့ကွ ခုပဲ ငါ့ဆီကို ညီဇော် ဖုန်းဆက်ပြောသွားတာ၊ သူ ပဲခူးသွားရင်းနဲ့ သီကျူးနဲ့ ကောင်မလေးတစ်ယောက်ကို ပဲခူးဘက်ထွက်တဲ့ တိုးဂိတ်နားမှာ တွေ့လိုက်တယ်တဲ့"

"ဟာ ... ဟုတ်လား၊ သေချာလား"

"သေချာတယ်၊ သီကျူး ဂျစ်ကားပဲတဲ့ ...၊ ကေန္တ ပဲခူးဘက် သွားမလို့လားမသိဘူး"

"အေးကွာ ... ကျေးဇူးပဲကွာ၊ ဒါပဲနော် ... သူငယ်ချင်း ငါဖုန်းချလိုက်တော့မယ်နော်"

သောတမောင်က ဖုန်းပိတ်လိုက်ပြီး မမကြီးကို ကြည့်မိတော့ မမကြီးရဲ့ မျှော်လင့်ဇောသန်နေသော မျက်ဝန်းများနှင့် ဆုံရသည်။ မမကြီးက စိတ်လှုပ်ရှားနေပုံဖြင့် ...

"သောတ ... သီကျူး ဘယ်မှာတဲ့လဲ၊ ဘယ်ကိုသွားတာလဲ ..."

သောတက မမကြီးရဲ့ ပခုံးတစ်ဖက်ကို အားပေးသလို ဆုတ်ညှစ်လိုက်မိရင်း ...





"ကောင်မလေးတစ်ယောက်နဲ့ ပဲခူးဘက်အထွက်နားမှာ တွေ့လိုက်တယ်တဲ့ မမကြီး"

"ဟင် ... ဒါဆို ပဲခူးသွားတာပေါ့"

"ဖြစ်နိုင်တယ် မမကြီး ..."

"ဒါဆို ပဲခူးကိုလိုက်မှဖြစ်မယ်၊ မမကြီး ပဲခူးထိ လိုက်သွားချင်တယ်"

သောတက နာရီတစ်ချက်ကြည့်ရင်း ...

"အချိန်က သိပ်နောက်ကျနေပြီ၊ ကိုးနာရီတောင် ခွဲနေပြီ မမကြီး ..."

"ပဲခူးက နီးနီးလေးပဲဟာ၊ နှစ်နာရီခွဲလောက် မောင်းရင် ရောက်တယ်မဟုတ်လား၊ ဟိုရောက်ရင် ၁၂ နာရီပေါ့၊ သီကျူးကို တွေ့ရင် ညတွင်းချင်း ပြန်ခေါ်လာလို့ရတာပေါ့၊ မိုးမလင်းခင် ရန်ကုန် ပြန်ရောက်ဖို့ အရေးကြီးတယ်လေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့တော့၊ လာ ... လာ အမြန်သွားကြမယ်"

မမကြီးက အလျင်စလိုဖြစ်နေတာမို့ သောတက သက်ပြင်းချမိပါသည်။ သောတက မမကြီးနဲ့ နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ညခရီးသွားရမှာကို အားနာနေမိပေမယ့် မမကြီးကတော့ သိကျူးကို ရှာတွေ့ဖို့ကိစ္စထက်ပိုပြီး တခြား ဘာကိုမှ စဉ်းစားမိပုံမရပါ။

မမကြီးက ပြောပြောဆိုဆို သောတရှေ့က ထွက်သွားတာမို့ သောတက နောက်မှလိုက်လာခဲ့ရသည်။ မမကြီးက သောတ ကားရပ်ထားခဲ့သည့် ဟိုတယ် ကားပါကင်ဆီသို့ ခပ်သွက်သွက် ဦးတည်သွားသည်။

မမကြီး ဒီလောက် စိတ်အားထက်သန်နေတာကို မတားမြစ်လိုတော့တာမို့ သောတက ကားဆီလျှောက်လာပြီး ကားတံခါး ဖွင့်ပေးလိုက်ရသည်။

မမကြီးက ခပ်မြန်မြန်ပဲ ကားထဲ ဝင်ထိုင်လိုက်သည်။

သောတက ကားမောင်းထွက်လာခဲ့ရင်း ...

"ဟိုရောက်ရင်တော့ ရွှေဝါထွန်းဟိုတယ်ကို အရင်သွားကြည့်လိုက်တာပေါ့၊ ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီး ပစ်ကနစ်ထွက်ရင် အဲ့ဒီဟိုတယ်မှာပဲ အမြဲတည်းတယ်၊ သိကျူးလည်း အဲ့ဒီ ဟိုတယ်ကိုကြိုက်တယ်"

"အဲ့ဒီမှာပဲ တွေ့ပါစေဟယ်၊ မြန်မြန်လေး မောင်းပေးနော် သောတ"





"စိတ်အေးအေးထားပါ မမကြီးရာ...၊ ကျွန်တော် ဂရုစိုက်မောင်းပါ့မယ်၊ မမကြီး အေးအေးဆေးဆေး အိပ်လိုက်လာခဲ့ပါ"

"ရင်တွေပူလွန်းလို့ မအိပ်နိုင်ပါဘူး သောတရယ်"

အဲ့ဒီနောက် သောတက နှုတ်ဆိတ်လျက် ကားကို မြို့ပြင်ဘက်ဆီသို့ ဦးတည်လိုက်ပါသည်။

မြို့အထွက်နားရောက်ခါနီးတော့ မနောက ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသည့် သောတရဲ့ ဖုန်းလေးကို လှမ်းယူလိုက်ရင်း ...

"တို့နှစ်ယောက် ပဲခူးလိုက်သွားတဲ့အကြောင်းလေးတော့ မိနီကိုလှမ်းပြောလိုက်ဦးမယ်"

မမကြီးက အိမ်ဖုန်းကို လှမ်းခေါ်သည်။ သို့သော် ဖုန်းက busy ဖြစ်သလို အသံတွေသာ ဆက်တိုက်ထွက်နေသည်။ ထပ်ခါထပ်ခါ ခေါ်သော်လည်း ထိုအသံတွေသာ ထွက်နေပါသည်။

"ပြဿနာပဲ ..."

"ဘာဖြစ်လို့လဲ မမကြီး"

သောတက ကားမောင်းနေရင်း လှည့်ကြည့်ပြီး မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းက တတူတူ သံရှည်ချည်းပဲ ထွက်နေတယ်"

"မအားလို့များလား ..."

"မအားရအောင် အိမ်မှာ မိနီတစ်ယောက်ပဲ ရှိတာကို"

"မိနီ ဆက်နေတာကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ မိနီက ဖုန်းခိုးဆက်လေ့ မရှိဘူး၊ သူ့မှာ ဆက်ရမယ့်လူလည်း မရှိဘူး"

"ဒါဆို ဖြူဥ ပြန်ရောက်လို့ ဆက်နေတာဖြစ်နိုင်တယ်လေ"

"ဖြူဥ ပြန်ရောက်ရင် သီကျူးကိစ္စကို မိနီပြောပြလို့ ဖြူဥ သိမှာပေါ့၊ ဖြူဥသိရင် သောတ ဖုန်းကို အရင်ဆုံး ခေါ်မှာပေါ့၊ ဖြူဥက မသိတတ်ဘူးဆိုပေမယ့် ဒီလို အရေးပေါ်ကိစ္စ ဖြစ်နေတဲ့အချိန်မှာ သူ့ရည်းစားနဲ့ ဖုန်းထိုင်ပြောတာမျိုးတော့ လုပ်မယ်မထင်ဘူး၊ ပြောလည်း သူ့ဟန်းဖုန်းနဲ့ ပြောမှာပေါ့၊ နေဦး ... သူတို့ ဟန်းဖုန်းတွေကို ဆက်ကြည့်လိုက်ဦးမယ်"

မမကြီးက ဖုန်းခေါ်ပြန်သည်။ သို့သော် အကြောင်းမထူး။ ဖြူဥဖုန်းက ဖုန်းဝင်သော်လည်း ကိုင်မယ့်သူ မရှိ။ အိမ်ဖုန်းကို ပြန်ခေါ်သော်လည်း တတူတူသံသာ ထွက်နေဆဲ။

"တစ်လုံးမှ ခေါ်မရပါလားဟယ်၊ စိတ်ညစ်လာပြီ"





"အိမ်ဖုန်းက ပျက်သွားတာများလား"

"အဲ့ဒါလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ မိနီက ဖုန်းကိုင်ပြီး ပြန်ချရင် နမော်နမဲ့ သိပ်နိုင်တယ်၊ ဖုန်းကို သေသေချာချာ အံဝင်ခွင်ကျဖြစ်အောင် မချရင် ဖုန်းက မကျဘဲ လိုင်းမအားသလို အသံတွေပဲ တောက်လျှောက်ထွက်နေတတ်တယ်၊ ဒုက္ခပါပဲဟယ် ... မိနီကို ဖုန်းကျအောင် ချဖို့ သေချာ မမှာခဲ့မိဘူး"

မနော ညည်းညူနေဆဲမှာ သောတ ဖုန်းက မနော မကြားဖူးသည့် အချက်ပေးသံလိုလို အသံလေးတွေ ထွက်လာသည်။

"ဟင် ... သောတ ... မင်းဖုန်းက အချက်ပေးသံတွေလား ဘာတွေလား ထွက်လာတယ်၊ ဘာဖြစ်တာလဲ"

"ပြဿနာပဲ၊ ကျွန်တော့်ဖုန်းလည်း ဘက်ထရီကုန်တော့မယ်၊ အဲ့ဒါ ဘက်ထရီကုန်ခါနီး alarm ပေးတဲ့အသံ"

"ဟယ် ... ဒုက္ခပါပဲ၊ အရေးထဲမှာ ..."

"ကျွန်တော့်ကို ဖုန်းခဏပြန်ပေး မမကြီး၊ ဘက်ထရီ လုံးဝ ကုန်မသွားခင် ကျွန်တော့်အိမ်ကို ဖုန်းပြန်ဆက်လိုက်ဦးမယ်၊ ဒီအချိန်လောက်ဆို အဘိုးရော အဒေါ်ကြီးပါ အိပ်သွားပြီလားတောင် မသိဘူး၊ အဒေါ်ကြီးကတော့



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမကြီးနဲ့အတူ ထွက်လာတာကို သိပါတယ်၊ နောက်ကျမယ်ဆိုတာ အကျိုးအကြောင်းလေး လှမ်းပြောထားလိုက်ဦးမယ်"

သောတက ကားကို လမ်းဘေးချရပ်လိုက်ပြီး အိမ်ကို ဖုန်းပြန်ခေါ်လိုက်သည်။ သို့သော် ... သောတအိမ်က ဖုန်းမကိုင် ...။ ညဆို အဘိုးကလည်း သူ့အခန်းထဲမှာ၊ အဒေါ်ကြီးကလည်း မီးဖိုချောင်အခန်းထဲမှာ အိပ်နေကျမို့ ဧည့်ခန်းထဲက ဖုန်းသံကို တော်ရုံနဲ့ မကြားတတ်။ ပြီးတော့ ဒီအချိန်လောက်ဆို အဘိုးရော အဒေါ်ကြီးပါ အိပ်နေလောက်ပြီ။ မတတ်နိုင်။ ပြန်ရောက်မှပဲ အကျိုးအကြောင်း ရှင်းပြရတော့မှာပင်။ သောတနဲ့ မမကြီးကိုတော့ ဘယ်သူကမှ အထင်မမှားလောက်ပါဘူး ထင်သည်။

သောတက ဖုန်းကိုင်လိုကိုင်ငြား ဆက်ခေါ်နေဆဲမှာ ဖုန်းက တီးလုံးသံလေးပေးကာ လုံး၀ ဘက်ထရီကုန်ပြီး ပိတ်ကျသွားပါတော့သည်။ သောတက စိတ်ပျက်လက်ပျက်ဖြင့် ဖုန်းကို ဒက်ရှ်ဘုတ်ထဲ ပစ်ထည့်လိုက်ရင်း ...

"ကျွန်တော့်ဖုန်းတော့ လုံး၀ဘက်ထရီကုန်သွားပြီ၊ မမကြီးအိမ်ကို ဖုန်းဆက်တာလည်း ဖုန်းမကိုင်ကြဘူး၊ အိပ်ပြီထင်ပါရဲ့"





"ဒုက္ခပါပဲဟယ် ... ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

"မမကြီး ဘယ်လိုလုပ်ချင်လဲ၊ နောက်ကြောင်းပဲ လှည့်ပြန်လိုက်မလား"

"အခု ဘယ်နားရောက်နေပြီလဲ"

မမကြီးက ကားပြတင်းအပြင်ဘက်ကို လှမ်းကြည့်ရင်း မေး၏။

"မြို့အထွက်ကိုတော့ တော်တော်ကျော်လာပြီ မမကြီး"

"ဒါဆိုလည်း ပြန်လှည့်မနေတော့ပါဘူး၊ မထူးတော့ဘူးလေ၊ ရှေ့ဆက်သွားကြတာပေါ့"

မမကြီး၏ ဆုံးဖြတ်ချက်အတိုင်း သောတက ကားစက်ပြန်နှိုးကာ ဆက်မောင်းလာခဲ့ပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"မမကြီးရေ... မမကြီး၊ မိနီရေ... မိနီ၊ ဟာ... တစ်အိမ်လုံးလည်း မှောင်လို့ပါလား၊ တောက် ... ဒီမီးကလည်း ပျက်ပြန်ပါပြီကွာ ..."

သီကျူးက မြည်တွန်တောက်တီးရင်း အိမ်ထဲသို့ ဝင်လာသည်။ သီကျူးအသံကြားတာနှင့် စောင်ခေါင်းမြီးခြုံကာ သမ္ဗုဒ္ဓေရွတ်နေသော မိနီက ဝုန်းခနဲ ထရပ်ကာ စောင်ကိုမဖယ်ဘဲ စောင်ခေါင်းမြီးခြုံကြီး တကားကားဖြင့် အိမ်ရှေ့သို့ ပြေးထွက်လာ၏။ LED စားပွဲတင် မီးသီးလေးတွေရဲ့ အလင်းရောင် ပျပျသာရှိသော အိမ်ထဲကနေ ဖြုန်းခနဲ ပေါ်ထွက်လာသော ကိုးရိုးကားယား မဲမဲသဏ္ဍာန်နှင့် သီကျူးခန္ဓာကိုယ်က ဘုန်းခနဲ တိုက်မိသွားပြီး ...

"အမလေး ... သရဲ ... သရဲ ..."





ဟု သီကျူးက ငယ်သံပါအောင် အော်လေသည်။ နှစ်ယောက်လုံး ယိမ်းယိုင်လဲပြိုပြီး လုံးထွေးသွားလေရာ သီကျူးကလည်း အလန့်တကြား ရှန်း၊ မိနီကလည်း သီကျူးအော်သံကြောင့် လိပ်ပြာလွင့်မတတ်ဖြစ်သွားကာ ငယ်သံပြာအက်သွားအောင် အော်လိုက်လေသည်။

"သရဲ ... သရဲ ...၊ ဘယ်မှာလဲ သရဲ၊ အမေကြီးရေ မိနီကို ကယ်ပါဦး အမေကြီးရဲ့၊ အီးဟီး ..."

"ဟင် ... မိနီ၊ ဟဲ့ ... မိနီ၊ တော်စမ်း ... တိတ်စမ်း၊ ညကြီးသန်းခေါင် ခွေးတစီစီလိုက်ဟောင်အောင် အော်မနေနဲ့"

"အစ်ကိုလေးပဲ အရင်စအော်လို့ မိနီက လိုက်အော်မိတာလေ"

"နင့်လုပ်ပုံမှမဟုတ်တာ၊ ဘာဖြစ်လို့ အမှောင်ကြီးထဲကနေ စောင်ခေါင်းမြီးခြုံပြီး ထွက်လာသေးလဲ"

"မိနီ ကြောက်လို့ပေါ့ ..."

"ဘာကြောက်စရာရှိလို့လဲ၊ မမကြီးလည်း ရှိတာပဲဟာ"

"မမကြီးမှ မရှိတာ"

"ဟင် ... ဒီအချိန်ကြီးမှာ မမကြီးက ဘယ်သွားနေလဲ"

"ကိုသောတမောင်နဲ့ ထွက်သွားတာ ညနေကတည်းကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ ..."

"အစ်ကိုလေး ကိစ္စပေါ့ ..."

"ငါ့ကိစ္စ ... !"

"ဟုတ် ..."

"ဟဲ့ ... ရှင်းအောင်ပြောစမ်း၊ တစ်ခွန်းမေး တစ်ခွန်းပြော လုပ်မနေနဲ့၊ ဘာ ငါ့ကိစ္စလဲ"

"အစ်ကိုလေး မိန်းမခိုးတဲ့ ကိစ္စပေါ့ ..."

"မိန်းမ ခိုးတယ်၊ ငါက ဘယ်မိန်းမကို ခိုးလို့လဲ၊ ဘယ်မိန်းမမှ မခိုးဘူး၊ နင် အိပ်ချင်မူးတူးနဲ့ ပေါက်ကရတွေ လျှောက်မပြောနဲ့၊ ကားပျက်လို့ စိတ်ညစ်ရတဲ့အထဲ၊ ကားက ဝပ်ရှော့မှာ ဝင်ထိုးခဲ့ရတယ်၊ ပိုက်ဆံက ကုန်ဦးမယ်"

"အစ်ကိုလေးက မခိုးဘူးဆိုပေမယ့် ညနေတုန်းက ချောကလျာရဲ့ အစ်ကိုတွေက အစ်ကိုလေး ချောကလျာကို ခိုးသွားပါတယ်ဆိုပြီး အိမ်မှာ လာကြိမ်းဝါးသွားကြတယ်၊ မိုးမလင်းခင် သူတို့ညီမကို အိမ်ပြန်ပို့ရမယ်တဲ့ ..."

"ပြဿနာပဲ ... ၊ သူတို့ နှမ ပျောက်တိုင်း ငါ့ပဲလာစွပ်စွဲနေတယ်၊ ချောကလျာနဲ့ ငါနဲ့ ပြတ်သွားတာဖြင့် ကြာလှပြီ၊ ဒီကိစ္စ မြန်မြန်ရှင်းမှဖြစ်မယ်"

သိကျူးက ဖုန်းဆက်ရန် အိမ်ဖုန်းဆီ လက်လှမ်း





လိုက်ပြီးမှ အိမ်ဖုန်းက လိုင်းပူးပြီး အခေါ်ရခက်လှတာကို သတိရကာ ခါးမှာချိတ်ထားသည့် ဂျီအက်စ်အမ်ဖုန်းကို ဆွဲဖြုတ်ပြီး ဆက်ဖို့ပြင်လိုက်သည်။ ဒီတော့မှပဲ ဖုန်းကို power off ထားလိုက်မိတာကို သတိရလေသည်။

"ကျွတ် ... ဖုန်းပိတ်ပြီး ပြန်ဖွင့်မထားမိဘူးကွာ၊ မိနီ ... မမကြီး ငါ့ဖုန်းကို ဆက်နေသေးလား"

"ဆက်တာပေါ့၊ ဆက်တာမှ ခဏခဏပဲ၊ အစ်ကိုလေး ဖုန်းက ပိတ်ထားတယ်ပဲ ပြောနေတာတဲ့ ..."

"ဂိမ်းဆိုင်မှာ ဂိမ်းဆော့နေတုန်း ဖုန်းမကိုင်အားလို့ ပိတ်ထားတာ၊ ဆိုင်ကထွက်တော့ မေ့ပြီး ပြန်မဖွင့်မိတာ ..."

"မမကြီးက မမဖြူဥ ဖုန်းကို ခေါ်ကြည့်တော့လည်း မမဖြူဥဖုန်းက ဧရိယာပြင်ပမှာတဲ့"

"ဖြူဥက သူ့သူငယ်ချင်းအိမ်က မွေးနေ့ပွဲကို သွားတာ၊ သူ့ဖုန်းထည့်ထားတဲ့ အိတ်ကို ဘယ်ချောင်ထိုးထားလို့ ဧရိယာပြင်ပ ဖြစ်နေသလဲမှ မသိတာ၊ ကဲ ... ဒီကိစ္စကို အရင်ရှင်းလိုက်ဦးမယ်၊ မိနီ ... နင့်ခေါင်းပေါ်က စောင်ကို ဖယ်လိုက်စမ်း၊ နင့်မြင်ရတာ ချောက်ချားလိုက်တာ"

သိကျူးက မိနီကို လှမ်းပြောပြီး ကိုယ့်ဖုန်းကိုဖွင့်ကာ ချောကလျာရဲ့ ဖုန်းကို လှမ်းခေါ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ..."

"ဟဲလို ... ကျွန်မရဲ့ရည်းစားဟောင်းလေး၊ ဘာလို့ဒီအချိန်ကြီး ဖုန်းလှမ်းဆက်တာလဲ၊ ကေ့ နွ ကျွန်မဆီမှာ နောက်တစ်ကြိမ် အခွင့်အရေးလေးများ တောင်းခံချင်လို့လား"

"သွားသေလိုက်ပါလား၊ နင့်အရှုပ်ထုပ်က ငါ့ဆီလာငြိနေလို့ ဆက်တာ၊ ညနေက နင့်အစ်ကိုတွေ ငါ့အိမ်လာရမ်းသွားတဲ့ကိစ္စကို နင် ရှင်းမလား၊ ငါ လာရှင်းရမလား"

"ဆောရီးပါဟာ၊ အဲ့ဒီကိစ္စက ရှင်းသွားပါပြီ၊ ငါ့အစ်ကိုတွေ အထင်မှားတာပါ၊ ငါ့ဘာသာ သူငယ်ချင်းတွေနဲ့ လျှောက်သွားနေတာကို စိုးရိမ်စိတ်ပူနေကြတာပဲ၊ ငါ အိမ်ပြန်ရောက်တော့ အားလုံးရှင်းသွားပြီလေ ..."

သီကျူးက စိတ်တိုတိုနှင့် ဖုန်းပိတ်ချလိုက်ပြီး မိနီဘက်သို့ ပြန်လှည့်လာကာ ...

"သောတနဲ့ မမကြီးက ဘယ်အချိန်ကတည်းက ထွက်သွားတာလဲ၊ ငါ့ကို တိတိကျကျ ပြောစမ်း"

"ဟို ... ညနေ ငါးနာရီလောက်က ထွက်သွားတာ"

"ဟ ... ကြာပြီပဲ၊ ဒီအချိန်ထိ ဘယ်တွေလျှောက်ရှာနေကြတာလဲ ..."





"မိနီလည်း မသိဘူးလေ၊ မမကြီးက အစောပိုင်းတုန်းက မိနီဆီ ဖုန်းခဏခဏပြန်ဆက်နေသေးတယ်၊ အစ်ကိုလေး ပြန်လာရင် ကိုသောတမောင် ဖုန်းကို ဆက်ဖို့တော့ မှာခဲ့တယ်"

သီကျူးက ခပ်မြန်မြန်ပင် ကိုယ့် ဂျီအက်အမ်ဖုန်းခလုတ်တွေကို နှိပ်ကာ သောတမောင် ဖုန်းကို လှမ်းခေါ်လိုက်တော့ ဖုန်းက စက်ပိတ်ထားသည်တဲ့။

သီကျူးက ဘာဆက်လုပ်ရမှန်း မသိတော့။ ကားကလည်း ဝပ်ရှော့မှာမို့ ရောက်ရာပေါက်ရာ လိုက်လျှောက်ရှာဖို့လည်း အဆင်မပြေ။ ဘယ်ဆီရောက်မှန်း မသိသည့် မမကြီးနဲ့ သောတကို ဘယ်လိုရှာရမှန်းလည်း မသိတော့တာမို့ မမကြီး ဖုန်းပြန်ဆက်အလာကိုသာ စောင့်ရုံရှိပါတော့သည်။ သောတနဲ့ သွားတာဆိုတော့လည်း စိတ်ပူလောက်စရာမရှိဘူးဟု ထင်လို့ပင်။

သီကျူးက အိမ်ဖုန်းနားလေးမှာ မိနီနှင့်အတူ ထိုင်ကာ မမကြီး ဖုန်းပြန်ဆက်အလာကို စောင့်နေမိဆဲ အိမ်ရှေ့ဆီမှာ ကားရပ်သံကြားလိုက်ရပြီး ဖြူဥနဲ့ သူ့သူငယ်ချင်းတွေ အပြန်အလှန် နှုတ်ဆက်နေသံကို ကြားလိုက်ရသည်။ ခဏနေတော့ ဖြူဥက အိမ်ထဲဝင်လာကာ အသံမပေးဘဲ သူ့အခန်းဘက်သို့ လျှောက်သွားတာမို့ သီကျူးက မီးသီးအုပ်ဆောင်းလေးကို မြှောက်၍ ဖြူဥဘက်သို့ ထိုးထားလိုက်ရင်း ...



www.burmeseclassic.com

"ဖြူ ... အသံမပေး ဘာမပေးနဲ့ ဘာဖြစ်လာတာလဲ"

"စိတ်ညစ်လို့ စောစောအိပ်တော့မလို့"

"ဘာစိတ်ညစ်စရာ ရှိလို့လဲ"

"ငါ့ဖုန်း ပျောက်သွားလို့ ..."

"ဘာ ..."

"အမလေး ... လန့်လိုက်တာဟယ်၊ အော်လိုက်တာ အသံ ပြဲနဲ့ ..."

"ဖုန်းတောင်ပျောက်ရအောင် နင်က ဘယ်လောက်တောင် သတိလက်လွတ် ဖြစ်နေလို့လဲ"

"သူငယ်ချင်းတွေနဲ့ သီချင်းဆိုရုံရလာက်ပါဟာ၊ ငါ့ဖုန်း ကို အပေါ်ဝတ် အင်္ကျီအိတ်ထဲ ထည့်ထားတာ၊ အိုက်လာ လို့ အင်္ကျီချွတ်ပြီး ခုံပေါ်ပစ်တင်ထားလိုက်တာကို ဘယ် လို ပျောက်သွားမှန်းမသိဘူး၊ သူငယ်ချင်းဖုန်းနဲ့ ပြန်ခေါ် ကြည့်တော့လည်း ငါ့ဖုန်းက ဧရိယာပြင်ပမှာလို့ပဲ ပြော နေတယ်"

"အေး ... အဲဒီ နင့်ဖုန်းပျောက်တဲ့ကိစ္စ၊ ငါ့ဖုန်းပိတ်ထား မိတဲ့ကိစ္စကြောင့် အားလုံးလွဲကုန်တာ ...၊ မမကြီးက ငါ့ကို ချောကလျာနဲ့ ခိုးပြေးတယ်ထင်ပြီး လိုက်ရှာနေ တယ်တဲ့"





"ဟင် ... ဟုတ်လား၊ မမကြီး တစ်ယောက်တည်း လိုက် ရှာနေတာလား"

"သောတနဲ့ အတူထွက်သွားတာတဲ့"

သီကျူးပြောပြတော့မှ ဖြူဥက သီကျူးနဲ့ မိနီနား မှာ မျက်နှာငယ်လေးဖြင့် လာထိုင်နေသည်။

သီကျူး၊ ဖြူဥ၊ မိနီတို့ သုံးယောက်လုံး အိမ်ဖုန်း ထားသည့် စင်ကလေးနားမှာထိုင်ကာ မမကြီး ဖုန်းပြန်ဆက် လာမည့်အချိန်ကို စောင့်နေခဲ့ကြပါသည်။

သီကျူးမှာတော့ အိမ်ရောက်ရောက်ချင်း စိတ်ရှုပ် စရာကိစ္စနှင့် ရင်ဆိုင်ရတာမို့ ညနေတုန်းက ပဲခူးဘက်အထွက် တိုးဂိတ်နားလေးမှာ ကားရပ်လျက် ရည်းစားအသစ်ကလေးနဲ့ ကြည်နူးခဲ့ရတာလေးတွေပင် ပျောက်ချင်ချင် ဖြစ်နေရလေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

*10:30 pm*

"ဟ … ကားက ဘာဖြစ်တာလဲ"

ရုတ်တရက် ကားထိုးရပ်သွားတာမို့ သောတ စိတ်ထဲ ထိတ်ခနဲ ဖြစ်ကာ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်မိသည်။ နေရာက လူနေအိမ်ခြေတွေနဲ့ ခပ်ဝေးဝေး … ။ ဟိုးဝေးဝေးမှာ အကြော်ဆိုင်လေးလား … ထမင်းဆိုင်လေးလား မသိသော ဆိုင်လေးတစ်ဆိုင်ကိုသာ ခပ်ပြပြ မြင်နေရသည်။ ထိုဆိုင်ကလေးမှာ ထွန်းထားသည့် မီးချောင်းအရောင်က လမ်းမပေါ်သို့ ဖြာကျနေသည်။

"ဘာဖြစ်လို့လဲဟင် … သောတ၊ ဆီပြတ်တာလား"

မနောက စိုးထိတ်သံလေးဖြင့် မေးလာသည်။

သောတက ခေါင်းယမ်းလိုက်ရင်း …





"ဆီပြတ်တာတော့ မဟုတ်ဘူး မမကြီး၊ ဆီက နေ့လယ်လောက်ကမှ ခြောက်ဂါလံတောင် ထည့်ထားတာ"

သောတက ကားစက်ကို ပြန်နှိုးကြည့်လိုက်သော်လည်း ကားက စက်နိုးမလာဘဲ ဝပ်ဝပ်သွားသည်။

"ကျွတ် … အရေးကြီးနေပါတယ် ဆိုမှကွာ"

"စက်မနိုးတော့ဘူးလားဟင်"

"ဟုတ်တယ် မမကြီး …၊ ခဏနော် မမကြီး၊ ကျွန်တော် ကားဘောနက် သွားဖွင့်ကြည့်လိုက်ဦးမယ်"

သောတက ကားပေါ်မှဆင်းပြီး သူ့ဘောက်စ်ဝက်ဂွန်း ကားလေးရဲ့ ဘောနက်ရှိရာ ကားနောက်ပိုင်းသို့ လျှောက်သွားသည်။ မနောသည်လည်း သောတ တစ်ခုခုအကူအညီလိုရင် ပေးနိုင်ဖို့ ကားပေါ်မှ ဆင်းလာခဲ့ပါသည်။

သောတက ကားဘောနက်ကို ဆွဲဖွင့်လိုက်တော့ ဘောနက်တွင်းမှ အပူငွေ့တွေ ရှိုက်ခနဲ တက်လာသည်။

"ဟား … ကားက heat တက်နေတာပဲ၊ heat ဂိတ် မကြည့်လိုက်မိဘူး"

သောတသည် မမကြီး အမြန်ရောက်ချင်နေသည့် ပွဲခူးကို မမကြီးထက်တောင် ပိုရောက်ချင်နေသူမို့ အလျင်လို



www.burmeseclassic.com

www.burmeseclassic.com



ကာမှ အနေးဖြစ်ရသည့်အတွက် စိတ်လည်းတို၊ စိတ်လည်းစောကာ ကားရေတိုင်ကီအဖုံးကို အလျင်စလို လှည့်ဖွင့်လိုက်လေသည်။

"သောတ … မဖွင့်နဲ့၊ မဖွင့်နဲ့ … နောက်ဆုတ်"

"ရှူး … ဖရူး … ဖရူး … ဖရူး"

"ဟာ … "

"သောတ … "

မနောသည် သောတ ရေတိုင်ကီဖုံးကို ဖွင့်လိုက်ကတည်းက အပူချိန်တက်နေသော ရေတိုင်ကီထဲက ရေပူတွေ ပန်းထွက်လာမလားဟု စိုးထိတ်ကာ အော်ဟစ်တားမြစ်ရင်း သောတထံ တရှိန်ထိုး ပြေးသွားကာ သောတကို ခါးမှဆွဲဖက်လျက် နောက်သို့ ဆောင့်ဆွဲလိုက်တာမို့ ပန်းထွက်လာသော ရေပူတွေက သောတ လက်ဖျံတစ်ပိုက်ကိုသာ ပက်စင်သွားပြီး သောတရဲ့ ခန္ဓာကိုယ်က မနောရဲ့ ကိုယ်ပေါ်သို့ ပိကျလဲပြိုသွားသည်။

"အာ … မမကြီး … ဆောရီး … ဆောရီး၊ ကန်တော့ … ကန်တော့ … "

သောတ အမြန်ထရပ်ကာ မမကြီးကို ဆွဲထူလိုက်





သည်။ မမကြီးက ပြိုလဲနာကျင်သွားတာကိုဂရုမစိုက်ဘဲ သောတ လက်တွေကိုသာ ပြန်လည် ဆုပ်ကိုင်ထားလိုက်ရင်း သောတ လက်ကို ငုံ့ကြည့်ကာ …

"ကြည့်စမ်း … ရေနွေးပူတွေ လောင်ကုန်ပြီ၊ အရမ်းဖွင့်ရသလား သောတရယ်၊ ဒီလိုမျိုးဖြစ်တာ မမကြီး တွေ့ဖူးလို့ သောတကိုလှမ်းတားတာ၊ သိကျူးလည်း သူ့ဂျစ်ကား ဟိုတက်ပြီး ခုလိုဖြစ်ဖူးတယ် … "

"ကျွန်တော်လည်း စိတ်စောပြီး အမှတ်တမဲ့ ဖွင့်လိုက်မိတာ၊ ကျွန်တော် ထွက်လာခါနီး ကားရေတိုင်ကီထဲမှာ ရေရှိမရှိ မစစ်ခဲ့မိဘူး၊ ရေနည်းနေတာနဲ့ ကားကလည်း အင်ဂျင်ကိုင်ထားတာ မကြာသေးတာနဲ့ ဟိုတက်ပြီး ယိုရပ်သွားတာ၊ ကျွန်တော် အသုံးမကျတာပါ မမကြီးရာ၊ ကျွန်တော့်ကြောင့် မမကြီး ပင်ပန်းသွားပြီ၊ ဘယ်နားနာသွားလဲဟင် မမကြီး … "

"မမကြီးက ဘာမှမဖြစ်ပါဘူး၊ မင်းလက်တွေတော့ အပူလောင်ကုန်ပါပြီ"

"နည်းနည်းပါ မမကြီးရ … "

"အို … မနည်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လက်ပဲထိတာ တော်သေးတာပေါ့၊ မမကြီးသာ လှမ်းမဆွဲရင် ကျွန်တော့်မျက်နှာ စုတ်ပြတ်သပ်သွားလောက်ပြီ"

နှစ်ယောက်လုံးဟာ မလှမ်းမကမ်း ဈေးဆိုင်လေးမှ ဖြာထွက်နေသော မီးချောင်းအရောင်ကိုသာ အားပြုလျက် တစ်ယောက်ကို တစ်ယောက် ပျာယာခတ်အောင် ဂရုတွေစိုက်၊ ကျေးဇူးတွေတင်၊ စိတ်တွေပူလျက်ရှိသည်။

မနောကလည်း မသဲမကွဲသာ မြင်ရသည့် သောတရဲ့ လက်ဖျံပေါ်က အပူလောင်ဒဏ်ရာတချို့ကို သေသေချာချာ ငုံ့စိုက်ကြည့်ရင်း တကျွတ်ကျွတ် စုတ်သပ်သနားစိတ်ပူနေသည်။

သောတကလည်း ကိုယ့်ကို ဝင်ဆွဲရသဖြင့် လဲပြိုကျရရှာသော မမကြီးကို ဘေး ဘယ်ညာက သေချာကြည့်ရင်း ဘယ်နေရာမှာများ ထိခိုက်ပွန်းပဲ့သွားလေသလဲရယ်လို့ ပျာပျာသလဲ စေ့ငုနေသည်။

သောတသည် ကိုယ့်လက်တွေကို စိုးရိမ်တကြီး ဆုပ်ကိုင်ထားဆဲဖြစ်သော မမကြီးရဲ့ ဘယ်ဘက်လက်ဖျံဆီက လက်ခနဲဖြစ်သွားသော နာရီအဟောင်းလေးဆီ အကြည့်ရောက်သွားမိကာ မမကြီး မွေးနေ့ရောက်ရင်တော့ နာရီဖိုး ပိုက်ဆံပြည့်ကောင်းပါရဲ့ဟု စဉ်းစားလိုက်မိသည်။





မမကြီး ပတ်ထားတဲ့ နာရီပုံစံလေးဟာ ရိုးရိုးတုံးတုံးလေးပင်...။ မိဘအပေါ် သိတတ်ပြီး သူ့အတွက် အပိုငွေမကုန်ရအောင် အမြဲချွေတာတတ်သော မမကြီးက ဒီနာရီလေးကိုပဲ စွဲမြဲပတ်နေတာ နှစ်ပေါင်းကို မနည်းတော့...။

မမကြီးက တီဗီမှာ နာရီကြော်ငြာ လာပြီဆို တက်တင်းထိုးနေရာက ဆတ်ခနဲ ခေါင်းမော့လာကာ သေချာစိုက်ကြည့်နေတတ်သည်။ မဂ္ဂဇင်း ဂျာနယ်တွေထဲမှာ နာရီကြော်ငြာတွေ့လျှင် ထိုစာမျက်နှာမှ တော်တော်နဲ့မခွာတော့...။ သောတနဲ့အတူ ဈေးသွားသည့် လမ်းတစ်နေရာမှာ စိုက်ထူထားသည့် နာရီကြော်ငြာ ဗီနိုင်းဘုတ်ကြီးနားရောက်လျှင် ခြေလှမ်းလေး မသိမသာ နှေးသွားကာ မော့ငေးသွားတတ်သည်။

ထို့ကြောင့်ပင် သောတက မမကြီးအတွက် နာရီလေးတစ်လုံး ဝယ်ပေးနိုင်ဖို့ ငွေစုနေခဲ့တာပင်။ တစ်ပတ်မှာ သုံးရက်သာ ကွန်ပျူတာသင်တန်းမှာ နည်းပြလုပ်ရသည့် သူ့ဝင်ငွေကလည်း မများလှတာမို့ နာရီဖိုးရဖို့ အချိန်ကြာကြာ ငွေစုခဲ့ရပါသည်။ မမကြီး မွေးနေ့နှင့် သူ့မွေးနေ့က တစ်လသာ ခြားပါသည်။ သောတ မွေးနေ့ပြီးမှ မမကြီးမွေးနေ့သို့ ရောက်မှာပင်...။ နာရီဖိုး မပြည့်မှာစိုးလို့ ဒီနှစ်မွေးနေ့မှာ သူယယ်ချင်း



www.burmeseclassic.com

တွေကိုတောင် ဘာမှမကျွေးဘဲ မသိချင်ယောင်ဆောင်နေလိုက်မည်ဟု စိတ်ကူးထားခဲ့ပါသည်။

"သောတ ... ဒီတစ်နေရာပဲ ထိတာ ဟုတ်ရဲ့လား၊ လက်မောင်းတွေ ပခုံးတွေရော ထိသေးလား သေချာပြန်ကြည့်ပါဦး၊ သွေးပူတုန်းဆို နာလို့နာမှန်းမသိ ဖြစ်နေတတ်တယ်"

မမကြီးစကားကြောင့် သောတက မမကြီးရဲ့ နာရီလေးဆီမှ အကြည့်ကို ရုပ်သိမ်းလိုက်ပြီး ...

"ဒီတစ်နေရာပါပဲ မမကြီးရဲ့၊ စိတ်မပူပါနဲ့၊ မမကြီးကားထဲ ခဏဝင်ထိုင်နေလိုက်ဦး၊ ကျွန်တော် ဟိုရှေ့နားက ဆိုင်လေးကိုသွားပြီး ရေရှာလိုက်ဦးမယ်၊ ကားရေတိုင်ကီထဲကို ရေဖြည့်ဖို့ရော၊ အေးသွားအောင် တိုင်ကီပေါ်ကို လောင်းချဖို့ရော ရေများများလိုတယ်"

"မမကြီးလည်း လိုက်ခဲ့မယ်၊ တစ်ယောက်တည်း မကျန်ခဲ့ရဲဘူး"

"ဒါဆိုလည်း လိုက်ခဲ့လေ ..."

သောတက ကားစက်ဖုံး ပြန်ပိတ်၊ ကားတံခါးတွေကို သော့ချပြီး မနောနှင့်အတူ မလှမ်းမကမ်းက ဈေးဆိုင်လေးဆီသို့ လျှောက်လာခဲ့ပါသည်။





ဆိုင်လေးမှာ ဘီးဖာသောဆိုင်နှင့် ကွမ်းယာဆိုင်တွဲနေသော ဆိုင်လေးပင် ...။ သောတက အကျိုးအကြောင်းပြောပြ အကူအညီတောင်းပြီး ရေပုံးရော ရေပါတောင်းကာ ကားဆီသို့ ပြန်လျှောက်လာခဲ့သည်။ ရေတိုင်ကီ ရေဖြည့်၊ ရေလောင်း လုပ်လိုက်ပြီး ...

"ရေတစ်ပုံးနဲ့တော့ မရဘူး မမကြီး၊ တိုင်ကီအေးသွားအောင်ဆို လေးငါးပုံးလောက်လောင်းမှ ဖြစ်မယ်၊ ဟိုဘီးဖာဆိုင်ကနေ ခေါက်တုံ့ခေါက်ပြန် သွားသယ်ရမှာ၊ မမကြီး ကားထဲမှာပဲ နေခဲ့ပါလား"

"မမကြီးလည်း ကူသယ်ပေးမယ်လေ၊ တစ်ခေါက်တစ်ပုံးတော့ နိုင်ပါတယ်"

"နေပါ၊ မမကြီး မလုပ်ပါနဲ့"

"နှစ်ယောက်အတူသယ်တော့ မြန်မြန်ပြီးတာပေါ့၊ မမကြီးလည်း ဒီလောက်တော့ လုပ်နိုင်ပါတယ်၊ သိပ်လျှော့မတွက်ပါနဲ့"

"လျှော့မတွက်ရဲပါဘူးဗျာ"

မမကြီးအပြောကြောင့် သောတက ရယ်မောရင်းခွင့်ပြုလိုက်ရပါသည်။

မနောက ကားရဲ့တစ်ဖက်ခြမ်း အကွယ်လေးဆီ

www.burmeseclassic.com



လျှောက်သွားကာ ထဘီကို နည်းနည်းတိုတို ဝတ်လိုက်ပြီး သောတနှင့်အတူ ခပ်သွက်သွက် လျှောက်လိုက်လာသည်။ ထို့နောက် သောတက ရေနှစ်ပုံး၊ မနော့က တစ်ပုံးသယ်ကာ ကားဆီသို့ အတူပြန်လျှောက်လာကြသည်။

သောတကတော့ မမကြီးရဲ့ အားကြိုးမာန်တက် ရေသယ်ပေးနေပုံကလေးကို ငဲ့ငဲ့ကြည့်ရင်း မမကြီးကို သနား အားနာနေရသည်။

ရေငါးပုံးလောက် လောင်းပြီးတော့မှ သောတက သက်ပြင်းချရင်း ...

"ဒီလောက်ဆိုရင်တော့ ရပါပြီ"

"ဆက်မောင်းလို့တော့ မရသေးဘူး မဟုတ်လား"

"ဟုတ်တယ် မမကြီး၊ အင်ဂျင်အေးအောင် အနည်းဆုံး တစ်နာရီလောက်တော့ စောင့်ပြီးမှ ဆက်မောင်းလို့ရမယ်"

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ စောင့်ရမှာပေါ့၊ ဟိုဆိုင်ကလူတွေကို အကူအညီတောင်းပြီး ကားကို လမ်းဘေးရောက်အောင် တွန်းရွှေ့ထားမှ ဖြစ်မယ်"

သောတက ဘီးဖာဆိုင်နားက လူတွေကို အကူအညီ သွားတောင်းတာမို့ ကားကိုလာဝိုင်းတွန်းပေးကြသဖြင့် အဆင်ပြေသွားသည်။





မနော့က ဆိုင်ကလေးဆီ လှမ်းမျှော်ငေးလိုက်ရင်း "သောတ ... အဲဒီဆိုင်လေးမှာ အများသုံးဖုန်း တွေ့မိလား"

"မတွေ့မိဘူး မမကြီး"

"အိမ်ကို ပြန်ခေါ်ကြည့်ချင်တာ၊ သိကျူး ဖုန်းလည်း ဖွင့်လိုဖွင့်ငြား ဆက်ကြည့်ချင်သေးတယ်"

"ဒီနားမှာတော့ ဖုန်းမရှိလောက်ဘူး၊ ပဲခူးရောက်မှပဲ ဆက်ပါတော့ မမကြီးရယ်"

"အေးလေ ... ခုနေဆက်လည်း အကြောင်းထူးမယ်မထင်ပါဘူး၊ နောက်ဆုံး ဖုန်းဆက်ထားတာလည်း တစ်နာရီလောက်ပဲ ရှိသေးတာ"

မနော့က ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်သလိုလေး ပြောလိုက်သည်။

အဲဒီနောက်မှာတော့ သောတမောင်နှင့် မနော့တို့သည် လမ်းမဘက်သို့ မျက်နှာမူကာ ကားကို နှစ်ယောက်အတူ မှီရပ်ရင်း အင်ဂျင်အေးလာမည့်အချိန်ကို စောင့်နေခဲ့ကြလေသည်။

ဘီးဖာဆိုင်လေးနားမှာလည်း ဝါးကုလားထိုင် အစုပ်လေး တစ်လုံးကလွဲပြီး ထိုင်စရာအပိုမရှိ၊ ကားထဲမှာဆိုလည်း ပူအိုက်လှတာမို့ ကားကိုမှီကာသာ ရပ်နေခဲ့ကြတာပင်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရပ်နေသည့် အကွာအဝေးဟာ တစ်ပေလောက်သာ ကွာတာမို့ လေတစ်ချက်ဝေ့တိုက်လာတိုင်း မမကြီးဆီက ရေမွှေးနံ့လည်း မဟုတ်သော ချိုအီအီအနံ့တစ်မျိုးလေးကို ရှုရှိုက်မိရင်း သောတ စိတ်တို့ ကတိမ်းကပါး ဖြစ်လာပါသည်။

မှောင်ပျပျ ညရိပ်အောက်မှာ ငြိမ်သက်စွာရပ်နေကြရင်းက တစ်ယောက်ကိုတစ်ယောက် အသာအယာပင် ငဲ့ကြည့်မိကြသည်။ ထို့နောက် တုန်လှုပ်တိမ်းမူးစွာပင် မျက်နှာလွှဲလိုက်ရသည်။

သောတသည် ဒီအချိန်လေးမှာ မမကြီးကို ချစ်ကြောင်း ဖွင့်ပြောလိုက်ရင် ကောင်းလေမလားဟု စဉ်းစားမိသည်။ ဒီလိုအချိန်မှာမှမပြောဖြစ်လျှင် နောက် ပြောရဲဖို့ မသေချာတော့လို့ပင်။

သို့သော် ... မမကြီး စိတ်ပူပင်နေရသည့် အချိန်မျိုးမို့ ပြောရမှာလည်း အားနာသည်။ အခွင့်အရေးယူရာလည်း မကျချင်။ ဖြုန်းစားကြီး ဖွင့်ပြောဖို့လည်း မရဲ။

သိကျူးကတော့ ပြောထားသည်။

"မင်း ချစ်နေတဲ့အကြောင်း သူရိပ်မိလာအောင် ရေလားမြောင်းပေး စကားမျိုးတွေ အရင်ဆုံး ပြောပေးပေါ့"





သောတသည် ကိုယ့်အချစ်ကို မမကြီး ခံစားရိပ်မိလာစေမည့် စကားမျိုးကိုပဲ အရင်ဆုံး ပြောဖို့ ဆုံးဖြတ်ကာ ...

"မမကြီး ..."

"ဟေ ..."

သောတခေါ်သံကြောင့် မမကြီးက သောတဘက်သို့ အသာအယာ လှည့်ကြည့်လာသည်။

"ကျွန်တော် ပိုက်ဆံစုနေတာ ဘာလုပ်ဖို့လဲ သိလား"

"မင်းပြောတော့ တစ်စုံတစ်ယောက်ကို ကစ်စုံတစ်ခု ဝယ်ပေးချင်လို့ဆို"

"တစ်စုံတစ်ယောက်ဆိုတာ ဘယ်သူ၊ တစ်စုံတစ်ရာဆိုတာ ဘာဆိုတာ မမကြီး မသိချင်ဘူးလား"

"သိချင်ပေမယ့် မင်းက ထပ်မမေးနဲ့တော့ မဖြေဘူးဆိုလို့ မမေးတော့တာလေ ..."

"အခု ဖြေမယ်ဆိုရင်ရော ..."

"မင်းပဲ ပြောရမှာ ရှက်တယ်ဆို ..."

"အခု မရှက်တော့ဘူး၊ ပြောပြမယ်"

"ကဲ ... ဒါဆိုလည်း ပြော"

သောတက လက်ညှိုးလေးတစ်ချောင်း ထောင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်စုံတစ်ခုဆိုတာက လက်ပတ်နာရီကို ပြောတာ"

သောတက ထောင်ထားသော လက်ညှိုးကို ရုပ်သိမ်းကာ ခဏငြိမ်သွားသည်။ မနောက သောတကို ရှုးရှုးစမ်းစမ်းလေး စိုက်ကြည့်နေသည်။

"ပြီးတော့ ..."

သောတက လက်ညှိုးလေးတစ်ချောင်း ထောင်လိုက်ပြန်ရင်း ...

"တစ်စုံတစ်ယောက်ဆိုတာက ..."

ဟု ပြောကာ လက်ညှိုးလေးကို မနောဘက်သို့ တဖြည်းဖြည်း ရွေ့လာခဲ့ပြီး မနောရဲ့ပခုံးစွန်းကို ဇတ်ဆို ထောက်ပြလိုက်ရင်း ...

"မမကြီးကို ပြောတာ ..."

"ဟင် ..."

မနောသည် မထင်မှတ်သည့် သောတရဲ့ အပြုအမူလေးကြောင့် အံ့သြတုန်လှုပ်သွားပါသည်။ ပြီးတော့ ပီတိချိုမြသွားပါသည်။

သူလည်း ကိုယ့်လိုပါပဲလား ...။ ကိုယ်နဲ့ အကြံတူနေပါလား။





သို့သော် ... မနောက ခုချိန်မှာ သောတလိုတော့ ဖွင့်ပြောမပြလိုက်ချင်။

မနောက စကားတစ်ခွန်းမှ ပြန်မပြောတော့ဘဲ ကိုယ့်ရဲ့ မဖုံးနိုင် မဖိနိုင် ပြုံးလဲ့လာသော မျက်နှာကလေးကို တစ်ဖက်သို့ လှည့်ထားလိုက်မိသည်။

သောတကတော့ မနော အဲ့ဒီလို မထုံတတ်သေး လုပ်နေတာလေးကို အသည်းယားသွားမိပါသည်။

တကယ်ဆို မမကြီးအနေနဲ့ တစ်ခုခုတော့ ပြန်ပြောသင့်တာပေါ့ ...။

"မမကြီး ..."

"ဟေ ..."

"ဘာဖြစ်လို့ မမကြီးကို နာရီဝယ်ပေးချင်တာလဲ သိလား"

"မမကြီး နာရီက ပုံတုံးနေလို့ မဟုတ်လား၊ မမကြီး အတွက် အဲ့ဒီလောက် ပိုက်ဆံစုမနေပါနဲ့ သောတရယ်၊ ဒီနာရီလေးကိုလည်း မမကြီး ကြိုက်ပါတယ်"

"ဒါပေမယ့် ကျွန်တော်က အရမ်းဝယ်ပေးချင်နေလို့ပါ၊ ဘာဖြစ်လို့ အရမ်းဝယ်ပေးချင်နေတာလဲ သိလား"

"သိကျူး အစ်မမို့လို့ပေါ့၊ မင်းကို ဟင်းကောင်းကောင်း ချက်ကျွေးတဲ့သူမို့လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မမကြီးကလည်းဗျာ"

စိတ်ပျက် လက်ပျက်ဖြစ်သွားတဲ့ သောတ ပုံစံလေးကြောင့် မနော စိတ်မကောင်းဖြစ်ရပါသည်။ သောတက ပွင့်လင်းချင်ပုံရပေမယ့် မနောကတော့ မပွင့်လင်းရဲပါ။ မနောရဲ့ စိတ်ထားအမှန်ကတော့ဖြင့် သောတလိုပဲ မနောလည်း သောတအတွက် ဟန်းဆက် ဝယ်ပေးဖို့ ပိုက်ဆံစုနေကြောင်း ပြောပြလိုက်ချင်တာပါ ...။ သို့သော် ... မနောက သတ္တိမရှိသူပါ။

"မမကြီးကရော ဘယ်သူ့အတွက် ဘာဝယ်ပေးမလို့ စုနေတာလဲ ..."

"ပြောမပြချင်သေးဘူး"

"ကျွန်တော်ကျ ပြောပြရတယ်"

"မင်းဘာသာ ပြောပြတာလေ၊ မမကြီး ပြောခိုင်းတာမှ မဟုတ်တာ"

"မမကြီးက မတရားပါဘူး"

မနောက ရင်မောစွာ တစ်ဖက်သို့လှည့်၍ ငေးမောနေလိုက်မိသည်။ မနောရင်မောရတာ ခုမှမဟုတ်ပါ။ သောတနဲ့ ချစ်သူတွေဖြစ်ဖို့ စိတ်ကူးလိုက်တိုင်း သောတမျက်နှာကို သီကျူး လိုမ့်ပိမ့်ထိုးနေတာကိုပဲ မြင်ယောင်မိသည်။ အိပ်မက်တွေထဲမှာ သီကျူးက သောတကို ထိုးနှက်နှိပ်စက်နေသည်။ ပြီးတော့





ဖြူဥကလည်း လှောင်ပြောင်သရော်ရိပ်စွန်းသော မျက်ဝန်းများဖြင့် မနောကို ကြည့်လာမှာ သေချာသည်။

သောတကတော့ နှုတ်ဆိတ် အေးစက်လွန်းသော မမကြီးကြောင့် ရင်ထဲမှာ နာကျင်ရသည်။

သောတသည်လည်း မမကြီးလိုပင် နှုတ်ဆိတ်နေလိုက်မိရင်း သီကျူးရဲ့ စကားတွေကို သတိရတော့ ရင်ဘတ်ထဲမှာ လတ်ဆတ်နွေးပူလာသည်။

"အချစ်စိတ်ဆိုတာ ရဲရဲတောက် စိတ်တစ်မျိုးပဲကွ၊ အချစ်စိတ်သာ တကယ်ပြင်းထန်ရင် မလုပ်ရဲတာ ဘာမှမရှိတော့ဘူး၊ စည်းတွေ ဘာတွေ နားထားလိုက် ..."

"မင်းချစ်နေတဲ့အကြောင်း သူရိပ်မိအောင်ပြောတာတောင် သူက မထုံတတ်သေးလုပ်နေဦးမယ်ဆိုရင်တော့ မလွတ်တမ်း ဖက်ပြီး ချစ်တယ် ... ချစ်တယ်လို့သာ ပြောလိုက်တော့ပေါ့ကွာ ..."

သောတသည် သီကျူးစကားကို ထပ်ခါ ထပ်ခါ ပြန်တွေးကြည့်ရင်း သီကျူးပြောသလို လုပ်လိုက်ရင် ကောင်း လားဟု စဉ်းစားနေမိသည်။

စဉ်းစားရင်းကပင် မမကြီးကို ငဲ့ကြည့်မိစဉ်မှာ မမကြီး လှမ်းကြည့်လာတာနှင့် ဆုံပြန်သည်။ မမကြီးက ကပျာ



www.burmeseclassic.com

www.burmeseclassic.com



ကယာ မျက်လွှာချကာ မျက်နှာပြန်လွှဲသွားသည်။ သောတက တော့ ရင်ခုန်တုန်လှုပ်လျက်ပင် ဗိုးတဝါး မြင်နေရသော မမကြီး ရဲ့ လည်တိုင်ကလေးကို ငေးကြည့်နေခဲ့မိသည်။

မနောသည် မြန်ဆန်လာသော ကိုယ့်ရင်ခုန်သံကို ကိုယ့်ဘာသာ စိတ်ပျက်ရသည်။ ကိုယ့်တုန်လှုပ်နေမှုကို သောတ ရိပ်မိသွားမှာစိုးတာမို့ တစ်ဖက်သို့ လှည့်နေရတာ ကြာတော့ လည်ပင်းကလေးတောင် ညောင်းလာရပါသည်။

သောတကတော့ မနောဘက်သို့ မသိမသာလေး တိုးရွှေ့ရပ်လိုက်သည်။ စောစောက တစ်ပေလောက်ကွာပေမယ့် ခုတော့ ခြောက်လက်မလောက်ပဲ ကွာတော့သည်။

သောတသည် မမကြီးရဲ့ ပခုံးလေးကို လှမ်းဖက် ရင် ကောင်းမလားဟု စဉ်းစားသတ္တိမွေးကာ မမကြီးဘက်က လက်တစ်ဖက်က မသိမသာလေး မြှောက်တက်လာသည်။ သို့သော် ပခုံးကို မဖက်ရခင် လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။ ပြီးတော့ မရဲတရဲဖြင့် လက်ကမြှောက်တက်လာပြန်သည်။ ကိုယ့် လက်ကို ပြန်ရုပ်သိမ်းရပြန်သည်။ နောက်ဆုံးတော့ သောတက လက်ပိုက်ကာ လက်ဖျားနှစ်ဖက်ကို ချိုင်းကြားမှာညှပ်ထားလိုက် ရသည်။

မနောသည် ကြာတော့ ညောင်းလာပြီဖြစ်သော





လည်ပင်းကလေးကို သောတဘက်သို့ လှည့်ချင်လာသည်။ ဒီ အတိုင်းသာ ဒီနားမှာ သူနဲ့ယှဉ်တွဲပြီး ရပ်နေမိရင် သူ့ပခုံးပေါ် သို့ ခေါင်းကလေးပင် ငှဲ့စောင်းမှေးမှိန်ချင်စိတ် ပေါက်လာတော့ မှာမို့ မနောက ကားကိုမှီရပ်နေရာမှ ကိုယ်ကို မတ်လိုက်ပြီး အညောင်းပြေလိုလို ဟိုနားဒီနား လျှောက်နေလိုက်မိသည်။

သောတသည် နောက်ခိုင်းနေသော မမကြီးရဲ့ ကျောပြင်လေးကို လှမ်းကြည့်လိုက်ရင်း နောက်ကနေ ကျုံးဖက် ပြီး 'ချစ်တယ် ချစ်တယ်' လို့ ပြောလိုက်ဖို့ ဆုံးဖြတ်ကာ မမကြီး နောက်နားသို့ တရွေ့ရွေ့ ချဉ်းကပ်လာနေသည်။

မနောသည် လှည့်မကြည့်သော်လည်း ကားလမ်း မပေါ် ထင်လာသည့် သောတရဲ့အရိပ်ကြောင့် သောတ ချဉ်း ကပ်လာနေတာကို သိတာမို့ ဘာလုပ်ရမှန်းမသိဘဲ ရင်ခုန်သံ တွေသာ ဝုန်းဒိုင်းကျဲလာသည်။

သောတသည် မမကြီးကို လှမ်းဖက်ဖို့ လက်ရှယ် လိုက်ပြီးမှ ချီတုံချတုံ ဖြစ်နေသည်။ ဒီလိုလုပ်လိုက်ရင် ဣန္ဒြေမရ ဖြစ်သွားမလား၊ မမကြီးကို အရှက်ရအောင် လုပ်သလိုများ ဖြစ်သွားမလား။

သောတ တွေဝေနေဆဲမှာပဲ ...

"တီ ... တီ ... တီ ... တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

ကားတစ်စီးက ဟွန်းအဆက်မပြတ်တီးကာ အရှိန်ပြင်းစွာဖြင့် သောတတို့နားမှ ဝိုးခနဲ ပွတ်ကပ်မောင်းသွားတာမို့ နှစ်ယောက်လုံးကို လေဟပ်သွားပြီး အလန့်တကြား နောက်ဆုတ်လိုက်မိကြသည်။

"လန့်လိုက်တာဟယ် ..."

"ကားမောင်း ရမ်းကားလိုက်တာကွာ ..."

ထိုကားကြောင့်ပင် နူးညံ့စွာ မိန်းမောနေသော သောတနှင့် မနော်တို့ရဲ့ စိတ်တွေ ပြန်လည်နိုးထလာရပါသည်။

○ ○ ○



✦ ✦ ✦

"မမကြီးနဲ့ ကိုသောတမောင်ကတော့ ပျော်နေကြမှာပဲနော်"

သိကျူးနဲ့ ဖြူညတို့က ဖုန်းစောင့်ရင်း ငိုက်စပြုလာချိန်မှာ မိနီရဲ့ အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းတာမို့ သိကျူးရော ဖြူညပါ ခေါင်းထောင်လာမိကာ သိကျူးက မျက်မှောင်ကြုတ်ရင်း ...

"မိနီ ... နင် ဘာစကားပြောတာလဲ"

"ဟိုဟာလေ ... မမကြီးတို့ ပျော်နေကြမှာပဲလို့ ပြောတာ"

"ငါ့ကို လိုက်ရှာနေပါတယ်ဆိုမှ ဘာကိစ္စ ပျော်ရမှာလဲ၊ ဘာပျော်စရာရှိလို့လဲ ..."

"ညဘက်ကြီး ကားလျှောက်စီးနေရတာ ပျော်စရာကြီးပေါ့ အစ်ကိုလေးရဲ့ ...၊ မိနီဆို အဲ့လိုစီးချင်တာ တစ်ခါမှ မစီးရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..."

"ဒေါက် ..."

"အ ..."

ဖြူဥက မိနီခေါင်းကို လှမ်းခေါက်လိုက်တာမို့ မိနီက သူ့ခေါင်းသူ ပြန်ပွတ်လိုက်ရင်း ...

"နာလိုက်တာ ... ၊ မမဖြူဥက မိနီကို ဘာလို့ ခေါက်တာလဲ၊ ဘာလိုင်းကြီး ..."

"အောင်မယ် ... နင်ကများ၊ ဘာ ဘာလိုင်းကြီးလဲ၊ ဒီမှာ စိတ်ပူနေပါတယ်ဆိုမှ နင်က မဆီမဆိုင် ဘာတွေလျှောက်ပြောမှန်း မသိဘူး"

"စိတ်ပူရတဲ့ လူတွေကလည်း ငိုက်နေလိုက်ကြတာ၊ မိနီဆို လုံးဝ မငိုက်ဘူး၊ ဖုန်းသံကို နားစွင့်ထားတာလည်း နားရွက်ကိုထောင်နေတာပဲ"

"နားရွက်ထောင်ရအောင် နင်က ခွေးလား"

"တင်စားပြီး ပြောတာပါ"

"ခွေးနဲ့နှိုင်းပြီးတော့များ တင်စားရတယ်လို့၊ ငပေါမ ..."

မိနီက ခဏတော့ငြိမ်သွားသည်။ သိကျူးနဲ့ ဖြူဥလည်း ပြန်ငိုက်သွားကြပြန်သည်။ ခဏကြာတော့ မျက်လုံးကို အပေါ်လှန်ကာ တောင်တောင်အီအီ စဉ်းစားနေသော မိနီက ကောက်ခါငင်ကာဖြင့် ...





"မမဖြူဥနဲ့ အစ်ကိုလေးတို့ စိတ်ပူတယ်ဆိုတာလောက်ကတော့ ကိုသောတမောင်က ပျင်းတောင် ပျင်းသေးတယ်"

"ဘာ ..."

မိနီ စကားကြောင့် သိကျူးတို့ ခေါင်းထောင်လာရပြန်ကာ ...

"ဘာ ... ဘာ ... ဘာ ... နင် ဘာပြောလိုက်တယ်"

"အစ်ကိုလေးတို့ စိတ်ပူတာလောက်တော့ ကိုသောတမောင်က ပျင်းတယ်လို့ ပြောတာ ..."

"ဘာဖြစ်လို့လဲ ..."

"ကိုသောတမောင်က မမကြီးအတွက်ဆို တစ်ချိန်လုံး စိတ်ပူနေတာပဲဟာ၊ မမကြီး တစ်ယောက်တည်း ဈေးသွားဝယ်ရင်လည်း စိတ်ပူတာပဲ၊ အစ်ကိုလေးတို့ စိတ်ပူမပေးတဲ့ကိစ္စတွေမှာလည်း သူက စိတ်ပူပေးတာပဲ"

"အဲ့ဒါ ဘာဖြစ်လဲ ..."

"ပျော်စရာကောင်းတာပေါ့ ..."

"ဘာ ..."

"အဲ့လို ဂရုစိုက်ခံရတာ ပျော်စရာကောင်းတာပေါ့၊ မမကြီးဆိုလည်း ကိုသောတမောင်ကို ဂရုစိုက်တာပဲ၊ ကိုသောတ



www.burmeseclassic.com

www.burmeseclassic.com



မောင် ထမင်းစားရင် အရိုးတွေဘာတွေတောင် ထွင်ကျွေးတာ သိလား၊ ဟိဟိ ... ပျော်စရာကြီး ...”

မိနီစကားကြောင့် သီကျူးနဲ့ ဖြူဥတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပါသည်။

“ဖြူဥ ... သူပြောတာ ဟုတ်လား”

“မသိဘူးလေ၊ ငါတော့ တစ်ခါမှ မမြင်မိပါဘူး”

“ဘယ်မြင်မလဲ၊ မမဖြူဥတို့က မီးဖိုချောင်ထဲမှာမှမနေတာ၊ မိနီက မီးဖိုချောင်ထဲမှာ နေတော့ အမြဲမြင်တယ်”

မိနီ စကားကြောင့် သီကျူးရော ဖြူဥပါ မျက်လုံးတွေ ကျယ်လာကြသည်။

သီကျူးက မျက်မှောင်ကြုတ်ကြုတ်နှင့် စဉ်းစားနေမိပါသည်။ ဒီကောင်က မမကြီးကို ဂရုစိုက်တာ၊ မမကြီးက ဒီကောင့်ကို ဂရုစိုက်တာကို သိပေမယ့် သီကျူးစိတ်ထဲမှာ ဘာမှ အရေးလုပ် တွေးမနေခဲ့ဘဲ အမှတ်တမဲ့ပင် နေခဲ့မိတာ။ သောတက ကိုယ်နဲ့ပတ်သက်ပြီး ငယ်ငယ်လေးကတည်းက အိမ်ကို ဝင်ထွက်ပြီး အိမ်ကလူတွေနဲ့ ရင်းနှီးခဲ့တာမို့ မမကြီးနဲ့ သောတတို့ ရင်းနှီးခင်မင်ကြတာလည်း အဆန်းတကြယ်တော့ မဟုတ်ခဲ့ပါ။ ဖြူဥနဲ့လည်း ရင်းနှီးနေတာပင်။

ရည်းစားဖျောက်သောက်ထားကာ လမ်းများတတ်





သော သီကျူးထက် အေးဆေးကျိုးနွံသော သောတမောင်ကို မမကြီးက ပိုပြီး အရေးပေးချင်တာမျိုးတော့ရှိပါသည်။ ဒါကလည်း လိမ္မာတဲ့သူကို ပိုပြီး နှစ်သက်တတ်တဲ့ လူ့သဘာဝဟု ဆိုနိုင်သည်။

သီကျူးက ဟင်းစားကြီးတာမို့ သောတမောင်ဖို့ မမကြီး ဟင်းဖွက်ချန်ထားတာလောက်အထိတော့ သိပေမယ့် အရိုးထွင်ကျွေးတာလောက်အထိတော့ မသိမမြင်မိခဲ့ ... ။

ဒီအရှုပ်ကြီးကို အရိုးတောင် နွှင်ကျွေးတယ်ဆိုတော့ နည်းနည်းများ အိုဗာဖြစ်မနေဘူးလား။

သီကျူးက ခပ်ငြိမ်ငြိမ် စဉ်းစားနေဆဲမှာ သီကျူးဖုန်းက အသံမြည်လာသည်။

“ဟယ် ... ဖုန်းလာပြီ၊ ဖုန်းလာပြီ၊ မမကြီးများလား”

ဖြူဥက အထိတ်တလန့် ထအော်သည်။ သီကျူးက ဖုန်းမှာပေါ်နေသည့် နံပါတ်ကို ငုံ့ကြည့်မိတော့ သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်းနံပါတ် ဖြစ်နေသည်။

“ဟဲလို ...”

“ဟေ့ကောင် ... သီကျူး”

“အေး ... ပြော ... လင်းနိုင်”

“မင်း ခုဘယ်မှာလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ..."

"မင်းကို ငါ ပြောစရာတစ်ခုရှိလို့ကွ၊ ဟဲဟဲ ..."

"မင်းက ဘာရယ်တာလဲ ..."

"ပြောရမှာ နည်းနည်းအားနာလို့ပါကွာ၊ ငါ ဒီနေ့ ည ၇ နာရီကျော်ကျော်လောက်က မင်းမမကြီးနဲ့ သောတမောင်ကို ကန်တော်ကြီးထဲမှာ တွေ့ခဲ့တယ်ကွ ..."

သိကျူးက မမကြီးတို့နှစ်ယောက် ကန်တော်ကြီးထဲမှာ သူ့ကို သွားရှာတာဖြစ်မည်ဟု စဉ်းစားမိကာ ...

"အဲ့ဒါ ဘာဆန်းလို့လဲ၊ သောတနဲ့ မမကြီးက မောင်နှမတွေလို ခင်နေကြတာ၊ ဒီလိုပဲ အတူသွားနေကျ"

"ငါမြင်တာတော့ နည်းနည်းဆန်းသလိုပဲကွ၊ နှစ်ယောက် အတူ မျက်နှာချင်းဆိုင်ထိုင်ပြီး ကော်ဖီသောက်နေကြတာ၊ မမကြီးက ကန်ရေပြင်ကို ငေးလို့၊ သောတက မင်း မမကြီးကို ငေးလို့၊ တစ်မျိုးလေး ရိုမန်တစ်ဆန်နေသလိုပဲ၊ သူတို့က ငါ့ကို မမြင်ဘူး၊ ငါလှမ်းမြင်တာနဲ့ သေသေချာချာ ကြည့်လိုက်မိတာ၊ မင်းနော် ... သောတကို အခြောက် အခြောက်နဲ့ လျော့တွက်မနေနဲ့၊ တော်ကြာ မင်း ဖင်ကျိန်းနေဦးမယ်"

"ဟော့ကောင် ... ငါလာထိုးလိုက်ရ ..."





"ဟား ဟား ... ဒါပဲ ဟော့ကောင်"

လင်းနိုင် ဖုန်းချသွားတော့ သိကျူးက စိတ်တို ကျန်ရစ်ရသည်။ 'ပေါက်ကရ ပြောတဲ့ကောင်' ဟု လင်းနိုင်ကို ဒေါသဖြစ်ရင်းကပဲ တောင်စဉ်းစား မြောက်စဉ်းစားနှင့် စိတ်ထဲမှာ သံသယနည်းနည်း ဝင်သလို ဖြစ်လာသည်။

"ဘာထူးလဲ သိကျူး၊ လင်းနိုင်က ဘာတဲ့လဲ ..."

"မမကြီးနဲ့ သောတကို ကန်တော်ကြီးထဲမှာ တွေ့ခဲ့တဲ့ အကြောင်း လှမ်းပြောတာ ..."

"နင်က ကန်တော်ကြီးထဲ သွားတတ်လို့ နင့်ကို သူတို့ သွားရှာတာ နေမှာပေါ့ ..."

"ရှာတဲ့လူတွေကလည်း အေးအေးဆေးဆေး ကော်ဖီ ထိုင်သောက်နေကြတယ်တဲ့ ..."

"ဟုတ်လား ...၊ လျှောက်ရတာ ပင်ပန်းလာလို့ ခဏတဖြုတ် ထိုင်နားနေတာဖြစ်မှာပေါ့ဟယ်"

ဖြူဥက အံ့ဩသွားပြီးမှ သိကျူး စိတ်မတိုအောင် ထိန်းထိန်းသိမ်းသိမ်း ပြန်ပြောရသည်။

သိကျူးကတော့ နည်းနည်း သံသယဝင်ချင်လာခဲ့ပြီမို့ သိကျူးတို့ နှစ်ယောက်ကြားမှာ သိကျူးကို ကြည့်လိုက်၊ ဖြူဥကို ကြည့်လိုက်ဖြင့် အူကြောင်ကြောင်လုပ်နေသော မိနီကို ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မိနီ ..."

"ရှင်၊ အစ်ကိုလေး ..."

"နင် တခြား ဘာမြင်သေးလဲ"

"ဘာကိုလဲဟင် ... အစ်ကိုလေး"

"မမကြီးနဲ့ သောတကို ပြောတာ ..."

"မြင်တာကတော့ အများကြီးပေါ့ အစ်ကိုလေးရဲ့၊ မိနီ ခဏခဏမြင်တာကတော့ ကိုသောတက မမကြီး မျက်နှာလွှဲတာနဲ့ မမကြီးကို ခိုးခိုးကြည့်တော့တာပဲ၊ မမကြီးက သူ့ဘက်ကိုပြန်လှည့်လာရင် သူက မကြည့်သလို နေလိုက်ရော ..."

မိနီအပြောကြောင့် ဖြူဥကပါ သံသယဝင်လာကာ

"နင် အဲ့လိုပုံစံမျိုး ခဏခဏ မြင်လား"

"မြင်တယ် မမဖြူဥ ...၊ ပြီးတော့ ... တခြားမြင်တာတွေလည်း ရှိသေးတယ်၊ ကိုသောတမောင်က မမကြီး ဟင်းချက်နေရင် အနားကနေ ကြက်သွန်နွှာပေး၊ ငရုပ်သီးထောင်းပေး လုပ်တယ်၊ တစ်ခါတုန်းကဆို ကိုသောတရယ် မမကြီးကို ငေးပြီး ငရုပ်သီးထောင်းတာ ငရုပ်ဆုံထဲကို မထောင်းမိဘဲ ဘေးကိုတောင် ချော်ထောင်းမိတယ်၊ ဟိဟိ ..."





မိနီ ပခုံးတွန့်ပြီး တဟီးဟီး ရယ်လိုက်ချိန်မှာ သီကျူးနှင့် ဖြူဥက တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ကာ မျက်လုံးချင်း စကားပြောမိကြပါသည်။

မေးသူမရှိ၊ နားထောင်သူမရှိတောင် စကားတတွတ်တွတ် ပြောချင်နေသော၊ စကားပြောဖို့ အခွင့်အရေးကို ဆောင့်နေတတ်သော မိနီကတော့ သူ့ကို ခုလို အာရုံစိုက်ပြီး မေးခွန်းတွေ ဝိုင်းထုတ်နေသော သီကျူးနှင့် ဖြူဥကြောင့် ပျော်ရွှင်တက်ကြွနေကာ သူသိသမျှ မြင်သမျှကို ပိုပိုကဲကဲ ဝေဝေဆာဆာ ပြောပြဖို့ အသင့်ဖြစ်နေပါသည်။

"ပြီးတော့လေ ... မမကြီးက ကိုသောတမောင် ထမင်းစားရင် အနားကနေ ယပ်တောင်ခပ်ပေးရတာနဲ့၊ စားကောင်းလား စားကောင်းလား မေးရတာနဲ့၊ တစ်ခါတလေကျရင်လည်း မီးဖိုချောင်ထဲမှာ နှစ်ယောက်သားစကားတွေ ပြောလိုက်၊ ရယ်လိုက်နဲ့ ...၊ ကိုသောတမောင် ကြိုက်လို့ဆိုပြီး မမကြီးက ငါးရံ့အူဟင်းလည်း ခဏခဏ ချက်သေးတာ၊ ပြီးတော့ မမဖြူဥနဲ့ ကိုသောတမောင်နဲ့ အပြင် ခဏခဏထွက်တုန်းကလည်း မမကြီးက မျက်နှာမကောင်းဘူး၊ မှိုင်မှိုင်နေတယ်"

"ဟဲ့ ... နင် တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



“တကယ်ပေါ့ ... မမဖြူဥရဲ့”

“နင်က ဘာလို့ သောတမောင်နဲ့ အပြင် ခဏခဏထွက်ရတာလဲ”

သိကျူးက ဖြူဥကို လှမ်းမေးလိုက်သည်။ ဖြူဥက

“အဲ့ဒါက ကြာပါပြီဟာ ... ၊ မမကြီးက ငါတစ်ယောက်တည်း အပြင်ထွက်ရင် ရည်းစားနဲ့ ချိန်းတွေ့မှာစိုးလို့ မလွှတ်တဲ့အချိန်တုန်းကပါ၊ မမကြီး လွှတ်အောင် ငါက သောတကို အကြပ်ကိုင်ပြီး ခေါ်ခေါ်သွားတာ၊ သောတကလည်း ငါဖွတ်ခိုးထွက်ရင် မမကြီး စိတ်ဆင်းရဲမှာစိုးလို့ဆိုပြီး မလိုက်ချင်ဘဲ လိုက်ပေးတာ၊ ပြီးတော့ မမကြီးက စောင့်ရှောက်ခိုင်းလို့ဆိုပြီး ငါ့ကို မျက်ခြည်မပြတ်အောင် လိုက်စောင့်ကြည့်နေတာများ အမြင်တော် ကတ်တယ်”

“ဒီကောင် ... အိုဗာ”

“မမကြီးလည်း အိုဗာ ...”

“ဒါဆို နှစ်ယောက်စလုံး အိုဗာပေါ့”

မိနီကပါ ဝင်ပြောလိုက်တာမို့ ဖြူဥက မိနီကို မျက်စောင်းထိုးရင်း ...

“နင်က ဘာဝင်ပါတာလဲ၊ အိုဗာဆိုတာ ဘာလဲ နင်သိလို့လား”





“သိသားပဲ၊ အပိုတွေကို ပြောတာမဟုတ်လား၊ ဗီဒီယိုကားတွေထဲမှာ ပြောသံကြားသားပဲ၊ မမကြီးနဲ့ ကိုသောတမောင် အိုဗာဖြစ်နေတာ ကြာပြီလေ၊ အိုဗာတွေပေါ့ ... အိုဗာတွေ ...”

“ဟဲ့ ... တော်စမ်းပါ၊ ရှူးသလို ပေါသလိုနဲ့ နင်က တစ်မျိုး”

ဖြူဥက မိနီခေါင်းကို လှမ်းခေါက်လိုက်ချိန်မှာ သိကျူးက သံသယအတွေးတွေ တသီတတန်းကြီး တွေးမိနေပါသည်။

အိုဗာတော့ အိုဗာပဲ။ အိုဗာအစစ်ပဲ ... ။ ပြန်တွေးကြည့်တိုင်း အိုဗာအက်ရှင်တွေက တရေးရေး ပေါ်လာပါသည်။ မမကြီးဟာ သောတကိုဆို အမွှန်းတင်လိုက်တာ သူ့အပြင် နှစ်ယောက်မရှိ၊ သောတကလည်း မမကြီးကို ဖားနေလိုက်တာ နှစ်ယောက်မရှိ။

အခုလည်း သိကျူးကို လိုက်ရှာတယ်ဆိုပြီး ခုထိ ပြန်မလာသေးဟာ ဘာသဘောလဲ။ ၅ နာရီကျော်လောက်ကတည်းက ထွက်သွားလိုက်တာ ခုပဲ ၁၁ နာရီကျော်နေပြီ။ ၆ နာရီလုံးလုံး ဘယ်သွားနေကြလဲ ... ။ မတွေ့လည်း အိမ်ပြန်လာကြပါတော့လား။ ဒီကောင် သောတ မမကြီးကို ဘယ်အထိ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး လိုက်ရှာနေဦးမှာလဲ … ။ ဖုန်းပိတ်ထားတာကရော သွေးရိုးသားရိုး ဘက်ထရီကုန်တာမှ ဟုတ်ရဲ့လား။ တမင် ပိတ်ထားတာများလား … စသဖြင့် သံသယအတွေးတွေ တရိပ်ရိပ် တက်လာချိန်မှာ သီကျူး ဖုန်းက အသံမြည်လာပါသည်။

ဖုန်းမြည်သံကြောင့် ဖြူဥနဲ့ မိနီက ခေါင်းထောင်ထလာသည်။ သို့သော် … အားလုံး မျှော်လင့်နေသည့် ဖုန်းမဟုတ်ဘဲ သီကျူးသူငယ်ချင်း ဇော်လတ်ဆီက ဖုန်းပင်။ သီကျူးက အသံမြည်နေသော ဖုန်းကို လှမ်းယူရင်း ဘက်ထရီ ကုန်ခါနီးနေတာကို သတိပြုမိလိုက်သည်။

"ဟဲလို …"

"ဟေ့ကောင် သီကျူး …"

"ပြော … ဇော်လတ်"

"မင်း … ညဦးပိုင်းလောက်က ( … … )ဟိုတယ်ကို သွားသေးလား"

"မသွားပါဘူး၊ ဘာဖြစ်လို့လဲ …"

"သောတနဲ့ မမကြီးကို ဟိုတယ် ရေကူးကန်နားမှာ ထိုင်နေတာ တွေ့လိုက်လို့၊ မင်းလည်းပါတယ်မှတ်လို့"

သီကျူးက ပထမတော့ သူ သွားတတ်သော ဟိုတယ်ကို မမကြီးတို့ လိုက်ရှာကြတာ နေမှာပါဟု တွေး





သည်။ သို့သော် … ရှာပြီးမတွေ့လည်း မြန်မြန်ပြန်ကြပေါ့။ ဘာကိစ္စ ရေကူးကန်နားမှာ စိမ်ဆွဲထိုင်နေဦးမှာလဲ။ အိုဗာတွေ။ ကန်တော်ကြီးမှာ ကော်ဖီသောက်လိုက်၊ ရေကူးကန်ဘေးမှာ ခပ်အေးအေးထိုင်လိုက်နဲ့ သိပ်ကို ဟုတ်နေကြတယ်ပေါ့။

"မင်း မပါဘဲ လာတာလား၊ မင်းပါရက်နဲ့ မင်းက ဟိုတယ်ထဲဝင်သွားလို့ ထိုင်စောင့်နေကြတာလားလို့ ငါနဲ့ လင်းနိုင် ငြင်းနေကြတာ၊ လင်းနိုင်ကတော့ မင်း ပါတာ မဖြစ်နိုင်ဘူးတဲ့၊ ဟဲဟဲ … ဘာလို့လဲဆိုတော့ သောတက စားပွဲပေါ် တင်ထားတဲ့ မမကြီးလက်ကို အုပ်ကိုင်ထားလို့တဲ့ …"

"တောက် …"

"ဟာ … ဟေ့ကောင် ဒေါသဖြစ်သွားလား၊ မဖြစ်ပါနဲ့ကွာ၊ သောတက မဆိုးပါဘူးကွ၊ သဘောတူလိုက်ပါ"

သီကျူးက ဖုန်းကို ဆိုဖာပေါ် လှမ်းပစ်တင်ကာ ဝုန်းခနဲ ထရပ်လိုက်ရင်း …

"တောက် … ဒီကောင် လူလည်ကျပြီ …"

"ဘာလဲဟင်၊ ဘာလူလည်ကျလို့လဲ …"

"ဒီကောင် ငါးကြင်းဆီနဲ့ ငါးကြင်းကြော် ကြော်နေတာပဲ ဖြစ်မယ်၊ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဟယ် ... ရှင်းရှင်းပြော"

"သောတမောင်က ဟိုတလောက ငါ့ကို လာမေးတယ်။ မိန်းကလေးတစ်ယောက်ကို ဆုံးရှုံးရမှာ အရမ်းကြောက်ရင် အဲ့ဒါ ဘာကြောင့်ဖြစ်နိုင်သလဲတဲ့ ...။ ငါကလည်း အဲ့ဒါ ချစ်လို့ပေါ့လို့ ဖြေလိုက်တယ်"

"အစ်ကိုလေး ... အစ်ကိုလေး၊ ဆုံးရှုံးရမှာ ကြောက်တယ် ဆိုတာ ဟို ... ကိုယ်ချစ်တဲ့သူနဲ့ မပေါင်းရဘဲ တခြား တစ်ယောက်နဲ့ မင်္ဂလာဆောင်သွားမှာကို စိုးရိမ်တာမဟုတ် လား"

မိနီက အလျှင်စလို ဝင်မေးလိုက်တာမို့ သိကျူးနဲ့ ဖြူဥက မျက်လုံးပြူးကာ မိနီကို ချာခနဲ ပြိုင်တူလှည့်ကြည့်လိုက် ကြသည်။

မိနီက ဆရာကြီး မျက်နှာထားဖြင့် ...

"မိနီ သိတာတွေ သိပ်များသွားပြီ အစ်ကိုလေး၊ မမကြီး ကို အန်တီနဲ့ ဦးဦးတို့ အိမ်ထောင်ချပေးဖို့ စီစဉ်တုန်းက ကိုသောတမောင် မမကြီးကို လာရန်တွေ့တာ အစ်ကို လေး သိလား ...။ အဲ့ဒီတုန်းကဆို ကိုသောတမောင်က မမကြီးကို ပြောနေလိုက်တာများ ငိုချတော့မတတ်ပဲ မျက်ရည်တောင်ဝဲတယ်၊ မချစ်ဘဲ လက်ခံရကောင်းလား





ဆိုပြီး ဒေါသတွေလည်း ဖြစ်နေတာ၊ အဲ့ဒါ မမကြီးကို ဆုံးရှုံးရမှာ ကြောက်လို့ မဟုတ်လား"

သိကျူးသည် မိနီပြောတော့မှ မမကြီး အိမ်ထောင် ပြုမယ့်အကြောင်း သောတကို ပြောပြမိစဉ်က သောတ ပေါက် ပေါက်ကွဲကွဲတွေ ဖြစ်နေတာကို ပြန်သတိရလာသည်။ အဲ့ဒီတုန်း ကတော့ သွေးရိုးသားရိုးပဲလို့ ထင်မိတာ ...။ လက်စသတ်တော့ ဒင်းက မမကြီးကို ချစ်နေခဲ့တာကိုး။

"တောက် ... ငါတော့ သူနိုးလမ်းပြ လုပ်မိပြီထင်တယ် ဖြူဥ ..."

"ဘာဖြစ်လို့လဲ ..."

"သူ့ဘာသာ ချစ်လို့ ချစ်မှန်းမသိအောင်တောင် အတဲ့ သူကို ငါက အဲ့ဒါ အချစ်ပဲလို့ အခါတော်ပေး သွားလုပ် ခဲ့မိတာကိုး ...။ ပိုးပန်းရမယ့် နည်းတွေကို သွားအကြံ ဉာဏ်ပေးခဲ့မိတာကိုး၊ ငါပေးတဲ့ နည်းလမ်းတွေနဲ့ ငါ့ အစ်မကို ပိုးပန်းနေမှာပေါ့၊ ရင်နာဖို့ကောင်းလိုက်တာ ကွာ"

"ရင်မနာပါနဲ့ အစ်ကိုလေးရဲ့၊ မမကြီးကလည်း ကိုသောတ မောင်ကို ချစ်နေပုံရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ...၊ နင်က ဘာသိလို့လဲ"

"မိနီလည်း နည်းနည်းတော့ သိပါတယ်၊ ကိုသောတ မောင် မမကြီးကို ငိုမတတ် လာတားသွားတဲ့နေ့ကည မမကြီးရယ် တစ်ညလုံး မအိပ်ဘူး၊ ငိုလည်းငိုတယ် မနက်အစောလည်းကျရော မိနီကို ကိုသောတမောင်တို့ အိမ် ခဏသွားလိုက်ဦးမယ်၊ သီကျူးမေးရင် ဈေးသွား တယ်ပဲပြောလို့ မှာပြီး ထွက်သွားတာ၊ ကိုသောတမောင် တို့ အိမ်က ပြန်လည်းလာရော မမကြီးမျက်နှာလေးက ပြုံးရွှင်လာရော၊ ပြီးတော့ ... နောက်နေ့လည်းကျရော အိမ်ထောင်မပြုချင်သေးဘူးလို့ ငြင်းလိုက်ရော ..."

သီကျူးက အံကြိတ်လျက် မိနီကို ပြုံးစိုက်ကြည့် ရင်း ဒေါသတွေ ပေါက်ကွဲလုမတတ် ဖြစ်နေချိန်မှာပဲ သီကျူး ဖုန်း အသံမြည်လာသဖြင့် ပြေးကိုင်လိုက်ရသည်။ ဘက်ထရီက တော့ ကုန်လုကုန်ခင်လေး။

"ဟဲလို ..."

"သီကျူးလား ... ငါပါ"

"ဩော် ... အေး ... မိုးအောင် ... ပြော၊ မင်း ဘယ်တုန်း က ရန်ကုန်ရောက်လဲ"

"ဒီညပဲ ရောက်တာကွ၊ ငါ့ဦးလေး ကားနဲ့ ထွက်လာ





လိုက်တာ၊ လမ်းမှာတောင် သောတ ကားကို လှမ်းတွေ့ လိုက်သေးတယ်၊ ဒီကောင် ပဲခူးကို ဘာသွားလုပ်တာလဲ"

ပြောနေရင်း ဘက်ထရီကုန်ကာ ဖုန်းက အလိုလို ပိတ်သွားသည်။ သီကျူးက ဖုန်းကို ဆိုဖာပေါ် ပြန်ပစ်တင်လိုက် ပြီး အံကြိတ်လျက် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ရင်း ...

"သွားပြီ ... သွားပြီ၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော် အကြော်ခံလိုက်ရပြီ၊ ငါပေးတဲ့ နည်းလမ်းနဲ့ ငါ့ကို ပြန် ဘတ်သွားပြီ၊ ဒါ့ကြောင့် ငါ နည်းလမ်းပေးတုန်းက ဒီကောင် တဟာဟာ ဖြစ်နေတာ၊ ငါ့အဖြစ်က အစ်မကို ခိုးပြေးဖို့ ဒင်းကို မြှောက်ပေးရတဲ့အဖြစ်၊ တော်တော် လူကြားမကောင်းတဲ့အဖြစ်၊ တော်တော် ရင်နာစရာ ကောင်းတဲ့အဖြစ်"

"နေစမ်းပါဦး သီကျူးရဲ့၊ နင်က ဘာနည်းလမ်း ပေးမိလို့ လဲ"

"ချစ်ရင် ချစ်တယ်ပြောပြီး မရရအောင် ခိုးပြေးဖို့ ပြော လိုက်မိလို့ပေါ့၊ ဒီကောင့်ကားကို ပဲခူးသွားတဲ့လမ်းမှာ တွေ့လိုက်တယ်တဲ့ ..."

"ဟယ် ... ဒါဆို သွားပြီပေါ့၊ မမကြီးကို သောတမောင် ခိုးပြေးသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပဲပေါ့၊ အလကားကောင် ... သစ္စာဖောက်ကောင် နောက်ကျောကို ဓားနဲ့ထိုးတဲ့ ကောင်၊ သူငယ်ချင်း အစ်မကို ကြံစရာလား ...၊ မမကြီးကိုမှ တက်ကြံစရာလား နင့်ကြံရင်တောင် ငါ ဒီလောက် စိတ်မဆိုးဘူး၊ ဒီကောင့်ကို လုံးဝကမ္ဘာမကြေပဲကွာ၊ ဟာကွာ ... ကဲကွာ ..."

"ဘုန်း ..."

"ဒုန်း ..."

"ဂွမ်း ..."

"ဟဲ့ ... သီကျူး ... သီကျူး မလုပ်ပါနဲ့၊ စိတ်ကိုလျှော့ပါဟဲ့ ..."

"အစ်ကိုလေး မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ အခန်းနံရံတွေ ပျက်စီးကုန်ပါ့မယ် အစ်ကိုလေးရဲ့ ..."

သီကျူးက အခန်းကန့်ထားသည့် သစ်သားနံရံတွေကို လက်သီးနှင့် ပြေးထိုးလိုက်တာမို့ ဖြူဥက သီကျူးကို ပြေးဆွဲသည်။ မိနီကတော့ နံရံမှာ ချိပ်ထားသော ဓာတ်ပုံတွေ ပြုတ်ကျလာတာကို ပြေးဖမ်းရင်း ပစ္စည်း ပျက်စီးမှာကိုသာ စိုးရိမ်ကာ သီကျူး လက်သီးနာသွားမှာကို မတွေးမိဘဲ ...

"အစ်ကိုလေး ... အဲ့ကို မထိုးနဲ့၊ ပျက်စီးကုန်မယ်၊ ဒီကိုထိုး၊ ဒီကိုထိုး ... ဒီအုတ်နံရံကိုထိုး ..."





"နင်က ငါ့ကို သေအောင် သတ်ချင်နေတာလား မိနီရဲ့"

သီကျူးက မိနီ ပြောသလို အုတ်နံရံဆီ ယောင်၍ ထိုးဖို့ပြင်လိုက်ပြီးမှ လက်သီးကို ပြန်ရုပ်ရင်း မိနီကို အော်ထုတ်ပစ်လိုက်သည်။

ခုချိန်မှာတော့ သီကျူး၊ ဖြူဥနှင့် မိနီတို့ သုံးဦးစလုံးက သော်တမောင်ဟာ မမကြီးကို ခိုးပြေးသွားပြီဟုသာ မှတ်ထင်လိုက်ကြပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

*1:00 am*

ရွှေဝါထွန်း ဟိုတယ်ရှေ့မှာ ကားရပ်ရပ်ချင်းပင် မနော့က ကားပေါ်မှ ခပ်သွက်သွက်လေး ဆင်းကာ ဟိုတယ် ရီဆက်ရှင်သို့ လျှောက်သွားလိုက်သဖြင့် သောတမောင်က ကားတံခါးတွေကို အမြန်လော့ခ်ချကာ မမကြီးနောက်မှ အမီလိုက်လာခဲ့ရပါသည်။

မနော့ကတော့ စိတ်စောနေသူပီပီ ရီဆက်ရှင်ဆီ သွက်သွက်လျှောက်သွားပြီး ...

"ကျေးဇူးပြုပြီး ဒီဟိုတယ်မှာ သီကျူးဆိုတဲ့ နာမည်နဲ့ တည်းနေတဲ့သူ ရှိမရှိ သိပါရစေရှင်၊ ကျွန်မ သူ့အစ်မပါ"

"ခဏနော် ... အစ်မ"





ဟိုတယ် ဝန်ထမ်းက စာအုပ်တစ်အုပ်ကို လှန်လှောကြည့်နေဆဲမှာ မနော့က သနားစရာကောင်းလောက်အောင် မျှော်လင့်သော မျက်ဝန်းများဖြင့် စာအုပ်လှန်နေတဲ့ ဝန်ထမ်းရဲ့ လက်ကို စိုက်ကြည့်နေသည်။

ဝန်ထမ်းရဲ့ လက်က တစ်နေရာမှာ ရပ်တန့်သွားပြီး ...

"မရှိဘူး ခင်ဗျ ..."

"ရှင် ..."

"သီကျူးဆိုတဲ့နာမည်နဲ့ ဒီမှာတည်းနေတဲ့သူ မရှိပါဘူး"

"သေချာလေး ပြန်ကြည့်ပေးပါလားရှင်"

"သေချာ ကြည့်ပြီးပါပြီ အစ်မ၊ တကယ် မရှိတာပါ"

မနော့ မျက်နှာကလေးမှာ ရုတ်တရက်ဆိုသလို ဖြူလျော်သွေးဆုတ်သွားပါသည်။

"ဒါဆို ... ဖုန်း ခဏလောက် ဆက်ပါရစေရှင်"

"ဆက်ပါ အစ်မ ..."

မနော့က ဖုန်းတင်ထားသည့် နေရာဘက်သို့ လျှောက်သွားပြီး အိမ်ကို ဖုန်းခေါ်လိုက်သည်။ မရ။ သီကျူး ဖုန်းပိတ်ထား။ ဖြူဥ ဖုန်းမကိုင်။

မနော့ရဲ့ ဖြူလျော်လျော်မျက်နှာကလေးက သောတကို လှည့်ကြည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်လို့လည်း မရဘူး သောတရယ်၊ ဘာဆက်လုပ်ကြမလဲဟင်"

သောတမောင်က မမကြီးရဲ့ ပခုံးတစ်ဖက်ကို ဖွဖွပုတ်လိုက်ရင်း ...

"စိတ် ခဏလျှော့လိုက်ပါ မမကြီး၊ အခု ည တစ်နာရီထိုးနေပြီ၊ ရန်ကုန်ပြန်ဖို့လည်း အရမ်းနောက်ကျနေပြီ၊ ဒီည ဒီမှာပဲ တစ်ယောက်တစ်ခန်းယူပြီး အိပ်လိုက်ကြရအောင်ပါ၊ မနက်ကျမှ စောစောထပြီး တခြား ဟိုတယ်တွေကို သွားစုံစမ်းကြတာပေါ့၊ မနက်ကျရင်တော့ ဖုန်းဆက်လို့လည်း ရချင်ရလာမှာပါ"

"မင်းပဲ ကောင်းသလိုသာ စီစဉ်ပါတော့ သောတရယ်"

မမကြီးက ပျော့တော့သော အသံကလေးဖြင့် ပြန်ပြော၏။ သောတမောင်က ဟိုတယ်မှာ အခန်းနှစ်ခန်း ယူဖို့ စီစဉ်လိုက်သည်။

ထို့နောက် သောတမောင်က ကားဒက်ရှ်ဘုတ်ထဲမှာ ပါလာသည် ဖုန်းဘက်ထရီသွင်းသည့် အဒက်ပတာကို သွားယူလာကာ မမကြီးထံ ကမ်းပေးရင်း ...

"ဒီမှာ ဖုန်းရော၊ အဒက်ပတာရော မမကြီးအခန်းကိုယူသွားလိုက်၊ အခန်းထဲရောက်ရင် ဘက်ထရီအားသွင်း





ထားလိုက်၊ ဖုန်းပိတ်ပြီး အားသွင်းရင် မြန်မြန်ပြည့်တယ်၊ ဘက်ထရီ အားနည်းနည်းပြည့်လာတော့မှ ပြန်ဖွင့်ထားလိုက်ပေါ့ ..."

မမကြီးက ခေါင်းလေးညိတ်ပြီး ဖုန်းနှင့် အဒက်ပတာကို လှမ်းယူသည်။

အဲဒီနောက်တော့ နှစ်ယောက်လုံး ပင်ပန်း အိပ်ချင်နေကြပြီမို့ ကိုယ့်အခန်းကိုယ်ဝင်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ကြပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"သောတမောင်လည်း မဆိုးပါဘူးဟယ်"

"ဘာ ..."

သောင်းကျန်းလို့ အားရသွားပြီမို့ ငြိမ်သက်ငိုက်မြည်းနေပြီဖြစ်သော သီကျူးသည် ဖြူဥ စကားကြောင့် ဆတ်ခနဲ ခေါင်းထောင်ထလာပါသည်။

"နင် ဘာပြောလိုက်တာလဲ ဖြူဥ"

"သောတမောင်အကြောင်း သေသေချာချာ စဉ်းစားမိလို့ပါဟယ်၊ သူလည်း မဆိုးပါဘူး၊ အိမ်ထောင်ဘက်ကောင်း တစ်ယောက် ဖြစ်ထိုက်တဲ့ လူမျိုးပါ"

"နင်က ခုမှ ဘာဖြစ်လို့ လေသံပြောင်းသွားတာလဲ၊ အရင်တုန်းကတော့ နင်ပဲ သောတမောင်ကို အခြောက်ဆိုပြီး နှိမ်နေတာလေ၊ နင် နှိမ်ချင်တိုင်း နှိမ်နေတဲ့လူကို





နင့် အစ်မယောက်ျားအဖြစ် နင် လက်ခံနိုင်လို့လား၊ ငါလည်း ငါ့နိုင်းဖတ် သောတကို ငါ့ယောက်ဖအဖြစ် လက်မခံနိုင်ဘူး"

"ငါနှိမ်တာကို သူခံတာ၊ နင်နိုင်းတာကို သူ သည်းခံလုပ်ပေးတာတွေဟာ ငါတို့ကို ခင်လို့မဟုတ်ဘူးလား၊ သူ့လောက် သည်းခံနိုင်တဲ့သူမျိုး နင်တွေ့ဖူးလို့လား၊ ငါတို့က လွန်ခဲ့တာ မဟုတ်ဘူးလား"

"ဘာပဲဖြစ်ဖြစ် ငါ့ကို လူလည်ကျသွားတဲ့ ဒင်းကိုတော့ ယောက်ဖ မတော်နိုင်ဘူး"

"သွေးအေးအေးနဲ့ ပြန်စဉ်းစားရင် အဖြေတစ်မျိုး ထွက်လာမှာပါ"

"ဘာအဖြေမှ မထွက်ဘူး၊ ဒီအဖြေက ဒီအဖြေပဲ၊ နင်ပဲ စဉ်းစားကြည့်လေ ... မမကြီးနဲ့ ဒီကောင်နဲ့ဆိုတာ အပ်စပ်သလား၊ တစ်ခါမှတောင် သူတို့နှစ်ယောက်ကို တွဲပြီး မစဉ်းစားမိခဲ့ဖူးဘူး၊ မတန်မရာ အရွယ်ချင်း မမျှတာကြီးကို ..."

"မမကြီးက သောတထက် ငါးနှစ်ပဲကြီးတာပါ၊ မမကြီးကလည်း နု၊ သောတကလည်း ထွားတော့ ကြည့်လိုက်ရင်ရွယ်တူလိုပဲဟာ၊ နိုင်ငံခြားမှာ မက်ဒေါနားတို့ ဒယ်မီမိုး



www.burmeseclassic.com

တို့ဆို သူတို့ထက် ၁၅ နှစ်ကျော် ၂၀ နီးပါးငယ်တဲ့သူကို တောင် ယူကြသေးတာ"

"မမကြီးက ဒ်ယ်မိမိုးလည်း မဟုတ်ဘူး၊ မက်ဒေါ်နားလည်း မဟုတ်ဘူး၊ နင် ဘာမှ ငါ့ကို နားလာမချနဲ့၊ သူတို့လုပ်သွားပုံကို ကြည့်စမ်း ... မနက်ဆို ဖေဖေရော မေမေပါ ရောက်လာကြတော့မယ်၊ ဒီကိစ္စကို ဖေဖေတို့ကို ဘယ်လိုပြောမလဲ၊ ဖေဖေတို့သိရင် ဘယ်လောက် ရင်ဘတ်စည်တီး ဖြစ်လိုက်မလဲဆိုတာ စဉ်းတောင်မစဉ်းစားရဲဘူး"

သီကျူးက ပြောပြောဆိုဆို နာရီ တစ်ချက်ငုံ့ကြည့်မိသည်။ ည ၁ နာရီ ထိုးနေပြီ။ မီးကလည်း မလာသေး ...။ ဒေါသသာဖြစ်နေပေမယ့် လူကလည်း မှေးငိုက်ချင်နေပြီ။ မိန်းတစ်ယောက်ကတော့ မလှမ်းမကမ်း ကြမ်းပြင်ပေါ်မှာ စောင်ခေါင်းမြီးခြုံကာ အိပ်ပျော်နေပြီ ...။ ဖြူဥက တစ်ချက်သမ်းလိုက်ရင်း ...

"စဉ်းတော့ စဉ်းစားဦးပေါ့ဟာ၊ ငါတော့ အရမ်းအိပ်ချင်နေပြီ၊ ဖုန်းနားက ဆိုဖာပေါ်မှာပဲ အိပ်လိုက်တော့မယ်"

"ငါလည်း ဟိုဘက် ဆိုဖာတစ်လုံးမှာပဲ အိပ်လိုက်တော့မယ်၊ မီးမလာတော့ အခန်းထဲမှာ အိပ်ရတာ အိုက်တယ်"





သီကျူးတို့ နှစ်ယောက်စလုံး ဆိုဖာတွေပေါ်မှာပဲ အိပ်ပျော်သွားခဲ့ကြပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

"ဟဲ့ ... ကလေးတွေ ... ကြည့်စမ်း ... ဧည့်ခန်းထဲမှာပဲ အိပ်နေလိုက်ကြတာ၊ ခေါ်မကြား အော်မကြားနဲ့ ဘယ်တုန်းကတည်းက အိပ်ရေးပျက်နေကြတာလဲ ..."

"ဟာ ... မေမေ၊ ဟာ ... ဖေဖေ ..."

"ဘာခုမှ ဟာမေမေ ... ဟာဖေဖေ လုပ်နေကြတာလဲ၊ ကျုပ်တို့မှာ ကိုယ့်ဘာသာ တံခါးဖွင့်ပြီး ဝင်လာရတာ၊ အိမ်ထဲ သူခိုးဝင်ခိုးသွားတောင် သိကြမှာမဟုတ်ဘူး"

သီကျူးနဲ့ ဖြူဥမှာ မေမေ့အသံကြားမှ လူးလဲထ ထိုင်လိုက်ကြပါသည်။

အိပ်ရာနိုးနိုးချင်း သီကျူး ခေါင်းထဲသို့ ဝင်လာသည်မှာ မမကြီးကိစ္စ။

ဖေဖေက အထုပ်အပိုးတွေ ရွှေ့ရင်း ...





"အံ့ပါ့ကွာ ... ခြံထဲ ကားဝင်လာတာတောင် မနိုးကြဘူး"

"ကားဝင်တာ မပြောနဲ့ ဖေကြီးရေ ... လူဝင်လာတာတောင် မနည်းနှိုးရတာ ..."

"တစ်အိမ်လုံးလည်း မှောင်မည်းလို့၊ မီးပျက်နေတာကြာပြီလား"

"ကြာပြီ ဖေဖေ ..."

"သမီးကြီးရော၊ ချုတ်ခနဲဆို နိုးတတ်တဲ့သူက ဒီတစ်ခါ ငြိမ်လို့ပါလား၊ သမီးကြီးရေ ... ဖေဖေတို့ ပြန်ရောက်ပြီဟေ့ ..."

"ခေါ်မနေပါနဲ့တော့ ဖေဖေရာ၊ မမကြီးက မရှိပါဘူး"

"ဟဲ့ ... ဘာမရှိတာလဲ"

မေမေက ဝင်မေးတော့ သီကျူးက ချက်ချင်း မပြောဘဲ အံကြိတ်နေသည်။

"ဟဲ့ ... ပြောလေ ...၊ ရင်ထိတ်လိုက်တာဟယ်"

"ဒေါသဖြစ်လွန်းလို့ အဲ့ဒီအကြောင်း ပြောတောင်မပြောချင်ဘူး၊ ဟဲ့ ... မိနီ ... ထ ... ထစမ်း၊ ဒီမှာ လူသံတွေ ဒီလောက်များနေတာတောင် နင်က မနိုးဘူးလား၊ ထထ အထုပ်အပိုးတွေ သယ်ပေးစမ်း"

သီကျူးက မနိုင်နိုင်ရာ ဖိမဲကာ ကြမ်းပြင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စောင်ခေါင်းမြီးခြုံ ကွေးအိပ်နေသည့် မိနီကို ခြေထောက်ဖြင့် လှမ်းကန်နှိုးလိုက်တာမို့ မိနီက ဝုန်းခနဲ ထထိုင်ကာ ခေါင်းပေါ်မှာ စောင်အုပ်ရက်သားတန်းလန်းနှင့် မျက်စိမဖွင့်သေးဘဲ ဂါထာရွတ်သလို အဆက်မပြတ် ရွတ်လိုက်သည်။

"မမကြီးကို ကိုသောတမောင် ခိုးသွားပြီ၊ မမကြီးကို ကိုသောတမောင် ခိုးသွားပြီ"

"ဟမ် ..."

"ဘာ ..."

မေမေနှင့် ဖေဖေသည် အံ့အားတသင့်သံတွေ ထွက်လာပြီး ရုတ်တရက် ငြိမ်ကျသွားကြပါသည်။

ဖြူဥကလည်း မျက်နှာငယ်လေးနှင့်။

သီကျူးကလည်း အံကြိတ်ကာ မျက်နှာလွှဲလျက်။

မိနီကတော့ လူစုံ တက်စုံရဲ့ မျက်နှာတွေကို အူကြောင်ကြောင် လိုက်ကြည့်လျက် ...။

အားလုံး တိတ်ဆိတ်လျက်။

ခဏကြာတော့ သီကျူးက ဒေါသကို မထိန်းနိုင်တော့ပုံဖြင့် အိမ်ထဲမှ ကမူးရှူးထိုး ထွက်ဖို့ပြင်သည်။

"ဒီကောင့်ကို တွေ့အောင်ရှာပြီး သတ်ပစ်မယ်"

"ဟဲ့ ... ပြန်လာခဲ့စမ်း"





မေမေ လှမ်းခေါ်တော့ သီကျူး ခြေလှမ်းတုံ့သွားသည်။

"ဒါ ... ဒီလောက်ဖြစ်ရမယ့်ကိစ္စ မဟုတ်ဘူး"

"ဗျာ ..."

မေမေ့ရဲ့ အေးဆေးသော အသံကြောင့် သီကျူးက အံ့ဩကာ မေမေ့ကို လှည့်ကြည့်မိသည်။ မေမေက သီကျူးကို လက်ရပ်ခေါ်လိုက်ရင်း ...

"လာ ... ဒီမှာ ခဏ လာထိုင်ဦး သား"

သီကျူးက နောက်ပြန်လှည့်လာကာ မေမေ့နားမှာ ဝင်ထိုင်လိုက်ရသည်။

ဖေဖေက အနည်းငယ် ငိုင်နေသော်လည်း ဒေါသဖြစ်ပုံမပြ။ သီကျူးနှင့် ဖြူဥက မေမေများ ဘာပြောမလဲဟု မေမေ့မျက်နှာကို ကြည့်နေမိကြသည်။

မေမေက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မင်း မမကြီးမှာက တာဝန်တွေ ကြီးလှတယ် သား၊ မင်းတို့ငယ်ငယ်လေးကတည်းက မေမေနဲ့ ဖေဖေ တာဝန်တွေနဲ့ တစ်နယ်စီ လျှောက်ပြောင်းနေရတယ်၊ အဘိုး အဘွား ရှိတုန်းကတော့ သားတို့ ဝေယျာဝစ္စတွေကို အဘိုး အဘွားက လုပ်ပေးတာပေါ့၊ အဘိုး အဘွား



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့အချိန်ကတည်းက မင်းတို့ မမကြီးကပဲ မင်းတို့ ဝေယျာဝစ္စတွေကို လုပ်ပေးခဲ့တာ၊ သူ့အသက် ၁၅နှစ် ၁၆ နှစ်ကတည်းက အိမ်မှုကိစ္စတွေကို ဝင်လုပ်နေခဲ့တာ ... ၊

"သူရှိလို့သာ မေမေနဲ့ ဖေဖေလည်း အလုပ်တွေ ဖြောင့်ဖြောင့် လုပ်နိုင်ပြီး ရာထူးတွေ တိုးလာခဲ့ရတာ ...၊

"သူ့ခမျာ အပျိုလေးရယ်လို့လည်း ဝတ်ဝတ်စားစား သွားသွားလာလာ နေခဲ့ရတာမဟုတ်ဘူး၊ အငယ်တွေကိုပဲ ဦးစားပေးပြီး သူအမြဲအလျှော့ပေးခဲ့တယ်၊ မင်းတို့ ဝတ်သလောက် သူ မဝတ်ဘူး၊ မင်းတို့ သုံးသလောက် သူမသုံးဘူး၊ မင်းတို့ဆိုးသမျှကိုလည်း သည်းခံရှာတယ်"

မေမေ့ စကားကို ငြိမ်နားထောင်ရင်း ဖြူညက မမကြီးကို သနားမိကာ မျက်ရည်ဝဲလာသည်။ သိကျော်ကတော့ စိတ်ရှုပ်သလိုပုံစံဖြင့် ...

"အဲဒါတွေ သားလည်း သိပါတယ်၊ သားလည်း တမင်မဆိုးပါဘူး၊ ကိုယ်နေတတ်သလိုပဲ နေတာပါ၊ ဒါပေမယ့် အဲဒါတွေနဲ့ မမကြီးနဲ့ သောတမောင် ခိုးပြေးတဲ့ကိစ္စ ဘာဆိုင်လို့လဲ ..."





"ဆိုင်တာပေါ့ သားရယ်၊ အဲဒီလို နေရှာတဲ့ သမီးကြီးမှာ အားကိုးမြတ်နိုးရာတစ်ခုခုတော့ လိုအပ်တယ်မဟုတ်လား၊ သောတမောင်က ရိုးအေးတဲ့ ကလေး၊ မင်းတို့ သည်းညည်းကိုလည်း ခံရှာတယ်၊ မေမေတို့ ရန်ကုန်မှာ နေနေတဲ့အချိန်တွေကတည်းက ဒီကလေးအကြောင်း မေမေတို့ သိနေတာပဲ၊ သောတမောင်က သမီးကြီးကို နှလို့ ထုံလို့ဆိုပြီး အမြဲ ဂရုစိုက်တယ်၊ သနားငဲ့ညှာတယ်၊ ဘာမဆို ပျော်နေအောင် လုပ်ပေးတတ်တယ်၊ ဒီတော့ သောတမောင်ကို သမီးကြီး ချစ်မိရှာတာ သမီးကြီး အလွန်တော့ မဟုတ်ဘူး"

"ဒါဆို ... ဟိုကောင့် အလွန်ပဲ"

"စကားပြော မရိုင်းစမ်းနဲ့ သား၊ သောတမောင် အလွန်လည်း မဟုတ်ဘူး၊ မင်းတို့တွေကြားမှာ မနောကို သူ ချစ်ကြောင်း မပြရဲလို့ ခိုးပြေးသွားတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား၊ သောတမောင်က မိကောင်းဖခင် သားသမီးပါ၊ မေမေတို့ စိတ်ဆင်းရဲအောင် သူမလုပ်ပါဘူး၊ မကြာခင် ဆက်သွယ်လာမှာပါ"

"မေမေက မမကြီးနဲ့ သောတမောင်ကို သဘောတူနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တမင်သက်သက် ရည်ရွယ်လှာထားခဲ့တာတော့ မဟုတ်ပေမယ့် ဖြစ်လာတော့လည်း လိုလိုလားလား လက်ခံရမှာပဲလေ၊ ဟိုတစ်ခါ မေမေတို့ ရန်ကုန်ပြန်ရောက်တုန်း မင်းတို့ မမကြီးကိုအိမ်ထောင်ချဖို့ စီစဉ်တဲ့အချိန်ကတည်းက သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို မေမေ ရိပ်မိခဲ့ပါတယ် ...၊

"မင်းတို့ မမကြီးက ရိုးသားပြီး မာယာမရှိဘူး၊ ယောကျ်ားတွေအကြောင်း ဘာမှမသိဘူး၊ သမီးကြီးကို လည်ပတ်ရှုပ်ထွေတဲ့ ယောကျ်ားမျိုးနဲ့ တွေ့မှာ မေမေ သိပ်စိုးရိမ်ခဲ့ရတာ ...၊

"အဲ့ဒါကြောင့်ပဲ မင်းတို့ ဖေဖေကလည်း သူ့အထက်အရာရှိရဲ့ သားနဲ့ အိမ်ထောင်ချပေးချင်ခဲ့တာ၊ ဟိုလူကလည်း အရည်အချင်းရှိပြီး စိတ်ထားကောင်းတဲ့ လူတစ်ယောက်ပဲလေ၊ သားတို့ကတော့ ဖေဖေ့ထက် အရာရှိသားမို့ ဖေဖေနဲ့ မေမေက ခမည်းခမက် တော်ချင်နေတယ်လို့ ထင်မှာပဲ၊ အဲ့ဒီလို မဟုတ်ခဲ့ပါဘူးကွယ်၊ သမီးကြီးကို စိတ်ချချင်ရုံသက်သက်ပါ၊ သမီးကြီးက မယူချင်ဘူးဆိုတော့လည်း မေမေတို့ ဇွတ်မတိုက်တွန်းခဲ့ကြပါဘူး"





မေမေ့ ဖျောင်းဖျစကားတွေကြောင့် ခက်ထန်နေသော သိကျုံးစိတ်တွေ တဖြည်းဖြည်း ပျော့ပျောင်းလာခဲ့ရပါသည်။ သို့သော် ချက်ချင်း လက်မခံချင်သေးဘဲ အောင့်သီးအောင့်သက် လေသံဖြင့် ...

"မမကြီးနဲ့ သောတ ယူရင် သားအရှက်ရတာပေါ့ မေမေ၊ သူငယ်ချင်းတွေက သားကို ဝိုင်းလှောင်ကြမှာ"

မေမေက သိကျုံး ပခုံးကို ပုတ်လိုက်ရင်း ...

"ဒါတွေကို ဂရုစိုက်မနေကြပါနဲ့ သားရယ်၊ ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပါ၊ နောက်တော့လည်း သမီးယောက်ဖတွေ ပြန်အဆင်ပြေသွားမှာပါ၊ ဒီလိုကိစ္စမျိုး မေမေ ခဏခဏ တွေ့ဖူးပါတယ်၊ အစပထမတော့ သမီးယောက်ဖချင်း သတ်မယ် ဖြတ်မယ် တကဲကဲပဲ၊ နောက်တော့လည်း သူတို့လောက်ချစ်တဲ့ သမီးယောက်ဖမျိုး မရှိတော့ဘူး"

"သားလား ... ဒီကောင့်ကို ချစ်မှာ ..."

"ကြည့်နေပါ ... ကြည့်နေပါ၊ မကြာဘူး ... မင်းတို့ နှစ်ယောက် ပြန်အဆင်ပြေသွားမှာပါ၊ သောတမောင်က လည်း မဆိုးပါဘူး သားရဲ့၊ မင်း မမကြီးကို ကြင်နာပြီး မင်းတို့ သည်းညည်းခံမယ့် လူမျိုးပါ၊ အသက် လေးငါး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက် ငယ်တာကိုတော့ စကားထဲထည့်ပြောမနေနဲ့တော့၊ တချို့ ၁၀ နှစ်လောက် ကွာတာတောင် ယူနေကြသေးတာပဲ”

သီကျူးက မေမေ့စကားတွေကို နားထောင်ရင်း သောတမောင်ရဲ့ ကောင်းကွက်ကလေးတွေကို ပြန်မြင်ယောင်လာပါသည်။

“မေမေကသာ သဘောတူနေ၊ ဖေဖေက သဘောတူချင်မှ တူမှာပေါ့၊ ဖေဖေ ... ဖေဖေ့ သဘောကရော ဘယ်လိုလဲ”

သီကျူးက လှမ်းမေးတော့ ငိုင်နေသော ဖေဖေက ယှဲ့ယှဲ့ကလေး ပြုံးရင်း ...

“ဖေဖေ့ သဘောကတော့ မင်းအမေသဘောနဲ့ အတူတူပါပဲကွာ ...”

“ကဲ ... တွေ့လား သီကျူး၊ ဖေဖေနဲ့ မေမေလည်း သဘောတူပြီ၊ ငါလည်း သဘောတူတယ်၊ မိနီ နင်လည်း သဘောတူတယ် မဟုတ်လား”

“အရမ်းတူတယ် မမဖြူ”

“ကဲ ... တွေ့လား၊ အားလုံးက သဘောတူနေကြပြီ နင်တစ်ယောက်တည်း အိုက်တင်ခံနေတာ ...”

သီကျူးက ဖြူဥကို ဘုကြည့် လှမ်းကြည့်ပြီး နှာခေါင်းကို ရှုံ့ပစ်လိုက်ရင်း ...





“ဒီကောင်တော့လား ... မင်္ဂလာဆောင်တဲ့ နေ့ကျမှ မျက်နှာကို လက်သီးနဲ့ လေးငါးချက်လောက် ထိုးပစ်လိုက်ဦးမယ်၊ ဒါမှ သတို့သား မျက်နှာ မလှမပကြီးနဲ့ မင်္ဂလာဆောင်ရအောင် ...”

○ ○ ○

www.burmeseclassic.com

✦ ✦ ✦

***Monday***
***6:00 am***

မနက် မိုးလင်းသောအခါ မနော်က အိပ်ယာနိုးနိုး ချင်း အိမ်ကိုဖုန်းခေါ်ဖို့ သတိရလာပါသည်။

ညက ဖုန်းကိုပိတ်ပြီး အားသွင်းကာ ဘက်ထရီ နည်းနည်း ဝင်လာသည့်အချိန်မှာ ဖုန်းကိုပြန်ဖွင့်မထားမိတော့ ဘဲ အိပ်ပျော်သွားတာမို့ ဖုန်းက ယခုထက်တိုင် ပိတ်လျက်သား ပင်။

မနော်က ဖုန်းပါဝါကို ပြန်ဖွင့်လိုက်ချိန်မှာ ...

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် မနော်က ဖုန်းကိုချထား





ပြီး ဆံပင်နှင့် အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်ပြုပြင်ပြီး တံခါးသွားဖွင့်ပေးလိုက်သည်။

"အခန်းဝမှာရပ်နေသော သောတမောင်က မနော ကို ပြုံးပြရင်း ...

"ညက အိပ်ပျော်ရဲ့လား မမကြီး ..."

"ပျော်ပါတယ် သောတ၊ ပင်ပန်းတာနဲ့ အိပ်ပျော်သွား တာ၊ ခုမှပဲ နိုးလာတော့တယ်"

"ဒါဆို ... မျက်နှာသစ်လေ၊ ပြီးရင် ဘရိတ်ဖတ် သွား စားရအောင်၊ စားပြီးမှ သီကျူးကိစ္စ ဆက်လှုပ်ရှားကြ တာပေါ့ ..."

"ဒါဆို ခဏစောင့်နော်"

"အခန်းရှေ့ဘက် ငါးကန်လေးနားမှာ စောင့်မယ်နော် မမကြီး"

သောတက အခန်းထဲ မဝင်ဘဲ လှည့်ထွက်သွား သည်။ မနော်က သောတ ဗိုက်ဆာနေမှာပဲဟု အားနာမိကာ ဖုန်းမဆက်သေးဘဲ ခပ်မြန်မြန် မျက်နှာပြေးသစ်လိုက်သည်။ အဝတ်အစားကတော့ ညကတည်းက အဝတ်တစ်ထည် ကိုယ် တစ်ခုမို့ လဲစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်၊ ခြေ လက် သန့်စင်ပြီးတော့ မနော က ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် စုစည်းလိုက်ပြီး ဖုန်းကို လှမ်းယူကာ အခန်းထဲက ထွက်လာခဲ့ပါသည်။

မနော လျှောက်လာနေတာကို နံနက်ခင်းနေရောင်ခြည်အောက်မှာ ရပ်နေသော သောတမောင်က လှမ်းငေးကြည့်ရင်း ဟန်းနီးမွန်းသာဆို ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲဟု တွေးမိသွားကာ ပြုံးလိုက်မိပါသည်။

မနောက သောတမောင် အပြုံးကို သတိမပြုမိဘဲ သောတမောင်ဆီ လျှောက်လာနေဆဲမှာ လက်ထဲက ဖုန်းလေးက အသံထမြည်လာတာမို့ ဆတ်ခနဲ လန့်တုန်ကာ ဝမ်းသာစိတ်လှုပ်ရှားသွားသည်။ မနောက ဖုန်းနံပါတ်ကို ငုံ့ကြည့်ရင်း ...

"ဒါ ... ဒါ ... အိမ်က ဖုန်းပဲ၊ အိမ်ကဆက်တဲ့ ဖုန်းပဲ"

ဟု တုန်တုန်ရင်ရင် ပြောရင်းက မျက်ရည်တွေဝဲလာသည်။

"ကျွန်တော်လည်း နားထောင်မယ်နော်၊ စပီကာ ဖွင့်လိုက်မယ်"

မနော ခေါင်းညိတ်တော့ သောတက ဖုန်းကို စပီကာခလုတ်နှိပ်ပြီး ဖွင့်ကိုင်လိုက်သည်။

"ဟဲလို ... မမကြီးလား ... ဖြူဥပါ"





"ဟယ် ... ဖြူဥ၊ သီကျူးရောဟင် ... သီကျူးရော၊ မေမေ တို့ကော ရောက်ပြီလား ..."

"သိပ်စိတ်မလှုပ်ရှားပါနဲ့ မမကြီးရဲ့ ...၊ ဒီမှာ အိမ်သားအားလုံး လူစုံတက်စုံရှိပါတယ်၊ သီကျူးလည်း ပြန်ရောက်နေပြီလေ၊ အားလုံးကလည်း မမကြီးတို့ နှစ်ယောက်ကို သဘောတူပါတယ်၊ မြန်မြန် ပြန်လာခဲ့နော် မမကြီး ..."

"ဟင် ... ဘာ ... ဘာတွေပြော ... အွတ် ..."

မမကြီးက အလန့်တကြားလေး ငြင်းမယ်ပြင်ဆဲမှာ သောတမောင်က အခြေအနေကို သဘောပေါက်သွားကာ မမကြီးရဲ့ ပါးစပ်ကို အသာအယာ လှမ်းပိတ်လိုက်ပြီး ဖုန်းနားသို့ ငုံ့ကပ်ကာ ...

"ကျေးဇူးပဲ ဖြူဥ၊ အားလုံးကို ကျေးဇူးတင်ပါတယ်၊ ငါတို့ အမြန်ဆုံး ပြန်ခဲ့ပါ့မယ်"

ဟု ပြောပြီး ဖုန်းကို ပိတ်ပစ်လိုက်လေသည်။

မမကြီးက နားမလည်နိုင်သည့် မျက်ဝန်းလေးများဖြင့် သောတကို မော့ကြည့်လာ၏။ သောတက ရွှန်းရီချိုမြသော မျက်ဝန်းများဖြင့် မမကြီးကိုငုံ့ကြည့်ရင်း နှုတ်ခမ်းပေါ်မှာ လက်ညှိုးကန့်လန့်ဖြတ် ထိကပ်ပြလိုက်ပြီး မမကြီးရဲ့ ပခုံးလေးနှစ်ဖက်ကို အသာအယာပွေ့လျက် ရင်မှာ အပ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကျွန်တော်တို့နှစ်ယောက် ရင်ချင်းအပ်ပြီး ရင်ခုန်သံချင်း ခဏလေး ဖလှယ်ပါရစေဦး ...။

ပြီးမှပဲ ... မမကြီး နားလည်အောင် သေသေချာချာ ရှင်းပြပေးပါ့မယ် မမကြီးရယ် ...။

ကျွန်တော် ချစ်သလို မမကြီးလည်း ချစ်နေတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ် ...။

ပုညခင်

BURMESE CLASSIC .com



www.burmeseclassic.com